# ပါဠိဓဒေပသဋ္ဌင်း

# ပါဠိစာပေသမိုင်း

မန္တလေး
တက္ကသိုလ်ကျောင်း
ပါဠိစာပေဌာနမှူး

## ဒေါ်အုန်း

မဟာဝိဇ္ဇာ
ပြုစုသည်

၁၉ ကျပ် ဘဆယ်

ပဌမရိုက်နှိပ်ခြင်း - အုပ်ရေ- ၂၀၀၀
၁၉၅၆ - ခုနှစ် - မေလ

မန္တလေးမြို့ မန္တလေးတောင် ပိဋကတ်တော်
လျှပ်စစ်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍ **သခင်အေးမောင်ကြီး**က
တာဝန်ခံထုတ်ဝေသည်

## ''နိဒါန်း''

နိဒါန်းရေးသူသည် မန္တလေး တက္ကသိုလ် ပါဠိစာပေ ဌာနမှူး ဒေါ်အုန်း(M.A.)၏ရေးသားစီရင်အပ်သော "ပါဠိ စာပေသမိုင်း"ကို စက်တင်ပုံနှိပ်ခြင်း မပြုမီ ကော်ပီမူတွင် နှစ် ကြိမ်မက ကြိုတင်ကြည့်ရှုခွင့် ရခဲ့၏။ သည့်သာမက—နိဒါန်း ရေးရန် ဆရာမကြီး၏ ခွင့်ပြုချက်ကိုလည်း ရခဲ့၏။

ဆရာမကြီး သည် ခေတ်ပညာကို အခေါင်အဖျား တတ် မြောက်သော အမျိုးသမီး တဦးဖြစ်၏။ ထို့ကြောင့်ပင် ဆရာမကြီးသည် တဝက်တပျက် ခေတ်ပညာ၏ ဆိုးသွမ်းသော လွှမ်းမိုးမှုအောက်တွင် ပိပြားမနေဘဲ အခေါင်မြောက်သော ခေတ်ပညာ၏ အထွတ်အထိပ်မှနေ၍ ဗုဒ္ဓဘာသာတည်း ဟူသော ကိုးကွယ်မှု, မြန်မာ့ဓလေ့ ထုံးစံနှင့် မြန်မာ့ယဉ် ကျေးမှုများအပေါ် တန်ဖိုး အမှန်အတိုင်း မြင်နိုင်သော စွမ်းရည်သတ္တိများကို ရရှိခဲ့လေသည်။

ဆရာမကြီးသည် ကိုးကွယ်မှုအားဖြင့် ဗုဒ္ဓဘာသာ အပေါ် ၌သာ တသန်တည်း ယုံကြည်ချက် ထားရှိသည့်ပြင် ဓလေ့ ထုံးစံ ယဉ်ကျေးမှု အားဖြင့်လည်း မြန်မာယဉ်ကျေးမှုဓလေ့ ထုံးစံများကိုသာ ဦးစားပေးလေ့ ရှိပေသည်။

ဆရာမကြီးသည် ခေတ်ကာလအလိုက် အင်္ဂလိပ်စာပေနှင့် အခြားနိုင်ငံခြား စာပေတို့ကို လေ့လာရုံသာမက မိမိကိုးကွယ် သော ဗုဒ္ဓဘာသာ၏ အရင်းအမြစ် ပါဠိပိဋကတ်များကို လည်း သဒ္ဒါနည်း, အဘိဓာန်နည်း, ဆန်းနည်း, အလင်္ကာ နည်း, အခြံအရံတို့နှင့်တကွ ကောင်းမွန်စွာ လေ့လာခဲ့ လေသည်။ ပိဋကတ်များကို လေ့လာရာတွင် ပါဠိ, အဋ္ဌ

ကထာ, ဋီကာတို့ကိုသာမက အနောက်နိုင်ငံသား ပိဋက-ပဏ္ဍိတ်ကြီးများ၏ အခိုအမိန့် အယူအဆများကိုလည်း လေ့လာခဲ့လေသည်။

ဆရာမကြီး ရေးသားသော ပါဠိစာပေသမိုင်းတွင်....

ရီးဇ်ဒေဝစ် (T.W. Rhys David)
ဝင်တာနစ် (Winternitz)
ပူဆင် (Poussin)
အိုလ်ဒင်ဘာဂ်(Oldenberg)
ကန် (Kern) နှင့်
ဘီ၊စီ၊လော (B. C. Law)

အစရှိသော အနောက်နိုင်ငံသား ပဏ္ဍိတ်ကြီးများ၏ ထူးခြားသော အယူအဆများကိုလည်း (ဝါဒနည်းရ)ဝါဒ ထူးအနေအားဖြင့် ထည့်သွင်းခဲ့လေသည်။

ကျမ်းဂန်တခု ပြုစုရာဝယ် မိမိကြိုက်နှစ်သက်သော သမာန ဝါဒကိုသာမက အခြားသော ဆရာကြီး သမားကြီးများ၏ ထူးခြားသော ဝါဒများကိုလည်း ....

"ကေစိဝဒန္တိ, အညေ, ဧကေ, ဧကစ္စေ,အပရေ,
အာစရိယာ ဝဒန္တိ၊"....

စသည်ဖြင့် ပုဂ္ဂိုလ်ညွှန်း၍သော်၎င်း၊

"မဟာ အဋ္ဌကထာယံ ဝုတ္တံ, ကုရုန္ဒိယံ, အန္ဓကဋ္ဌ ကထာယံ မဟာ ပစ္စရိယံ သင်္ခေပဋ္ဌ ကထာယံ ဝုတ္တံ"

စသည်ဖြင့် ကျမ်းညွှန်း၍သော်၎င်း ပြဆိုလေ့ ရှိသည်ကား ရှင်မဟာဗုဒ္ဓဃောသ ရှင်ဓမ္မပါလ စရှိသော အဋ္ဌကထာ

ဆရာ ၊ ဋီကာဆရာကြီးများ၏ အလေ့အလာပင် ဖြစ်ပေသည်။

ဤပါဠိစာပေသမိုင်းကို ရေးသားရာ၌ ဆရာမကြီးတွင် အဓိက ရည်ရွယ်ချက်ကြီး (၄) ချက် ရှိလေသည်။

၁၊ အနောက်နိုင်ငံသား ပိဋကပဏ္ဍိတ်များ၏ အဆိုအမိန့် အယူအဆများကို ပါဠိသက်သက် တတ်မြောက်သော ပိဋကတ် စာသင်သားများ အမှန် အတိုင်း သိရှိကြစေရန်။

၂၊ အမှန်အတိုင်း သိရှိကြပြီးနောက် အနောက်နိုင်ငံသား ပဏ္ဍိတ်တို့၏ အယူအဆများ မသင့်မတင့် မမှန်မကန် ဖြစ်နေပါက ကိုယ်တိုင်သော်၎င်း၊ အခြား အင်္ဂလိပ်ဘာသာ အရေးအသား ကျွမ်းကျင်သော ပုဂ္ဂိုလ်တို့၏ အကူအညီကို ယူ၍သော်၎င်း ပြန်လည် ချေပနိုင်ကြစေရန်။

၃၊ နိကာယ်ငါးရပ် ပိဋကတ် သုံးပုံ၏ အနှစ်သာရများကို စာတအုပ်ထည်းတွင် လွယ်လင့်တကူ တွေ့ရှိနိုင်ကြစေရန်။

၄၊ အထူးအားဖြင့်ပါဠိမှတ်စု ရေးသားရခြင်းကြောင့် အချိန်ကုန် လူပန်းဖြစ်ကြရသော ပါဠိဘာသာယူ တက္ကသိုလ် ကျောင်းသား ကျောင်းသူတို့၏ အခက်အခဲများကို ဖြေရှင်းပေးရန်။

ဤသို့သော ရည်ရွယ်ချက်ကြီး (၄) ချက်ကိုအဓိကထား၍ " ပါဠိစာပေသမိုင်း " ကို ရေးသားခဲ့လေသည်။

ဤနေရာတွင် တက္ကသိုလ် ပညာသင်ကြားနည်း စံနစ် အကြောင်းကို အနည်းငယ် ရှေးသားဘို့ လိုအပ်မည် ထင်သည့်အတိုင်း ရေးသားလိုပေသည်။

(ဃ) နိဒါန်း

တက္ကသိုလ်တွင် ပါဠိဘာသာယူသော ကျောင်းသားတဦးသည် အကယ်၍ "လောက နီတိ "ကိုသင်ကြားရသည် ဆိုကြပါစို့။ လောကနီတိ တအုပ်လုံး သင်ရသည်ဖြစ်စေ အစိတ်အပိုင်း သင်ရသည်ဖြစ်စေ ပါဠိကထိက ပုဂ္ဂိုလ်က တပည့်ကျောင်းသားအား လောကနီတိနှင့် ပတ်သက်၍ အထွေထွေ ဝေဘန်မှု (General Appreciation)ပြုလုပ်ပေးရမည်။

၁၊ လောကနီတိကို ပြုစုသော ပုဂ္ဂိုလ်မည်သူမည်ဝါ ၎င်း၏အတ္ထုပ္ပတ္တိ သိလျှင်သိ မသိလျှင်မသိ၊

၂၊ ကျမ်းပြီးခုနှစ် အတိအကျသိလျှင် မည်သည့်ခုနှစ် အတိအကျမသိလျှင် မည်သည့်ခေတ်မည်သည့်မင်း လက်ထက်၊

၃၊ ကိုယ်တိုင် တီထွင် ရေးသားသည် အခြားကျမ်းများမှ ကောက်နုတ်ရေးသားသည်၊

၄၊ လောကနီတိ၌ ကဏ္ဍပေါင်း မည်မျှရှိသည် ဂါထာပေါင်း မည်မျှရှိသည်၊

၅၊ လောက၏ အနှစ်သာရ နီတိအချက်များကို အကြောင်းအရာအလိုက် အကွက်ကျကျ ဖေါ်ထုတ်ပေးခြင်း၊

၆၊ အချို့အချက်များ ယုတ္တိမရှိလျှင် မရှိကြောင်း ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်လျှင် ဆန့်ကျင်ကြောင်းများကို အချက်ကျကျ ကောက်နုတ် ဖေါ်ပြခြင်း စသည့် အထွေထွေ ဝေဘန်မှု ပြုလုပ်ပေးရမည်။

ဤသို့သော " မှု "ကို အခြေခံထား၍ ပါဠိသင်ကျောင်းသားတို့အား ပါဠိကထိက ပုဂ္ဂိုလ်က သင်ကြား

ပေးရိုးရှိရာ ဤ "ပါဠိစာပေ၊မိုင်း" ၌ ရေးသားထားသော အချက်များတွင် ဤ "မှု" ပါဝင်နေကြောင်း စာဖတ်ရှုသော ပုဂ္ဂိုလ်များက အသင့်အတင့် နှလုံးသွင်းနိုင်ကြဘို့ လိုပေသည်။

အနောက်နိုင်ငံ ပဏ္ဍိတ်တို့၏ သဘောကိုလည်း အနည်းငယ် အကဲခတ်လိုပေသည်။ အနောက်နိုင်ငံသား ပဏ္ဍိတ်တို့သည်ဗုဒ္ဓဘာသာ စာပေကို လေ့လာရာဝယ် ဗုဒ္ဓဘာသာဝင် တယောက်ကဲ့သို့ ယုံကြည်မှု သဒ္ဓါတရားအခြေခံ မပါသောကြောင့် အချို့သော ဝေဘန်မှုများတွင် စိမ်းစိမ်းကားကား မသက်ညှာသောသဘော ပါဝင်နေသည်။အချို့အချက်များတွင် ဇူးစမ်းဝေဘန် သယောင်ယောင်နှင့် မယုံကြည်မှုလှည့်စားချက်ကို ခံကြရဟန်ရှိသည်။ [ဝိမံသနာပတိရူပေန အဿဒ္ဓိယံ ဝဠေတိတိ ယုဇ္ဇတိ။ ။နေတ္တိအဋ္ဌကထာ။]

ပိဋကတ်တော်၏ သဘောကို လေ့လာသောအခါလည်း ဗုဒ္ဓပိဋကတ်တော်တွင် အပြိုင် ပိဋကတ်များ ရှိခဲ့သည်။

ချဲ့ဦးအံ့............

ရှင်ကောင်းမြတ်ဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် အပြိုင် ဇာတကများ, အပြိုင် သိက္ခာပုဒ် (ဝိနည်း) များ, အပြိုင် စရိယာ ပိဋကများ, အပြိုင် နိဗ္ဗာနဒေသနာ (နိရောဓကထာ)များရှိခဲ့ကြောင်း ကိုသိလက္ခန် ပေါဋ္ဌပါဒသုတ် အဋ္ဌကထာတွင် ဖွင့်ပြလျက်ရှိပေသည်။

ထိုမှတပါး............

၁၊ ဝဏ္ဏ ပိဋက။
၂၊ အင်္ဂုလိမာလ ပိဋက၊
၃၊ ရဋ္ဌပါလ ဂဇ္ဇိတ ပိဋက။
၄၊ အာဠဝက ဂဇ္ဇိတ ပိဋက၊
၅၊ ဂုဠှမဂ္ဂ ပိဋက၊
၆၊ ဂုဠှဝေဿန္တရ ပိဋက။
၇၊ ဂုဠှဝိနယပိဋက၊
၈၊ ဝေဒလ္လ (ဝေတုလ္လ) ပိဋက.......

စသည့်တို့ ရှိခဲ့ကြောင်း။ ၎င်းတို့သည် ဗုဒ္ဓဝစန မဟုတ်ကြောင်းများကို ပါစိတ်အဋ္ဌကထာ ပဒသောဓမ္မ သိက္ခာပုဒ်အဖွင့်တွင် တိုက်ရိုက် ပြဆိုလျက် ရှိပေသည်။

ဤဆိုခဲ့ပြီးသော ပိဋကများအနက် ဝေတုလ္လ ပိဋကဆိုသည်မှာ မဟာသုညတဝါဒီခေါ် မဟာယာဉ် ဂိုဏ်းသားတို့၏.........

၁၊ သဒ္ဓမ္မ ပုဏ္ဍရီကသုတ်။
၂၊ ပညာ ပါရမိတာသုတ်၊
၃၊ ဂဏ္ဍ ဗျူဟသုတ်၊
၄၊ ဒသ ဘူမိက သုတ်၊
၅၊ ရတန ကူဋသုတ်၊
၆၊ သမာဓိ ရာဇသုတ်။
၇၊ သုခါဝတီသုတ်၊
၈၊ သုဝဏ္ဏပ္ပဘာသသုတ်၊
၉၊ လင်္ကာဝတာရသုတ်........

စသော သုတ်များပင် ဖြစ်ပေ သည်။

ထိုသို့သော အတုများကြောင့်အစစ်ဖြစ်သောဗုဒ္ဓ ပိဋကတ်အပေါ် အသင်မှား အမြင်မှားဖြစ်ကြဟန်ရှိသည်။ဇာတကများနှင့်ဘူယောင်ယိုးမှား "ဆဋ္ဌဘဏ္ဍ" စသော ကျမ်းများရှိသောကြောင့်လည်းဇာတကများအပေါ် ယုံမှားသံသယဖြစ်တတ်ကြလေသည့်"အီစွပ်ပုံပြင်" များ နှင့်လည်းရောရောထွေးထွေးဖြစ်ကာ ဇာတကများအပေါ် အထင်သေးတတ်ကြလေသည်။

ဗုဒ္ဓစာပေ ပဏ္ဍိတ်ကြီး တဆူဖြစ်သော "ရိုးဇ်ဒေဗစ်" ဘာသာပြန်သော ဗုဒ္ဓဘာသာ ဇာတ်ဝတ္ထုများ (Buddhist Birth Stories)ကျမ်း၏ အမှာနိဒါန်းရှည်ကြီး စာမျက်နှာ (၃) ၌အောက်ပါအတိုင်း ခပ်ယဉ်ယဉ်ကလေး ရေးသားဝန်ခံခဲ့ဘူး၏။

> "အနောက်နိုင်ငံ ပုံဝတ္ထုများသည် ဗုဒ္ဓဘာသာ
> ဇာတ်ဝတ္ထုများမှ ချေးငှါးယူငင်ထား၏။"

ဇာတကများ၌ တိရစ္ဆာန်တို့၏ ဂါထာဖွဲ့၍ စကားပြောပုံ, မေးပုံ, ဖြေပုံများနှင့် ပတ်သက်၍ ပုဂံခေတ်၏ ပိဋကတ် သူရဲကောင်းကြီး ရှင်အဂ္ဂဝံသ မဟာထေရ်မြတ်က အောက်ပါအတိုင်း ရှင်းလင်းထားတော်မူခဲ့၏။

> "ဘဂဝတာ ဇာတကေသု သုနခ သိင်္ဂါလာဒီဟိ
> ဝုတ္တံ ဝစနတ္တံ ဂဟေတွာ ဂါထံ ဗန္ဓိတွာ သုနခေါ
> ဂါထမာဟာတိ အာဒိနာ ဒေသနာကတာ။"
> (တဒ္ဓိတ်သုတ္တံမာလာ၊ ၁၀၈၊)
> ဘုရားရှင်သည် ဇာတကများ၌ ခွေး, မြေခွေး
> စသော တိရစ္ဆာန်များ ဆိုသော စကားအဓိပ္ပါယ်ကို

# နိဒါန်း

ယူ၍ ဂါထာဖွဲ့၍ ခွေးက ဂါထာကို ဆို၏....စသည်
ဖြင့် ဟောတော်မူ၏၊

(ဘာသာပြန်)

ဤ“ပါဠိစာပေသမိုင်း” ၌ အနောက်နိုင်ငံ ပဏ္ဍိတ်တို့၏ အချို့သော ဝါဒထူး အချက်အလက်များသည် ရုတ်တရက် အားဖြင့် ဗုဒ္ဓဘာသာဝင် ရှင်လူသူတော်ကောင်းတို့၏ စိတ်ဓာတ်ကို ထိခိုက်သွားစေနိုင်သော အချက်အလက်များ ဖြစ်ကြောင်း ဖြင်နေခဲ လိမ့်မည်။ ထိုအချက်များကို အကြောင်းပြု၍ ကျမ်းပြုပုဂ္ဂိုလ် ဆရာမကြီးနှင့် ဤနိဒါန်းရေးသူတို့သည် ဆရာတော်ကြီးများအား လျှောက်ထား ခွင့်ပန်ခဲ့ပြီးမှ ဤကျမ်းကို ရိုက်နှိပ်ထုတ်ဝေခြင်း ဖြစ်ပေသည်။

အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ - မဟာဝေယန်ဘုံသာ ဆရာတော် အရှင်ဇလ္လာဏာဘိဝံသ ဆရာတော်တို့က ဤစာအုပ်ပါ အချက်အလက်များသည် ဗုဒ္ဓဘာသာဝင်တို့ ဗာဟုသစ္စ မင်္ဂလာတရား ပွါးရာပွါးကြောင်းဖြစ်၍ ဖတ်ရှုသင့်ကြောင်း ထောက်ခံအားပေးတော်မူကြပေသည်။

ဆန်းထွန်း
မြန်မာစာပေဌာန
မန္တလေး တက္ကသိုလ်
၁၉၅၆-ခု မေလ ၅-ရက်၊ မန္တလေးမြို့

# မန္တလေးမြို့

## မစိုးရိမ် ဆရာတော်
## အဘိဓဇ မဟာရဋ္ဌဂုရု–သုရိယာဘိဝံသ
## မဟာထေရ်မြတ်၏
## ထောက်ခံစာ

မန္တလေး တက္ကသိုလ် ပါဠိစာပေဌာနမှူး ဒါယိကာမ မအုန်း ရေးသားစီရင်သော ဤ ‘ပါဠိစာပေသမိုင်း’ သည် ဗုဒ္ဓဘာသာဝင် လူ ရှင် ရဟန်းတို့အတွက် ဗဟုသုတ ဖြစ်ပွါးစေနိုင်သော ကျမ်းဖြစ်သည်။

မစိုးရိမ်ဆရာတော်
မန္တလေး

၁၃၁၇-ခု နှစ် တန်ဆောင်မုန်းလဆန်း (၂) ရက်

——o——

# မန္တလေးမြို့

## မဟာဝေယန်ဘုံ သာ - ပါဠိတက္ကသိုလ်ကျောင်းအုပ်

## အဂ္ဂမဟာ ပဏ္ဍိတ -

## အရှင်ကေလျာဏာဘိဝံသ ၏

## ထောက်ခံစာ

ခေတ်ပညာတတ် အမျိုးသမီး တဦးဖြစ်သော မန္တလေး တက္ကသိုလ် ပါဠိစာပေ ဌာနမှူး ဒေါ်အုန်း (M.A.) ကြိုးပမ်းတည်ထွင် စီရင်ရေးသားအပ်သော "ပါဠိစာပေ သမိုင်း" စာအုပ်သည် ဗုဒ္ဓဟောဖော် ပါဠိတော်စာသွား၌ အနောက်နိုင်ငံသား သုတကာမီ သုတဂဝေသီ ပဏ္ဍိတ် ကြီးများ၏ အတွေးအခေါ် အမြော်အမြင် ယူဆပုံအစုံ အလင်တို့ကို ဝါဒဒဿန အနေအားဖြင့် ရေးသား ထည့်သွင်းထားခြင်းကြောင့် သုဒ္ဓမာဂဓိက ပုဂ္ဂိုလ်များမှာ ဟင်းလေးအိုးကြီးပမာ ဗာဟုဿစ္စမင်္ဂလာတရား တိုးပွါးများပြားဘိရာ အကြောင်းဖြစ်၍ လွန်စွာမြတ်နိုးဘွယ်ရာ အဖြာဖြာနှင့် ပြည့်စုံသည်ကား မချွတ်ဧကန် အမှန်ပင် ဖြစ်ပါပေသည်။

အထက်ဖေါ်ပြပါ အကျိုးတရားများကို တိုးပွါးခြင်းငှါ အလိုရှိကြသဖြင့် ပါဠိစာပေကို လေ့လာပြီး လေ့လာဆဲ လေ့လာလတ္တံ့ ဖြစ်ကြသော ပုဂ္ဂိုလ်များသည် ဂေါတမ ဗုဒ္ဓ၏တိပိဋကကိုစာတအုပ်ထည်းကိုသာလေ့လာရုံမျှဖြင့်ငုံမိ

မြန်မာအောင်ရေးသားအပ်သော ဆရာမကြီးဒေါ်အုန်း(M.A.) ၏ "ပါဠိစာပေသမိုင်း"ကို စာအုပ်ကောင်းတခုအနေဖြင့် ပါဠိစာပေ လိုက်စားသူတိုင်း အမြဲတန်းလက်ကိုင် ထား ထိုက်ကြောင်း ထောက်ခံပါသည်။

ဆရာတော်--ဦးကလျာဏ
အဂ္ဂမဟာပဏ္ဍိတ
ကျောင်းအုပ်
မဟာဝေယန်ဘုံသာ-ပါဠိတက္ကသိုလ်
အနောက်ပြင်-မန္တလေး

၁၉၅၆-ခု-ဧမလ (၂၇) ရက်နေ့

——o——

''ကျမ်းဦးစာတမ်း''

မန္တလေး တက္ကသိုလ် သုတေသန အသင်းကြီး၏နာယက ဖြစ်သော မန္တလေး တက္ကသိုလ် ကျောင်းအုပ်ကြီး ဝဏ္ဏကျော်ထင်-ဦးကိုလေး (မဟာသိပ္ပံ) က ပါဠိစာပေနှင့် ပတ်သက်၍ သုတေသန-စာစဉ်တခု ပြုစုရန်နှိုးဆော်တိုက်တွန်းသောကြောင့် ပါဠိစာပေကို လေ့လာလိုက်စားကြသော ပုဂ္ဂိုလ်များနှင့် အထူးသဖြင့် ပါဠိစာပေကို သင်ကြားနာယူလျက်နေကြသော တက္ကသိုလ် ဝိဇ္ဇာတန်း ကျောင်းသား, ကျောင်းသူတို့၏ အကျိုးစီးပွါး အလို့ငှါ ကျွန်ုပ်သည် "ပါဠိစာပေသမိုင်း" မည်သော ဤကျမ်းစောင်ကို စီရင်ရေးသား ပြုစုပါသည်။

ဤကျမ်းကို ပြုစုရေးသားရာ၌ကျွန်ုပ်သည်စာပေသုတေ-သန လုပ်ငန်းတရပ်အဖြစ် အကျဉ်းချုပ် ပြုစုရေးသားခြင်း ဖြစ်သောကြောင့် ကျမ်းတွင် ပါဝင်သည့် အချို့သော အချက်အလက်များ၏ အကျယ်အဝန်းနှင့် အတိမ်အနက်ကို စာရှုသူတို့သည် " ဘာသာရေးပေတံ " နှင့် တိုင်းတာခြင်း မပြုဘဲ " စာပေရေးပေတံ " နှင့် တိုင်းတာကြည့်ရှုကြပါရန် ပန်ကြားအပ်ပါသည်။

ကျွန်ုပ်၏ " ပါဠိစာပေသမိုင်း " ကို ထောက်ခံတော်မူကြပေကုန်သော (၁) အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေး မစိုးရိမ်ဆရာတော် အရှင်သူရိယာဘိ-ဝံသ မဟာထေရ်မြတ်ကြီးနှင့် (၂) အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မန္တလေး မဟာဝေယန်ဘုံသာ ဆရာတော် အရှင်ကလျာဏာဘိဝံသ မထေရ်မြတ်တို့၏ ကျေးဇူးတော်ဂုဏ်တော်တို့ကို ကျွန်ုပ်သည် ရှိခိုးကော်ရော် ပူဇော်ကန်တော့ပါ၏။

"ပါဠိစာပေသမိုင်း" ကို ပြုစုနိုင်စွမ်းသော အဆင့် အတန်းသို့ရောက်အောင် ကျွန်ုပ်အားစာပေပို့ချသင်ကြား ပြသပေးတော်မူခဲ့ကြပေသော အောက်ပါ ကျေးဇူးရှင် ဆရာကြီးများကိုလည်း ကျွန်ုပ်သည် ဤ"ပါဠိစာပေသမိုင်း" ဖြင့် ရိုသေစွာ ရှိခိုးပူဇော် ကန်တော့ပါ၏။

၁၊ ဦးဖေမောင်တင်(အမ်-အေ-ဒီ-လစ်) ကျောင်းအုပ်ကြီး တက္ကသိုလ် ရန်ကုန်။

၂၊ ကွယ်လွန်သူ မစ္စတာ အာမက်ကာစင် (ဘီ-အေ) ပါမောက္ခ တက္ကသိုလ် ရန်ကုန်။

၃၊ မစ္စတာ ချောင်ဒူရီ (အမ်-အေ) ကထိက တက္ကသိုလ် ရန်ကုန်။

၄၊ သီရိပျံချီ ဦးလူဖေဝင်း (အမ်-အေ)ကျောက်စာ ဝန်မင်း မန္တလေး။

၅၊ ကွယ်လွန်သူ ဦးလှအောင် (ဘီ-အေ) ပါမောက္ခ တက္ကသိုလ် ရန်ကုန်။

၆၊ ဦးအောင်သန်း (အမ်-အေ)ပါမောက္ခ တက္ကသိုလ် ရန်ကုန်။

၇၊ ဦးဘလေး(အမ်-အေ)ကထိက တက္ကသိုလ် ရန်ကုန်။

ထို့ပြင် ပါဠိစာပေသမိုင်း ပြုစုရာတွင် ကျွန်ုပ်အား လိုအပ်သော အကူအညီတို့ကိုပေးကာ ကျမ်း၏ နိဒါန်းကို ရေးသားချီးမြှင့်ပေသော မန္တလေး တက္ကသိုလ် မြန်မာစာပေ ဌာန ဆရာ ဦးဆန်းထွန်းနှင့် ပါဠိစာပေဌာန ဆရာ ဦးကိုကို ဆရာမဒေါ်ခင်ခင်လှိုင် တို့ကိုလည်း ကျေးဇူး အထူး တင်ရှိ ပါကြောင်း— ဤစာမျက်နှာ၌ပင် ကျွန်ုပ်သည် မှတ်တမ်း တင်ခဲ့ပါသတည်း။

၁၉၅၆-ခုနှစ် မေလ(၃၀)ရက်　　　　မအုန်း

# " မာတိကာ "

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဣန္ဒိယ စာပေလောကတွင် ပါဠိစာပေ တည်ရှိပုံ .... .... | ၁ |
| ဗုဒ္ဓဘာသာ ဂိုဏ်းကြီး (၁၈)ဂိုဏ်း .... .... .... .... .... .... | ၃ |
| ဘုရားမြတ်စွာနှင့် ပတ်သက်သော ခုနှစ် .... .... .... .... | ၄ |
| ဗုဒ္ဓဝစန .... .... .... .... .... .... .... .... .... .... .... .... | ၅ |
| ပဌမသင်္ဂါယနာ တင်ပွဲ .... .... .... .... .... .... .... .... | ၇ |
| ဒုတိယ သင်္ဂါယနာတင်ပွဲ .... .... .... .... .... .... .... | ၁၂ |
| အဝိနယဝတ္ထုဆယ်ပါး .... .... .... .... .... .... .... .... .... | ၁၃ |
| တတိယ သင်္ဂါယနာတင်ပွဲ .... .... .... .... .... .... .... | ၁၄ |
| ပိဋကတော် သက်တမ်းနှင့် သက္ကရာဇ် .... .... .... .... | ၁၆ |
| လက်ရွေးစင်ကျမ်း ခုနစ်ကျမ်း .... .... .... .... .... .... | ၂၁ |
| ပါဠိသည် မာဂဓီလော .... .... .... .... .... .... | ၂၅ |
| မြောက်ပိုင်း ဗုဒ္ဓဘာသာနှင့် တောင်ပိုင်းဗုဒ္ဓဘာသာ .... | ၂၉ |
| ပိဋက .... .... .... .... .... .... .... .... .... .... | ၃၁ |
| သုတ္တပိဋက .... .... .... .... .... .... .... .... .... | ၃၄ |
| ဒီဃနိကာယ်ဝင် သုတ်တော်များ .... .... .... .... | ၃၆ |
| တိတ္ထိဆရာကြီး (၆) ဦး .... .... .... .... .... .... | ၄၂ |
| ယဇ်ပူဇော်ပုံ နည်းမှန်သုံးမျိုး .... .... .... .... .... | ၅၁ |
| မဇ္ဈိမ နိကာယ် .... .... .... .... .... .... .... .... | ၆၃ |
| မဇ္ဈိမ နိကာယ်ဝင် သုတ်တော်များ .... .... .... | ၆၅ |
| ရဟာခံတွင်း အပြစ်ပေးနည်း .... .... .... .... .... | ၇၀ |
| ရဟန်းနှစ်မျိုး .... .... .... .... .... .... .... .... | ၇၈ |
| ဘာသာရေးဂိုဏ်းတခု ကိုးကွယ်ရန် နည်းလေးမျိုး .... | ၈၁ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သေခပုဂ္ဂိုလ်၏ အရည်အချင်း၎ | ၈၂ |
| အစွန်းသုံးပါးမလွတ်သော အသား | ၈၃ |
| အသားကြီးဆယ်ပါး | ၈၃ |
| အလုပ်လေးမျိုး | ၈၄ |
| ဘေးကြီးလေးမျိုး | ၈၆ |
| ပုဂ္ဂိုလ် ခုနစ်ပါး | ၈၇ |
| လက်ကိုင်မထားအပ်သော ဝါဒလေးမျိုး | ၈၉ |
| ပါရိဇုညလေးပါး | ၉၁ |
| ဓမ္မုဒ္ဒေသ လေးပါး | ၉၁ |
| ပဓာနိယင်္ဂ တရားငါးပါး | ၉၂ |
| ညီညွတ်ရေးပြိုကွဲစေမည့် အကြောင်းခြောက်ပါး | ၉၆ |
| ညီညွတ်ရေး တည်တံ့စေမည့် အကြောင်း ခြောက်ပါး | ၉၆ |
| သူယုတ်မာဟု သိနိုင်ခြင်း အကြောင်းရှစ်ပါး | ၉၉ |
| ဆဗ္ဗသောခနေသုတ်။ ။ရဟန္တာ ဟုတ် မဟုတ် စစ်ဆေးသည့်နည်းခြောက်မျိုး | ၉၉ |
| အဆိုးပြုမှုအကျိုး | ၁၀၅ |
| အလှူခံပုဂ္ဂိုလ်(၁၄)ဦး | ၁၀၇ |
| စံပြသည်းခံနည်းခြောက်ဆင့် | ၁၀၈ |
| ခြောက်စုံသောတရား | ၁၀၉ |
| သံယုတ္တ နိကာယ် | ၁၁၁ |
| သဂါထာဝဂ် သံယုတ်များ | ၁၁၄ |
| နိဒါနဝဂ် သံယုတ်များ | ၁၁၇ |
| ခန္ဓဝဂ် သံယုတ်များ | ၁၁၉ |
| နဂါးလေးမျိုး | ၁၂၁ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကလုန်လေးမျိုး .... .... .... .... .... .... .... .... | ၁၂၂ |
| ဂန္ဓဗ္ဗဆယ်မျိုး .... .... .... .... .... .... .... .... | ၁၂၂ |
| ဝလာဟကနတ်ငါးမျိုး .... .... .... .... .... .... | ၁၂၂ |
| စျာန်ကျင့်ပုဂ္ဂိုလ် လေးမျိုး .... .... .... .... .... | ၁၂၃ |
| သင်္ဂါယတနဝဂ် သံယုတ်များ .... .... .... .... .... | ၁၂၄ |
| ယောကျ်ား မမြတ်နိုးအပ်သော အင်္ဂါငါးပါး .... | ၁၂၄ |
| အမျိုးသမီးများ ခံစားရသော အာဝေဏိက ဒုက္ခငါးပါး | ၁၂၄ |
| စဏ္ဍာပုဂ္ဂိုလ်နှင့် သောရတပုဂ္ဂိုလ် ၊ .... .... .... .... | ၁၂၆ |
| နိဗ္ဗာန်ရောက် ကျင့်စဉ်များ .... .... .... .... .... | ၁၂၇ |
| မဟာဝဂ် သံယုတ်များ .... .... .... .... .... .... | ၁၂၇ |
| သမ္မပ္ပဓာန် တရားလေးပါး .... .... .... .... .... | ၁၂၀ |
| သောတာပန် ဖြစ်နိုင်သည့် သူတော်စင်တရားလေးပါး | ၁၂၉ |
| အင်္ဂုတ္တရ နိကာယ် .... .... .... .... .... .... .... | ၁၂၉ |
| ကေ္ဂုတ္တရ နိပါတများ .... .... .... .... .... .... | ၁၃၀ |
| ရဟန်းတို့ အစဉ်အမြဲ နှလုံးသွင်းအပ်သော တရားခြောက်ပါး .... .... .... .... .... .... .... .... | ၁၃၂ |
| ပုဂ္ဂိုလ်ကိုးပါး .... .... .... .... .... .... .... .... | ၁၃၃ |
| သညာကိုးပါး .... .... .... .... .... .... .... .... | ၁၃၃ |
| သညာဆယ်ပါး.... .... .... .... .... .... .... .... | ၁၃၄ |
| ပရိသုဒ္ဓိဆယ်ပါး .... .... .... .... .... .... .... | ၁၃၅ |
| ဗောဇ္ဈင်ခုနစ်ပါး.... .... .... .... .... .... .... | ၁၃၅ |
| ခုဒ္ဒကနိကာယ် .... .... .... .... .... .... .... .... | ၁၃၅ |
| ခုဒ္ဒကနိကာယ်ဝင်ကျမ်းများ .... .... .... .... .... | ၁၃၆ |
| ခုဒ္ဒကပါဌ .... .... .... .... .... .... .... .... .... | ၁၃၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သုံးဆယ့်နှစ် ကောဋ္ဌာသ | ၁၃၇ |
| သာမဏေမေးခွန်းဆယ်ရပ် | ၁၃၈ |
| ဓမ္မပဒကျမ်း | ၁၄၅ |
| ဓမ္မပဒကျမ်းဝင် ဝဂ်များ | ၁၅၂ |
| မပြစ်မှားအပ်သောပုဂ္ဂိုလ်ကို ပြစ်မှားမိသော် ခံစား ရမည့် ဒုက္ခအကြောင်းဆယ်ပါး | ၁၅၉ |
| ငရဲသို့လားအံ့ကုန်သော လူတန်းစား | ၁၆၉ |
| ဥဒါန်းကျမ်း | ၁၇၇ |
| ဥဒါနဝဂ်များ | ၁၇၈ |
| ဣတိဝုတ္တက | ၁၇၉ |
| ဣတိဝုတ္တကနိပါတ်များ | ၁၈၁ |
| သုတ္တနိပါတ | ၁၈၂ |
| သမဏလေးမျိုး | ၁၈၆ |
| ဗြာဟ္မဏသုံးမျိုး | ၁၈၆ |
| ဥရဂဝဂ်သုတ်များ | ၁၈၆ |
| စူဠဝဂ် သုတ်များ | ၁၈၉ |
| မဟာဝဂ် သုတ်များ | ၁၉၃ |
| ရဟန်းတို့ဆိုရာသော စကားလေးမျိုး | ၁၉၄ |
| အဋ္ဌကဝဂ် သုတ်များ | ၁၉၇ |
| ပရာယဏဝဂ် သုတ်များ | ၂၀၀ |
| ဝိမာနဝတ္ထုများနှင့် ပေတဝတ္ထုများ | ၂၀၃ |
| ထေရဂါထာနှင့် ထေရီဂါထာ | ၂၀၆ |
| ဇာတက | ၂၁၃ |
| ဇာတ်တော်များ၏အရေးအသား | ၂၂၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဇာတ်တော်များ၌ပါဝင်သည့် အကြောင်းအရာ.... | ၂၂၄ |
| မဟာနိဒ္ဒေသနှင့် စူဠနိဒ္ဒေသ .... .... .... .... .... | ၂၂၆ |
| မောနေယျပုဒ် ဖွင့်ဆိုချက် .... .... .... .... .... | ၂၂၆ |
| မုနိပုဒ် ဖွင့်ဆိုချက် .... .... .... .... .... .... .... | ၂၂၆ |
| ကာမပုဒ် ဖွင့်ဆိုချက်.... .... .... .... .... .... .... | ၂၂၆ |
| သိက္ခာပုဒ် ဖွင့်ဆိုချက် .... .... .... .... .... .... | ၂၂၆ |
| ဘိက္ခုပုဒ် ဖွင့်ဆိုချက် .... .... .... .... .... .... | ၂၂၇ |
| ဓောနပုဒ် ဖွင့်ဆိုချက် .... .... .... .... .... .... | ၂၂၇ |
| ကုသလပုဒ် ဖွင့်ဆိုချက် .... .... .... .... .... .... | ၂၂၇ |
| ဂါမကထာပုဒ် ဖွင့်ဆိုချက် .... .... .... .... .... | ၂၂၇ |
| လောကပုဒ် ဖွင့်ဆိုချက် .... .... .... .... .... .... | ၂၂၇ |
| ဓောပုဒ် ဖွင့်ဆိုချက်.... .... .... .... .... .... .... | ၂၂၇ |
| ဂဏ္ဌာနိပုဒ် ဖွင့်ဆိုချက် .... .... .... .... .... ... | ၂၂၇ |
| ပုဗ္ဗာသဝပုဒ် ဖွင့်ဆိုချက် .... .... .... .... .... .... | ၂၂၈ |
| ဝိဝဋ္ဋစက္ခုပုဒ် ဖွင့်ဆိုချက် .... .... .... .... .... .... | ၂၂၈ |
| ပရိဿယပုဒ် ဖွင့်ဆိုချက် .... .... .... .... .... .... | ၂၂၈ |
| ကဏှပုဒ် ဖွင့်ဆိုချက်.... .... .... .... .... .... ... | ၂၂၈ |
| စတ္တာရောဒါသာပုဒ် ဖွင့်ဆိုချက် .... .... .... .... | ၂၂၈ |
| စတ္တာရောဗန္ဓူပုဒ် ဖွင့်ဆိုချက် .... .... .... .... | ၂၂၈ |
| နရပုဒ် ဖွင့်ဆိုချက် .... .... .... | ၂၂၉ |
| နာနာရောဂါပုဒ် ဖွင့်ဆိုချက် | ၂၂၉ |
| ဝါဒပုဒ် ဖွင့်ဆိုချက် | ၂၃၀ |
| ဘာသာရေးယုံကြည်မှုအမျိုးမျိုး | ၂၃၀ |
| ပဋိသမ္ဘိဒါမဂ္ဂ | ၂၃၁ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အပဒါန = အပဒါန် | ၂၃၂ |
| ဗုဒ္ဓဝံသ = ဗုဒ္ဓဝင် | ၂၃၄ |
| စရိယာပိဋက | ၂၃၇ |
| စရိယာပိဋကဝင် ဝတ္ထုများ | ၂၃၈ |
| ဝိနယပိဋက | ၂၄၀ |
| ပါတိမောက္ခ အဓိပ္ပါယ် | ၂၄၀ |
| ကမ္မဝါစာ | ၂၄၆ |
| အဘိဓမ္မပိဋက | ၂၅၃ |
| အဘိဓမ္မ အဓိပ္ပါယ် | ၂၅၄ |
| အဘိဓမ္မ ပိဋကဝင် ကျမ်းများ | ၂၅၅ |
| ပါဠိစာပေသမိုင်း နောက်ဆက်တွဲ | ၂၆၀ |
| သင်္ဂါယနာတင် ပွဲတော်များ | ၂၆၀ |
| ဆဋ္ဌ သံဂီတိ မဟာပါသာဏဂုဟာ လိုဏ်ဂူတော်ကြီး | ၂၇၁ |

# ပါဠိစာပေသမိုင်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

———o———

## "ရှေးဦးအိန္ဒိယ စာပေ လောကတွင် ပါဠိစာပေတည်ရှိပုံ"

ဗုဒ္ဓဘာသာ စာပေသည် ဗေဒစာပေ နောက်မှ ထွက်ပြူ ထွန်းကား လာသော စာပေ ဖြစ်လေသည်။ ဗုဒ္ဓ ဘာသာ စာပေကို အကျယ်အားဖြင့် အောက်ပါအတိုင်း နှစ်မျိုးပိုင်းထား လေသည်။

က၊ ပါဠိ ဗုဒ္ဓဘာသာ စာပေ။
ခ၊ သက္ကတ ဗုဒ္ဓဘာသာ စာပေ။

ဟီနယာန ဗုဒ္ဓဘာသာ ဂိုဏ်းကြီး (၁၈) ဂိုဏ်း ရှိသည် အနက် ပါဠိစာပေသည် ရှေးအကျဆုံး ဂိုဏ်းဖြစ်သော "ထေရဝါဒ" ဂိုဏ်း၏ စာပေဖြစ်၍ အခြားဂိုဏ်းများ၏ စာပေများကိုမူ သက္ကတဖြင့်၎င်း, မိဿက သက္ကတဖြင့်၎င်း စီရင်ပြုစုခဲ့ကြ လေသည်။ ၎င်းပြင် နောက်ပိုင်း "မဟာယာန" ဂိုဏ်းများ၏ စာပေ တို့ကိုလည်း သက္ကတ ဖြင့်ပင် အက္ခရာ တင်ထားခဲ့ကြ ကုန်၏။

ပါဠိ စာပေကို အကြမ်းအားဖြင့် အောက်ပါ အတိုင်း နှစ်မျိုးပိုင်းထားပြန်သည်။

၁။ ပိဋကစာပေ။
၂။ ပိဋက မဟုတ်သော စာပေ။

ပိဋကစာပေတွင် သုတ်,ဝိနည်းနှင့် အဘိဓမ္မာတို့ အကျုံးဝင်ကြ၍ ပိဋက မဟုတ်သော စာပေ တို့သည်ကား အတူးသဖြင့် ( က ) အဋ္ဌကထာများ ( ခ ) ဒီပဝင်,မဟာဝင်အစ ရှိသော သမိုင်းများ နှင့် မိလိန္ဒပဉှာ, နေတ္တိ အစရှိသော ကျမ်းများဖြစ်ကြသည်။

ပိဋကတော်ကို ခရစ်မတိုင်မီ တတိယရာစုနှစ်တွင် အပြီးသတ် စုဆောင်းရကား, ပိဋကတော် အပြီးသတ် စုဆောင်း ပြီးနောက်မှ ထွက်ပြူလာကြသော စာပေများကို 'ပိဋကတော် မဟုတ်သော စာပေများ' ဟု မှတ်တမ်း တင်ထားခဲ့ကြ၏။

ပိဋကတော်သည်ရှေးအကျဆုံးဗုဒ္ဓဘာသာဂိုဏ်းဖြစ်သော 'ထေရဝါဒဂိုဏ်း' ၏ ရှေးအကျဆုံး ဗုဒ္ဓဘာသာစာပေ ဖြစ်သဖြင့် သက္ကဋ(သို့မဟုတ်)သက္ကဋ 'တဝက်' ဖြင့်ပြုစုထားသော ဗုဒ္ဓဘာသာ စာပေထက် ပို၍ ရှေးကျလေသည်။

———o———

## ''ဗုဒ္ဓဘာသာကျမ်းကြီး(၁၈)ကျမ်း''

၁၊ မဟာသံဃိက
၂၊ ထေရဝါဒ ] = ဗုဒ္ဓဓမ္မ၊

၃၊ ဂေါကုလိက
၄၊ ကေဗျောဟာရိက ] = မဟာသံဃိက။

၅၊ မဟိသာသက
၆၊ ဝဇ္ဇီပုတ္တက ] = ထေရဝါဒ။

၇၊ ပညတ္တိဝါဒ
၈၊ ဗာဟုလိက
၉၊ စေတျဝါဒ ] = ဂေါကုလိက၊

၁၀၊ သဗ္ဗတ္ထိဝါဒ
၁၁၊ ကဿပိယ
၁၂၊ သင်္ကန္တိက
၁၃၊ သုတ္တန္တိက
၁၄၊ ဓမ္မဂုတ္တိက ] = မဟိသာသက၊

၁၅၊ ဓမ္မောတ္တရိယ
၁၆၊ ဘဒ္ဒယာနိက (မာဟိက)
၁၇၊ ဆဏ္ဏာဂါရိက
၁၈၊ သမ္မိတိယ ] = ဝဇ္ဇီပုတ္တက၊

( ကထာဝတ္ထုအဋ္ဌကထာနှင့် အညီပြဆိုအပ်သော ဗုဒ္ဓဘာသာကိုကျမ်းကြီး( ၁၈ )ကိုကျမ်း ဖြစ်သတည်း။)

## "ဘုရားမြတ်စွာနှင့် ပတ်သက်သောခုနှစ်"

ဗုဒ္ဓဘာသာ စာပေသည် ဘုရားမြတ်စွာပွင့်တော်မူပြီး-နောက်, ဘုရားမြတ်စွာနှင့် တပါတည်း ထွက်ပြူထွန်းကားလာသော စာပေ ဖြစ်လေသည်။ ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူသည့်နှစ်နှင့် ပတ်သက်၍ သုခမိန်ပညာရှိတို့တွင် ဝိဝါဒအမျိုးမျိုး ကွဲပြားလျက်ရှိ၏။ သီဟိုဠ်အစဉ်အလာကမူ-"ဘုရား မြတ်စွာသည် ခရစ်မတိုင်မီ (၅၄၄) ခု နှစ်တွင် ပရိနိဗ္ဗာန်စံလွန်တော် မူသည်"-ဟု ဆို၏။ သို့သော်ခေတ်သစ်ပညာရှိတို့က "ဤနှစ်သည် မဂဓ ဘုရင်များ၏ သမိုင်းနှင့် မကိုက်မညီညွတ်" ဟူ၍ ထိုအဆိုကို သဘောမတူ မနှစ်ခြိုက်ကြချေ။ အတိအကျအသေအချာလည်း မည်သည့် ပဏ္ဍိတ်ကျကန့်သတ်အတည်ပြုရန် မစွမ်းနိုင်ကြပေ။ သို့ရာတွင် ခရစ်မတိုင်မီ(၄၈၅) ခုနှစ်ကို ဘုရားမြတ်စွာပရိနိဗ္ဗာန်စံလွန်သောအနီးစပ်ဆုံး နှစ်ဟု ပညာရှိ များစွာတို့က ခန့်မှန်း ယူဆကြလေသည်။

ဘုရားမြတ်စွာသည် နှစ်ပေါင်း ရှစ်ဆယ်တိုင်တိုင်သက်-တော်ထင်ရှား ထွန်းလင်းတော် မူခဲ့ရကား, ခရစ်မတိုင်မီ ဆဋ္ဌရာစုနှစ် နောက်ပိုင်း နှင့် ပဉ္စမ ရာစုနှစ် အဦးပိုင်းတွင် သတ္တဝါလေးပါးတည်းဟူသော တရားစည်ကြီး ရိုက်တီးကာ သတ္တဝါများအား သွန်သင်ညွှန်ပြ လျက်, သံသရာ တည်းဟူသော ဝဲဩဃမှ နိဗ္ဗာန်တည်းဟူသောအမတသောင်ကမ်းသို့ပို့ဆောင်ကယ်တင်တော် မူခဲ့လေသည်။

ဘုရား မြတ်စွာ ဒေသစာရီ ဖြန့်ချီကာ တရား ရေအေးအမြိုက်ဆေး တိုက်ကျွေးခဲ့သည့် ဒေသများသည်ကား, အထူး

သဖြင့် ဇွန္ဒီယပြည်မြောက်ပိုင်းတွင် ကောသလတိုင်းနှင့် မဂဓ တိုင်းများ ဖြစ်ကြသည်။

————o————

## "ဗုဒ္ဓဝစန"

ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှားရှိခဲ့စဉ်က တရားဒေသနာ တော်များကို နှုတ်ဖြင့်သာဟောကြား ဖြန့်ဝေတော်မူခဲ့ရကား, ဗုဒ္ဓ မြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော် မူပြီးသည့်နောက် ပိဋက တော်မှ မည်ရွေ့ မည်မျှသည် ဗုဒ္ဓကိုယ်တော်တိုင် ဟောကြား မြွက်ဟခဲ့သည့် ပိဋကတော်ဖြစ်သည် ဟူသော ပြဿနာနှင့် ပတ်သက်၍ အဖြေမှန်ပေးရန် မည်သူမျှ အတိအကျ ကြေနပ် လောက်အောင် ခိုင်လုံပြေလည်သော ဆုံးဖြတ်ချက်ကို မပေး နိုင်ကြချေ။

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော တရားတော်များကို နှုတ်တက်အာဂုံသိမ်းထားရန် လွယ်အပ်ခြင်း ခံရသည့်အချို့ ရဟန်း ပုဂ္ဂိုလ်ကျော်, ပုဂ္ဂိုလ်မြတ်တို့၏ မိန့်ခွန်းတော်များနှင့် တရား ဒေသနာတော် များကိုလည်း ဗုဒ္ဓမြတ်စွာ ကိုယ်တော် တိုင်၏ မိန့်ခွန်းတော်အဖြစ်,တရား ဒေသနာတော်အဖြစ်ဖြင့် မှတ်တမ်း တင်ချင်လျှင်လည်း တင်ခဲ့ကြကောင်း တင်ခဲ့ကြ ပေမည်။

'တေ ပိဋကံ ဗုဒ္ဓဝစနံ'ပိဋကသုံးပုံစလုံးတွင် ပါရှိသည့်တရား ဒေသနာ အားလုံးသည် ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်မိန့်ကြား မြွက်ဟခဲ့သည့် မုခပါဌ်တော်ဖြစ်သည်-ဟု တထစ်ချ ယူဆ ယုံကြည် လက်ခံရမည်ကလည်း စဉ်းစားဘွယ်,နှိုင်းချင့်ဘွယ် အချက်ကလေးများက ရှိနေပြန်သေးသည်။

ဥပမာ– သုတ် ပိဋကဝင် ၆ထေရ- ထေရီ ဂါထာတော်များ သည် ဗုဒ္ဓမြတ်စွာ၏သာဝကများဖြစ်ကြသော ဘိက္ခု-ဘိက္ခုနီ အကျော် အမော်တို့ကိုယ်တိုင် အသီးအသီး ရွတ်ဆိုကျူးရင့်ခဲ့ ကြသည့် ဂါထာတော်များ မဟုတ်ပါလော။ ထိုပြင် တာဝ ဝိနည်းတော် စူဠဝဂ် ( မြန်မာတို့က စူဠဝါ ပါဠိတော် ခေါ် ကြ၏ ) တွင် ပဉ္စမသင်္ဂါယနာတင်ပွဲ သာမက ဒုတိယသင်္ဂါ- ယနာတင်ပွဲနှင့် ပတ်သက်သည့် အကြောင်းအရာများ ဖော်ပြ ထားသည်ကို တွေ့ရှိရပြန်ရာ,၎င်းအချက်ကို ထောက်ရှုပြန်လျှင် လည်း ပိဋကတော်အားလုံးသည် ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် ဟောကြား မိန့်မြွက်ခဲ့သည့် မုခပါဠိတော်များ ဖြစ်သည် ဟူသော ရှေးဂိုဏ်းသားတို့၏ အယူအဆနှင့် တဘက်တလမ်း ဖြစ်၍ နေပြန်သည်။

သို့သော် မည်သို့ပင်ဖြစ်စေ ပိဋကတော်သုံးပုံစလုံးသည် ဗုဒ္ဓမြတ်စွာ၏ မုခပါဠိ ( ဗုဒ္ဓဝစန ) တော်များချည်း မဟုတ် စေကာမူ ဗုဒ္ဓမြတ်စွာ၏ မုခပါဠိတော်များနှင့် ဗုဒ္ဓမြတ်စွာ၏ တရားဆီ တရားနှစ်များ ပါဝင်ကြောင်းကိုမူကား မည်သူမျှ မငြင်းကွယ်နိုင်ကြချေ။၎င်းပြင် ပိဋကတော်တခုလုံးသည်လည်း ဗုဒ္ဓကိုယ်တော်တိုင်နှင့် ဗုဒ္ဓ၏ဝါဒဖြစ်သောတရားမြတ် တရား မွန်တို့၏ နှီးဆော်တိုက်တွန်း ချက်တို့ဖြင့် ပြွမ်းလျက်သာချည်း ပင်တည်း။

ပိဋကတော် မှ မည်သို့သော အစိတ်အပိုင်းများသည် ဗုဒ္ဓ မြတ်စွာ ကိုယ်တော်တိုင်၏ မုခပါဠိတော်စစ် ဖြစ်သနည်းဟု သေချာစွာ စိစစ်ဝေဖန်လျှင်, ဗာရာဏသီ ပြည်တွင် ပဉ္စဝဂ္ဂီ ငါးဦးအား ရှေးဦးစွာ ဟောကြားတော်မူသော သိမ်မွေ့လှ သည့် အနှစ်မွန် အနှစ်မြတ်တို့ဖြင့် ပြည့်စုံလျက်, လေးနက်

ထိခိုက်လှသော အနှုန်းအဖွဲ့ တို့ဖြင့် ပြွမ်းသော ‘ဓမ္မစကြာ’ နှင့် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်ခါနီး မြွက်ကြားခဲ့သော အလွန်ပင် နက်နဲသိမ်မွေ့၍ သတ္တဝါတို့၏ ဟဒယအကြည်ဓာတ်ကို ယူကျုံး နိုင်သည့် “ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ” ဟူသော နောက်ဆုံးမိန့်ခွန်းတော်သည် ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်၏ တရားဒေသနာတော်စစ်,မုခပါဠိတော်စစ် များ ဖြစ်ကြလေသည်။

တဖန် ပါဠိ ဗုဒ္ဓဘာသာကျမ်းများနှင့် သက္ကဋ ဗုဒ္ဓဘာသာ ကျမ်းများကို နှိုင်းယှဉ်ဝေဖန်ကြည့်ပြန်ကလည်း ဤကျမ်းစောင် နှစ်စောင်လုံးတွင် ပါဝင်သည့် တပ်တူတရားတော် များကို ဗုဒ္ဓမြတ်စွာ၏ မုခပါဠိတော်စစ်များဟု မှတ်သားစွဲယူ နိုင်ပေ သည်။ ထို့ပြင် ‘ဓမ္မပဒ’ တွင် ပါဝင်သည့် များစွာသော ဂါထာ များ, ဥဒါန်းများ, ဣတိဝုတ္တကများနှင့် မဟာပရိနိဗ္ဗာန သုတ်- တွင်ပါဝင်သည့်များစွာသောအစိတ်အပိုင်းများ, ဝိနည်းတော် တွင်ပါဝင်သည့် ဆယ်ပါးသီလ, ပါတိမောက်နှင့် အခြားစည်း မျဉ်းများ သည်လည်း ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်မိန့်ကြားခဲ့ သော တရားတော် မုခပါဠိတော်များ ဖြစ်ရပေမည်။

———o———

## ‘‘ဗုဒ္ဓဘာသာစာပေတွင် မှတ်တိုင်ကဲ့သို့ ဖြစ်သော သင်္ဂါယနာတင်ပွဲများ’’

## ‘‘ပဌမသင်္ဂါယနာတင်ပွဲ’’

ပါဠိပိဋကတော်များသည် တချိန်တည်းနှင့် ရုတ်ခြည်း အားလုံး ထွက်ပေါ်တွန်းကားလာသည် မဟုတ်ပေ။ ယခု လက်ရှိအခြေသို့ ရောက်ရန် တဆင့်ထက်တဆင့်, တခေတ်မှ

တခေတ်တဖြည်းဖြည်း တိုးပွါးကျယ်ပြန့် ဖွံ့ဖြိုး၍သာလာရလေသည်။ ပါဠိပိဋကတော်ကို စုဆောင်းရာ၌ ယခုလက်ရှိအခြေသို့တိုင် တိုးပွါးကျယ်ပြန့် ဖွံ့ဖြိုးလာရာတွင်သင်္ဂါယနာတင်ပွဲများသည် မှတ်တိုင်သဘွယ် ဖြစ်ကြောင်း အသိအမှတ်ပြုကြရပေမည်။

ဘုရားမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူပြီး နောက် ရက်သတ္တပတ် အနည်းငယ်အတွင်းတွင် ပဌမသင်္ဂါယနာတင်ပွဲကို ကျင်းပလေသည်။၎င်းပဌမ သင်္ဂါယနာတင်ပွဲနှင့် ဒုတိယသင်္ဂါ-ယနာတင်ပွဲ အကြောင်းအရာများကို ဝိနည်းတော် စူဠဝဂ်၌ အဦးအစောဆုံး အဖြစ် ဖေါ်ပြထား သည်ကို တွေ့ရှိရ၍ နောက်ဒီပဝင်,မဟာဝင် အစရှိသည့် သမိုင်းများတွင်လည်း တဖန်ဖေါ်ပြထားသည်ကို တွေ့ရှိရပြန်သည်။

ဘုရားမြတ်စွာပရိနိဗ္ဗာန် စံလွန်တော်မူသောအခါ ရဟန်းရှင်လူအပေါင်းတို့ နှမြောတသယူကျုံးမရဖြစ်ကြစဉ်'သုဘဒ္ဒ' အမည်ရှိ ရဟန်းကြီးတပါးသည် ရဟန်းတို့အား အောက်ပါအတိုင်း လိုက်လံဝါဒဖြန့်၏။

> "ငါ့ရှင်တို့မပူဆွေးကြပါလေနှင့်။မတမ်းတကြပါလေနှင့်။ ရှင်ဂေါတမရှိစဉ်က ဤအရာကိုသင်တို့လုပ်ထိုက်သည်၊ ဤအရာကား သင်တို့နှင့်မထိုက်စသဖြင့် ငါတို့အား တားမြစ်ပိတ်ပင်လေ့ရှိ၏၊ ယခုမူငါ့ရှင်တို့လွတ်လပ်ပြီ၊ ငါ့ရှင်တို့အလိုရှိရာ လုပ်ပိုင်နိုင်လေပြီ။"

သုဘဒ္ဒ၏ အထက်ပါဝါဒ ဖြန့်ချက်ကို ရှင်မဟာကဿပကြားသိလေရာဝိနည်းတော်စည်းမျဉ်းများပျက်ပြားသွားမည်ကို စိုးရွံ့တော်မူသဖြင့်, ရဟန်းအပေါင်းကို စုရုံးစေပြီးသော်

ပဌမအကြိမ် သင်္ဂါယနာတင်ပွဲ ကျင်းပရန် စိုင်းပြင်းလေတော့သည်။

ရှင်မဟာကဿပအမှူးရှိသောရဟန်းတို့သည် ရာဇဂြိုဟ်ပြည် သတ္တပဏ္ဏိလိုဏ်ဂူတွင်း၌ စုရုံးဆွေးနွေးပြီးလျှင် တရားနှင့်ပတ်သက်သည် တို့ကို ရှင်အာနန္ဒာအား မြေကြား စေပြီး သကာလ,ဝိနည်းတော်နှင့် စပ်လျဉ်းလာသော် ရှင်ဥပါလိအား မေးမြန်းစုံစမ်းကာ ပဌမအကြိမ် မြောက် သင်္ဂါယနာတင်ပွဲ ကျင်းပပြီးလျှင်, တရားတော်များ( ဓမ္မ )နှင့် စည်းမျဉ်းများ (ဝိနယ)ကို (ဓမ္မဝိနယသင်္ဂဟ) စုပေါင်းကြလေသည်။

တရားတော်(ဓမ္မ)ကိုလည်း အောက်ပါအတိုင်း (နဝင်္ဂ) ကိုးပိုင်း ပိုင်းကြလေသည်။

၁။ သုတ် = စကားပြေဖြင့် ဟောသောတရားတော်များ။

၂။ ဂေယျ = စကားပြေနှင့်ဂါထာရောစပ်၍ ဟောသော တရားတော်များ။

၃။ ဝေယျာကရဏ = ရှင်းလင်းချက်၊ ဝေဖန်ချက်များ။

၄။ ဂါထာ = ဂါထာများ။

၅။ ဥဒါန = ဥဒါန်းများ = ကျူးရင့်ခြင်းများ။

၆။ ဣတိဝုတ္တက = ဣတိဝုတ္တံ ဘဂဝတာ အစရှိသောဘုရား မြွတ်စွာ၏ မိန့်ခွန်းတိုများ။

၇။ ဇာတက = ဘုရားလောင်းဇာတ်တော်များ ......... .... (ဖြစ်စဉ်များ)။

၈။ အဗ္ဘုတ = အံ့ဘွယ်သရဲများ။
( အဗ္ဘုတဓမ္မ) = အံ့ဘွယ်သရဲ ဖြစ်သောတရားများ။

၉။ ဝေဒလ္လ = အမေးအဖြေသဘောမျိုးဖြင့် ညွှန် ကြား ချက်များ။

၍သည်ကား ဘုရားမြတ်စွာ၏ တရားတော် များကို သက်ဆိုင်ရာအမျိုးအစားအကြောင်း အရာအလိုက် ကန့်သတ်ထားခြင်းမျှဖြစ်သည်။ ပြည့်ဝကုံလုံသည့် ကျမ်းစောင်ကြီးကိုးစောင် အနေအထား အဖြစ်ဖြင့် စုပေါင်းကန့်သတ်ပိုင်းခြားထားခြင်း မဟုတ်ပေ။

ပိဋကတော် တခုလုံးကို ပဌမသင်္ဂါယနာတင်ပွဲ၌ပင်အပြီးအစီး စုဆောင်းသည်ဟု ဆိုပါက တရားနည်းလမ်းမှန်ကန်မည်မဟုတ်ချေ။သို့သော် ပဌမ သင်္ဂါယနာတင်ပွဲတွင် တရားတော်များနှင့် စည်းမျဉ်း များကို စုဆောင်း ကြသည်ကား အမှန်ပင်ဖြစ်၍ ဖြည့်စွက်ချက်များကိုမူ နောက်မှတဖြည်းဖြည်းထည့်သွင်း လေသည်။ ယခုလက်ရှိ ပိဋကတော် များသည် ပဌမသင်္ဂါယနာတင်ပွဲတွင် မည်သည့်နည်းနှင့်မျှ ယခုလက်ရှိအခြေအနေအဖြစ်ဖြင့်စုဆောင်းပြီးစီးနိုင်မည်မဟုတ်တန်ရာ။ ဝိနည်းတော်စုလ္လဝဂ်၌ ပဌမသင်္ဂါယနာတင်ပွဲသာမက ဒုတိယသင်္ဂါယနာတင်ပွဲ အကြောင်း အရာများကိုပါ အပြည့်အစုံဖော်ပြထားခြင်းကို ထောက်ရှု၍, ရှေးဂိုဏ်းသားတို့ စွဲလမ်းလျက်ရှိသော“ပဌမ သင်္ဂါယနာတင်ပွဲတွင် ပိဋကတော်တခုလုံးကို အပြီးအစီး စုဆောင်းသည်”ဟူသည့် ယုံကြည်ချက်သည်လည်း အယူသည်းလွန်း၍ ယုံမှားဘွယ်ရာ,ဝေဖန်တွေးတော စောဒကတက်ဘွယ်ရာပင် ဖြစ်ပေသည်။ တဖန်ပဌမသင်္ဂါယနာတင်ပွဲ ကျင်းပသည့်ရက်ကို အသေအချာသုံးသပ်ပြန်ပါကလည်း, ပိဋကသုံးပုံလုံးကို အပြီး အစီး စုဆောင်းနိုင်ရန်အတွက်ကျင်းပသည့်ရက်သည် တိုတောင်းလှဘိ၏။စင်စစ်၍ပဌမ သင်္ဂါယနာတင်ပွဲ ကျင်းပခြင်းသည် ပိဋကတော်ပေါက်

ပွါး ထွက်ပြူထွန်းကားလာစေရန် အစပျိုးပေးသော အခြခံ မျိုးစေ့ချပေးခြင်းမျှသာ ဖြစ်သည်ဟု ဆိုရပေမည်။

ပဌမသင်္ဂါယနာတင်ပွဲ အကယ်စင်စစ်ကျင်းပဖြစ်၊ မကျင်းပဖြစ် ဟူသော ပြဿနာနှင့် ပတ်သက်၍လည်း ပညာရှင် အပေါင်း အငြင်းပွါးလျက် ရှိကြပြန်သည်။

"ပဌမ သင်္ဂါယနာတင်ပွဲသည် ရာဇဝင်လာအချက် မဟုတ်။ ထိုးဇာတ်၊ ထွင်ဇာတ်၊ လုပ်ဇာတ်သာဖြစ် ရပေမည်။ သုဘဒ္ဒရဟန်းအကြောင်းနှင့် ပတ်သက်၍ စုလ္လဝဂ်၌ရင်း၊ မဟာပရိနိဗ္ဗာနသုတ်၌ရင်း ရေးသား ဖော်ပြထားသော်လည်း၊ သုဘဒ္ဒကြောင့် သင်္ဂါယနာ တင်ရသည်ဆိုသော အချက်ကို စုလ္လဝဂ်၌သာ တွေ့ ရှိရ၍ မဟာပရိနိဗ္ဗာန သုတ်၌ကား သင်္ဂါယနာတင် သည့်အကြောင်းနှင့် ပတ်သက်၍ဖော်ပြထားသည်ကို စိုးစဉ်းမျှ မတွေ့ရ။ ဤသည်ကို ထောက်ရှု၍ ပဌမ သင်္ဂါယနာတင်ပွဲကျင်းပသည် ဆိုခြင်းမှာ မဖြစ်နိုင်"

အထက်ပါ ယူဆချက် ကား 'အိုလ်ဒင်ဘာဂ်' မည်သော ဂျာမန်သုခမိန်ကြီး၏ ယူဆချက် ဖြစ်သတည်း။

သို့သော်၊ ရီးစ်ဒေဝစ်၊ ကန်း၊ ရောက်ဟီလ်၊ ပေါင်စင် (ပူစင်) စသော အခြား အနောက်တိုင်း ပညာရှိကြီးတို့ကမူ ပိဋက တော် တခုလုံးကို ပဌမ သင်္ဂါယနာတင်ပွဲမှာ အပြီးအစီး စုဆောင်းကြသည် ဟူသော အချက်၌သာ ရေးကိုင်းသားတို့နှင့် ဝါဒချင်းမတိုက်ဆိုင်သော်လည်း၊ ပဌမသင်္ဂါယနာတင်ပွဲ တကယ် ကျင်းပဖြစ်ကြောင်းကိုကား ယုံကြည် ကြလေသည်။

ဘုရားမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော် မူပြီးသည့် နောက် ဘုရားမြတ်စွာ၏ တပည့်သားရဟန်းများနှင့် ဘုရားမြတ်စွာ၏

အယူဝါဒကို သက်ဝင် ယုံကြည်ကြသူတို့ စိတ်ဝယ်, အထူးသဖြင့် ဘုရားမြတ်စွာ ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များ ချမှတ် ပညတ်တော်မူခဲ့သော ဝိနည်းသိက္ခာပုဒ်များနှင့် ပတ်သက်၍ ယုံမှားသံသယ ဒွိဟဖြစ်နေကြစဉ် ဘုရားမြတ်စွာသည် မည်သို့သော တရားဒေသနာတော်တို့ကို သွန်သင်ညွှန်ကြားခဲ့သည်, ရဟန်းတို့ လိုက်နာရန် မည်သည့် ဝိနည်းတော် သိက္ခာပုဒ်တို့ကို ပညတ်ခဲ့သည် ဟူသော ပြဿနာအရပ်ရပ်ကို တိုင်ပင် ဆွေးနွေးသုံးသပ်ရန် အတွက်, ဘုရားမြတ်စွာ၏ တပည့်သား ထေရ်မြတ်ကြီးများသည် အတူတကွ စုရုံး ဆွေးနွေး ကြမည်မှာကား သဘာဝအရ ဖြစ်နိုင်သည့် အချက်တရပ်ပင်။

## ''ဒုတိယ သင်္ဂါယနာတင်ပွဲ''

ပါဠိစာပေ သမိုင်းကြောင်းဘက်ကနေ၍ ကြည့်လျှင်ဒုတိယ သင်္ဂါယနာ တင်ပွဲသည် အရေးမကြီးလှသော်လည်း, ဗုဒ္ဓသာသနာရေးဘက်ကနေ၍ ကြည့်ပါမူ အထူးအရေးပါ အရာရောက်လှ၏။ အကြောင်းကား ဤသင်္ဂါယနာတင်ပွဲတွင် ဗုဒ္ဓသာသနာတော်ကြီး၌ အကြီးအကျယ် ဂိုဏ်းကွဲမှုကြီး စတင်ပေါ်ပေါက်လာကာ 'မဟာသံဃိက' ဟူ၍ ဂိုဏ်းသစ်တခု ဖြစ်ပေါ်လာပြီး လျှင် ၎င်းဂိုဏ်းကလည်း 'မဟာ သင်္ဂီတိ' ဟူသော သင်္ဂါယနာတင်ပွဲကြီးတခု အကြီးအကျယ် ကျင်းပခြင်းကြောင့်တည်း။ ဤသည်ပင် မဟာယာနဂိုဏ်းပေါက်ပွါးထွန်းကားလာရန် အခြေခံအုတ်မြစ်ချခြင်း ဖြစ်လေတော့၏။

ဒုတိယ သင်္ဂါယနာတင်ပွဲကို ဘုရားမြတ်စွာပရိနိဗ္ဗာန်စံလွန်ပြီးနောက်,နှစ်တရာအကြာတွင် ဝေသာလီပြည်၌ ကျင်းပလေ

သည်။ ထိုသင်္ဂါယနာတင်ပွဲ ကျင်းပရသည့် အဓိက ရည်ရွယ်ချက်ကား၊ ဝိနည်းတော်စည်းမျဉ်းများနှင့် ပတ်သက်၍ အထူးသဖြင့် အချို့ တိတ္ထိ အလဇ္ဇီ ဂိုဏ်းသားတို့၏ ဆယ်ချက်သော အယူဝါဒကို တွန်းလှန် ဖြိုဖျက် တိုက်ခိုက်ရန်ဖြစ်၏။

ဒုတိယ သင်္ဂါယနာတင်ပွဲသို့ ဇမ္ဗူဒီပ ပြည်မြောက်ပိုင်းအရပ်ဒေသအားလုံးမှ ဗုဒ္ဓဘာသာဝင် ရဟန်းအပေါင်းတို့တက်ရောက်ကြ၍ ရှင်ရေဝတ၊ ရှင်သဗ္ဗကာမိအစရှိသောထေရ်ကြီးများက ကြီးမှူး ကမ္မာကတ ပြုကြလေသည်။

## "ဆယ်ပါးသော အဝိနယ ဝတ္ထုများ"

(၁) သိင်္ဂိလောဏကပ္ပ။ ။သား၊ချိုဖြင့် ဆားကိုထည့်၍ ဆားမရှိသောအခါ ယာဝကာလိကဘောဇဉ်နှင့် ရော၍စားခြင်းသည် ရဟန်းတို့အားအပ်၏ဟု အယူရှိခြင်း၊

(၂) ဒွင်္ဂုလကပ္ပ။ ။နေမွန်းတည့်၍ အရိပ် လက်နှစ်သစ်လွန်မှ ယာဝကာလိက ဘောဇဉ်ကို စားခြင်းသည် ရဟန်းတို့အား အပ်၏ဟု အယူရှိခြင်း၊

(၃) ဂါမန္တရကပ္ပ။ ။တန့်ပြီဟုမြစ်မိသော ဘောဇဉ်ကို အတိရိတ်ဝိနည်းကံမပြုဘဲ ရွာတပါးသို့သွားအံ့ဟု နှလုံးပြု၍ စားခြင်းသည် ရဟန်းတို့အားအပ်၏ဟု အယူရှိခြင်း၊

(၄) အာဝါသကပ္ပ။ ။သိမ်တခုတည်းတွင် အထူးထူးသောနေရာ၌နေ၍ အသီးအသီးကံဆောင်ခြင်းသည် ရဟန်းတို့အား အပ်၏ဟု အယူရှိခြင်း၊

(၅) အနုမတိကပ္ပ။ ။မရောက်လာသေးသော ရဟန်းတို့၏ အလိုဆန္ဒ သဘောတူချက်ကိုယူ၍ ကံဆောင်ခြင်းသည် ရဟန်းတို့အား အပ်၏ဟု အယူရှိခြင်း၊

(၆) **အာစိဏ္ဏကပ္ပ**။ ။ဆရာဥပဇ္ဈာယ်တို့၏ အယူအလေ့ဟူသရွေ့သည် အပ်၏ဟု အယူရှိခြင်း။

(၇) **အမထိတကပ္ပ**။ ။နို့ရည်အဖြစ်ကိုလည်း မစွန့်သေး၊ နို့ခမ်းအဖြစ်သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင့်သောရဟန်းသည် အတိရိတ်ဝိနည်းကံမပြုဘဲစားခြင်း သောက်ခြင်းငှါသင့်၏ ဟုအယူရှိခြင်း။

(၈) **ကပ္ပတိ ဇလောဂိံ ပါတုံ**။ ။သေနကို သောက်ခြင်းငှါ ရဟန်းတို့အား အပ်၏ဟု အယူရှိခြင်း။

(၉) **ကပ္ပတိ အဒသကံ နိသီဒနံ**။ ။အဆာမရှိသော နိသီဒိုင်သည် ရဟန်းတို့အားအပ်၏ဟု အယူရှိခြင်း။

(၁၀) **ကပ္ပတိ ဇာတရူပ ရဇတံ**။ ။ရွှေငွေကိုအလှူခံခြင်းသည် ရဟန်းတို့အားအပ်၏ ဟု အယူရှိခြင်း။

———o———

## "တတိယ သင်္ဂါယနာတင်ပွဲ"

စာပေလောက ဘက်မှနေ၍ ကြည့်ပါမူ တတိယသင်္ဂါယနာတင်ပွဲသည် အထူးအရေးကြီးလှ၏။ သီဟိုဠ်သမိုင်းများ အရ ဘုရားမြတ်စွာပရိနိဗ္ဗာန်စံလွန်ပြီးနောက်နှစ်ပေါင်း (၂၃၆) နှစ်အကြာ,ခရစ်မတိုင်မီ တတိယရာစုနှစ်တွင်, ပါဋလိပုတ်ပြည်၌ 'ရှင်မောဂ္ဂလိပုတ္တတိဿ' ကြီးမှူး၍တတိယသင်္ဂါယနာတင်ပွဲကြီးကို ကျင်းပလေသည်။ ထိုအချိန်အခါ၌ ဗုဒ္ဓဘာသာသင်္ဃာဂိုဏ်းတော်ကြီးသည် (၁၈) ဂိုဏ်းပြားလျက်ရှိရာ ရှေးအကျဆုံးနှင့် မူရင်းဂိုဏ်းဖြစ်သော ထေရဝါဒဂိုဏ်း (သို့မဟုတ်) ဝိဘဇ္ဇဝါဒဂိုဏ်းကြီးအတွက် ပိဋကတော် စုပေါင်းပြုစုရန်လိုအပ်၍ လာတော့သည်။ အကြောင်းကား အသောကဘုရင် ဘုန်း-

သမ္မာသမ္ဗုဒ္ဓ ရှိန်မောက်ထွန်းတောက်သည့်အခါဝယ်, ထေရဝါဒ ဂိုဏ်းကြီးသည် ဘုရင်ကိုယ်တိုင် သက်ဝင်ယုံကြည် ရိုင်းပင်း ကူညီအားပေးသည့် ဂိုဏ်းကြီးဖြစ်သည့်အားလျော်စွာ တနေ့ တခြား ဒီရေအလား တိုးပွါးဖွံ့ဖြိုးလာသည်နှင့်အမျှ အခြား ဂိုဏ်းတို့သည် တန်ခိုးတေဇာဆုတ်ယုတ်ကာ အသက်မွေးဝမ်း ကျောင်း အတွက်ပင် အခက်အခဲများစွာ ကြုံကြတော့၏။

ယင်းကြောင့်လည်း အခြားဂိုဏ်းသား တို့သည် ထေရဝါဒ ဂိုဏ်းသို့ အမြောက်အမြား ဆက်သွယ်ခိုဝင် လာကြရုံမျှမက သူတို့၏ အယူဝါဒကိုပင် ထေရဝါဒဂိုဏ်း၏ အယူဝါဒများ ယောင်ယောင် ဝါဒဖြန့်လွှင့် ကြကုန်၏။ သို့ဖြင့် ထေရဝါဒ ဂိုဏ်းကြီး၏ တရားဒေသနာများသည် မူရင်းမူမှန်ဘာဝမှ အုတ် အရောရောကျောက်အရောရော ဖြစ်ကာ မူရင်းမူမှန်မဟုတ် သည့် အခြားဂိုဏ်းတို့၏ အနှောင့်အယှက် ပယောဂ တို့ ကြောင့် ညှိုးမှိန် ညစ်နွမ်းရမည့် အန္တရာယ်မကင်း ဖြစ်လာ ချေတော့သည်။

ဘုရင်အသောကသည် ထေရဝါဒဂိုဏ်းကို ရိုင်းပင်းကူညီ အားပေးသည်ဟု ဆိုရစေကာမူ ဤတတိယ သင်္ဂါယနာတင် ပွဲကိုမူကား ကိုယ်တိုင်ကြီးမှူး ကမ္ဘကတမပြုသဖြင့် အသောက ကျောက်စာများတွင် သင်္ဂါယနာတင်ပွဲနှင့် ပတ်သက်၍ မည်သို့သောအကိုးအကားကိုမျှ ဖော်ပြထားခြင်း မတွေ့ရှိ ရပေ။ ထိုကြောင့် ဤပါဠိလိပုတ်ပြည်၌ကျင်းပသော တတိယ သင်္ဂါယနာတင်ပွဲတွင် စုဆောင်းသည့် ပါဠိပိဋကတော်သည် ဗုဒ္ဓသာသနာဂိုဏ်းတွင် ဂိုဏ်းကွဲမှု အကြီး အကျယ်ဖြစ်ပွါးပြီး နောက်သာမကသေး၊သာသနာဂိုဏ်းကြီး ( ၁၈ ) ဂိုဏ်းကွဲပြား ပြီးသည့်နောက်မှသာလျှင် စုပေါင်းခြင်းဖြစ်လေသည်။

တတိယသင်္ဂါယနာတင်ပွဲ၏ အကြီးအမှူးဖြစ်သူ မောဂ္ဂလိပုတ္တတိဿမဟာထေရ်သည် ဇမ္ဗူဒီပပြည်တွင်း,ပြည်ပနယ်ပယ် အနှံ့အပြားသို့ သာသနာပြုများ စေလွှတ်ရာ ထိုသာသနာပြုများတွင်အသောကဧ၏သားတော်‘ရှင်မဟိန္ဒ’လည်းတဦးအပါအဝင် ဖြစ်တော် မူသည်။ရှင်မဟိန္ဒသည် တတိယသင်္ဂါယနာတင်ပွဲတွင် ပြုစု စုဆောင်းသော ပိဋကတော်မူကို ယူဆောင်၍ သီဟိုဠ်ကျွန်းသို့ ကြွတော်မူပြီးလျှင် သီဟိုဠ်သားရဟန်းများအား ပိဋကတော်ကို နှုတ်တက် အာဂုံ ကမ်းလှမ်းတော်မူသည်။ ယခုသုံးစွဲလျက်ရှိသော ပိဋကတော်သည် ပါဠိလိပုတ်ပြည်၌ ပြုစုသော ပိဋကတော်ပင် ဖြစ်သည်။ ဗမာပြည် သို့လည်း သာသနာပြု စေလွှတ်ကြောင်း လာရှိရာ ပိဋကတော်အားလုံး ကို တချိန်တည်း နှင့် ရုတ်ခြည်း အပြီးသတ် စုဆောင်းသည် မဟုတ်။တဖြည်းဖြည်းနှင့် သင်္ဂါယနာတင်ပွဲများ ကျင်းပကာ စုဆောင်းခြင်းသာဖြစ်ပေသည်။

သင်္ဂါယနာတင်ပွဲများအနက် ပါဠိလိပုတ်ပြည်တွင်ကျင်းပသော ဤတတိယသင်္ဂါယနာတင်ပွဲသည် အရေးအကြီးဆုံးသော သင်္ဂါယနာတင်ပွဲကြီးပင်ဖြစ်သတည်း။

———o———

## ‘‘ပိဋကတော် သက်တမ်းနှင့် သဒ္ဒါရေစ်’’

ပိဋကတော် သမိုင်း သက်တမ်းကို သေချာစွာ စိစစ်မည်ဆိုပါက,စင်စစ်တရားတော်များနှင့် စည်းမျဉ်းများကို ရှေးဦးစတင် စုဆောင်းရန် မျိုးစေ့ချပေးသော ပဌမ သင်္ဂါယနာတင်ပွဲမှ နောက်ဆုံး ခရစ်မတိုင်မီ (၈၀) ခု နှစ် သီဟိုဠ်ဘုရင် ‘အဘယဝဋ္ဋဂါမဏိ’ လက်ထက် ဘုရင်၏အမိန့်ဖြင့် အဏ္ဍရာ

အဖြစ် ပေထက်တင်သည့် တိုင်အောင်ပင် ဖြစ်သည်။ ဘုရင်အဘယဝဋ္ဋဂါမဏိ လက်ထက်တွင် နိုင်ငံရေး အခြေအနေသည် ဘေးပယောဂ အနှောင့်အယှက် များစွာတို့ကြောင့် အထူးပင် ရှုပ်ထွေး ပွေလီလျက်ရှိ၏။ ထိုအချက်ကို ထောက်ရှုမိသော ဘုရင်ဝဋ္ဋဂါမဏိ သည် ပိဋကတော်မြတ်ကို အက္ခရာအဖြစ် ပေထက်တင်ကာ သိုမှီး၍ မထားသော် ဝမ်းနည်းဘွယ်ရာ တိမ်ကောပပျောက် သွားစေမည့် အရိပ်နိမိတ်များကို ဆင်ခြင်သုံးသပ် မိလေသည်။ သို့ သုံးသပ်မိသည့် အတိုင်းလည်း ရှေးအဆက်ဆက်ကတခေတ်မှ တခေတ် တဆင့်ထက်တဆင့် နှုတ်တက်အာဂုံဆောင်ခဲ့ရသော ပိဋကတော်ကို ခရစ်မတိုင်မီပဌမရာစုနှစ်တွင် ရှေးဦးအကြိမ်အဖြစ် ပေထက်အက္ခရာတင်လေသည်။

ထိုပေထက် အက္ခရာတင်ပြီးနောက်နှစ်များ၌ ပိဋကတော်များတွင် ဖြည့်စွက်ချက်များ မထည့်သွင်းနိုင်၊ မထည့်သွင်းတော့ဟူ၍လည်း တသမတ်တည်း ယူဆမထားရာ။ သို့ရာတွင် စင်စစ်သော်ကား ဖြည့်စွက်ချက် ထည့်သွင်းရန်အကြောင်း ခဲယဉ်းလှပါတိ၏။ ဗမာပြည်တွင် မိလိန္ဒပဉှာကဲ့သို့သော ကျမ်းများကို ပိဋကတော်ဝင် ကျမ်းစောင်တစိတ်တဒေသအဖြစ်ဖြင့် ယူဆလျက် ရှိလင့်ကစား ပိဋကတော်အဖြစ် အများသဘောတူကန့်သတ်ထားသော ကျမ်းစောင်များ၌မူကား ထိုကျမ်းများကို ပိဋကတော်ဝင် ဟု မရေတွက်ကြချေ။

ထိုကြောင့် ပိဋကတော် သက်တမ်းကို အကျယ်နည်းအားဖြင့် ရေတွက်သော် ခရစ်မတိုင်မီ ပဉ္စမ ရာစုနှစ်မှ ခရစ်မတိုင်မီ ပဌမ ရာစုနှစ်တိုင် နှစ်ပေါင်း လေးရာ ၃ ရှိကြာသည် ဟု ဆိုရပေမည်။ အတိုနည်းအားဖြင့် အကျဉ်းချုံး၍

ပြောမည်ဆိုပါကလည်း,ပိဋကတော်ပြီးဆုံးသည့် သက်တမ်း နှစ်ကို ခရစ်မတိုင်မီ တတိယ ရာစုနှစ် တတိယသင်္ဂါယနာ တင်ပွဲ အပြီးနှစ်ဟု ယူဆကန့်သတ် နိုင်ရာသည်။

ပိဋကတော်ကို တတိယ သင်္ဂါယနာ တင်ပွဲ၌ အပြီးသတ် စုဆောင်းသည်၊ ဖြည့်စွက်ချက် အနည်းငယ်မျှ ထည့်သွင်း လျှင်လည်း ထိုနောက်မှ ဖြည့်စွက် ထည့်သွင်းခြင်း ဖြစ်ရ မည်-ဟု ယုံကြည်ကြစေရန် အောက်ပါ အရေးကြီးသော အဓိက အချက်ကြီး နှစ်ချက်က ထောက်ခံ ပြဆိုနေပြန်သည်။

( ၁ ) ပိဋက စာပေနယ် တလျှောက်လုံးတွင် အသောက ဘုရင်စိုးစံပြီးနောက် အဖြစ်အပျက်များနှင့် သီးခြားအကြောင်း အရာများ ဖေါ်ပြထားခြင်း မတွေ့ရှိရ။

( ၂ ) ပိဋကတော်သည် အက္ခရာအဖြစ် ပေါက်တင်ခြင်း မခံရမီ နှစ်ပေါင်း(၂၀၀)မျှ သီဟိုဠ်ကျွန်း၌ ရောက်လာတည် ရှိနေသော်လည်း သီဟိုဠ်ကျွန်းနှင့် စပ်ဆိုင်သည့် အရိပ်အမြွက် များကို တလုံး တပါဒမျှပင် ပိဋကတော်များ၌ ညွှန်ပြထား ခြင်း မတွေ့ရှိရ။

ပိဋကတော်တွင် ဖြည့်စွက်ချက်များ ထည့်သွင်းလိုပါက ထည့်သွင်းနိုင်ရန် အကြောင်းများစွာ ရှိစေကာမူ အထက်ပါ အချက် နှစ်ချက်ကို ထောက်ရှုလျှင် သီဟိုဠ်ကျွန်း ရဟန်း ပဏ္ဍိတ် တို့သည် ပိဋကတော်၌ ပါဝင်သည့် စာပေအကြောင်းအရာ များကို ဖြည့်စွက်ခြင်း, ထုတ်နုတ်ခြင်း မပြုဘဲ ဇမ္ဗူဒိပ်ပြည်မှ ရောက်ရှိလာသည့် အတိုင်း သစ္စာရှိစွာ ကူးယူ ဘာသာပြန် ကြကြောင်း ထင်ရှားလေသည်။

ထိုကြောင့် ပိဋကတော် စုဆောင်းပြီးဆုံးသည့် နှစ်ကိုခရစ်မတိုင်မီပဌမ ရာစုနှစ်မှ တတိယရာစုနှစ်သို့ ရွှေ့-ပြောင်းကာ, ပိဋကတော်နှင့် စပ်ဆိုင်သမျှမည်သည့် ကျမ်းကိုမဆို ခ-နှစ်သက္ကရာဇ်နှင့် စပ်ဆိုင်လာလျှင်,ခရစ်မတိုင်မီ ပဌမရာစုနှစ်နှင့် တတိယရာစုနှစ် အကြားတွင် ကန့်သတ်ပိုင်းခြားနိုင်ပေသည်။ အကြောင်းကား ထိုရာစုနှစ်(နှစ်စု) အကြားဝယ် ပိဋကတော်သည် တိုးပွါးဖွံ့ဖြိုး၍ လာရသောကြောင့်တည်း။

ပိဋကတော်အချို့ကျမ်းများနှင့် အချို့အစိတ်အပိုင်းများ, အချို့ကျမ်းဂန်များနှင့် စည်းမျဉ်းများကို အသက်ဖော်ပြပါ ရာစုနှစ်(နှစ်စု) ရှေးပိုင်းတွင် စုဆောင်း၍ အချို့ကို နှောင်း-ပိုင်းတွင် စုဆောင်းကြသည်။ ကျမ်းစောင် တစောင်စီ၏ ခ-နှစ်ကို သိလိုပါက,ရရှိနိုင်သမျှသော 'ပြင်ပအထောက်အထားများနှင့် ထပ်တူထပ်မျှ ကိုက်ညီမည့်အတွင်း အထောက်အထားများ'ကိုသေချာစွာနှိုင်းယှဉ်စောကြော သုံးသပ်ပြီးမှသာလျှင် ခန့်မှန်း၍ ယူကြရပေမည်။ ပိဋကတော် ကျမ်းစောင် များစွာတို့သည်ကား ခေတ်အမျိုးမျိုးနှင့် စပ်ဆိုင်သောကျမ်းစောင်များကို ပေါင်းစုထားခြင်းသာ ဖြစ်ပေသည်။ဥပမာ--ညွှန့်ပေါင်းသင်္ဂဟကျမ်းများသည် အထူးသဖြင့် ခေတ်အမျိုးမျိုးနှင့်ပတ်သက်၏။

ဤအချက်ကို ထောက်ရှုသဖြင့်လည်း တခါတရံ၌ ပိဋကတော်ကျမ်းများနှင့် ပတ်သက်၍ ခ-နှစ် ကန့်သတ်ရန် အခက်အခဲ တွေ့ရပြန်လေသည်။ ၎င်းပြင် ပိဋကတော်သည် အထူးအားဖြင့် ဓမ္မကြောင်း,နီတိကြောင်းတို့နှင့်သာ ပတ်သက်ရကား ခ-နှစ်နှင့် စပ်လျဉ်း၍ သဲလွန်စ ရရှိရန် ရာဇဝင်အထောက်အထားများနှင့် အကိုးအကားများ အထူးရှား ပါးလှပါဘိ

တောင်း၊ သို့ကြောင့်လည်း ထိုကျမ်းစောင်များတွင် စူးစမ်း ရှာဖွေရာ၌ ရာဇဝင် အချက်အလက် လုံလုံလောက်လောက် တွေ့ရှိရန် ခက်ခဲလှတော့၏။

သို့သော် ပိဋကတော်သက်တမ်း အတော်ရှေးကျကြောင်း ကိုမူ, အထူးသဖြင့် အဆောက်အဦ များနှင့် ကမ္ပည်းများမှ သဲလွန်စ အထောက်အထား အမြောက်အမြား ရရှိနိုင်ပေ သည်။ ဗုဒ္ဓဘာသာ သက္ကဋစာပေကလည်း ပါဠိပိဋကတော် သက်တမ်း အလွန်ရှေးကျကြောင်းကို အခိုင်အလုံသက်သေ ပြသည့်ပြင်, သက္ကဋနှင့် ပါဠိပိဋကတော် များ၌လည်း စာပေ တူညီချက် မြောက်မြားစွာ တွေ့ရှိရပြန်သည်။ သက္ကဋပိဋက သည် နှောင်းခေတ်မှ ပေါ်ပေါက်၍ ပါဠိ ပိဋကတော်ကား သက္ကဋ ပိဋကတော်ထက် ခေတ်အားဖြင့် ရှေးကျကြောင်း ထင်ရှားလှပါ၏။

ဘုရင် အသောကသည် သူ၏တိုင်းသူ ပြည်သားတို့အား သာသနာရေးဘက်တွင် စေတနာထက်သန် ပါရမီတိုးပွါး ရင့်ကျက်စေရန် ရည်ညွှန်းပြီးသကာလ ရာဇသံပေါင်းများစွာ ထုတ်ပြန်တော်မူခဲ့ရာ "ဘာဗြူ" ကျောက်စာ၌ ဘုရင် အသောက သည် အောက်ပါအတိုင်း ရာဇသံ မှတ်တော်မူခဲ့လေသည်။

"ဘုရားမြတ်စွာဟောကြားမိန့်မြွက်တော်မူခဲ့သမျှ
သော တရားဒေသနာတော်တိုင်း, မုခပါဌ်တော်
တိုင်းသည် အားလုံးကောင်းသည်ချည်းသာတည်း"

တဖန် သာသနာ့ အဓေရတော်ကို ဝတ်ရုံသူ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့ အတွက်သာ မဟုတ်သေး, ဘာသာရေး ကိုင်းရှိုင်းသူ ဥပါသကာ, ဥပါသိကာလူဝတ်ကြောင်တို့ အဘို့ လည်း ကြည်ညိုမြတ်နိုးစွာ လိုက်စားနိုင်ရန် အတွက် ဘုရင်

အသောကသည် အောက်ပါလက်ရွေးစင်ကျမ်း(၇)ကျမ်းကို အထူးသဖြင့် ညွှန်ပြတိုက်တွန်း ထားခဲ့သေး၏။

ထိုလက်ရွေးစင်ကျမ်း (၇) ကျမ်းနှင့် ပတ်သက်၍လည်း လူမျိုးအသီးသီး ပညာရှိကြီးများ အယူအဆ ကွဲပြားလျက် ရှိပြန်သေးသည်။

“လက်ရွေးစင်ကျမ်း (၇) ကျမ်း”

(၁) ဝိနယ-သမုကသေ = (သာမုက္ကံသိကာ ဓမ္မဒေသနာ) ဓမ္မစက္ကပဝတ္တနသုတ်ဖြစ်တန်ရာသည်၊

(၂) အလိယ-ဝသာနိ = (ဒသအရိယဝါသာ) သင်္ဂီတိသုတ်၊ ဒီဃနိကာယ်ဝင်, ဒသုတ္တရသုတ်နှင့် အင်္ဂုတ္တိုရ်၌ ပါဝင်သော ညွှန်ကြားချက်များ၊

(၃) အနာဂတဘယာနိ = အနာဂတဘယသုတ်များ = ........ အင်္ဂုတ္တရနိကာယ်၊

(၄) မုနိဂါထာ = သုတ္တနိပါတဝင် မုနိသုတ် ဖြစ်တန်ရာသည်၊

(၅) မောနေယျသုတေ = (မောနေယျသုတ်) ဣတိဝုတ္တကနှင့် အင်္ဂုတ္တိုရ်တွင်ပါဝင်သည်၊

(၆) ဥပတိဿပသိနေ = ဥပတိဿ ပသိသသုတ်များ = သုတ္တနိပါတ် သာရိပုတ္တသုတ်၊

(၇) လာဃုလောဝါဒေ မုသာဝါဒမ္ဓိ ဂိဆျ ဘဂဝတာ ဗုဓေန ဘာသိတေ၊ = မဇ္ဈိမနိကာယ်- အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်၊

အထက်ပါ ကျမ်းခုနစ်ကျမ်းသည်ကား ‘ဝင်တာခုနစ်’ မည်သော အနောက်တိုင်း ပညာရှိကြီး၏ အလိုတည်း။

...တက္ကသိုလ် စာကြည့်တိုက် ကမ္ဘာအေး

အရှင် ဒဓမ္မိက္ခဝံသ၏ "အသောက ကျောက်စာ တော်ဘာသာပြန်ကျမ်း" အခန်း(၆)၌မူကား အောက်ပါအတိုင်း ပြဆိုထားသည်ကို တွေ့ရှိရပြန်၏။

၁။ အရိယဝံသသုတ္တန်၊
၂။ အနာဂတ ဘယ သုတ်များ၊
၃။ မုနိဂါထာ = မုနိသုတ်၊
၄။ မောနေယျ သုတ်၊
၅။ ဥပတိဿ ပသိန သုတ်များ၊
၆။ ရာဟုလောဝါဒသုတ္တန်များ။

လက်ရွေးစင်ကျမ်း(၇)ကျမ်းသည် ပါဠိပိဋကတော်တွင် ပါဝင်သည့်သုတ်တော်များ, စာပိုဒ်များနှင့်အများအားဖြင့် ထပ်တူထပ်မျှ ကိုက်ညီနေသည်ကို တွေ့ရှိရလေသည်။

ဤခဲယဉ်းလှစွာထသော အထောက်အထားကို ဝေဖန်သုံးသပ်ပြန်ပါကလည်းဘုရင်အသောက လက်ထက်၌သုတ်နှင့်ဝိနည်း ပိဋကတော်စု တခု ထွက်ပြူပေါ်ထွန်းပြီးသား ရှိနေကြောင်းမှာ ခိုင်လုံလှပေ၏။ဘုရင်အသောကသည် ထိုပိဋကတော်စုမှ အရေးအကြီးဆုံးနှင့် ရဟန်းရှင်လူတို့ အတွက် ပဲသက်လျာအကျိုး ဖြစ်ထွန်းစေမည်-ဟုယူဆသော ကျမ်းစောင် ( ၇ ) စောင်ကို လက်ရွေးစင် အဖြစ် ရွေးချယ်ကောက်နုတ်ထားခြင်းသာ ဖြစ်ရပေမည်။

တဖန်အခြားထပ်တူထပ်မျှ ဖြစ်သောအလားတူ အထောက်အထားများလည်း ရှိချေသေးသည်။

'ဘရဟုတ်' နှင့် 'သာဉ္စိ' ပုထိုးတော်ကြီးတို့သည် ဣန္ဒိယ အလယ်ပိုင်းတွင် တည်ရှိသော အံ့ထူးထင်ရှားလှသည့် ဗုဒ္ဓ

ဘာသာ အဆောက်အဦကြီးများ ဖြစ်ကြသည်။ ထိုပုထိုး တော်ကြီးနှစ်ခု၏ ကျောက်စက်ရန်းများနှင့် တံခါးမုခ်ဝ များတွင် ဘုရားမြတ်စွာ၏ဇာတ်တော်များနှင့် ရေးခြယ်ထွင်း လုပ်ထားသော ပန်းချီ ပန်းပုများကို တွေ့ရှိရလေသည်။ ဇာတ်တော်များ၏ အမည်များနှင့် ဇာတ်တော်တို့တွင် ပါ ဝင်သည့် အခန်းများကိုလည်း ရေးထိုးထားရာ ဤကျောက် တုရိုက်နှင့် တံခါးမုခ်တွင် ခင်းပြထားသော ဇာတ်တော်များ မှလည်း ခိုင်လုံသောအထောက်အထားများ ရနိုင်ပြန်သည်။ ဤဇာတ်တော်များကို ရေးထွင်းသည့် အချိန်၌ မည်သည့် နည်းနှင့်မဆိုရေးအလျင်ကပေါ်ပေါက်ပြီးသား ဇာတ်တော် များ ရှိပြီးဖြစ်ရပေမည်။ မပေါ်ပေါက်သေး, မရှိသေးဟူ၍ မည်သူမျှ ငြင်းကွယ်နိုင်ကြမည် မဟုတ်ချေ။ သို့သော် ဇာတ် တော်(၅၅၀) အားလုံး ပေါ်ပေါက်ပြီးဟုဆိုါမူကား အယူ သည်းလွန်းရာကျပေမည်။ ဤပုထိုးတော်ကြီးများတွင် ရေး ထွင်းထားသော ဇာတ်တော်များနှင့် ပတ်သက်၍ အနောက် တိုင်းသား ပဏ္ဍိတ်များကခရစ်မတိုင်မီဒုတိယ ရာစုနှစ်(သို့မ ဟုတ်) တတိယ ရာစုနှစ်လောက်က ပေါ်ပေါက်ခြင်း ဖြစ်ရ မည်ဟု ယူဆကြ၏။

ဤဇာတ်တော်များအပြင် ပူဇော်ပသထားသော အခြား ကျောက်စာများကိုလည်း တွေ့ရှိရသေး၏။ ထိုကျောက်စာ များကလည်း ရှေးအလျင့် အလျင်က ပိဋကတော် (သို့မ ဟုတ်)ပိဋကတော်၏တစိတ်တဒေသ ပေါ်ပေါက်ခဲ့ကြောင်း ညွှန်ပြထားကြပြန်၏။

က၊ ပစနေကာယိက = ပဉ္စနေကာယိက = နိကာယ်ငါးကျမ်း အရှင်၊
ခ၊ ပေဋကိ = ပေဋကီ = ပိဋကတော်တွင်နှံ့စပ်သောပုဂ္ဂိုလ်၊
ဂ၊ ဘာဏက = ရွတ်ဆိုသူ၊
ဃ၊ သုတ်တိက = သုတ္တန်ကျမ်းဆောင်သူ။
င၊ ဓမ္မကထိက = တရားဟောပုဂ္ဂိုလ်။

တွေ့ရှိရသော ကျောက်စာများတွင် အဆက်ပါစကား အသုံးအနှုန်းများ ရေးထွင်းထားသည်ကို တွေ့ရှိရပြန် သဖြင့်လည်း ခရစ်မတိုင်မီ ဒုတိယ ရာစုနှစ်မတိုင်ခင်က ပိဋကတော်တခု ဟည်ရှိပြီးဖြစ်ကြောင်း ဆုံးဖြတ်ချက် ဂ တ်ယူနိုင်ပြန်သည်။

ထိုစဉ်အခါ၌ ယခုနိကာယ်ငါးကျမ်း ပိုင်းသကဲ့သို့ ပိဋကတော်ကို နိကာယ်ငါးကျမ်း ပိုင်းထားလေသည်။ ဇာတ်တော်များမှာလည်း အရေအတွက်၌သာ ယခုဇာတ်တော်များနှင့်ကွဲပြားကောင်း ကွဲပြားပေမည်။အမျိုးအစား၌မူကား တထေဝတည်းပင် ဖြစ်ရပေမည်။

"တေပိဋကနှင့် ပိဋကတ္တယ"စသော အခေါ်အဝေါ်များကို ခရစ်နှစ် ပဉ္စမရာစုနှစ်တွင် ထွတ်ပြူ ပေါ်ပေါက်သည်ဟု ခန့်မှန်း ယူဆကြသော မိလိန္ဒပဉှာကျမ်း၌ ပဌမဆုံးအကြိမ် သုံးနှုန်းထားသည် ကို တွေ့ရှိရ၏။

အထက်ဖော်ပြပါ အထောက်အထားတို့ကို အတိအကျ အသေအချာ နှိုင်းချိန်သုံးသပ်ပါက ခရစ်မတိုင်မီ တတိယ ရာစုနှစ် တတိယသင်္ဂါယနာတင်ပွဲ၌ ပိဋကတော်ကို အပြီးသတ်စုဆောင်းခြင်း ဖြစ်ရမည် - ဟူသော ယုံကြည်ချက်ကို ခိုင်မာလေးနက် စေလေတော့သည်။

## ''ပါဠိပိဋကတော်ကို မာဂဓီဖြင့် စုဆောင်းခဲ့လေသလော'' ''ပါဠိသည် မာဂဓီပင်လေလော''

သီဟိုဠ် အစဉ်အလာက ယခုလက်ရှိ ပိဋကတော်သည် ပါဋလိပုတ်ပြည်၌ စုဆောင်းခဲ့သော ပိဋကတော်နှင့်အတူတူပင် ဖြစ်သည်ဟု ဆို၏။ ပါဋလိပုတ်ပြည်သည် မဂဓ အင်ပါယာ နိုင်ငံကြီး၏ မြို့တော်ဖြစ်ရကား၊ ပိဋကတော်ကို မာဂဓီဖြင့်ပင် စုဆောင်းကြပေမည်။ သီဟိုဠ် ဗုဒ္ဓဘာသာ ရဟန်းပဏ္ဍိတ်များက 'ပိဋကသုံး' ဘာသာကို 'မာဂဓီ'ဟု ခေါ်ဆိုကြ၏။ သို့ရာတွင် ပါဠိဘာသာကို 'မဂဓနိုင်ငံသုံး'ဘာသာ 'မာဂဓီ' အဖြစ်ဖြင့်လက်ခံယုံကြည်နိုင်ရန် အတွက်မူကား အခက်အခဲ အချို့ တွေ့ကြုံနေရ ပြန်ပေသည်။

'ပါဠိ'ဟူသောပုဒ်သည် = 'မူရင်းကျမ်း' = အဘိဓမ္မဿ ပါဠိ ဟူ၍၎င်း၊ 'ပိဋကတော်သုံး' ဘာသာဟူ၍၎င်း အနက် အဓိပ္ပါယ်ရ၏။ မာဂဓီ နှင့်ပတ်သက်သည့် အသိဉာဏ်ကို ဣန္ဒိယအရှေ့ပိုင်း၌ တွေ့ရှိရသော အသောက ကျောက်စာ များမှ၎င်း၊ အခြားကျောက်စာများနှင့် မာဂဓီစာပိုဒ်များ ပါဝင်သော နှောင်းခေတ်သက္ကဋ ပြဇာတ်များမှ၎င်း လေ့လာ ဆည်းပူးနိုင်ရာ အဓိက အချက်များတွင်မာဂဓီသည် ပါဠိမှ ကွဲလွဲကြောင်း အထင်အရှား တွေ့ရှိရ၏။

ဥပမာ--ကတ္တုကာရကဧကဝုစ်ကိန်း ပုလ္လိင်နှင့် နပုလ္လိင် နာမ်များအတွက်မာဂဓီတွင် 'ဧ' နှင့်ဆုံး၍ ပါဠိတွင် 'ဩ'နှင့် 'အံ' တို့၌ အသီးသီး ဆုံးကြ၏။ မာဂဓီ 'ပုတ္တေ' မှာ ပါဠိ

'ပုဗ္ဗော'ဖြစ်၍ မာဂဓီ 'သုခေ'မှာပါဠိ 'သုခံ'ဖြစ်လေသည်။ ရှင်းပြင်သက္ကဋ္ဌ'သ' သုံးမျိုးကို ပါဠိတွင် ဒန္တဇ (သွားသံ) 'သ' တလုံးတည်းနှင့် အစားသုံးထား၍ 'မာဂဓီ'တွင်မူကား 'သ'မှာမုဒ္ဓဇ (အာခေါင်ဦး) သံ တခုတည်းပင်ဖြစ်သည်။

ထိုပြင် အခြားကွဲလွဲချက်များမှာလည်း စိတ်ဝင်စားဘွယ် ရာ ကောင်းလှသောကြောင့် ပါဠိကို မာဂဓီနှင့် အတူတူပင် ဖြစ်သည်ဟု ယူဆရန်ခဲယဉ်းလှ၏။ ပါဠိသည် မဂဓတိုင်းသုံး ဘာသာနှင့် အဆင်မတူရုံမျှမက တဘက်၌ ဣန္ဒိယပြည်-အနောက်ပိုင်း'ဂိရ်နာ'တွင် တွေ့ရှိသော 'အသောကကျောက်စာသုံး' ဘာသာနှင့် များစွာဆင်တူလျက် နေပေကြောင်း။ ထို'ဂိရ်နာကျောက်စာ'၌ ကတ္တုကာရက -ဧကဝုစ်ကိန်းသည် ပါဠိမှာကဲ့သို့ 'ဩ'နှင့်ဆုံး၍ သွားသံ 'သ' အက္ခရာကိုလည်း ပါဠိမှာကဲ့သို့ပင် တွေ့ရှိရပြန်သည်။ ထိုကြောင့်ပင် အချို့ ပဏ္ဍိတ်များက ရှေ့သို့တဆင့်တက်၍ (ပါဠိသည်မာဂဓီကဲ့ သို့သော 'အရှေ့နယ်ဒေသသုံး'စကားအပေါ်ဝယ် အခြေ မပြု။ 'အနောက်နယ်ဒေသသုံး' စကားအပေါ်၌သာအခြေ တည်မှီငြမ်းပြု၏)ဟု ယူဆကြပြန်၏။ ဤယူဆချက်နှင့်ထပ်တူ ထပ်မျှ ကိုက်ညီသော အထောက်အထား တခုကား--သီဟိုဠ်ကျွန်းသို့ ဣန္ဒိယပြည်မှ ပိဋကတော်များ ပင့်ဆောင်သွားသူ ဘုရင်အသောက၏ သားတော် ရှင်မဟိန္ဒ- သည်လည်း အသောကအင်ပါယာ အနောက်ဒေသတွင် မြို့တော်ဖြစ်သော ဥဇ္ဇေနီတိုင်းသား ဇာတိဘွားဖြစ်၏။ ထိုကြောင့်ပါဠိပေါက် ဖွါးရာ ဒေသကို အရှေ့ပိုင်းဒေသဟု သတ်မှတ်မည့်အစား အနောက်ပိုင်းဒေသဟု သတ်မှတ် ယူဆကြရပေမည်။

ဤပြဿနာနှင့် ပတ်သက်၍ အထောက်အထား ရရှိရန် ဘုရားမြတ်စွာ ကိုယ်တော်တိုင် ချမှတ်တော်မူခဲ့သော အောက်ပါ အထူး အရေးကြီးသည့် စည်းမျဉ်း တခုကိုလည်း စော-ကြော သင့်ပေသေး၏။

"ငါ့ရှင်တို့ ငါဘုရား၏ မုခပါဌ်တော်များကို အသီးသီး မိမိတို့ ဘာသာ စကားရပ်များဖြင့် လေ့လာမှတ်သားရန် ခွင့်ပြုတော်မူသည်"

ဘုရားမြတ်စွာ ကိုယ်တော်တိုင်ကမူ မာဂဓီဖြင့်ပင် သွန်-သင် ညွှန်ပြလင့်ကစား အထက်ပါစည်းမျဉ်း ခွင့်ပြုချက်ကို ရိုသေလေးစားစွာဖြင့် ဣန္ဒိယနယ်ပယ် အနှံ့အပြားမှ ခိုဝင် လာကြသော ဘုရားမြတ်စွာ၏ တပည့်သား သာဝက ရဟန်းများကမူ ဘုရားမြတ်စွာ၏ တရားတော်များကို မိမိ တို့ နယ်ပယ်ဒေသသုံး (သကနိရုတ္တိ) ဘာသာစကားရပ် များဖြင့် မှတ်သားနာယူကာ ထိုဘာသာ စကားရပ်များ-ဖြင့်ပင် တဆင့်ဖြန့်ဝေကြလေသည်။ သို့ဖြင့်ဘုရားမြတ်စွာ၏ တရားတော်တို့သည် ဘာသာရပ်အမျိုးမျိုးဖြင့် ထွက်ပြူ၍ လာတော့၏။ ပါဠိပိဋကတော် များသည် ဣန္ဒိယပြည် အနောက်ပိုင်းတွင် လွှမ်းမိုးလျက်ရှိသော ဘာသာစကား ရပ်ဖြင့် စီရင်ပြုစုခြင်း ဖြစ်တန်ကောင်းရာ၏။

ခရစ်မတိုင်မီ တတိယ ရာစုနှစ်တွင် စုပေါင်းသော ပိဋက တော်သည် မဂဓတိုင်းသုံး ဘာသာစကားဖြင့်ပင် စုပေါင်း ခြင်း ဖြစ်နိုင်ဘွယ်ရာ အကြောင်းများစွာရှိ၏။ ပြင်သစ်ပြည်-သား ပဏ္ဍိတ်ကျော် 'ဆိလ်ဗန်လဲဗီ' သည် မာဂဓီပိဋကတော် တခုလုံး မဟုတ်စေကာမူ အကြွင်းအကျန် တစိတ်တဒေသ

မှုလောက်ပင် တွေ့ရှိရလိုတွေ့ရှိရငြား ကြိုးစားဖွေရှာသော်လည်း မာဂဓီပိဋကတော်မူနှင့် စပ်လျဉ်း၍ သဲလွန်စမတွေ့ရှိရသေးပေ။ သို့သော်ပါဠိမူသည် မာဂဓီမူနှင့် အကြီးအကျယ်မကွဲလွဲနိုင်ကြောင်း, အနည်းငယ်မျှသာ ကွဲလွဲမည်ဖြစ်ကြောင်းကိုကား အထူးသတိ ချပ်ကြရပေမည်။ အဘယ်ကြောင့်ဆိုသော် မာဂဓီနှင့် ပါဠိသည် အရပ်သုံး(ဒေသီ) စကားအနေဖြင့်သာကွဲလွဲသောကြောင့်တည်း၊ ၎င်းပြင်ပိဋကတော်သည် ရဟန်းတို့၏ မှတ်ဉာဏ် တည်းဟူသော ဦးကျောက်အခဆောက်အဦကြီးအတွင်း၌သာ ကိန်းအောင်း တည်ရှိလျက် နေသေးကြောင်း။ အကောင်အထည်ပြုရန် အက္ခရာတင်ပြီး ပေမူ,ကျမ်းမူဟူ၍ ဘာမျှမရှိသေးကြောင်း ကိုလည်းသတိမမေ့သင့်ကြပေ။

ဤပြဿနာနှင့် ပတ်သက်၍ အယူအဆအမျိုးမျိုးကွဲပြားလျက်ရှိရာ ထိုအယူအဆ အမျိုးမျိုးတို့ကို အားလုံးစေ့စပ်သွားစေလိုသော ရည်ရွယ်ချက်ဖြင့် အနောက်တိုင်း ပဏ္ဍိတ်ကြီး 'ဝင်တာနစ်'က ပါဠိသည် မာဂဓီနှင့် ကွဲလွဲသည်ဟုဆိုရသော်လည်း အခြားမည်သည့် ဘာသာစကားရပ်နှင့်မျှ လုံးဝမကိုက်ညီဟု ဆိုပြီးသကာလ ပါဠိပိဋကသည် မာဂဓီပိဋကပင်ဖြစ်သည်-ဟူသော သီဟိုဠ်အစဉ်အလာကို ထောက်ခံလေသည်။ စာပေသုံး, ဘာသာအားလုံးကဲ့သို့ပင် ပါဠိသည်'ရပ်သုံး' စကားအမျိုးမျိုး ပေါင်းစပ်ထားခြင်းမှ ပေါက်ဖွား လာရလေသည်။ ဗုဒ္ဓသာသနာ တော်ကြီးသည် ဣန္ဒိယပြည်မြောက်ပိုင်း,အလယ်ပိုင်းနှင့် အနောက်ပိုင်းတလျှောက်-တွင် စည်ပင် ပြန့်ပွါးသောအခါ ထိုကျယ်ဝန်း လှစွာသောနယ်ပယ်တွင် 'နယ်သုံး' စကား အမျိုးမျိုးရှိရာ ပါဠိသည်

အများနားလည်သော, အများနှင့်စပ်ဆိုင်သော, အများသုံး စကား တရပ်အနေဖြင့် ပေါ်ထွန်း၍ လာရလေသည်။ ထို့ကြောင့် ပါဠိတွင် 'မာဂဓီ'နှင့်'ပေသာစီ' အစရှိသော ဘာသာရပ်တို့၏ အခြင်းအရာများသာမက ထိုခေတ် ထိုအချိန်တွင် လွှမ်းမိုးလျက်ရှိသော အခြား'ရပ်သုံးစကား' အခြင်းအရာများကိုလည်း တွေ့ရှိရလေသည်။ သို့တစေ'စာပေသုံး' ဘာသာရပ် စကားသည် 'ရပ်သုံး' စကား တမျိုးတည်းမှသာ ထွက်ပြူ၍လာနိုင်ရကား ထိုစကားသည် 'မာဂဓီ'သာလျှင် အနီးစပ်ဆုံး ဖြစ်နိုင်ပေကြောင်း။

ထို့ကြောင့် ပါဠိသည် မာဂဓီနှင့် အကူတူပင်ဟူသော အစဉ်အလာသည် တထစ်ချ မှန်ကန်ရမည်ဟု မစွဲယူနိုင်သော်လည်း တနည်းတလမ်းအားဖြင့် မှန်ကန်သင့်သလောက် မှန်ကန်သလိုလို ဖြစ်နေပေသည်။ ယခုပါဠိပိဋကတော်တို့သည် တတိယ သင်္ဂါယနာတင် ပွဲတွင် စုဆောင်းသော ပိဋကတော်များနှင့် များစွာနီးစပ်သော်လည်း ထပ်တူထပ်မျှ တထေဝတည်း ဟူ၍လည်းမဆိုနိုင်၊ ကွဲလွဲသည်ဟူ၍လည်း မဆိုသာချေ။

——o——

## “မြောက်ပိုင်းဗုဒ္ဓဘာသာနှင့် တောင်ပိုင်း ဗုဒ္ဓဘာသာ”

ပါဠိစာပေ တခုလုံးကို မကြာခဏ တောင်ပိုင်း ဗုဒ္ဓဘာသာ့ စာပေ ဟု ခေါ်ဝေါ် သုံးနှုန်းလေ့ရှိကြ၏။ အကြောင်းကား ယခု အခါတွင် ပါဠိစာပေသည် သီဟိုဠ်, ဗမာပြည် နှင့် ယိုးဒယား စသောအာသျှတိုက် တောင်ပိုင်းရှိ ဗုဒ္ဓဘာသာ

လူမျိုးတို့အတွင်း၀ယ် သိုမှီးတည်တံ့လျက် နေခြင်းကြောင့်တည်း။ သို့ရာတွင် ပါဠိ ပိဋကတ်တော်များသည် တောင်ပိုင်းဇမ္ဗူဒီပ ပြည်နှင့် လုံး၀အဆက်အစပ် မရှိရကား,ဤကဲ့သို့သော အသုံးအနှုန်းမျိုးကို ရှောင်နိုင်သမျှ ရှောင်ကြဉ်အပ်ပေသည်။ ပါဠိ ပိဋကတော် စာပေများသာ မဟုတ်သေး၊ ပိဋကတော် စာပေနောက်တွင် ထွက်ပြူလာသော ပိဋကတော်ဝင် မဟုတ်သည့် စာပေများ သည်လည်း သီဟိုဠ်မှ ၎င်း, ဇမ္ဗူဒီပပြည် တောင်ပိုင်းမှ ၎င်း ထွက်ပေါ်လာကြသော စာပေမဟုတ်။ ဇမ္ဗူဒီပမြောက်ပိုင်းမှထွက်ပေါ်လာကြသော စာပေများဖြစ်ကြသည်။

ဟီနယာနဂိုဏ်း အမျိုးမျိုးရှိသည့် အနက် တခုတည်း တည်တံ့လျက် ကျန်ရှိနေသေးသော ထေရဝါဒ ဂိုဏ်းသည် ယခုအခါ ဗမာပြည်နှင့် သီဟိုဠ်ကျွန်း၌သာလျှင် စည်ပင်ပြန့်ပွါးလျက်ရှိရာ ဟီနယာနဂိုဏ်းကို တောင်ပိုင်း ဗုဒ္ဓဘာသာဟူ၍လည်း ခေါ်ဝေါ်သုံးနှုန်းလေ့ ရှိကြပြန်သည်။သို့ရာတွင်ထေရဝါဒ ဂိုဏ်းနှင့် အခြားဟီနယာန ဂိုဏ်းတို့ စတင်ပေါက်ပွါးရာ ဒေသသည် တောင်ပိုင်းမဟုတ်၊ မြောက်ပိုင်း မဂဓတိုင်းနှင့် အနီးတဝိုက်ရှိ နယ်ပယ်တို့သာလျှင် ဖြစ်ချေသည်။

တဖန် မြောက်ပိုင်း ဗုဒ္ဓဘာသာ, သို့မဟုတ် မြောက်ပိုင်း ဗုဒ္ဓဘာသာစာပေ-ဟူသောအခေါ် အဝေါ်ကိုလည်း မဟာယာနဂိုဏ်းနှင့် သက္ကဋဗုဒ္ဓဘာသာ စာပေတို့အတွက် သုံးနှုန်းကြပြန်သည်။ ဤနေရာ၌လည်း စကားအသုံးအနှုန်း ယွင်းမှားလျက် နေကြပြန်သည်။ စင်စစ် ယခုအခါတွင် မဟာယာန ဂိုဏ်းသည် တိဗက်, နီပေါလ်,မွန်ဂိုးလီယား, တရုပ်ပြည်နှင့်

ဂျပန်ပြည် အစရှိသော အာသျှတိုက်မြောက်ပိုင်း နိုင်ငံများ၌ လွှမ်းမိုးလျက် ရှိသော်လည်း ရှေးယခင် ယခင်က မူကား တောင်ပိုင်း ဤနိုင်ယပြည်တွင် အလစ်းတူ လွှမ်းမိုးခဲ့သည့်ပြင် တချိန်က ဗမာပြည်တွင် လွှမ်းမိုးသွားခဲ့သော အရည်းကြီးတို့ သည် မဟာယာန ဂိုဏ်းကို သက်ဝင်ယုံကြည်သူ မဟာယာန ဂိုဏ်း အဆက်အနွယ်များ ဖြစ်ကြလေသည်။ ၎င်းပြင် သက္ကဋ ဘာသာမှာလည်း မဟာယာနဂိုဏ်း တခုတည်းနှင့်သာ သက် ဆိုင်သော စာပေမဟုတ်ချေ။ အချို့ ဟီနယာန ဂိုဏ်းများ ကလည်း ၎င်းတို့၏ စာပေကိုဖြန့်ဖြူးရာတွင် သက္ကဋကို သုံးစွဲ ခဲ့ကြပေသည်။

ဉပမာ–သက္ကဋဘာသာဖြင့် စီရင်ပြုစုထားသော 'မဟာဝတ္ထု ကျမ်း' သည် ဟီနယာနဂိုဏ်း တဂိုဏ်းဖြစ်သည့် လောကုတ္တရ ဝါဒဂိုဏ်း၏ ကျမ်းစောင်ဖြစ်သည်။ ထို့ကြောင့်မြောက်ပိုင်း ဗုဒ္ဓဘာသာ၊ တောင်းပိုင်း ဗုဒ္ဓဘာသာ၊ သက္ကဋ ဗုဒ္ဓဘာသာ စသော အခေါ်အဝေါ်တို့ကို သုံးစွဲရာ၌ မယွင်းမှားစေရန် သတိထားနိုင်သမျှ ဂရုပြုကြရပေမည်။ ပါဠိ ဗုဒ္ဓဘာသာ ဟူသော အသုံး အနှုန်းကား လွဲမှားရန် အကြောင်းမရှိ။ ပါဠိသည် ထေရဝါဒဂိုဏ်း တခုတည်း၏ စာပေဖြစ်လေသည်။

——o——

## ''ပိဋက''

'ပိဋက' ဟူသော ပုဒ်သည် 'တောင်း' သို့မဟုတ် 'ခြင်း တောင်း' ဟူ၍ အနက်အဓိပ္ပါယ်ရ၏။ ပိဋကတော်များဟူရာ၌မူကား ဗုဒ္ဓဘာသာ ကျမ်းစာများကို ရည်ညွှန်း၍ သုံးနှုန်း ထားခြင်းဖြစ်၏။ အခြားဘာသာရေး ဂိုဏ်းများကမူ ပိဋက

ဟူသော ပုဒ်အစား 'အာဂမ' ဟူသောပုဒ်ကို သုံးနှုန်းကြ၏။ 'အာဂမ' ဟူသည် အစဉ် အဆက်မှ ဆင်းသက် လာသည့် 'အာဂုံ' ဟူ၍ အနက်အဓိပ္ပါယ်ရ၏။ ထိုနည်းအလားတူ 'ပိဋက' ပုဒ် သည်လည်း 'အာဂုံ' ဟူသော အနက် အဓိပ္ပါယ်ကို ပင် ဆောင်လေသည်။

သင်္ဂါယနာ တင်ပွဲများတွင် တောင်း (၃) တောင်းကို အရန်သင့်ထားရှိကာ သုတ်နှင့် စပ်ဆိုင်သော အကြောင်းကို သုတ်တောင်း၌ ထည့်ပြီးလျှင်- ဝိနည်းနှင့် ပတ်သက်သည့် အကြောင်း အရာများကို ဝိနည်းတောင်း ဝယ် သိုမှီးပြီး သကာလ,အဘိဓမ္မနှင့် ပတ်သက်သမျှတို့ကို အဘိဓမ္မတောင်း တွင် ထည့်သွင်း ကြသည့်-စသည်ဖြင့် မထင်မှတ် သင့်ချေ။ အဘယ်ကြောင့် ဆိုသော် ထိုစဉ်အခါက ဤကဲ့သို့ တောင်း-ခြင်းတောင်းတို့၌ သိုမှီး ထည့်သွင်းရန် ရေးသား ထားသည့် စာမူ,ပေမူ,ကျမ်းမူများ မပေါ်ပေါက်သေးသောကြောင့်တည်း။ သုတ်,ဝိနည်း,အဘိဓမ္မာ အစရှိသည်တို့ကို စစ်ဆေး သုံးသပ် စုဆောင်းရာ၌ နှုတ်ဖြင့် အာဂုံသာလျှင်စမ်းသပ် စုဆောင်း ကြပေသေးသည်။ စင်စစ် ဘုရားမြတ်စွာ၏ မုခပါဌ်တော်များ (ဝါ) တရားဒေသနာတော်များသည် ရဟန်းပဏ္ဍိတ် များ၏ ဦးနှောက်တွင်း၌သာ မှတ်ထားကိန်းအောင်းလျက် တည်ရှိ နေ ကြသေးသည်။ ပေါ်ပေါက်ထွန်းကားလာသော ပိဋကတော် များကို စာအုပ် စာတမ်းအဖြစ်ဖြင့်ရင်း, ပေထက် အက္ခရာ အဖြစ်ဖြင့်ရင်း မတင်ရသေးချေ။

အနောက်တိုင်း ပဏ္ဍိတ်'ဝင်တာနစ်'က ပိဋကပုဒ်ကိုဥပစာ တင်စားကာ အဆက် ဆက်မှ ရတနာ မြတ်တို့ကို သိုလှောင် လာခဲ့သည့် သိုလှောင်ရာဌာန ( သို့မဟုတ် ) ရတနာတိုက်

ဟု အဓိပ္ပါယ် ကောက်ယူ၏။ ရတနာ - ဟူသည် ဗုဒ္ဓဘာသာ လူမျိုးတို့၏ စာပေရတနာမြတ်ကို ဆိုလိုသည်။ သို့သော် အနောက်တိုင်း ပညာရှိ "တရင့်နာ"နှင့်"ရီးဇ်ဒေဝစ်" တို့က 'ပိဋက' ကို 'သိုလှောင်ရာဌာန ရတနာတိုက်' အဖြစ် အနက် အဓိပ္ပါယ်မယူ။ အာဂုံ အနက်ဟု ယူဆကြ၏။ အဘယ်ကြောင့် ဆိုသော် ရှေးခေတ် ဣန္ဒိယပြည်တွင် ရေကန်တူးသောအခါ ခြင်းတောင်း (သို့မဟုတ်) တောင်းများကို အသုံးပြုကြလေရာ လုပ်သားများသည် တဦးမှ တဦး မဝေးလှသော နေရာ-များ၌ တန်းစီကာ ရပ်ပြီးလျှင် တူး၍ ထုတ်လိုက်သော မြေများကို ရေကန်မှ ဝေးရာအရပ်သို့ တဆင့်မှတဆင့် အစဉ် အတိုင်း ခြင်းတောင်းများဖြင့် သယ်ယူကာ ပို့ဆောင်ကြရ ကုန်၏။ ထိုနည်းအလားတူ ဘုရားမြတ်စွာ၏ တရားရတနာ မြတ်တို့ကိုလည်း မရေမတွက်နိုင်သော ဆရာအဆက်ဆက် တို့မှ တပည့်အဆက်ဆက်တို့သို့ အစဉ်အတိုင်း နှုတ်တက် အာဂုံ ကမ်းလှမ်းကာ သယ်ဆောင် ခဲ့ကြရ လေသော ကြောင့်တည်း။

ပိဋက စာပေကို အောက်ပါအတိုင်း သုံးမျိုး သုံးစား ခွဲထားလေသည်။

က၊ သုတ္တ ပိဋက၊
ခ၊ ဝိနယ ပိဋက၊
ဂ၊ အဘိဓမ္မ ပိဋက၊

## ''သုတ္တဝိဘင်္ဂ''

'ရှင်မဟာဗုဒ္ဓဃောသ' သည် သုတ္တ ပုဒ်ကို အောက်ပါအတိုင်း ရှင်းလင်း ဖော်ပြထားပေသည်။

ပါဠိပုဒ် 'သုတ္တ' = သု = ကောင်းစွာ။
ဥတ္တ = ဆိုအပ်သော။

သက္ကတပုဒ် 'သူတ္တ = သု+ဥတ္တ = တရား
သီချင်း ဝေဒလင်္ကာ။

'သုတ္တန္တ' ပုဒ်သည်လည်း 'သုတ္တ' ပုဒ်နှင့် အလားတူ အနက်အဓိပ္ပါယ်ပင် ရလေသည်။

ရှေးက ဗုဒ္ဓဘာသာရဟန်းတို့ မည်ကဲ့သို့ နေထိုင်ခဲ့ကြသည် မည်သည့် ဝိနည်းဥပဒေတို့က ရဟန်းတို့ကို ချုပ်ကိုင်စိုးမိုးထားသည် စသောရဟန်းတို့နှင့် ပတ်သက်သမျှ ဝိနည်းအားလုံးတို့ကို ဝိနည်း ပိဋကတော်က ပေးစွမ်း နိုင်သကဲ့သို့ဘုရားမြတ်စွာနှင့် ဘုရားမြတ်စွာ၏ တပည့်သား သာဝက-များသည် မည်သို့သော တရား ဒေသနာတော်တို့ကို ဟော-ကြား မိန့်မြွက်ခဲ့ကြသည်- စသည့် ဘုရားတော်နှင့် စပ်လျဉ်းသရွေ့တို့ကို သုတ်ပိဋကတော်က ကုံလုံပြည့်ဝစွာ ပေးစွမ်းနိုင်လေသည်။ ပါဠိစာပေ ရုပ်မြုံကြီးတွင် အမွန်မြတ်ဆုံးသော စာအမြုတေ ရတနာများကို သုတ်ပိဋကတော်၌ အမြောက်အမြားတွေ့ရှိနိုင်ပေသည်။

သုတ်ပိဋကတော်ကိုအောက်ပါ အတိုင်း ခွဲထားလေသည်။

၁၊ ဒီဃ နိကာယ်၊
၂၊ မဇ္ဈိမ နိကာယ်၊
၃၊ သံယုတ္တ နိကာယ်၊
၄၊ အင်္ဂုတ္တရ နိကာယ်၊
၅၊ ခုဒ္ဒက နိကာယ်၊

ခုဒ္ဒက နိကာယ်တွင် အောက်ပါတို့ ပါဝင်ကြသည်။

| | | | |
|---|---|---|---|
| က၊ | ခုဒ္ဒကပါဌ၊ | ဇ၊ | ထေရဂါထာ၊ |
| ခ၊ | ဓမ္မပဒ၊ | ဈ၊ | ထေရီဂါထာ၊ |
| ဂ၊ | ဥဒါန၊ | ည၊ | ဇာတက၊ |
| ဃ၊ | ဣတိဝုတ္တက၊ | ဋ၊ | နိဒ္ဒေသ၊ |
| င၊ | သုတ္တနိပါတ၊ | ဌ၊ | ပဋိသမ္ဘိဒါမဂ္ဂ၊ |
| စ၊ | ဝိမာနဝတ္ထု၊ | ဍ၊ | အပဒါန၊ |
| ဆ၊ | ပေတဝတ္ထု၊ | ဎ၊ | ဗုဒ္ဓဝံသ၊ |
| | | ဏ၊ | စရိယာပိဋက၊ |

ပဌမ နိကာယ်လေးကျမ်းသည် နောက်ဆုံး နိကာယ်နှင့်မတူ။ စာသွားစာလာ အနေအထား အရေး အသားချင်း တူညီကြ၏၊ သုတ်တော်များစွာ တို့သည် စကားပြေသွား ဖြစ်၍ အချို့မှာ လင်္ကာသွားဖြစ်၏။လင်္ကာ စကားပြေ ရောစပ်သော အသွားကား နည်းလှ၏။ ထိုနိကာယ်ဝင် သုတ်တော်များသည် ဘုရား မြတ်စွာ ကိုယ်တော်တိုင် နှင့် တရံ တခါ ဘုရား မြတ်စွာ ၏ သာဝကကြီးများ ဟောကြား ခဲ့သော တရား ဒေသနာတော်များ ဖြစ်ကြသည်။ ထိုဒေသနာ တော်များကို နိဒါန်းတို ကလေးများဖြင့် ဟောကြား ထားခဲ့ခြင်းကြောင့် မည်သည့် အချိန် အခါ မည်သည့်ဌာန၌မည့်သူ့ကိုဟော ကြားခဲ့သည် စသည်တို့ကိုလည်း စုံလင်စွာသိနိုင်လေသည်။

ဒီဃနိကာယ်တွင် သုတ်ရှည်ပေါင်း (၃၄) သုတ်ရှိ၏။ မဟာပရိနိဗ္ဗာန-သုတ်ကဲ့သို့သော အချို့သုတ်တော်များသည် သီးခြား တစောင်တဖွဲ့ ဖြစ်လောက်အောင်ပင် ရှည်လျားကြ၏။ ဒီဃ နိကာယ်ကို အောက်ပါအတိုင်း သုံးပိုင်း- ပိုင်းထားပြန်သည်။

က၊ သီလက္ခန္ဓ၊
ခ၊ မဟာ ဝဂ္ဂ၊
ဂ၊ ပါထေယျ (ဝါ) ပါထိကဝဂ္ဂ၊

သီလက္ခန္ဓကား သီလတော်များ၏ အကြောင်း နှင့် စပ်လျဉ်းရာ သီလတော်တို့၏ အရေးကြီးသောအဆင့်အတန်းကို လိုက်၍ မဟာ, မဇ္ဈိမ, စူဠအားဖြင့် သုံးပိုင်းကန့်ကာ စီစဉ်ထား၏။ သီလသည် သမာဓိနှင့် ပညာသို့ ပို့ဆောင်လေသည်။ ထို သီလက္ခန္ဓတွင် ဗုဒ္ဓဘာသာ နိတိနှင့် ဗုဒ္ဓဘာသာ တို့၏ ကျင့်စဉ် ကျင့်နည်းတို့ကို အခြားသမဏဗြာဟ္မဏ တို့၏ ကျင့်နည်း ကျင့်စဉ်တို့နှင့် တိုက်ရိုက်နည်းဖြင့်သော်၎င်း,သွယ်ဝိုက်သော နည်းဖြင့်သော်၎င်း မကြာခဏ နှိုင်းခိုင်း ယှဉ်ပြထားသည်ကို တွေ့ရှိရ၏။

——o——

''ဒီဃနိကာယ်ဝင် သုတ်တော်များ''

(၁) ဗြဟ္မဇာလသုတ်။ ။သီလက္ခန္ဓ၌ ဗြဟ္မဇာလသုတ်သည် အဦးဆုံး သုတ်ဖြစ်၏။ ထိုသုတ်ကို ဘာသာရေး သမိုင်းဘက်ကနေ၍ ကြည့်ပါမူ အထူးအရေးကြီးလေသည်။ ဗုဒ္ဓအာသာရဟန်းတို့ ကျင့်ကြံလိုက်နာရမည့် စည်းမျဉ်းများ, ဗုဒ္ဓဘာသာ ရဟန်းတို့ ရှောင်ကြဉ်အပ်သည့် အလုပ်အကိုင် ဘာမျိုးမျိုး, အသက်မွေး ဝမ်းကျောင်း အမျိုးမျိုး, ထိုခေတ်

ထိုအခါက သမဏ-ဗြာဟ္မဏတို့၏ အယူ၀ါဒ အမျိုးမျိုးကို ဘုရားမြတ်စွာသည် စုံလင်စွာပေါင်းစု ဟောကြား ထားခဲ့ပေသည်။ 'သဿတ၀ါဒ' 'ဥစ္ဆေဒ၀ါဒ' စသော ထိုခေတ် ထိုအချိန် ဇမ္ဗူဒီပတွင် ထွန်းကားခေတ်စားလျက် ရှိသည့် (၆၂)ပါးသော အဘိဓမ္မာများအကြောင်းကိုလည်း ဤသုတ်၌ပင် ဘုရားမြတ်စွာသည် ဆွေးနွေး ဖော်ပြထားခဲ့ပေ၏။

အထူးသဖြင့် သီလနှင့်ပတ်သက်သော အခဏ်းတွင် လူအမျိုးမျိုး၏ အခြေအနေ, အနုပညာအမျိုးမျိုး, လက်မှုပညာအမျိုးမျိုး, ကစား ခုန်စားနည်းအမျိုးမျိုး,ပျော်မှုပါးမှုအမျိုးမျိုး, ယဇ်ပူဇော်နည်းအမျိုးမျိုး, လူတို့၏ အလုပ်အကိုင် အမျိုးမျိုး, နေလနက္ခတ်တာရာ ဘတ်နည်းအမျိုးမျိုး,စာရင်းကိုင်ပညာ, နိုင်ငံရေး, ဆေးပညာ, ခွဲစိတ်ကုသနည်း, ဗိသုကာအတတ်, လက္ခဏာဘတ်နည်း, အမှတ်အသား အရိပ်အခြေကိုကြည့်၍ နိမိတ်ဘတ်နည်း, အင်္ဂဝိဇ္ဇာဟောနည်း, မင်္ဂလာအခမ်းအနား ရွေးနည်း,စစ်ရေးစီနည်း, အိပ်မက်ဘတ်နည်း, ဂါထာမန္တယား ရွတ်ဆိုကာ ကိုယ်ဝန်စောင့်ထိန်းနည်း, နတ်တို့နှင့် ပတ်သက်သော အယူအဆအမျိုးမျိုးကို ဘုရားမြတ်စွာသည် ဤသုတ်၌ အသေးစိတ်ရှင်းပြတော်မူခဲ့၏။ -

ဤဗြဟ္မဇာလသုတ်ကိုဟောပြောရခြင်း၏ အကြောင်းရင်းကား သမဏဂိုဏ်း၀င်"သုပ္ပိယ"၏ တပည့်ဖြစ်သူ 'ဗြဟ္မဒတ္တ' သည် ဘုရားမြတ်စွာ၏ ဂုဏ်ကျေးဇူးတော်ကို ချီးကျူးပြောဆိုသောအခါ"သုပ္ပိယ"သည် ဘုရားမြတ်စွာ၏ အကြောင်း မကောင်းပြောသော ကြောင့်တည်း။

ကျွမ်းကျင်လိမ္မာသော တံငါသည် သည် ကြီးငယ်မရွေး ငါးဟူသမျှကို သူ၏ကွန်ရက်ဖြင့် ဘမ်းမိနိုင်သကဲ့သို့ ဘုရား

မြတ်စွာသည်လည်း မိမိ၏မွန်မြတ် သိမ်မွေ့လှသော တရား ကွန်ရက်တွင် အဘိဓမ္မာ ဆရာကြီးများနှင့် ဂိုဏ်းဆရာကြီး- များအား သိမ်းသွင်းနိုင်ခြင်းကြောင့် ဤသုတ်သည် ဗြဟ္မဇာလ သုတ်ဟူ၍ထင်ရှားလေသည် (ဓမ္မဇာလ,အ တ္ထဇာလ, ဒိဋ္ဌိဇာလ, အနုတ္တရသင်္ဂါမ ဝိဇယသုတ် ဟူ၍လည်း ကျော်ကြား၏။)

ဗြာဟ္မဏတို့နှင့် အခြားဂိုဏ်းဝင် သမဏတို့ သက်ဝင် ယုံကြည်ကြသော အယူဝါဒတို့သည် နိဗ္ဗာန်သို့ပို့ဆောင်နိုင် စွမ်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည်'အတ္တ'ကို တနည်းတလမ်းအားဖြင့် အစစ်အမှန်ကဲ့သို့ ယူဆထင်မှတ် နေသောကြောင့်တည်း။ အတ္တကိုလုံးဝ မပယ်ဖျောက် မဖျက် ဆီးဘဲ နိဗ္ဗာန်သို့မရောက်နိုင်ရာ။

ဤသုတ်တွင် ဘုရားမြတ်စွာသည် "စိတ်ထားရာ ကျင့်ဝတ် စောင့်သိန်းသူ ပုဂ္ဂိုလ်ထူးကြီး" အဖြစ်ဖြင့်သာမက ထိုခေတ် ထိုအချိန် အခါ၌ ပေါ်ပေါက်ထွန်းကားကြသော ခေတ်ပြိုင် အဘိဓမ္မာ ဆရာကြီးတို့ထက် အဆပေါင်းများစွာ ထူးကဲ သာလွန်သည့် အဘိဓမ္မာဆရာကြီး အဖြစ်ဖြင့်လည်း ပေါ်လွင် ယင်ရှားဘိ၏။ ဘုရားမြတ်စွာသည် ကျင့်ဝတ် သီလများကို သူတပါးအောင် အစွမ်းဆုံး စောင့်ထိန်းခဲ့ရုံမျှမက တုဘက် ကင်းသော အဘိဓမ္မာဆရာကြီး အဖြစ်ဖြင့်လည်း 'ဒိဋ္ဌိအယူ ဝါဒ အားလုံး'တို့ကို သုတ်သင်ရှင်းလင်းတော်မူခဲ့လေသည်။

အတ္တကို ပယ်ဖျက်မှသာလျှင် နိဗ္ဗာန်ကိုရနိုင်မည် ဖြစ် ကြောင်း, မည်သို့သောနည်းနှင့်ဖြစ်ဖြစ် အတ္တကို တိုက်ခိုက် သုတ်သင်ရမည်ဖြစ်ကြောင်း ဘုရားမြတ်စွာက ဤဗြဟ္မဇာလ သုတ်တွင်အတိအလင်း ကျေညာတော်မူခဲ့၏။

(၂) သာမညဖလသုတ်။ ။ဘုရားမြတ်စွာနှင့် တခေတ်တည်း ထွန်းကားသော တိတ္ထိဆရာကြီး(၆)ဦး၏ အယူဝါဒကို ဤသာမညဖလသုတ်သည် ပေးစွမ်းနိုင်၏။

ဤသုတ်ကို ဟောပြောရသော အကြောင်း ရင်းကား ဘုရင်'အဇာတသတ်'သည် ခမည်းတော် 'ဗိမ္ဗိသာရ' မင်းကြီးအား လုပ်ကြံပြီးနောက် နောင်တ များစွာရကာ ဇီဝက၏ သရက် ဥယျာဉ်ဝယ် စံပယ်လျက်နေတော်မူသော ဘုရားမြတ်စွာဘံ သွားရောက် ဖူးမျှော်ကန်တော့ ခြင်းကြောင့် ဖြစ်၏။

ဘုရင် အဇာတသတ်က ဘုရားမြတ်စွာအား တောထွက်ကာ ရဟန်းပြုခြင်း၏ အကျိုး ထူးများကို မေးမြန်းလျှောက်ထားရာ ဘုရားမြတ်စွာက ဤပြဿနာနှင့် ပတ်သက်၍ မိမိမှအပ အခြား ထင်ပေါ်သော အဘိဓမ္မာ ဆရာကြီးတို့အား စူးစမ်း မေးမြန်းပြီး- မပြီး ဘုရင်ကို ပြန်၍ စစ်ဆေးမေးမြန်း၏။ ထိုအခါ ဘုရင်က ဤပြဿနာ ကို ပုရာဏကဿပမက္ခလိ ဂေါသာလ- စသော တိတ္ထိဆရာကြီးတို့အား စူးစမ်း မေးမြန်း ပြီးကြောင်း၊ သို့သော် သူသိလိုသော ပြဿနာကို တိတ္ထိဆရာကြီးတို့သည် တိုက်ရိုက် မဖြေကြားဘဲ သူတို့သက်ဝင်ယုံကြည်ကြသော ဝါဒတို့ကို သာလျှင် အသီးသီးရှင်းလင်း ပြောကြား ကြသဖြင့် မကျေမနပ် ပြန်၍လာခဲ့ရ ကြောင်း ဘုရားမြတ်စွာကို လျှောက်ထား၏။

ဘုရားမြတ်က အဇာတသတ် သိလိုသော ပြဿနာကို အထွေထွေ အပြားပြား ပြန်ကြားရာဝယ် သာမန် ပုထုဇ္ဇန် လူသားများ မည်သည့်အခါမျှ ရရှိနိုင်လိမ့်မည်ဟု မမြော် မှန်းနိုင်သော အကျိုးထူးများကို ရဟန်းတို့ ရရှိနိုင်ကြောင်

ရှေးဦးစွာ ဖော်ပြတော်မူ၏။ ဥပမာ- ပြရသော် ဘုရင့်အမှု-ထမ်း တယောက်သည် ရဟန်းပြုကာ ဘုရင့်ထံ ကြွလာပါလျှင် ဘုရင်သည် ထိုရဟန်းကို ခရီးဦးကြိုပြုရန် ဝန်မလေးမည့်ပြင် မင်းမှုထမ်း အနေဖြင့် မည်သည့်အခါမျှ ရရှိလိမ့်-မည်မဟုတ်သော ရိုသေခြင်း,လေးစားခြင်း,ဝတ်ကြီး ဝတ်ငယ်ပြုခြင်းစသော အကျိုးတို့ကို ထိုရဟန်းသည် မုချရရှိရာ၏။ ဤဖော်ပြပါ အကျိုးကား အပရိကသာမန် အကျိုးမျှသာလျှင်ဖြစ်ချေ သေး၏။ စိတ်ကို လေ့ကျင့်ခြင်း နှင့် စာရိတ္တကိုပြုပြင်ခြင်းတို့ဖြင့် ရရှိအပ်သော အဇ္ဈတ္တ အကျိုးထူးတို့ကားရဟန်းတို့ အဘို့ နှိုင်းရာ ကင်းလေဘိသည်။ ရဟန်းပြုခြင်းဖြင့် အာသဝေါ ကုန်ခန်းကာ မဂ် ဖိုလ် ပေါက်ရာသည်။ ရဟန်းတို့၏ ဘဝလမ်းစဉ်တွင် မဂ် ဖိုလ် ပေါက်ရခြင်းထက်ထူးကဲ မွန်မြတ်သော အကျိုးထူး မရှိတော့ရာ ဟု ဘုရားမြတ်စွာ က အဇာတသတ် ၏ ပြဿနာ ကို ဖြေကြားတော်မူလေသည်။

ဒေသနာတော်၏ အဆုံး၌ ဘုရင် အဇာတသတ် သည် ပီတိ ကျလှသောကြောင့် ခမည်းတော်ကို လုပ်ကြံမိသည့်အတွက် သူ့အား ခွင့်လွှတ်ပါမည့် အကြောင်း ဘုရားမြတ်စွာ-အား ပန်ကြား လျှောက်ထားရာ ဘုရားမြတ်စွာက အသာတကြည် ခွင့်လွှတ်တော်မူသည်ဟု လာရှိ၏။

အဇာတသတ္တု၊ "အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာ ဗာလံ ယထာမူဠှံ ယထာအကုသလံ၊ ယောဟံ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဣဿရိယ ကာရဏာ ဇီဝိတာ ဝေါရောပေသိံ၊ တဿ မေ ဘန္တေ ဘဂဝါ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယ။"

**အဓိပ္ပာယ်သက်မင်း။** ။အရှင်ဘုရား -မိုက်သည့်အလျောက်, တွေဝေ သည့် အလျောက်, မလိမ္မာ သည့် အ လျောက် တပည့်တော်ကို ကျူးကျော်စော်ကား ပြစ်မှားမှုက ဖြတ်ကျော် လွှမ်းမိုးခဲ့ပါပြီ ( အပြစ်သင့်ရောက်ခဲ့ပါပြီ )။ တရားရှင်ဖြစ်သော ဓမ္မရာဇ် ခေါင်ဖျား ဘ- ခမည်းတော် ဘုရားကို အာဏာမက်သဖြင့် အသက် သေအောင် သတ်မိခဲ့သော တပည့်တော်၏ အပြစ်ကို နောင် ဤသို့ မပြု မလုပ် ထိန်းချုပ် စောင့်စည်းမှု အတွက် အပြစ်တခု ဟု ရှုမှတ် သိမ်းပိုက်တော်မူပါ ( အသိ အမှတ် ပြုတော်မူပါ ) ဘုရား။

**ဗုဒ္ဓ။** ။တဂ္ဃ တွ (တံ) မဟာရာဇ အစ္စယော အစ္စာဂမာ ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ၊ ယံ တွံ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဇီဝိတာ ဝေါရောပေသိ၊ ယတော စခေါ တွံ မဟာရာဇ အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိ ကရောသိ၊ တံ တေ မယံ ပဋိဂ္ဂဏှာမ၊ ဝုဒ္ဓိ ဝုဒ္ဓိဟေသာ မဟာရာဇ အရိယဿ ဝိနယေ၊ ယော အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရောတိ၊ အာယတိံ သံဝရံ အာ- ပဇ္ဇတိ။

**ဘုရားမြွက်စွာ။** ။မင်းကြီး,မိုက်သည့်အလျောက်,တွေဝေ သည့် အလျောက်,မလိမ္မာသည့် အလျောက် သင်မင်းကြီးကို ကျူးကျော် စော်ကား ပြစ်မှုများက ဖြတ်ကျော် လွှမ်းမိုး ခဲ့လေပြီ (အပြစ်သင့်ရောက်ခဲ့လေပြီ)။ သင်မင်းကြီးသည် တရား ရှင်ဖြစ်သော ဓမ္မရာဇ်ခေါင်ဖျား ဘ- ခမည်းတော် ဘုရားကို အသေသတ်မိပြီ၊ သို့ သတ်မိသဖြင့် သင့်ရောက်သော အပြစ်ကို အပြစ်ဟုရှုမြင်၍ တရားနှင့်အလျော် သင်မင်းကြီး ကုစား

ခဲ့ပြီ။ ဤသို့ သင်မင်းကြီး၏ အပြစ်ကို အပြစ်ဟု ရှုမှု (ဝန်ချကန်တော့မှု) ကို ငါတို့က သိမ်းပိုက်၏(အသိအမှတ်ပြု၏)။ မင်းကြီး, သူတော်သူမြတ်မှန်သမျှ၏ ယဉ်ကျေးမှုနယ်ပယ်တွင် အပြစ်ကိုအပြစ်ဟု(အမှန်အတိုင်း) ရှုမြင်၍ တရားနှင့်အလျော် ကုစားခြင်း, နောင်တဖန် မပြုမလုပ် ထိန်းချုပ်စောင့်စည်းခြင်းကား (ပစ္စုပ် တခလွန် နှစ်တန်အကျိုး) ပွါးတိုးစည်ပင်ကြောင်း ကောင်းလေစွ ကောင်းလေစွ။

(သီလက္ခန္ဓဝဂ္ဂ သာမညဖလသုတ်....လိမ္မာသော သားသမီးဖြစ်စေ, လိမ္မာသောတပည့်ဖြစ်စေ အပြစ်တခုကျူးလွန် မိကမိဘ ဆရာသမားထံမှောက်သို့ အလိုလိုသွားရောက်၍ အပြစ်ကျူးလွန်မိကြောင်း ဖွင့်ဟပြောကြားခြင်းနှင့် ဆက်စပ်စဉ်းစားကြည့်သင့်လေသည်။)

သာမညဖလသုတ်ဆုံးသောအခါ အဇာတသတ်မင်းသည် ဘုရား တရား ,သံဃာတည်းဟူသော ရတနာသုံးပါး၌ ခိုလှုံကာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းသည်ဟူလို။

ဤသာမညဖလသုတ်သည် တိတ္ထိဆရာကြီး (၆) ဦးတို့၏ အယူဝါဒ များကိုလည်း ထင်ရှားစေသည်။

**''တိတ္ထိဆရာကြီး (၆) ဦး**

(၁) **ပူရဏကဿပ**။ ။အဋ္ဌကထာကျမ်းတွင်'ပူရဏကဿပ'သည် ဂိုဏ်းဆရာမဖြစ်မီ အစေခံတဦးဖြစ်ခဲ့ကြောင်း။ ပင်ပင်ပန်းပန်းမလုပ်လိုသဖြင့်,သူ၏ဆရာထံမှ ထွက်ပြေးခဲ့၍ ဘာသာရေး ဂိုဏ်းတခုကို ဖွဲ့စည်း တည်ထောင်ကာ ဂိုဏ်းဆရာကြီးတဦးဖြစ်လာကြောင်းဖြင့်ဖော်ပြထားသည်။ပူရဏကဿပ၏တရားနှင့်စပ်လျဉ်း၍-သူသည် ကောင်းမှု,မကောင်း

မှုတို့ကို ယုံကြည်သူမဟုတ်။ကောင်းမှုကြောင့် ကောင်းကျိုးဖြစ်သည်-မကောင်းမှုကြောင့်မကောင်းကျိုးဖြစ်သည်-ဟူသည်ကိုလည်းယုံကြည်သူမဟုတ်ကြောင်း ဖော်ပြထားလေသည်။

(၂) **မက္ခလိဂေါသာလ၊** ။သူ၏အယူပုဂ္ဂိုလ်နှင့် ပုရာဏကဿပ၏ အယူပုဂ္ဂိုလ်သည် ဆင်ဆင်ပင်ဖြစ်၏။ မက္ခလိဂေါသာလ၏ တရားအလိုအားဖြင့်“ကိလေသာ ဟူသောညစ်ညူးခြင်း၏ အကြောင်းသည်မရှိ၊ သတ္တဝါ တို့သည် အကြောင်းမရှိဘဲ ညစ်ညူးကြကုန်၏။ ထိုအတူ ဖြူစင်ခြင်း၏အကြောင်းသည်လည်းမရှိ၊ သတ္တဝါတို့သည် အကြောင်းမဲ့သာလျှင် ဖြူစင်ကြကုန်၏။သတ္တဝါ အားလုံးသည် သံသရာ၌ မိမိတို့၏ဆိုင်ရာဆိုင်ရာ ကာလအပိုင်းအခြားကို ကုန်လွန်စေပြီး နောက်ထိုကာလ အပိုင်းအခြား၏ အဆုံး၌ သံသရာမှလွတ်မြောက်ရန် ဒုက္ခအပေါင်းမှ ကင်းငြိမ်းကြသည့် ကာလအပိုင်းအခြားမကုန်လွန်မီ ကုသိုလ်ကောင်းမှုပြု၍လည်း အကျိုးမထူး၊ အကုသိုလ်ပြု၍လည်း အကျိုးမထူး” ဟူသောတရားသည် မက္ခလိဂေါသာလ၏ တရားပင်ဖြစ်လေသည်။

(၃) **အဇိတ ကေသကမ္ဗလ၊** ။သူသည်လည်း ပုရာဏကဿပနှင့်မက္ခလိဂေါသာလ တို့ကဲ့သို့ ဂိုဏ်းဆရာ မဖြစ်လာမီ အိမ်ရှင်တဦးထံတွင်အစေအပါး ဖြစ်ခဲ့သည်ဆို၏။ဆံပင်နှင့်ရက်လုပ်ထားသော ခြုံသည်ကိုဝတ်ရုံလေ့ရှိသဖြင့် ‘ကေသကမ္ဗလ’ဟု ခေါ်တွင်လေသည်။ အလှူပေးခြင်း၏ အကျိုးသည်မရှိ။ ယဇ်ပူဇော်ခြင်း၏ အကျိုးသည်မရှိ။ ကုသိုလ်အကုသိုလ်တို့၏အကျိုးသည်လည်းမရှိ။ပစ္စုပ္ပန်လောကသည်ရှင်း,တမလွန် လောကသည်ရှင်းမရှိ။ထိုတရားမှလွဲ၍ အခြားအကြောင်းတို့သည် အချည်းနှီး အကြောင်းတို့သာဖြစ်သည်။

လူမိုက်သည်၎င်း, ပညာရှိသည်၎င်း ကိုယ်ခန္ဓာပျက်ပြား သေဆုံးသည့်အခါ ပျောက်ပျက်ကြကုန်သည်သာတည်း။ သေသည်၏နောက်၌ မဖြစ်ကြကုန်-ဟူသော ဝါဒသည် အဇိတကေသကမ္ဗလ၏ဝါဒဖြစ်သတည်း။

(၄) ပကုဓကစ္စာယန ။ သူသည် ပြာဟ္မဏအမျိုးအနွယ် တဦးဖြစ်၍ အသက်အရွယ် ကြီးပြင်းလာသောအခါ ဝမ်းရေးကြပ်တည်းလွန်းသဖြင့် ဘာသာရေးဂိုဏ်းတခုကိုဖွဲ့စည်းတည်ထောင်ပြီးလျှင် မိမိအ‌ကျိုးစီးပွါးကိုသာရှာကြံခဲ့ကြောင်းဖြင့် အဋ္ဌကထာတို့တွင် မှတ်သားခဲ့ရသည်။ ထို 'ပကုဓကစ္စာယန ဂိုဏ်းဆရာကြီးသည် ကံ, ကံ၏အကျိုး မည်သည်မရှိ။ ကြီးစွာသောအကုသိုလ် ဒုစရိုက်ကိုကျူးလွန်သဖြင့် မည်သူမျှအပြစ်ခံစားနေရဘွယ်မရှိ။ ကြီးစွာသောကောင်းမှု ကုသိုလ်ကိုပြုကျင့်သဖြင့်လည်း-ကောင်းကျိုးကိုခံစားနေဘွယ်မရှိ။အကယ်၍ အကြင်သူ တဦးတယောက်သည် ထက်လှစွာသော သံလျက်ဖြင့် အခြားသူတဦး၏ဦးခေါင်းကိုဖြတ်အံ့၊ထိုသူသည် အခြားသူကို အသက်မှမချ (အသက် သတ်သည်မမည်)။ ခုနစ်ပါးကုန်သောကာယတို့၏ စပ်ကြားတွင် လက်နက်သည် ဟင်းလင်းသို့ ဝင်သည်သာတည်း-ဟူသောတရားကို ဟောကြားသူဖြစ်သည်။

(၅) နိဂဏ္ဌနာဋပုတ္တ ။ 'ဂဏ္ဌ'ဟူသောဝေါဟာရသည် 'အနှောင်အဖွဲ့' ဟူသော အနက်အဓိပ္ပါယ်ရ၏။ ထို့ကြောင့် 'နိဂဏ္ဌ'ဟူသည် အနှောင်အဖွဲ့မှ ကင်းလွတ်ခြင်းပင်ဖြစ်သည်။ သံသရာနှင့် စပ်ဆိုင်ရာ အနှောင်အဖွဲ့တို့မှ ကင်းရှင်းပြီဟု မိမိကိုယ်ကို မိမိယူဆသဖြင့် 'နိဂဏ္ဌ' ဟူသောအမည်ကို ရရှိခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ 'နာဋ'မည်သော အဆက်အနွယ်မှ

ပေါက်ဖွားသော ကြောင့်လည်း နာဋပုတ္တသည် ဇိန(ဂျိန်း) ဘာသာဝင်တို့၏ ခေါင်းဆောင်ကြီးဖြစ်၏။ သူသည်သံသရာမှ လွတ်ငြိမ်းချမ်းသာခွင့်ကိုရရှိနိုင်ရန်အတွက် ရှေးဘဝအဆက်ဆက်က ပြုမှားမိခဲ့သော အကုသိုလ်ကြွေးကို ပြန်လည်ဆပ်သည့် သဘောဖြင့် မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်ကာ 'ဒုက္ခစရိယ' ကျင့်ခြင်းအားဖြင့် နိဗ္ဗာန်ကိုရနိုင်လိမ့်မည် - ဟူသော အစွန်းထွက်သည့်တရားကိုဟောပြောခဲ့သော ဂိုဏ်းဆရာကြီးဖြစ်သည်။ ထိုသို့ဟောပြောခြင်းကြောင့် ဇိနဘာသာဝင်တို့သည် ပင်ပန်းခက်ခဲလှသည့် အကျင့်တို့ကို ကျင့်ကြကာ သူတို့ခန္ဓာကိုယ်ကို အနည်းနည်း နှိပ်စက်ညှဉ်းပန်း၍ သံသရာမှ လွတ်မြောက်ကြောင်းကို ရှာကြံကြကုန်၏။

(၆) **သဉ္စယဗေလဋ္ဌိပုတ္တ။** 'ဗေလဋ္ဌိ' အမည်ရှိသော အမိမှပေါက်ဖွားသဖြင့်'ဗေလဋ္ဌိပုတ္တ'ဟုခေါ်ဆိုခြင်းဖြစ်သည်။ သူသည်မည်သည့် တရားကိုမျှ တိကျချေ‌ာ်စွာ ဟောပြောခဲ့သည်မရှိ။ သူ၏ဆိုလိုရင်း တရားသည် မည်သို့ ဖြစ်သည်ဟု အထင်အရှား သိလိုသူတို့ကသူအား တော့တော့ဆိုင်ဆိုင် မေးမြန်း စုံစမ်းသည့်အခါ'ဤသို့မဆိုလိုပါ''ဤရွေ့လည်းမဟုတ်ပါ' 'ဤနည်းလည်းမဆိုနိုင်ပါ'စသည်ဖြင့်သူသည်စကားပရိယာယ်နှင့် တိမ်းရှောင်ဖယ်ရှား၏။ဗေလဋ္ဌိပုတ္တကား တိုက်ရိုက်ဟောကြားခြင်းမပြုလုပ်ခဲ့သော ပုဂ္ဂိုလ်ဖြစ်သတည်း။

[ ရှင်သာရိပုတြာ နှင့် ရှင်မောဂ္ဂလာန် တို့သည် ဘုရားမြတ်စွာ၏ သာသနာတော်ကို သက်ဝင်ယုံကြည်ခြင်း မရှိမီ သိဉ္စည်းမည်သော ဂိုဏ်းဆရာကြီး တဦးထံ၌ တပည့်ခံခဲ့ကြကြောင်းဖြင့် အမှတ်အသားရှိသည်။ ထိုသိဉ္စည်းဂိုဏ်းဆရာ

ကြီးသည် ယခုမိလိန္ဒပဉှာ ကျမ်း၌ ဖေါ်ပြထားသော ဂိုဏ်း ဆရာကြီး ခြောက်ဦးအနက် တဦး ဖြစ်သော သဉ္စယပင် ဖြစ်သည်ဟူ၍မူကား ထထစ်ချ် မဆိုသာပေ။ ]

သာမညဖလသုတ်တွင် ဂင်္ဂါမြစ်ဝှမ်း တလျှောက် လူတို့ မည်သို့ နေထိုင် စားသောက် ကြသည့် အခြေအနေတို့ကို စုံလင်စွာ ဖေါ်ပြ ထားသည်မှာလည်း စိတ်ဝင်စားဘွယ် ရာပင်။

အောက်ပါ အကြောင်း အချက်များကိုလည်း သာမည ဖလသုတ်မှ သိရှိရလေသည်။

၁။ ဟတ္ထာရောဟ = ဆင်စီးသူရဲ။
၂။ အဿာရောဟ = မြင်းစီးသူရဲ။
၃။ ရထိက = ရထားစီးသူရဲ။
၄။ ဓနုဂ္ဂဟ = လေးစွဲသူရဲ။
၅။ စေလက = အောင်လံကိုင်သူရဲ။
၆။ စလက = စစ်ဆင်သူ- သူရဲ။
၇။ ပိဏ္ဍဒါယက = သိန်းငှက်ကဲ့သို့ ရန်သူ၏ အသားစိုင်ကို ပိုင်းပိုင်းဖြတ် သတ်ယူနိုင်သောသူရဲ။
၈။ ဥဂ္ဂရာဇပုတ္တ = စစ်မြေပြင်၌ ကျော်ကြားသော မင်းညီ မင်းသား။
၉။ ပက္ခန္ဒီ = (ပျံ့ရှိ) = ရှပ်ရှပ် ချွံချွံ တဖက်စစ်တပ်သို့ ပြေးဝင်နိုင်သော သူရဲ။
၁၀။ မဟာနာဂ = ဆင်ပြောင်ကဲ့သို့ ရဲရင့်သော သူရဲ။
၁၁။ သူရ = ပင်ကိုယ် ရဲရင့်သောသူရဲ။
၁၂။ စမ္မယောဓိ = စစ်ချပ်တန်ဆာ ဆင်ယင်ထားသောသူရဲ။
၁၃။ ဒါသက = ကျွန်။
၁၄။ ကပ္ပက = ဆတ္တာသည်။
၁၅။ အာဠာရိက = ထမင်းချက်။

၁၆၊ နဟာပက = ရေချိုးပေးသူ။
၁၇၊ သူဒါ = စဖိုသည်။
၁၈၊ မာလာကာရ = ပန်းသည်။
၁၉၊ ရဇက = ခဝါသည်၊ ပန်းဆိုး။
၂၀၊ ပေသကာရ = ရက်ကန်းသည်။
၂၁၊ နဠကာရ = တောင်းယက်သူ(ဒေါင်းရွှေသမား)။
၂၂၊ ကုမ္ဘကာရ = အိုးထိန်းသည်။

(၃) အမ္ဗဋ္ဌသုတ်။ ။ရှေးခေတ် ဇမ္ဗူဒိပ်ယပြည်တွင် လူမျိုး-ရေးနှင့်ပတ်သက်၍ ပုဏ္ဏားတို့ အယူသည်းပုံနှင့် ဘုရားမြတ်-စွာက ထိုလူမျိုးရေး စံနစ်ကို မည်ကဲ့သို့ သဘောထားပုံ အကြောင်း ရှင်းလင်းဟောပြအပ်သော သုတ်ဖြစ်လေသည်။ အထူးသဖြင့် ဗြာဟ္မဏနွယ် ပုဏ္ဏားတို့သည် လူမျိုးရေးတွင် သူတို့သာလျှင် အမြတ်ဆုံးဟု အယူသည်းလွန်းကြသဖြင့် ဘုရားမြတ်စွာက ထိုအယူကို ဤအမ္ဗဋ္ဌသုတ်ဖြင့် တိုက်ဖျက်တော်မူခဲ့၏။

ပုဏ္ဏားတို့ အလိုအားဖြင့် မိဘက်မှရင်း၊ ဘ- ဘက်မှရင်း ဆွေ(၇)ဆက်- မျိုး(၇)ဆက် ပုဏ္ဏားဖြစ်ရမည်။ ပုဏ္ဏားတို့ တတ်အပ်သော ဗေဒသုံးပုံ၌ ပြည့်ဝကုံလုံရမည်။ သို့မှသာ ဗြာဟ္မဏပုဏ္ဏားစစ်ဖြစ်၏ ။

ဘုရားမြတ်စွာ၏ ဝါဒအရကား ကိုယ်စိတ်နှစ်ဖြာ ကျင့်စာ-ရိတ္တ မှန်မြတ်သန့်စင်ရမည်၊ သို့မှသာ ဗြာဟ္မဏသူတော်စင် ဖြစ်သည်။ ဇာတိမျိုး ရိုး ဂုဏ်တက်ကာ ဇာတိမာန် တက်ကြသည်ကို ဘုရားမြတ်စွာသည် အပြင်းအထန် ယှုတ်ချတော်မူ၏ ။

ဇာတိဂုဏ်မောက်ကာခက်ထန်ခေါင်းမာလှသည့် 'အမ္ဗဋ္ဌ' မည်သော ပုဏ္ဏားလုလင်ပျိုသည် ဗေဒသုံးပုံတွင် ကျွမ်းကျင်လိမ်မာလှသော သူ၏ဆရာကြီးဖြစ်သူ 'ပေါက္ခရသာတိ'၏ တိုက်တွန်းချက် အရ ဘုရားမြတ်စွာ ကို ဖူးတွေ့ရန်သွား၏။ ဘုရားမြတ်စွာနှင့် စကားဆွေးနွေးရာဝယ် အမ္ဗဋ္ဌသည် သူ၏ စိတ်ကို မချုပ်တည်းနိုင်ဘဲ ခတ္တိယတို့သည် ယုတ်နိမ့်သော အမျိုး ဖြစ်ကြသည်ဟု ရှုတ်ချ ပြောဆို လေ၏။ ထိုအခါ ဘုရားမြတ်စွာက အမ္ဗဋ္ဌ၏ ဇာတိမျိုးဆက်ကို မေးမြန်း၏။ အမ္ဗဋ္ဌက သူသည်'ကဏှာယန'မျိုးမှ ဆင်းသက်လာကြောင်း လျှောက်ရာ ဘုရားမြတ်စွာသည် ကဏှာယန၏ ရာဇဝင်ကြောင်းကို ပြန်ပြောင်း ပြောကြားပြီးလျှင် ကဏှ အဆက်အနွယ် တို့သည် ကျွန်မ မှ ပေါက်ဖွား လာကြ ကြောင်း ဆက်လက် မိန့်တော်မူ၏။ အမ္ဗဋ္ဌသည် သူ၏မျိုးဆက် ရာဇဝင်ကြောင်းကို ကြားသိလေသောအခါ ခေါင်းမဖော်ဝံ့ဘဲ မာန်ဂုဏ် ပျောက်ကွယ် သွားလေတော့၏။ ထိုနောက် သူသည် ဘုရားမြတ်စွာအား ပြဿနာများ ဆက်လက် မေးမြန်းပြီး နောက်ဆုံး၌ ဗြာဟ္မဏ တို့သည် အစစ အရာရာ၌ ခတ္တိယတို့အောက် နိမ့်ကျကြောင်းဝန်ခံရလေ၏။

ဤသုတ်ကား ဇမ္ဗူဒိပ်ယပြည်တွင် လွှမ်းမိုးသော လူမျိုးရေးအလုံးစုံကို ခြုံ၍ဆွေးနွေးသော သုတ်မဟုတ်။ အထူးသဖြင့် ဗြာဟ္မဏနှင့် ခတ္တိယတို့ကိုသာ အဓိကထား၍ ဆွေးနွေးသော သုတ်ဖြစ်၏။ ဘုရားမြတ်စွာ၏ လက်ထက်တော်၌ ဟိန္ဒူ ပေါင်းသင်း ဆက်ဆံရေး လောကတွင် ခတ္တိယ, ဗြာဟ္မဏ, ဝေဿနှင့် သုဒ္ဒဟူ၍ အမျိုးလေးပါး ပြားလျက်ရှိ၏။ ဗြာဟ္မဏ တို့က သူတို့သည် ခတ္တိယတို့ထက် မြတ်သည်ဟု ဆိုကြ၏။

ခတ္တိယတို့ကလည်း ဗြာဟ္မဏတို့ထက် သူတို့က မြတ်သည်ဟု ဆိုကြ၏။ နောက်ဆုံး၌ ဗြာဟ္မဏတို့ကလည်း ခတ္တိယတို့၏ သဘောထားကို လက်သင့်မခံ၊ ခတ္တိယတို့ကလည်း ဗြာဟ္မဏ တို့၏ အယူအဆကို လုံးဝ လက်သင့် မခံနိုင် ဖြစ်ကြလေသည်။ ထို့ကြောင့်ဟိန္ဒူစာပေလောကတွင် ဗြာဟ္မဏတို့သည် ခတ္တိယ တို့ထက်မြတ်ကြောင်း တွေ့ရှိရ၍ ဗုဒ္ဓဘာသာ စာပေလောကတွင်မူကား ဗြာဟ္မဏတို့ထက် ခတ္တိယတို့က မြတ်ကြောင်းဘတ်ရှုရ၏။

(၄) **သောဏဒဏ္ဍသုတ်။** ။ဤသုတ်ကား ဗြာဟ္မဏတို့နှင့် စပ်လျဉ်းသော သုတ်ဖြစ်သည်။ ဗြာဟ္မဏဖြစ်ရန် မိဘက် မှရင်း,ဘဘက်မှရင်းဆွေ(၇)ဆက်, မျိုး(၇)ဆက်မြင့်မြတ်၍ ဗြာဟ္မဏဖြစ်ရမည်သာမက ဗေဒသုံးပုံ၌လည်း တဘက်ကမ်း ခပ်ရပေမည်။

ဤသုတ်ကိုဟောပြောရခြင်း အကြောင်းကား,ဇမ္ဗုဒစာပေ တွင်အထူးကျွမ်းကျင်သည့်'သောဏဒဏ္ဍ'ပုဏ္ဏားသည် ဘုရား မြတ်စွာထံ လာရောက်ကာ စကားဆွေးနွေးသောကြောင့် တည်း။ ဆွေးနွေးရာတွင် ဘုရားမြတ်စွာက, မျိုးရိုး မိဆက်, ဘဆက်ကို လိုက်၍ ဗြာဟ္မဏ သူတော်စင် မဖြစ်နိုင်။ မှန်မြတ်သန့်စင်သော စာရိတ္တနှင့် ပြည့်စုံမှသာလျှင် ဗြာဟ္မဏ ဖြစ်နိုင်လေသည်။ ဗြာဟ္မဏ ဖြစ်ရန် အဓိက အချက်သည် စာရိတ္တသာလျှင် ဖြစ်ကြောင်း ဟောကြားတော်မူ၏။ နောက် ဆုံး၌ သောဏဒဏ္ဍ ပုဏ္ဏား [illegible] ဝန်ခံရလေ၏။

(၅) **ကူဋဒန္တသုတ်။** ။"ကူဋဒန္တ"ပုဏ္ဏားကား ယဇ်ပူဇော် ပသခြင်းကို နှစ်ခြိုက်သူဖြစ်၏။ အခါတပါး သူသည် ယဇ်

ပူဇော် ပသပွဲတခု ဆင်ယင်ကျင်းပလိုရာ ယဇ်ပွဲ မကျင်းပမီ ဘုရားမြတ်စွာထံ ချဉ်းကပ်ပြီးကာလ အကောင်းဆုံး ယဇ် ပူဇော်ပွဲ ဖြစ်မြောက်ရန် မည်သို့မည်ပုံ ဆောင်ရွက်ရပါမည့် အကြောင်း အကြံဉာဏ်များ တောင်းခံလိုစိတ် ပေါ်ပေါက် လာ၏။သို့ ပေါ်ပေါက်သည့်အတိုင်း သူသည် ဘုရားမြတ်စွာ ထံ ချဉ်းကပ်ပြီး စုံစမ်းမေးမြန်းရာ, ဘုရားမြတ်စွာက ယဇ် ပူဇော်ပွဲအမျိုးမျိုးကို ဖော်ပြပြီးလျှင် ယဇ် ပူဇော်ပသရာ၌ လိုက်နာရမည့် နိယျည်းနှင့် ဆောင်ရွက်အပ်သည့် လုပ်ငန်း စဉ်တို့ကို ဟောကြားတော်မူ၏။

"ကျွဲ နွားတိရစ္ဆာန်တို့ကို သတ်ဖြတ်ကာပူဇော်ပသသော ပွဲမျိုးကား အယုတ်ညံ့ဆုံးတည်း။ မဂ်ဖိုလ် ပေါက်ကာ ရဟန္တာအဖြစ် ရောက်ရခြင်းသည် အမွန်မြတ်ဆုံးပင်" ဟု ဘုရားမြတ်စွာက'ယဇ်'ဟူသောပုဒ်ကို နက်နဲသော အဓိပ္ပါယ်ဖြင့် ဤသုတ်တွင် ဖွင့်ပြ မိန့်တော်မူလေသည်။

"အတ္တကို ပယ်ဖျက်နိုင်,စွန့်ပစ်နိုင်အောင် လေ့ကျင့်ခြင်း သည် ကျွဲ နွားတိရစ္ဆာန်အစရှိသည်တို့ကို သတ်ဖြတ်၍ ယဇ် ပစ္စည်း အသိမ်းအမှတ် ပူဇော်ပသခြင်း(သို့မဟုတ်)အခြား ပြင်ပအရာဝတ္ထုများကိုယဇ်ပစ္စည်းအဖြစ်ဖြင့်ပသပူဇော်ခြင်း တို့ထက် မွန်မြတ်လှဘိ၏" ဟုဘုရားမြတ်စွာက ရှင်းလင်း တော်မူခဲ့၏။ ဤအချက်နှင့်စပ်လျဉ်း၍ ဘုရားမြတ်စွာသည် 'ဝိဇိတ'ဘုရင်၏ ထုံးပုံကို ညွှန်ပြတော် မူပြန်သည်။ ဝိဇိတ ဘုရင်သည် ယဇ်ပူဇော်ပုံ နည်းမှန် သုံးမျိုးကို တိကျစွာ သိနားလည်တော်မူ၏။ထိုနည်းမှန် သုံးမျိုးကား အောက်ပါ တို့တည်း။

၁ ယဇ်မပူဇော် မပသမီ၊
၂၊ ယဇ်ပူဇော် ပသနေဆဲ၊
၃၊ ယဇ်ပူဇော် ပသပြီးနောက်၊

ယဇ်နှင့်ပတ်သက်၍ ကုန်ကျသော စားရိတ်များ အတွက် နှမြောတသ ယူကျုံးမရဖြစ်၍ မနေခြင်းပင်တည်း။

ယဇ်ပူဇော်ပသရာ၌ ကုန်ကျစားရိတ်နည်းနိုင်သမျှ နည်းရန်နှင့် ကျဉ်းနိုင်သမျှ ကျဉ်းရန် ဝိဇိတဘုရင်သည် အရာရှိအရာခံများ,မှူးကြီး မတ်ကြီးများ, ပုဏ္ဏားများ, တိုင်းသူပြည်သားများ,အနီးတဝိုက်ရှိ ဘုရင်များနှင့် ပူးပေါင်းတော်မူ၏။ တနည်းအားဖြင့် ဆိုရသော်, ယဇ် ပူဇော်ပွဲ ကျင်းပရာတွင် ဝိဇိတဘုရင်သည် လူတိုင်း လူတိုင်းနှင့် ပူးပေါင်းတော်မူ၏။ ဝိဇိတဘုရင်ကိုယ်တိုင်က မင်းကျင့်တရား (၈) ပါးနှင့် ပြည့်စုံတော်မူသည့်ပြင် အကြံပေး ပုဏ္ဏား တို့ကလည်း (၄)ပါးသော အရည်အချင်းတို့နှင့်ပြည့်စုံကြ၏။ထိုကြောင့် ယဇ်ပူဇော်ပသရာတွင် သက်ရှိ သတ္တဝါဟူသမျှကို စိုးစဉ်းမျှ ထိခိုက်သတ်ဖြတ်ခြင်းမပြုရ။အလိုဆန္ဒ မတူပါဘဲလျက် မည်သူတဦးတယောက်ကိုမျှ ယဇ် နှင့်ပတ်သက်သည့် လုပ်ငန်းဆောင်တာများကို အဓမ္မနည်းဖြင့် မစေခိုင်းရ။ လူတိုင်း လူတိုင်းသည် သူ၏အလို အလျောက်သာလျှင် ယဇ်နှင့်စပ်ဆိုင်သမျှကိုဆောင်ရွက်စေရမည်။အလိုဆန္ဒရှိခဲ့သော် လူတိုင်းလူတိုင်း ယဇ်နှင့်စပ်ဆိုင်သော ပစ္စည်းများကို ယူဆောင်လာနိုင်သည်။ သို့သော် အထူးသဖြင့် ထိုပစ္စည်းများသည် သက်သတ်လွတ်ပစ္စည်းဖြစ်ရမည်။ ယဇ်ပူဇော်ပွဲကို ဘုရင်ကိုယ်တိုင် ကြီးမှူးကမ္ဘကတပြုသော်လည်း ယဇ်အခန်းအနားပွဲသည် တတိုင်းတပြည်လုံး၏ အခန်းအနားပွဲဖြစ်ရပေမည်။

ဤ ကူဋဒန္တသုတ်ကို ဟောရခြင်းအကျိုးထူးကား,နောက်ဆုံး၌ 'ကူဋဒန္တ' ပုဏ္ဏားသည်သူ၏အယူဝါဒကို စွန့်လွှတ်ကာ ယဇ်ပစ္စည်း အဖြစ်သတ်ဖြတ်ရန် ယဇ်တိုင်၌ ချည်နှောင်ထားသောတိရစ္ဆာန်တို့ကို ဘေးမဲ့ လွှတ်စေပြီးလျှင် ဘုရားမြတ်စွာကို ယုံကြည်သူ ဥပါသက တယောက်ဖြစ်လာသည်။

(၆) **မဟာလိသုတ်။** ။ဤသုတ်ကား ဒိဗ္ဗစက္ခုနှင့်ဒိဗ္ဗသောတတည်းဟူသော အဘိညာဏ်တို့နှင့် စပ်ဆိုင်၏။

အိုးအိမ်စွန့်ခွါကာ တောထွက်ပြီးလျှင် သာသနာဘောင်သို့ကူးဝင်ကြခြင်းကား, အထက်ပါ အဘိညာဏ် နှစ်ပါးကို ရရန် အတွက်မဟုတ်။ မဂ္ဂင်ရှစ်ပါး လမ်းစဉ်ကို လိုက်နာကျင့်သုံးပြီးကာလ, မဂ်ဖိုလ်ပေါက်ကာ ရဟန္တာ အဖြစ်သို့ ရောက်ရန် အတွက်သာ ဖြစ်ကြောင်းကို ဘုရားမြတ်စွာက ဤသုတ်တွင်ရှင်းလင်းပြတော်မူခဲ့၏။

(၇) **ဇာလိယသုတ်။** ။ဤသုတ်သည် အတ္တ ရုပ စသော ပြဿနာများနှင့် စပ်လျဉ်း၍ ဆွေးနွေးသော သုတ်ဖြစ်၏။ အတ္တ ရုပ ပြဿနာ တို့ကို မဟာလိသုတ်၌လည်း ဆွေးနွေးထားပေသည်။

(၈) **ကဿပသီဟနာဒသုတ်။** ။အာဇီဝက ဂိုဏ်းဝင် ကဿပ ရသေ့ကို အကြောင်းပြု၍ ဤသုတ် ဖြစ်ပေါ်လာရလေသည်။ ကဿပသည် ဘုရားမြတ်စွာထံ ချဉ်းကပ်ပြီး အကျင့်သီလများနှင့် စပ်လျဉ်း၍ ပြောဆိုဆွေးနွေး၏။အထူးသဖြင့် ဤသုတ်၌ အာဇီဝက ရသေ့ တို့၏ အကျင့်များနှင့် ပတ်သက်သည့် အကြောင်းများကို တွေ့ရှိရလေသည်။

[ ကဿပသီဟနာဒသုတ် စုဆောင်း ချိန်ဝယ်, ဇမ္ဗူဒိပ ပြည်၌ 'အတ္တကိလမထာနုယောဂ' ကိုယ် ကိုယ်ကို ညှဉ်းပန်း

နှိပ်စက်ကလူပြုသော အကျင့်သည် အတော်အတန် ခေတ်စား လျက်နေပြီဟု အနောက်တိုင်း အမျိုးသမီးပညာရှိ 'မစ္စစ် ရိုးဇ်ဒေဝစ်' (လန်ဒန်ဒေဝိ) ကဆို၏ ]

(၉) ပေါဋ္ဌပါဒသုတ်။ ။ဤသုတ်ကိုဟောပြောရခြင်းကား 'ပေါဋ္ဌပါဒ' အမည်ရှိသော ပရိဗိုဇ်ကို အကြောင်း ပြု၍ ဖြစ်သည်။ဘုရားမြတ်စွာသည် အနာထပိဏ်သူဌေး လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတိုက်၌ နေတော်မူစဉ်, ပေါဋ္ဌပါဒ သည် ၃ရိဗိုဇ် ရဟန်းတို့နှင့်အတူ မလ္လိကာရုံသို့ သွားရောက်၏။ ထိုအခါ ဘုရားမြတ်စွာသည် ပေါဋ္ဌပါဒ ထံ ကြွလာတော် မူရာ, ပေါဋ္ဌပါဒက အရိအသေပေး၏။ဤသုတ်ကား, သမာဓိ ဆောက်တည်ခြင်းနှင့် အတ္တ ပြဿနာတို့နှင့် ပတ်သက်သော သုတ်ဖြစ်သည်။

(၁၀) သုဘသုတ်။ ။သုဘသုတ်ကား သာမညဖလသုတ်နှင့် အလားတူလိုလိုပင်ဖြစ်သည်။ သို့သော် သာမညဖလသုတ်နှင့် အောက်ပါအချက်တွင် ကွဲလွဲလေသည်။သုဘသုတ်တွင် စိတ်၏ အဆင့်အတန်းကို (၁)သီလ(၂)သမာဓိ(၃)ပညာဟူသော အစဉ်ဖြင့် ပိုင်းခြားအပ်ပေသည်။

(၁၁) ကေဝဋ္ဋသုတ်။ ။ဤသုတ်ကား အံ့ဘွယ်သင့်များ, တန်ခိုးဣဒ္ဓိပါဒ်များနှင့်စပ်လျဉ်း၍ ဟောကြားထားသော သုတ် ဖြစ်သည်။

(၁၂) လောဟိစ္စသုတ်။ ။ဤလောဟိစ္စသုတ်တွင် 'အမှန် တရားကိုလူတိုင်းဖြန့်ဝေအပ်ကြောင်း' ရှင်းလင်းဖော်ပြထား၏။ ဤသုတ်အလိုအရ, လူတိုင်းသည် ပညာရပ်များကို ဆည်းပူး ခွင့်ရှိရမည်။လူတိုင်းလူတိုင်းပင် တပါးသူတို့အား သင်ကြားပြသ ပေးစွမ်းနိုင်မည့်အရည်အချင်းများနှင့် ပြည့်စုံလေရာ,လူတိုင်း

လူတိုင်းပညာများကို ဖြန့်ဝေပေးခွင့်ရှိရမည်။သို့ ဖြန့်ဝေရာ၌ အာစရိယ ဟတ္ထမုဋ္ဌိ (ဆရာ့လက်ဆုပ်၊ မှန်ဘုပ်) မရှိစေရ။ မိမိကိုယ်တိုင် အမှန် တရားကို မလေ့လာ မသင်ယူဘဲလျက် တပါးသူကို သင်ကြားပြသမပေးရ။

(၁၃) တေဝိဇ္ဇသုတ်။ ။ဤသုတ်တွင် ဘုရားမြတ်စွာသည် အသက်သတ်ကာ ယဇ်ပူဇော်ပသလေ့ရှိသော ပုဏ္ဏားတို့၏ အယူဝါဒကိုယုတ်ချကာ, ဗြဟ္မာနှင့်တွေ့ဆုံရန် ဗေဒသုံးပုံကို ကြိုးစားအားထုတ်ကြသောပုဏ္ဏားတို့၏ အကျိုးမဲ့ပုံကိုလည်း အတိအလင်းရှင်းပြတော်မူသည်။ဗေဒသုံးပုံကိုတတ်ကျွမ်းရုံမျှဖြင့် ဗြဟ္မာနှင့် မတွေ့ဆုံနိုင်။ မေတ္တာ,ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးကို ကျင့်သုံးဆောက်တည်မှသာလျှင် ဗြဟ္မာကြီးနှင့် တွေ့ဆုံနိုင် မည်ဖြစ်ကြောင်းကို ဝါသေဋ္ဌဘာရဒွါဇ ပုဏ္ဏားအား ဘုရားမြတ်စွာက ရှင်းလင်းမြွက်ကြားတော်မူ၏။ ဘာသာဟောင်း ဖြစ်သော ဗေဒအယူနှင့် ဘာသာသစ် ဖြစ်သည့် ဗုဒ္ဓ အယူတို့၏ ဆက်သွယ်ပုံကိုလည်း ဤသုတ်တွင်ရှင်းလင်းစွာဖော်ပြထားသည်။

ဗုဒ္ဓအလို-- ပု,ဒိ,အာ = ဝိဇ္ဇာသုံးပါး။
ဗြာဟ္မဏအလို--သာမ,ယဇု,ဣရု = ဝိဇ္ဇာသုံးပါး။

(၁၄) မဟာပဒါနသုတ်။ ။ဤနေရာ၌ 'အပဒါန' ပုဒ်သည် ဘုရားမြတ်စွာ၏ အဋ္ဌုပ္ပတ္တိကို ဆိုလိုသည်။

'မဟာ+အပဒါန' ဟူသည် ခုနစ်ဆူသော ဘုရားမြတ်စွာတို့၏ အဋ္ဌုပ္ပတ္တိကိုဆိုလိုခြင်းဖြစ်ရပေမည်။ခုနစ်ဆူသော ဘုရားမြတ်စွာတို့၏အဋ္ဌုပ္ပတ္တိ ဆိုစေကာမူ,အထူးသဖြင့် ဝိပဿီဘုရားမြတ်စွာ၏ အဋ္ဌုပ္ပတ္တိကိုအကျယ်တဝင့် ဖော်ပြထားသည်၊

(၁၅) **မဟာနိဒါနသုတ်**။ ။မဟာနိဒါနသုတ်တွင် ပဋိစ္စသမုပ္ပါဒ်တရား အကြောင်း အသေးစိတ် ဆွေးနွေးထားရုံမျှမက,အတ္တအကြောင်း, ပုဂ္ဂိုလ်ခုနစ်ဦးအကြောင်း, ဝိမောက္ခရှစ်ပါးအကြောင်းတို့ကိုလည်း အကျယ်တဝင့် ဖော်ပြထား၏။ ဇာတိ,ဇရာ, ဗျာဓိ, မရဏတို့၏ အကြောင်းရင်းဖြစ်သည့် အဝိဇ္ဇာ တရား အကြောင်းကိုလည်း ရှင်းလင်းထားသည်။ ပိဋကတ သျှောက်လုံးတွင် ပဋိစ္စသမုပ္ပါဒ် တရားအကြောင်းကို ဤသုတ်၌ အပြည့်စုံဆုံးရှင်းလင်း ဖော်ပြထားသည်ကိုတွေ့ရှိရ၏။

(၁၆) **မဟာပရိနိဗ္ဗာနသုတ်**။ ။ဘုရားမြတ်စွာ၏နောက်ဆုံးဖြစ်စဉ် အကြောင်းအရာတို့ကို ပြည့်ဝကုံလုံစွာ ရရှိနိုင်ရေးအတွက်,ဤသုတ်သည် အထူး အရေးကြီးလှ၏။ စာပေဘက်ကနေ၍ ကြည့်ပြန်လျှင်လည်း, မဟာပရိနိဗ္ဗာနသုတ်၏စာသွားစာလာသည် စကားအချေအတင် ပြောနည်း သဘောမျိုးလည်းမဟုတ်, တရားရိုးရိုး ဟောကြားနေသော အမနေအထားလည်းမဟုတ်သောကြောင့် အခြားသုတ်များနှင့်မတူ, တဘာသာဟုဆိုရပေမည်။ဘုရားမြတ်စွာ၏ အဋ္ဌုပ္ပတ္တိနောက်ပိုင်းကိုတဆက်တည်းဖော်ပြသောမှတ်တမ်းဖြစ်သဖြင့်လည်း, ဘုရားမြတ်စွာ၏ နောက်ဆုံးမိန့်ခွန်း,နောက်ဆုံးတရားတော်များနှင့် ဘုရားမြတ်စွာ မည်သို့ ပရိနိဗ္ဗာန် စံလွန်တော်မူပုံကို ဤသုတ်၌ အသေးစိတ်တွေ့ရှိနိုင်ပေသည် ။ဤသုတ်ကို ဘုရားမြတ်စွာ၏ နောက်ပိုင်း အဋ္ဌုပ္ပတ္တိ မှတ်တမ်းဟု ခေါ်ဆိုရပေမည်။ပါဠိပိဋကတော်တသျှောက်တွင်အဋ္ဌုပ္ပတ္တိမှတ်တမ်းများကား အလွန်ရှားပါး လှဘိရာ, ထိုရှားပါး လှဘိသော

ကျမ်းများတွင် မဟာပရိနိဗ္ဗာနသုတ်သည် တခုအပါအဝင် ဖြစ်လေသည်။

အခြားရှည်လျားသော သုတ်တော်များမှာ ကဲ့သို့ပင် ဤသုတ်တွင် ရှေးကျ၍ တကယ့်အချက်အလက် အစစ်အမှန်များ ပါဝင်သည်နှင့် အချို့စိတ်ကူးဉာဏ် အထင်အမြင်ဖြင့် ရေးသား ထည့်သွင်းသော နောက်နှောင်း အချက် အလက် များကိုလည်း တွေ့ရှိနိုင်ပေသည်။

မြောက်မြား လှစွာသော လူအပေါင်းတို့သည် ဘုရား မြတ်စွာ၏ရူပနိကာယ်ကြောင့် ဘုရားမြတ်စွာကို မည်သို့ကြည်ညို လေးစားကြကြောင်း, ဘုရားမြတ်စွာ၏ ရည်ရွယ်ရင်း အချုပ် အခြာဝါဒကား "သက်ရှိ-သက်မဲ့ အစုအဝေး မှန်သမျှသည် ယိုယွင်းပျက်စီးတတ်သောသဘောရှိကြောင်း, လူတိုင်းလူတိုင်း မိမိလွတ်လပ်မှုကို မိမိကိုယ်တိုင်ကြိုးပမ်းအားထုတ်သင့်သည်" ဟူသောဝါဒ ဖြစ်ကြောင်း, ဘုရားမြတ်စွာသည် မည်သို့ပရိ နိဗ္ဗာန်စံလွန်တော်မူရပုံ အကြောင်းတို့ကို ဤသုတ်တွင် အထင် အရှား ရှင်းလင်းဖော်ပြထား၏။

'ဝဿကာရ' ပုဏ္ဏားဘုရားမြတ်စွာထံ သွားရောက်ဖူးတွေ့ ခန်း....ရဟန်းသံဃာတို့ ကောင်းရာ ကောင်းကျိုး အတွက် အခြေခံ (၇) ချက်....မြေငလျင် လှုပ်ရသည့် အကြောင်းရင်း (၈) ကြောင်း....တပါးသူတို့အား နှိပ်နင်းရမည့် အကြောင်း ရင်း (၈) ကြောင်း....စုန္ဒထံ ဘုရားမြတ်စွာကြွတော်မူကြောင်း.... သုဘဒ္ဒပရိဗိုဇ်သည် ဘုရားမြတ်စွာထံ သွားရောက်ဖူးမျှော် ပြီးလျှင် သူသိလိုသော ပြဿနာများအတွက် ဘုရားမြတ်စွာ နှင့် ဆွေးနွေးပုံအခန်း....ဘုရားမြတ်စွာပရိနိဗ္ဗာန်စံလွန်တော် မူသောအခါ မလ္လာမင်းတို့သည် ဘုရားမြတ်စွာကို မည်သို့

မည်ပုံ အရှိအသေပြုကြသည့် အကြောင်း....ဘုရားမြတ်စွာ၏ ခါတ်တော်များအတွက် မည်သို့ အငြင်းပွါးကြပုံ....နောက်ဆုံး၌ ဒေါဏပုဏ္ဏား ဓါတ်တော်များကို ခွဲဝေကာ ပုထိုး တည်ပုံ အကြောင်းတို့ကို ဤသုတ်မှ အစုံအလင် သိရှိနိုင်ပေသည်။

'ဗေဒ္ဓုဝ'ရွာတွင် ဘုရားမြတ်စွာ နာမကျန်း ဖြစ်ရသည် ဟူသောအချက်....ဘုရားမြတ်စွာသည် အာစရိယဟတ္ထမုဋ္ဌိမထား-ရဟန်းတို့၏ အကြီးအကဲအဖြစ် ဘုရားမြတ်စွာသည့် မည်သူကိုမျှ မခန့်အပ်လို....တရားဒေသနာတော်များကို လိုက်နာနေသျှ ရဟန်းတို့အဘို့ ခေါင်းဆောင်အကြီးအကဲမဆိတ်သုဉ်း....လွတ်လပ်မှုအတွက် လူတို့သည် "အတ္တသရဏ"ကိုယ့်ကိုယ်ကိုသာလျှင် အားကိုးသင့်ကြောင်း...."အတ္တဒီပ"ကိုယ့်မှီခိုရာကျွန်းကြီး,ကို ကိုယ်ကိုယ်တိုင်သာလျှင် တည်ဆောက်သင့်ကြောင်း ဘုရားမြတ်စွာက ဟောကြားခဲ့သည်ဟူသောအချက်....ဘုရားမြတ်စွာရုတ်ခြည်း ပရိနိဗ္ဗာန်စံလွန်တော်မူခြင်းကြောင့် ညီတော်အာနန္ဒာ မည်သို့ ပူဆွေးဒုက္ခ ရောက်သည်ဟူသော အချက်...ဤအချက်တို့ကား ရေးအလွန်ကျ၍ မှန်ကန်တိကျသော အချက်အလက်များဖြစ်ကြသည်။တရားဒေသနာတော်များကို ဟောပြညွှန်ကြားရာ၌ ဘုရားမြတ်စွာသည် သာမန်ပုဂ္ဂိုလ် အနေဖြင့်သာ ညွှန်သင်ညွှန်ကြားခဲ့သည်ဆိုရာ၌လည်း, မှန်ကန်တိကျသောအချက်ပင်တည်း။

သို့သော်,တန်ခိုးပြာဋိဟာနှင့်ပတ်သက်သည့်အခန်းများ....ဘုရားမြတ်စွာသည် မိမိအလို အလျောက် ပရိနိဗ္ဗာန် စံလွန်တော်မူလိုသောကြောင့်သာ ပရိနိဗ္ဗာန် စံလွန်တော် မူရသည်။ အကယ်၍ဘုရားမြတ်စွာသည် ပရိနိဗ္ဗာန်မစံယူလိုသေးသော်

ပရိနိဗ္ဗာန် မစံဘဲ နေတော်မူနိုင်သေးသည် ဟူသောအချက်....ဤအချက်များသည် မူရင်းသုတ်တော်တွင် ပါဝင်ဟန်မတူ။ နောက်မှ ဖြည့်စွက်ထည့်သွင်းထားဟန် တူပေသည်။

'မူရင်းပရိနိဗ္ဗာနသုတ်သည် ယခု လက်ရှိ မဟာပရိနိဗ္ဗာနသုတ်ကဲ့သို့မရှည်လျားလှ။ ယခုလက်ရှိအရွယ်အစား ဖြစ်ရန် ဖြည့်စွက်ချက်များ နောက်မှထည့်သွင်းကြသည်' ဟူ၍ အချို့သူတို့အယူရှိကြ၏။ ထိုသူတို့ယူဆချက်သည် မှန်ကန်သည်ဟု ဆိုပါက, တန်ခိုးပြာဋိဟာခန်းများနှင့် ဓာတ်တော် များကို ပူဇော်တည်သည် ဟူသော အခန်းများသည် နောက်မှဖြည့်စွက်ခြင်းဖြစ်ရမည်။

(၁၇) **မဟာသုဒဿနသုတ်**။ ။ဤသုတ်သည် 'မဟာသုဒဿန' မင်းကြီး၏ချမ်းသာကြွယ်ဝပုံနှင့် 'ကုသာဝတီ' နေပြည်တော်ကြီး၏ တင့်တယ်ခမ်းနားပုံတို့ကို ဖော်ပြသော သုတ်ဖြစ်၏။ ဤသုတ်ကိုဟောပြောရခြင်းအကြောင်းကား "ဖြစ်လျှင်ပျက်တတ်သော သဘောတရားနှင့် အရာဝတ္ထုမှန်သမျှသည် အနိစ္စသဘောသာလျှင်ဖြစ်ကြောင်းပြသနိုင်ရန်နှင့် အမှန်တရားမှအပ အားလုံးသောအရာတို့သည်အချည်းနှီးပင်ဖြစ်ကြောင်း" ထင်ရှားစေရန်ပင်ဖြစ်၏။

(၁၈)**ဇနဝသဘသုတ်**။ ။ဤသုတ်၌ဝတ္ထုဝတီ သာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတ ဝသဝတ္တီ, စတုမဟာရာဇ်, ဝေဿဝဏ်နှင့် ကုဝေရနတ်တို့၏ အကြောင်းများသာမက, ဘုရားမြတ်စွာ၏ တရားတော်ကို ကြားနာရသဖြင့် နှစ်သန်းလေးသိန်းကုန်သော မဂဓတိုင်းသားတို့ သောတာပတ္တိဖိုလ်၌ တည်ကြကြောင်း ဖော်ပြထားလေသည်။

(၁၉) **မဟာဂေါဝိန္ဒသုတ်။** ။ရှေးခေတ်ဗုဒ္ဓနိုယပြည်ရာဇ-ဝင်ကြောင်းနှင့် ပထဝီဝင်ကြောင်းဘက်ကနေ၍ ကြည့်ပါမူ, ဤသုတ်သည် အထူးအရေးကြီးသော သုတ်တခုဖြစ်၏။ ဤသုတ်တွင်နိဗ္ဗာန်နှင့်နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်းလမ်းစဉ်ကို ဆွေးနွေးထားရုံမျှမက ခုနစ်ယောက်သော ဇနီးမယားတို့နှင့်အတူ မဟာဂေါဝိန္ဒသည် များလှစွာသော အခြွေအရံတို့နှင့် တောထွက်ပုံ အကြောင်းကိုလည်း ဖော်ပြထား၏။

(၂၀) **မဟာသမယသုတ်။** ။ဤသုတ်သည်ရှေးဗုဒ္ဓနိုယပြည်၌ ဗုဒ္ဓဘာသာ ထွန်းကားစဉ်အချိန်ဝယ်, ထိုခေတ်ထိုလူမျိုးတို့ ကိုးကွယ်ကြသောနတ်များ,ဗြဟ္မာများအကြောင်းကို စုံလင်စွာ ဖော်ပြသောသုတ်ဖြစ်သည်။

(၂၁) **သက္ကပဉှသုတ်။** ။ဤသုတ်ကား, သိကြားမင်းနှင့် ပဉ္စသိခနတ်သားကို အကြောင်းပြု၍ ပေါ်ပေါက်လာရ၏။အခါ တပါးသိကြားမင်းသည် ဈာန်ဝင်စားနေတော်မူသော ဘုရားမြတ်စွာကို ချဉ်းကပ်ရန် မစွမ်းနိုင်ရကား, စောင်းအရာတွင် ကျွမ်းကျင်လှသောပဉ္စသိခနတ်သားကို အကူအညီတောင်းကာ, ပဉ္စသိခ၏ငြိမ့်ငြောင်းသာယာလှသော စောင်းသံဖြင့် ဘုရားမြတ်စွာကို ဈာန်သမာပတ်မှ ထစေတော်မူ၏။ သာယာငြိမ့်ငြောင်းလှသော စောင်းသံကို ကြားတော်မူရာတွင်, ဘုရားမြတ်စွာသည် ပဉ္စသိခနတ်သားအား နှုတ်ခွန်း ဆက်တော်မူ၏။ ယင်းသည့်အခါဝယ် ပဉ္စသိခနတ်သားက, သိကြားမင်းသည်ဘုရားမြတ်စွာအား ဖူးတွေ့လိုကြောင်း လျှောက်ထားသဖြင့် ဤသက္ကပဉှသုတ်ကိုဘုရားမြတ်စွာက ဟောကြားတော်မူ၏။

ဘုရားမြတ်စွာသည် ဤသုတ်တွင်, ကမ္ဘာ့ငြိမ်းချမ်းရေး အစစ်အမှန် မရနိုင်ခြင်း၏အကြောင်းများကို အသေးစိတ်အကြောင်းအကျိုး ဆက်၍ပြသတော်မူသည့်ပြင်, ထာဝရငြိမ်းချမ်းရေး၏ အဓိက အကြောင်းအချက်များကိုလည်း ရှင်းပြထားတော်မူလေသည်။

(၂၂) **မဟာသတိပဋ္ဌာနသုတ်။** ။ဤသုတ်သည် ဗုဒ္ဓဘာသာတရားတော်၏ အခြေခံ တရားဖြစ်သော(၁)ကာယာနုပဿနာ(၂)ဝေဒနာနုပဿနာ(၃)စိတ္တာနုပဿနာ(၄)ဓမ္မာနုပဿနာ တည်းဟူသော သတိပဋ္ဌာန်လေးပါးအကြောင်းကို ညွှန်ပြသော သုတ်ဖြစ်သည်။ သတိပဋ္ဌာန် လေးပါးကိုလက်ကိုင်ထားမှသာလျှင် မြတ်သော လမ်းစဉ်ကို ရနိုင်မည် ဖြစ်ကြောင်း ဘုရားမြတ်စွာက ရဟန်းတို့အား ဤသုတ်ဖြင့်သတိပေးနှိုးဆော်ခဲ့၏

(၂၃) **ပါယာသိသုတ်။** ။ပါယာသိသုတ်ကို သုံးကန့်, ကန့်ထား၏။ ပဌမအကန့်၌ သေတဗျပြည့်တွင် "ကုမာရကဿပ"သည့်ရဟန်းများနှင့် သီတင်းသုံးနေစဉ်,သေတဗျဘုရင် ပါယာသိနှင့် 'ပရလောကရှိ-မရှိ' စကားဆွေးနွေးခန်းကိုဖော်ပြထား၍, ဒုတိယ အကန့်တွင် ပါယာသိနှင့် သူ၏တပည့် 'ဥတ္တရ'တို့ စကားအချေအတင်ပြောကြခြင်းတို့ကိုရှင်းပြကာ, တတိယအကန့်ဝယ်ပါယာသိနှင့်'ဂဝမ္ပတိ'မထေရ်တို့ 'သေရီသက' ဗိမာန်တွင် ဆွေးနွေးပြောဆိုခြင်းတို့ကိုရေးသားထားလေသည်။

(၂၄) **ပါဋိကသုတ်။** ။ဤသုတ်ကို ဟောပြောရခြင်းအကြောင်းမှာ,လိစ္ဆဝိတိုင်းသား'သုနက္ခတ္တ'ကြောင့်ဖြစ်၏။သုနက္ခတ္တကား,ပကတူးက ဘုရားမြတ်စွာ၏ တပည့်ရဟန်းဖြစ်သည်။

သို့သော်နောက်အဘို့၌ ဘုရားမြတ်စွာ၏ သာသနာဘောင်မှ ထွက်ခွါကာ ဘုရားမြတ်စွာ၏ တရားဒေသနာတော်များကို အလွဲသုံးစားပြုသောကြောင့်,ဘုရားမြတ်စွာက သုနက္ခတ္တ၏ စောဒနာတက်ချက်များကို ကိုယ်တော်တိုင်ချေပကာ တရားဒေသနာတော်များကို ကိုယ်တော်တိုင်ရှင်းလင်းဖေါ်ပြတော်မူ၏။

(၂၅) **ဥဒုမ္ဗရိကသီဟနာဒသုတ်။** ။ဤသုတ်တွင်ဘုရားမြတ်စွာသည် "ပြဟ္မစာရီ" အကြောင်းကို ရှင်းလင်းဟောကြားတော်မူသည်။

(၂၆) **စက္ကဝတ္တိသီဟနာဒသုတ်။** ။ဘုရားမြတ်စွာသည် တပည့်သား သာဝက ရဟန်းများအား သတိပဋ္ဌာန်တရားလေးပါးတို့ကို မည်သို့ လေ့ကျင့် စောင့်ထိန်းသင့်ကြောင်း ဟောကြားပုံနှင့် ဒဠှနေမိ စကြာဝတေးမင်း အကြောင်းကို ဖေါ်ပြသောသုတ်ဖြစ်သည်။

(၂၇) **အဂ္ဂညသုတ်။** ။ခတ္တိယ, ဗြာဟ္မဏ, ဝေဿ, သုဒ္ဒ ဟူသောအမျိုးလေးပါးတွင် ဗြာဟ္မဏတို့က သူတို့သာလျှင် အမြတ်ဆုံးဟုယုံကြည်ကြ၏။ဘုရားမြတ်စွာက လူမျိုးရေးတွင် မွန်မြတ်သော အမူအကျင့်သာလျှင် အမြတ်ဆုံးဖြစ်ကြောင်း ရှင်းလင်းဖေါ်ပြရုံမျှမက မှန်ကန်ခြင်း, တရားမျှတခြင်းသည် သာလျှင်အမြတ်ဆုံးအမျိုးစဉ်,အနွယ်စဉ်ဖြစ်ကြောင်းဤအဂ္ဂညသုတ်တွင် ထင်ရှားစေသည်။

(၂၈) **သမ္ပသာဒနီယသုတ်။** ။ဤ**သုတ်**ကား ဘုရားမြတ်စွာသည် 'ပါဝါရိက' သရက်တော၌ သီတင်းသုံးနေစဉ် ရှင်သာရိပုတြာသည် ဘုရားမြတ်စွာကို သွားရောက် ဖူးမြင်

ကြောင်း ဖော်ပြသောသုတ်ဖြစ်သည်။ ဤသုတ်တွင် ရှင်သာရိပုတြာကိုယ်တိုင် ဘုရားရှင်၏ ဂုဏ်တော်များကို အကျယ်တဝင့်အမွှန်းတင် လျှောက်ဆိုချက်များပါဝင်၏။

(၂၉) **ပါသာဒိကသုတ်**။ ။အပြစ်ကင်းသော ဘာသာရေးဂိုဏ်းအကြောင်းကို ဤသုတ်၌ရှင်းလင်း ထင်ရှားစေသည်။ ပါဝါပြည်စုန္ဒရဟန်းကိုအကြောင်းပြု၍ ဤသုတ်ကိုဟောသည်။

(၃၀) **လက္ခဏသုတ်**။ ။ဤလက္ခဏသုတ်တွင်သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာ အကြောင်းကို စုံလင်စွာ ရှင်းလင်းပြထား၏။

(၃၁) **သိင်္ဂါလောဝါဒသုတ်**။ ။ဤသုတ်ကား အိမ်ယာထောင်ထား လောကီသားတို့အတွက် အလွန်အရေးကြီးသော သုတ်တခု ဖြစ်၏။ အိမ်ထောင်သည် လောကီသား တဦး၏ လိုက်နာရမည့် 'ပြင်ပ ပေါင်းသင်းဆက်ဆံရေး တာဝန်ဝတ္တရားများ' နှင့် 'အိမ်တွင်းတာဝန်ဝတ္တရားများ' ကို ဤသိင်္ဂါလောဝါဒ သုတ်တွင် မြောက်မြားစွာ ဖော်ပြထားသည်။ ပိဋကတော်တလျှောက်လုံးတွင်, ဤအိမ်ထောင်သည်လောကီသား လူဝတ်ကြောင်တို့ အဘို့ဟောကြားခဲ့သောသုတ်များကားအလွန်ရှားပါးလှဘိရာ, ထိုရှားပါးလှသောသုတ်များအနက် ဤသိင်္ဂါလောဝါဒသုတ်သည် တခုအပါအဝင်ဖြစ်၏။ လောကီသား လူဝတ်ကြောင်တို့အတွက် ဘုရားမြတ်စွာက ဩဝါဒမပေးခဲ့, သွန်သင်ချက် မထားခဲ့သောကြောင့် မဟုတ်ပေ။ ဘုရားမြတ်စွာ၏ သွန်သင်ချက်ဩဝါဒများကို စုဆောင်းသော ပုဂ္ဂိုလ်များက လူဝတ်ကြောင်တို့နှင့် ပတ်သက်သော ညွှန်ကြားချက်များကို ရဟန်းတော်တို့အတွက် သွန်သင်ချက် များကဲ့သို့ဂရုတစိုက်သိုမှီးခြင်း, စုဆောင်းခြင်း မပြုခဲ့ကြသောကြောင့်သာ

ဖြစ်ဟန်တူ၏။ ထိုကြောင့် သိဂါလောဝါဒသုတ်ကို လူဝတ်ကြောင်တို့သည် အထူးလေ့လာဆည်းပူးအပ်လှကြောင်း။

(၃၂) **အာဋာနာဋိယသုတ်။** ။ဤ သုတ်ကား ဘုရားမြတ်စွာကို မကြည်ညို, မမြတ်နိုးသောနတ်များ, ဂန္ဓဗ္ဗများ, ယက္ခများသည် ဘုရားမြတ်စွာ၏ ဥပါသကာနှင့် ဥပါသိကာတို့အား အနှောင့်အယှက် ပေးခဲ့သော် မည်သို့မည်ပုံ ချွတ်လွှဲရမည့်အကြောင်း ညွှန်ပြသောသုတ်ဖြစ်၏။

(၃၃) **သင်္ဂီတိသုတ်။** ။ဤသုတ်ကား ရှင်သာရိပုတြာသည် တရားတော်ကို မည်သို့ရှင်းလင်းကြောင်း ဖော်ပြသောသုတ်ဖြစ်၏။

(၃၄) **ဒသုတ္တရသုတ်။** ။ဤသုတ်ကား, ဓမ္မအချက်စုများကို ဖော်ပြသောသုတ်ဖြစ်သည်။

ဥပမာ—
ဝဟုကာရတပါး = အပ္ပမာဒ၊
ဝဟုကာရနှစ်ပါး = သတိ၊ သမ္ပဇည၊
ဝဟုကာရသုံးပါး = သပ္ပုရိသသံသေဝ၊
သဒ္ဓမ္မသဝန၊
ဓမ္မာနုဓမ္မပဋိပတ္တိ၊
စသည်တို့တည်း။

———o———

## "မဇ္ဈိမနိကာယ်"

မဇ္ဈိမနိကာယ်တွင် သုတ်ပေါင်း တရာနှင့်ငါးဆယ် ရှိလေသည်။ ထိုသုတ်(၁၅၀)-ကို 'ပညာသက' ဟူ၍ ငါးဆယ်စီသန့်ကာ သုံးတန့်, တန့်ထားပြန်သည်။အချို့သုတ်များသည် ဘုရားမြတ်စွာ ကိုယ်တော်တိုင်၏ တရားဒေသနာတော်များ

ဖြစ်ကြ၍, အချို့ကား ဘုရားမြတ်စွာ၏တပည့်သား သာဝကကြီးများ၏ညွှန်ကြားချက်များဖြစ်ကြလေသည်။ မဇ္ဈိမနိကာယဝင်သုတ်များမှာ 'စကားပြေ' ဖြင့်များပြား၍ 'စကားပြေဂါထာနှစ်ထွေရောစပ်သောသုတ်များ' ကို မူအချို့သာလျှင်တွေ့ရသည်။ ဂါထာသက်သက်ဖြင့်ပြုစုထားသော သုတ်များကား နည်းလှပါဘိ၏။ ၎င်းပြင်သုတ်များ၏ သက်တမ်းကို ဝေဖန်လျှင်လည်း သုတ်အချို့သာလျှင် ရှေးရှေးက ပေါ်ပေါက်ခဲ့၍ အခြားသုတ်များမှာမူကား ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံလွန်ပြီးနောက် ခေတ်အတန်နှောင်းမှပြုစုသော သုတ်များဟု ခေါ်ဆိုရပေမည်။ မဇ္ဈိမနိကာယ်တွင် သုတ်အရေအတွက်များပြားရခြင်း အကြောင်းရင်းကား သုတ်ဝင်အကြောင်းအရာများသည် အမျိုးအစားအားဖြင့်၎င်း, တန်ဘိုးအားဖြင့်၎င်း တခုနှင့် တခုကွဲပြားခြင်းကြောင့်ဖြစ်သည်။

မဇ္ဈိမနိကာယ်ဝင် သုတ်များတွင် ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် အချက်အလက်မှန်သမျှကို တင်းပြည့် ကျပ်ပြည့် စုံလင်စွာ ဖေါ်ထုတ်ထားပေသည်။ သစ္စာလေးပါး တရားအကြောင်း၊ ကံ, ကံ၏အကျိုး၊ တဏှာ၏ ဆိုးဝါးပုံ၊ အတ္တဝါဒကို ပယ်ဖျက်ရန်၊ နိဗ္ဗာန်နှင့် ဈာန် အကြောင်းများကို ဒေသနာအမျိုးမျိုးဖြင့် ဆွေးနွေးထား၏။ ရံဖန်ရံခါ, အချို့ဒေသနာများသည် ပျင်းရိငြီးငွေ့ဘွယ် ကောင်းသော်လည်း, အများအားဖြင့် စကားအချေအတင် ပြောခန်းများ ပါဝင်သော သုတ်တော်များမှာမူကား, အထူးစိတ်ဝင်စားဘွယ်ရာကောင်းလှ၏။

ဘုရားမြတ်စွာ၏ ဒေသနာများအပြင်, မဇ္ဈိမနိကာယ်တွင်, ရှေးခေတ်- ဣန္ဒိယပြည်၌ လူတို့ မည်သို့ နေထိုင်စားသောက်

လုပ်ကိုင်ခဲ့ကြသည်၊ လူမျိုးရေးနှင့် ပတ်သက်၍ ရှေးခေတ်ဣန္ဒိယလူမျိုးတို့ မည်သို့မည်ပုံ သဘောထားကြသည်-စသော အချက်အလက်များကိုလည်း တွေ့ရှိနိုင်ပေသည်။ ထိုပြင်တဝယဇ်ပူဇော်ပသခြင်းကို ပုဏ္ဏားတို့ မည်သို့တန်ဘိုးထားကြပုံ, အသက်သတ်ကာ, ယဇ်နတ်ကို မည်သို့ရာပ်ကျွေးပုံ-အစရှိသည့် ဗဟုသုတဖြစ်ဘွယ် အချက်အလက်များလည်း, မဇ္ဈိမနိကာယ ကျမ်းတွင် မြားမြောင်လှရုံမက,ရှေးခေတ်ဣန္ဒိယပြည်၌'သမဏ' နှင့် 'ဗြာဟ္မဏ' အမည်ခံ ပုဂ္ဂိုလ်တို့ မည်သို့ ကျင့်ကြံနေထိုင်ခဲ့ကြသည်- စသော ကျင့်ထုံး ကျင့်နည်း တို့ကိုလည်း အများအပြား လေ့လာ နိုင်သည်။ ရာဇဝင်ကြောင်းအရ ဘုရားမြတ်စွာနှင့် ဇိန (ဂျိန်း)ဂိုဏ်းသားတို့ မည်သို့အဆက်အသွယ်ရှိပုံကို မဇ္ဈိမနိကာယ်ကျမ်းမှပင် သိရှိရ၍ ထိုခေတ် ထိုအခါက ဣန္ဒိယပြည်၏ နိုင်ငံရေး အခြေ အနေ တို့ကိုလည်း ဤမဇ္ဈိမနိကာယ်ကပင်လျှင် ပေးစွမ်းပေသည်။

## ''မဇ္ဈိမနိကာယ်ဝင် သုတ်များ''

(၁) မူလပရိယာယသုတ်။ ။ဤသုတ်ကား,ဗုဒ္ဓသာသနာတခုလုံး၏ 'သဗ္ဗဓမ္မ ပရိယာယ' (အဓိကမဏ္ဍိုင်ကြီး) ဟု ဆိုရပေမည်။ဤသုတ်ဘွင်, ဘုရားမြတ်စွာသည် မိမိနှင့် တခေါက်တည်းပေါ်ပေါက်သော အဘိဓမ္မာအမျိုးမျိုးတို့ကို ဝေဖန်ချက်နှင့် ရှင်းလင်းဖေါ်ပြခဲ့ရုံမျှမက, ထိုခေတ်ပြိုင် အဘိဓမ္မာတို့သည် ဗုဒ္ဓဘာသာဝါဒနှင့် မည်သို့မည်ပုံ ကွဲပြား ခြားနားကြောင်းကိုလည်း, ထုတ်ဖေါ်နှိုင်းခိုင်းခဲ့သည်။ ဤသုတ်သည်အဓိကအားဖြင့်, 'အတ္တဝါဒ' နှင့်စပ်လျဉ်း၏။ နိဗ္ဗာန်နှင့်ပတ်သက်သည်ကိုလည်းအနည်းငယ်ဖေါ်ပြထားပေသည်။ ဘုရားမြတ်စွာ၏အရိယာ

သာဝက များသည် ပဇာပတိ, ဗြဟ္မာ, အာဘဿရနတ် များ,သုဘကိဏှာ နတ်များ, ဝေဟပ္ဖလ, အဘိဘူ, အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန စသော ပုဂ္ဂိုလ်များကို တွေ့ရှိ သိရှိရကြောင်း ကိုလည်း ဤသုတ်မှပင် လေ့လာရပေသည်။

(၂) **သဗ္ဗာသဝသုတ်။** ။ဤသုတ်၏ အဓိက ရည်ရွယ်ချက်ကား အာသဝေါ တရားတို့ကို မည်သို့ မည်ပုံနှိပ်နင်း အောင်မြင်နိုင်ကြောင်း ပြည့်နှိန်ရန်ပင်ဖြစ်သည်။ သင်္ခါရတို့ကို ပညာဖြင့် ဆင်ခြင်သုံးသပ်နိုင်သောသူသာလျှင် အာသဝေါ တရားတို့ကို ဖျက်ဆီးနိုင်ကြောင်း။ကာမ, ဘဝ, ဝိဘဝ တဏှာ နောက်သို့ လိုက်ပါ နစ်မျောနေသူတို့အဘို့ အာသဝေါ တရားမှ မည်သို့မျှကင်းလွတ်နိုင်မည်မဟုတ်ကြောင်း ဤသုတ်ဖြင့် ဘုရားမြတ်စွာက ညွှန်ပြခဲ့၏။

(၃) **ဓမ္မဒါယာဒသုတ်။** ။ဤသုတ်ကို နှစ်ကန့်, ကန့်ထားသည်။ ပဌမအကန့်တွင် ဘုရားမြတ်စွာသည် နိဒါန်းအနေဖြင့် 'အာမိသဒါယာဒ' နှင့် 'ဓမ္မဒါယာဒ' ဘိက္ခုနှစ်မျိုးအကြောင်းကိုရှင်းလင်းပြ၏။ 'အာမိသဒါယာဒ ဘိက္ခု' ဟူသည် တရား ကျင့်သုံးရန် အတွက် ဆွမ်းဘောဇဉ် စသည်တို့ကို ခုံမင်သောရဟန်းဖြစ်၏။ ရောင့်ရဲခြင်းနှင့် စိတ်တည်ငြိမ်ခြင်းသည် ကိလေသာ အညစ် တရားတို့ကို သုတ်သင် ရှင်းလင်းပစ်နိုင်ခြင်းကြောင့် ဘုရား မြတ်စွာက 'ဓမ္မဒါယာဒ ဘိက္ခု' ကိုသာလျှင် ချီးကျူး၏။ ဒုတိယအကန့်တွင်, ရှင်သာရိပုတြာက ဆိတ်သုဉ်းရာအရပ်၌ တဦးတည်းနေကာ,ဈာန်ကျင့်သုံးခြင်းကို သွန်သင် ညွှန်ကြားခဲ့၏။လောဘ, ဒေါသ, မောဟ တည်းဟူသောတရားတို့ကို ပယ်ရှားရန်နှင့် မဂ္ဂင်ရှစ်ပါးကိုရှင်းလင်း

ခဲ့ရုံချမက,နိဗ္ဗာန်ရောက်ရာ,ရောက်ကြောင်းကျင့်စဉ်ကိုလည်း, ဤသုတ်တွင် ဖေါ်ထုတ်ထားသည်။

(၄) **ဘယဘေရဝသုတ်။** ။ဤသုတ်ကို'ဇာနုဿောဏိ' ပုဏ္ဏားကို အကြောင်းပြု၍ ဘုရားမြတ်စွာသည် ဟောကြားတော်မူခဲ့သည်။ ကြောက်ရွံ့ခြင်းနှင့် တိတ်လန့်ခြင်းသည် မည်သို့သော အကြောင်းများကြောင့် ဖြစ်ပေါ်လာကြောင်း, ဘုရားမြတ်စွာက ဤသုတ်၌ ရှင်းလင်းဖေါ်ပြခဲ့၏။

(၅) **အနင်္ဂဏသုတ်။** ။ဤသုတ်ကား, ဘုရား မြတ်စွာ ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သောသုတ်မဟုတ်။'ရှင်သာရိပုတြာ' နှင့် 'ရှင်မောဂ္ဂလာန်' တို့ပြောပြောခဲ့သောသုတ် ဖြစ်သည်။ ဤသုတ်တွင်, အာဇီဝက ဂိုဏ်းသား 'ပဏ္ဍုပုတ္တ' အကြောင်းကိုလည်း,ဖေါ်ပြထားသည်။ ဤသုတ်ကို မဇ္ဈိမနိကာယ်တွင်, ထည့်သွင်းထားရသည့်အကြောင်းကား,ဘုရားမြတ်စွာကိုယ်တော်တိုင် ဟောကြားတော်မူသော ဒေသနာတော်မဟုတ် စေကာမူ, ဘုရား မြတ်စွာ ကိုယ်တော်တိုင်၏ သဘောတူညီချက်အရ ညွှန်ပြသော သုတ်ဖြစ်သောကြောင့် တည်း။

(၆) **အာကင်္ခေယျသုတ်။** ။ဤသုတ်၌,ဘုရားမြတ်စွာက ရဟန်းတို့အား သီလနှင့်ပါတိမောက်များကို လေးစားလုံခြုံစွာ စောင့်ထိန်း သင့်ကြောင်း နှိုးဆော်တိုက်တွန်းခဲ့၏။ သူတထူး၏စိတ်ကိုသိလိုခြင်း, ကျော်စော လိုခြင်း, သတင်း ပျံ့နှံ့လိုခြင်း စသည့်ဂုဏ်ပကာသနံတို့ကို ရဟန်းတို့သည် တောင့်တလိုကောင်း - တောင့်တမိကြပေလိမ့်မည်။သို့သော် ဤသို့ စိတ်နှလုံးမပိုက်သင့်ချေ။ ကိုယ့်ကိုယ်ကိုချီးနှိမ် ချုပ်တည်း

ကာ,အကျင့်သိက္ခာတို့ကိုသာလျှင် သစ္စာရှိစွာစောင့်ထိန်းသင့်ကြောင်း ဘုရားမြတ်စွာက ဤသုတ်ဖြင့် ညွှန်ကြားသတိပေးခဲ့၏။

(၇) **ဓဇဂ္ဂသုတ်။** ။ဤသုတ်သည် 'ဘာရဒွါဇ' ပုဏ္ဏားကို အကြောင်းပြု၍ ပေါ်ပေါက်လာရလေသည်။'ဘာရဒွါဇ' သည် ဘုရားမြတ်စွာကို 'ဗာဟုကာမြစ်'သို့ ကြွတော်မူမည်လောဟု မေးလျှောက်၏။ ဘုရားမြတ်စွာက 'ဗာဟုကာမြစ်' သို့ အဘယ်အကြောင်းကြောင့် ကြွရမည်ကို ပြန်၍မေးမြန်းရာ, 'ဘာရဒွါဇ'က 'ဗာဟုကာမြစ်' သည် အပြစ်များကို သန့်စင်စေနိုင်သည့် တန်ခိုးအာနိသင်ရှိကြောင်း ပြန်၍ လျှောက်လေလျှင်, ဘုရားမြတ်စွာက, ကိလေသာအညစ်တရား ကင်းစင်ရန် မြစ်သို့ သွားရန်မလို။ ကိုယ်တိုင် လေ့ကျင့်ရမည်ဖြစ်ကြောင်း မိန့်တော်မူခဲ့သော သုတ်ဖြစ်သည်။

(၈) **သလ္လေခသုတ်။** ။ဤသုတ်ကား'မဟာစုန္ဒ'ကို ရည်ညွှန်း၍ ဟောပြောသော သုတ်ဖြစ်သည်။ 'အတ္တ' နှင့် ပတ်သက်သည့် ပြဿနာကိုရင်း, 'လောက' နှင့် စပ်လျဉ်းသည့် ပြဿနာကိုရင်း, ပညာမျက်စိဖြင့် အမြင်မှန်ရရန် သုံးသပ်သင့်ကြောင်း ဘုရားမြတ်စွာက ဤသုတ်ဖြင့် ဩဝါဒ ပေးခဲ့၏။

(၉) **သမ္မာဒိဋ္ဌိ သုတ်။** ။ ဤသုတ်ကား သမ္မာဒိဋ္ဌိ၏ အနက် သဘောကို မှန်ကန်စွာ ထုတ်ဖော် ပြသော သုတ်ဖြစ်သည်။ ဘုရားမြတ်စွာ၏ တပည့်သား ရဟန်းများသည် သမ္မာဒိဋ္ဌိရဖို့ အရေးကြီး၏။ သမ္မာဒိဋ္ဌိဟူသည် အဆိုး-အကောင်းကို အခြေခံ အမြစ်အရင်းနှင့်တကွ နားလည်သိမြင်ခြင်းပင် ဖြစ်သည်။ အဆိုးနှင့် အကောင်း သုံးမျိုးရှိသည်။ရင်း

တို့ကား (၁) ကာယကံ = ကိုယ်မှု။ (၂) ဝစီကံ = နှုတ်မှု။ (၃) မနောကံ = စိတ်မှု ဖြစ်၏။ အဆိုး၏ အခြေခံ အမြစ်အရင်းမှာ လောဘ, ဒေါသ, မောဟတို့ဖြစ်ကြ၍ အကောင်း၏ အခြေခံအမြစ်အရင်းကား, အလောဘ, အဒေါသ, အမောဟ တို့အပြင် သစ္စာလေးပါးကို ကောင်းစွာသိမြင်ခြင်းနှင့် 'သဿတဝါဒ' နှင့် 'အတ္တဝါဒ' စွဲတို့မှ ကင်းခြင်းပင်တည်းဟု ဤသုတ်တွင် ဖော်ပြတော်မူ၏။

(၁၀) **သတိပဋ္ဌာနသုတ်။** ။ဤသုတ်ဖြင့်, ဘုရားမြတ်စွာက သတ္တဝါတို့၏ စင်ကြယ်ရေးအတွက် သတိပဋ္ဌာန်လေးပါးသာလျှင်, စွမ်းဆောင်နိုင်ကြောင်း ထင်ရှားစေခဲ့၏။

(၁၁) **ပူဠသီဟနာဒသုတ်။** ။ဤသုတ်တွင်, ဗုဒ္ဓသာသနာတော်မှတပါး အခြားအယူဝါဒ ဂိုဏ်းဂဏများ၌, ပုဂ္ဂိုလ်လေးမျိုးစသော "သီးသန့် ဗုဒ္ဓ သာသနာတော်တွင်း ပုဂ္ဂလဓမ္မများ" မရှိကြောင်း ဘုရားမြတ်စွာသည် ရဲဝံ့စွာဟောတော်မူသည်။

(၁၂) **မဟာသီဟနာဒသုတ်။** ။ဤသုတ်တွင် အောက်ပါ တရားများကို ဟောတော်မူသည်။

က။ ဒသဗလ = အားတော်ဆယ်ပါး။
ခ။ စတု ဝေသာရဇ္ဇ = ရဲရင့်ခြင်းလေးပါး။
ဂ။ အဋ္ဌပရိသာ = ပရိသတ်ရှစ်ပါး။
ဃ။ စတုယောနိ = ယောနိလေးပါး။
င။ ပဉ္စဂတိ = ဂတိငါးပါး။
စ။ အာဇီဝကတို့၏အကျင့်များ။

(၁၃) **ယောဒက္ခကုန္ထသုတ်။** ။ ဒုက္ခ အမျိုးမျိုးသည် ကာမဂုဏ် စည်းစိမ်တို့မှ ပေါက်ဖွားလာကြောင်း၊ ကာမဂုဏ်စည်းစိမ်တို့ကို ဖြတ်တောက်နိုင်ခြင်းသည် သုခအစစ်ကို ဆောင်နိုင်သည်သာတည်း--ဟု ဤသုတ်၌ဖော်ပြ ထားလေသည်။

ရှေးခေတ် ဇမ္ဗူဒီပပြည်၌ ကျူးလွန်ကြသော အမှုအခင်းများကို, မည်သို့အပြစ်ဒဏ် ပေးကြောင်းကိုလည်း, ဤသုတ်တော်၌ပင် ရှင်းလင်းထားပေ၏။ ခါးပြတိုက်ခြင်း၊ သူတပါးဥစ္စာပစ္စည်းတို့ကို ခိုးယူတိုက်ခိုက်သတ်ဖြတ်ခြင်း၊ မိန်းမဖြောင်ထားခြင်း စသည်တို့ကို အောက်ပါနည်းတို့ဖြင့် အပြစ်ဒဏ်ခတ်ကြောင်း ဤသုတ်တွင်တွေ့ရ၏။

(က) ခြေ,လက်,နှာခေါင်း,နား စသည်တို့ကိုဖြတ်တောက်ခြင်း၊

(ခ) ရှေးဦးစွာ ဦးခေါင်းခွံကို ခွါပြီးလျှင် ရဲရဲတောက်သော သံပူလုံးကို ဦးကျောက်တွင်းသို့သွင်း၍ ဦးကျောက်ကို အရည်ပျော်စေခြင်း၊

(ဂ) ပါးစပ်ကို 'ထောက်' ဖြင့်ထောက်ကာ ဟစေပြီးလျှင်, ထွန်းညှိထားသောမီးတိုင်ကို ပါးစပ်တွင်းသို့သွင်းစေခြင်း၊

(ဤအပြစ်ဒဏ်ပေးနည်းကို'ရာဟုခံတွင်း အပြစ်ပေးနည်း'ဟု ခေါ်သည်)

ဤသို့သော (၃၂) ပါးသောကမ္မကရဏ (ကံကြမ္မာအပြစ်ပေးနည်းများ) ကို ဤသုတ်၌ ဖော်ပြထားသည်။ ရင်းပြင်လူတို့နှင့် လျော်ကန်သင့်မြတ်သော အလုပ်အကိုင်အမျိုးမျိုးကိုလည်း ဤသုတ်မှပင် လေ့လာသိရှိရလေသည်။

ပံစံအချို့ပြရသော်...

၁၊ မုဒ္ဒါ = လက်ဆစ်ချိုးအတတ်၊
၂၊ ဂဏနာ = ဂဏန်းအတတ်။
၃၊ သင်္ခါ = အခန့်တွက်နည်း၊
၄၊ ကသိ = လယ်ယာစိုက်ပျိုးရေး၊
၅၊ ဝါဏိဇ္ဇာ = ကုန်စည်ကူးသန်း ရောင်း ဝယ်ရေး၊
၆၊ ဂေါရက္ခာ = ကျွဲနွားမွေးမြူရေး၊
၇၊ ဣဿတ္ထ = စစ်မှုထမ်း၊
၈၊ ရာဇပေါရိသ = မင်းမှုထမ်း၊

(၁၄) **နိဒ္ဒေသဒုက္ခက္ခန္ဓသုတ်**။ ။ဤသုတ်သည် သာကီဝင် အဆက်အနွယ်ဖြစ်သူ 'မဟာနာမ်' ကိုအကြောင်းပြု၍ ပေါ်ပေါက်လာရသည်။'မဟာနာမ်'က ဘုရားမြတ်စွာအား လောဘ, ဒေါသ, မောဟတရားတို့သည် အသို့လျှင် စိတ်ကိုညစ်နွမ်း အောင် ပြုပါသနည်း ဟုလျှောက်ကြားရာ, ဘုရားမြတ်စွာ က "ဒုက္ခအပေါင်းသည် ဤတရားတို့ကို မဖြတ်တောက်ခြင်း ကြောင့်သာလျှင် ပေါ်ပေါက်လာရကြောင်း"ပြန်ကြားတော် မူ၏။

( နိဂဏ္ဌဂိုဏ်းဆရာကြီး 'နာဋပုတ္တ' အကြောင်းကိုလည်း ဤသုတ်၌ပင် လေ့လာသိရှိနိုင်ပေသည်။ )

(၁၅) **အနုမာနသုတ်**။ ။ဤသုတ်တွင် အဓိကပုဂ္ဂိုလ်သည် ဘုရားမြတ်စွာမဟုတ်။ ရှင်မဟာမောဂ္ဂလာန်ဖြစ်သတည်း။ မဟာဝဂ်နှင့်ပါတိမောက်တို့မှာကဲ့သို့ပင် ဤသုတ်၌ကျူးလွန် သောအာပတ်များနှင့် ထိုက်တန်သည့် ဒဏ်များကို ဖော်ပြ ထားပေသည်။

(၁၆) **စေတောခိလသုတ်**။ ။ဗုဒ္ဓဘာသာပုဒ်'စေတော ခိလ' သည် ဇိန(ဂျိန်း) ဂိုဏ်းပုဒ်'ဒုက္ခသေဇ္ဇာ'နှင့်အလားတူ အဓိပ္ပါယ်ကို ဆောင်၏။ ဤသုတ်ကား မဂ်, ဖိုလ်, နိဗ္ဗာန်ကို ပေါက်ရန် ဘုရားမြတ်စွာ၏ တပည့်သား သာဝကများသည် 'စေတသောဝိနိဗန္ဓ' စိတ်၏ငါးသွယ်သော အနှောင်အဖွဲ့တို့မှ လွတ်အောင်ရုံးကန်ကြရမည့်အကြောင်းသွန်သင်သောသုတ် ဖြစ်သည်။

(၁၇) **ဝနပတ္ထသုတ်**။ ။ဤသုတ်တွင် ဘုရားမြတ်စွာက ရဟန်းတို့အား ဆိတ်သုဉ်းရာ တောအုပ်တို့၌ ခိုမှီးကာ သမထ ဝိပဿနာ တရားတို့ကို အားထုတ်နိုင်ရန် နည်းလမ်းတို့ကို ညွှန်ကြားခဲ့၏။

(၁၈) **မဓုပိဏ္ဍိကသုတ်**။ ။ဤသုတ်ကိုဘုရားမြတ်စွာ သည် သာကီဝင်အနွယ်'ဒဏ္ဍပါဏိ'ကိုအကြောင်းပြု၍ဟော တော်မူသည်။ 'ဒဏ္ဍပါဏိ' သည်ဘုရားမြတ်စွာကိုချဉ်းကပ် ပြီးလျှင်, ဘုရားမြတ်စွာသည် အဘယ်အဘိဓမ္မာကို လက်- ကိုင်ထားပါသနည်းဟု မေးလျှောက်ရာ, ဘုရားမြတ်စွာက "ပြဟ္မာနှင့်မာရ်နတ်တို့ လက်ကိုင်မပြုနိုင်ကြသောအဘိဓမ္မာ" ကိုလက်ကိုင်ထားကြောင်း ပြန်ကြားသည့်သုတ်ဖြစ်၏။

(၁၉) **ဒွေဓာဝိတက္ကသုတ်**၊ ။ပါဠိစာပေသမိုင်းအတွက် ဤသုတ်သည်အရေးကြီးလှပေသည်။တဏှာ, ဗျာပါဒ, ဝိဟိံသ တရားတို့ကို စိတ်ဝယ် မွေးမြူခဲ့ခြင်းကြောင့်, အမှန် မြတ် ဆုံး ပန်းတိုင်ကို ဆွတ်ခူးရန် ဆုံးရှုံး ခဲ့ရကြောင်း၊ တော ထွက်ရန်စိတ်ကို ညွတ်ကိုင်းရန် လေ့ကျင့်မှသာလျှင်, တဏှာ တရားတို့ ပပျောက်သွားကြောင်းကို ဘုရားမြတ်စွာက,ရဟန်း

တို့အားမိန့်ကြားခဲ့၏။ ဇင်းပြင် လွန်မှ နောင်တ မရကြစေရန် အတွက်, ရဟန်းတို့သည် သမာဓိ တရားကို ကြိုးစားအား ထုတ်သင့်ကြောင်းကိုလည်း ဤသုတ်တွင် အဖန်ဖန်တိုက်တွန်း တော်မူခဲ့၏။

(၂၀) **ဝိတက္ကသဏ္ဌာနသုတ်။** ။ကုသိုလ်ဖြစ်ပွါးစေသည့် တွေးခေါ်ခြင်းနှင့် အကုသိုလ်နှင့် ဒုက္ခကို ဖန်တီးပေးသည့် တွေးခေါ်ခြင်းဟူ၍ နှစ်မျိုးနှစ်စားရှိကြောင်း ဤသုတ်က ရှင်းလင်းဖော်ပြပေ၏။

(၂၁) **ကကစူပမသုတ်။** ။ဤသုတ်သည်ဘိက္ခုနီမတို့နှင့် အလွန်ရင်းနှီးစွာ ဆက်ဆံသူ 'မောလိယဖဂ္ဂုန' ရဟန်းကို အကြောင်းပြု၍ ပေါ်ပေါက်လာရလေသည်။ 'ဖဂ္ဂုန' အား ဘုရားမြတ်စွာက, ဘိက္ခုနီမတို့ကို လုံးဝရှောင်ကြဉ်ရန် သတိပေးခဲ့ရုံမျှမက, ဒေါသစိတ်ကို ပယ်ဖျက်သင့်ကြောင်း လေးနက်စွာ တိုက်တွန်းခဲ့၏။ယုတ်စွအဆုံး, လူဆိုး ခားပြတို့သည် ခြေလက်အင်္ဂါတို့ကို အပိုင်းပိုင်း အစိတ်စိတ်, နှစ်ဘက်စွန်း အသွားရှိသည့် လွှဖြင့် ဖြတ်တောက်စေကာမူ, ဒေါသစိတ် မမွေးမြူသင့်ကြောင်းကို ဤသုတ်တွင်, ဘုရားမြတ်စွာက နှိုးဆော်ခဲ့၏။

(၂၂) **အလဂဒ္ဒူပမသုတ်။** ။ဘုရားမြတ်စွာသည်'အန္တရာယိကဓမ္မ' (ချွန်မင်္ဂဖိုလ်အန္တရာယ်) နှင့်ပတ်သက်၍ ဟောတော်မူသေးလည်း ထိုအချက်များကို 'အန္တရာယိက ဓမ္မ' မဟုတ်ဟု 'အရိဋ္ဌ' မည်သောရဟန်းတွင် အယူမှား ဖြစ်ပေါ်ခဲ့နသဖြင့် ဘုရားမြတ်စွာက 'အရိဋ္ဌ' အား ရှေ့တော်သို့ခေါ်ပြီးလျှင်, ဘုရားမြတ်စွာ၏ ဒေသနာတော်များကား, ပြည့်စုံလုံလောက်၏။ 'အရိဋ္ဌ' သာလျှင် ထိုတရား ဒေသနာတို့ကို

ကောင်းစွာနားမလည်ကြောင်း ရှင်းလင်း ဖော်ပြသော သုတ်ဖြစ်သည်။

(၂၃) **ဝမ္မိကသုတ်။** ။ဤသုတ်ကား ကိုယ်ကာယကို 'ခြ'တောင်ပို့နှင့်နှိုင်းယှဉ်၍ ဟောသော သုတ်ဖြစ်သည်။

(၂၄) **ရထဝိနီတ သုတ်။** ။ဤ သုတ်ကား, နိဗ္ဗာန် အကြောင်းနှင့် စပ်ဆိုင်လေသည်။ နိဗ္ဗာန်သည် ဗုဒ္ဓဘာသာ၏ အဓိကပန်းတိုင် ဖြစ်ရကား ထိုပန်းတိုင်သို့ အလွယ်တကူ တမုဟုတ်ခြင်း မရောက်နိုင်။ အဆင့်ဆင့် သန့်စင်အောင်လေ့ ကျင့်သွားမှသာလျှင်, နိဗ္ဗာန်ကို ပေါက်ရောက် နိုင်ကြောင်း ဤသုတ်ကညွှန်ပြ၏။ အထူးသဖြင့် ဝိသုဒ္ဓိတရား ခုနစ်ပါးကို ဤသုတ်တွင်ဟောကြားတော်မူသည်။

(၂၅) **နိဝါပသုတ်။** ။မာရ်နတ်နှင့်သူ၏ စစ်သည်တော် တို့ စက်ကွင်းမှ လွတ်မြောက်ရန် ရဟန်းတို့သည် ကာမဂုဏ် ငါးပါးကိုရှောင်ရှားသင့်ကြောင်းဘုရားမြတ်စွာက, ဤသုတ် ဖြင့်ထင်ရှားစေခဲ့၏။ ဘုရားမြတ်စွာ၏ အလိုတော်အရ မာရ် နတ်နှင့်သူ၏စစ်သည်တော်တို့စက်ကွင်းမှလွတ်မြောက်သော ပုဂ္ဂိုလ်သည် ဈာန်ငါးပါးနှင့် ' သညာ ဝေဒယိတ နိရောဓ သမာပတ်' တို့ကိုရပြီးသော ရဟန္တာဖြစ်သည်။

(၂၆) **အရိယ ပရိယေသန သုတ်။** ။ဤသုတ်ကား, အထူးအရေးကြီးသော သုတ်ဖြစ်၏။ ဘုရားမြတ်စွာသည် ဘုရားအဖြစ်သို့ မရောက်မီ သဗ္ဗညုတဉာဏ်တော်ရရန် မည်သို့ကြိုးပမ်းအားထုတ်ကာ 'ဒုက္ကရစရိယာ' ကျင့်ခဲ့- ရကြောင်း၊ ဘုရားအဖြစ်သို့ရောက်ပြီးစ သစ္စာလေးပါးတရား တော်မြတ်ကို ပြန့်ပွါးအောင် မည်ကဲ့သို့ဖြန့်ချိခဲ့ရကြောင်း-

စသောဘုရားမြတ်စွာ၏ အဦးပိုင်း ဘဝဖြစ်စဉ်ကို ဤသုတ်၌ ဖေါ်ပြထား၏။

နိဒါန်း၌ပင် 'အရိယပရိယေသန' မွန်မြတ်သော ရှုးစမ်း ရှာဖွေခြင်းနှင့် 'အနရိယ ပရိယေသန' မမွန် မြတ်သော စူးစမ်းရှာဖွေခြင်းတို့ မည်သို့ ထူးခြားပုံကို ဘုရား မြတ်စွာ သည် ရှင်းလင်းခဲ့၏။ 'အနရိယပရိယေသန' ဟူသည့် ဇာတိ, ဇရာ, ဗျာဓိ, မရဏ စသောတရားတို့မှမလွတ်ကင်းနိုင်သည့် အရာဝတ္ထုတို့ကို သာလျှင် စူးစမ်း ရှာဖွေခြင်းဖြစ်၏။ ဘုရား လောင်းအဖြစ်ဖြင့် ဘုရားမြတ်စွာသည် ဇာတိစသောတရား တို့ကိုသာလျှင် ဖွေရှာခဲ့၏။သို့သော်နောက်ဆုံး၌ကား ဇာတိ, ဇရာ, ဗျာဓိ, မရဏ စသောတရားတို့ ကင်းလွတ်ရာ 'အရိယ ပရိယေသန' အမတနိဗ္ဗာန်မြတ်ကို ရှာဖွေရန် သန္နိဋ္ဌာန်ချ တော်မူ၏။ ထိုအမတနိဗ္ဗာန်ကို ရှာဖွေခြင်းတည်းဟူသော မြတ်သောရှာဖွေခြင်းဖြင့် ပြည့်စုံရန်အတွက် အလောင်း တော်မြတ်သည် ရွှေနန်းစည်းစိမ်တို့ကိုစွန့်လွှတ်ကာ 'အာလာရ ကာလာမ' နှင့် 'ဥဒက ရာမပုတ္တ' မည်သောဆရာကြီးနှစ်ဦး ထံတွင် ရှေးဦးစွာ နည်းနာခံလေသည်။ ထိုဆရာကြီးနှစ်ဦး တွေ့ရှိအပ်သောတရားတို့ကို သင်ယူလေ့လာရာ ကိုယ်တိုင် သိနားလည်၍လာလေ၏။ သို့သော်, ထိုတရားတို့ဖြင့် ပတ်င်း တိမ်မရောင့်ရဲ မကျေနပ်သေးရကား 'နေရဥ္စရာမြစ်ကမ်း'၌ ဆိတ်သုဥ်းသောအရပ်တွင်, လွန်ကဲသော အကျင့်ကိုကျင့်သုံး ရန် နေထိုင်ပြီးလျှင်, လွန်ကဲသောအကျင့်ကိုကျင့်သုံး၏။ လွန် ကဲသောအကျင့်ကို ကျင့်သုံးခြင်းဖြင့် ကိုယ်ခန္ဓာပင်ပန်းနွမ်း နယ်မှု ရရှိကြောင်း သိမြင်လေသောအခါ အစာရေစာများ စားသောက်ရန် တဖန်သန္နိဋ္ဌာန်ချပြန်၏။ ထိုအခါအလောင်း

တော်မြတ်နှင့် ကျင့်ဖေါ်ကျင့်ဖက်ဖြစ်သော ပဉ္စဝဂ္ဂီငါးဦးတို့သည် အလောင်းတော်မြတ်ကို စွန့်ခွါ၍သွားကြ၏။

ဘုရားမြတ်စွာ ဘုရားအဖြစ်သို့ ရောက်သောအခါ လူအပေါင်းတို့သည် ကာမဂုဏ်စည်းစိမ်တို့ဝယ်, လွှန်ကဲစွာ စွဲလမ်းတာတွယ် နေကြသဖြင့် ဘုရားမြတ်စွာသည် သစ္စာလေးပါးတရားတော်ကို ဟောကြားရန် စိတ်အားထက်သန်ခြင်းမရှိပေ။ အကြောင်းကား, ကာမဂုဏ်စည်းစိမ်၌ ယစ်မူးနေသောသူတို့သည် ဟောကြားလတ္တံ့သော သစ္စာလေးပါးအမြိုက်တရားကို ကောင်းစွာသိနားလည်မည်မဟုတ်သောကြောင့်တည်း။

သို့သော် 'ဗြဟ္မာသဟံပတိ'၏ တောင်းပန်ချက်အရ, ဘုရားမြတ်စွာသည် သစ္စာလေးပါးတရားတော်ကို ဟောကြားတော်မူရန်သန္နိဋ္ဌာန်ချပြီးလျှင် ရှေးဦးစွာ'အာလာရကာလာမ' နှင့် 'ဥဒကရာမပုတ္တ' တို့ကိုဟောကြားရန် ကြံစည်သော်-လည်း ထိုဆရာကြီးနှစ်ဦးမှာ ကွယ်လွန်လေပြီဖြစ်ကြောင်း သိရလေသည်။ သို့နှင့်, ဗာရာဏသီပြည် မိဂဒါဝုန်တော၌ နေသော ပဉ္စဝဂ္ဂီငါးဦးအား ဟောကြားရန် အကြံအစည်ဖြစ်ပေါ်လာသည်အားလျော်စွာ ဗာရာဏသီပြည်သို့ ခြေလျင်ကြွတော်မူရာ လမ်းခရီးတွင်'ဥပက' ရဟန်းနှင့်တွေ့လေ၏။

ဘုရားမြတ်စွာ၏ကြည်လင်သန့်စင်သော ရူပနိကာယ်ကို 'ဥပက' မြင်လေရာ တအံ့တဩဖြင့် ဘုရားမြတ်စွာအား "အဘယ်သူ၏ တပည့်ဖြစ်၍ အဘယ်သူ၏တရားကိုယုံကြည်သနည်း" ဟု 'ဥပက' ကမေးမြန်း၏။ ဘုရားမြတ်စွာက, "ကိုယ်တော်တိုင်ပင်လျှင် ဆရာဖြစ်ကြောင်း" ပြန်ကြားရာ

'ဥပက' သည် ဦးခေါင်းဆတ်ကာ ဘုရားမြတ်စွာ ထံပါးမှ ထွက်ခွါသွား၏။

ဘုရားမြတ်စွာသည် ကာမဂုဏ်စည်းစိမ်ကိုပြန်လည်ခံစား စံစားလေပြီဟုယင်မှတ်နေသော ပဉ္စဝဂ္ဂီငါးဦးကိုဘုရားမြတ်စွာသည် ခဲယဉ်းစွာဖြင့် မိမိ၏ဘက်သို့ ပြန်လည်သက်ဝင်ယုံကြည်ရန် ရှင်းလင်းဟောပြပြီးလျှင် 'ဓမ္မစကြာ' မည်သော တရားရေအေးကို ပဉ္စဝဂ္ဂီငါးဦးအား တိုက်ကျွေးလေတော့သည်။

သုတ်တော်၏အဆုံး၌ 'ပါသရာသိ' ကြော့ကွင်း၌ မိသော သမင်ဥပမာနှင့် နှိုင်းခိုင်းထားသော ကြောင့်, ဤသုတ်ကို 'ပါသရာသိ' သုတ်ဟူ၍လည်းခေါ်ဝေါ်သေး၏။ ဤသုတ္တန်ဒေသနာတော်ဖြင့် ဘုရားမြတ်စွာသည်ရဟန်းတို့ကိုမကောင်းသောအလိုဆန္ဒများမှ ရှန်းကန်လွတ်မြောက်စေရန် ကြိုးပမ်းသင့်ကြောင်း ဆုံးမတော်မူခဲ့၏။

( ၂၇ ) **စူဠဟတ္ထိပဒေါပမသုတ်။** ။ဤသုတ်၌ ,ဘုရားမြတ်စွာသည် 'ဇာနုဿောဏိ' ပုဏ္ဏားအား , အမှန်ကိုတွေ့ရှိသော ပုဂ္ဂိုလ်သည် ကောင်းရာ မွန်ရာသို့ ချဉ်းသာလျှင်, ပို့ဆောင်ပေသော တရားဒေသနာတော်များကို ဟောကြားဖြန့်ဝေကြောင်း ရှင်းလင်းဖော်ပြတော်မူခဲ့၏။

( ၂၈ ) **မဟာဟတ္ထိပဒေါပမသုတ်။** ။ဤ သုတ် ကား, ရှင်သာရိပုတြာဟောကြားတော်မူခဲ့သော သုတ်ဖြစ်သည်။ ဤသုတ်တွင် ရှင်သာရိပုတြာသည် သစ္စာလေးပါးအကြောင်းနှင့် ဓာတ်ကြီးလေးပါးအကြောင်းကို ထင်ရှားစေတော်မူခဲ့၏။

( ၂၉ ) **မဟာသာရောပမသုတ်။** ။ဤသုတ်ကို, ဘုရားမြတ်စွာသည် ဒေဝဒတ်ကိုရည်ညွှန်း၍ ဟောကြားခဲ့လေသည်။

ဤသုတ်တွင်, ရဟန်းနှစ်မျိုး-နှစ်စားရှိကြောင်းကို တင်ပြထားသည်။

## "ရဟန်းနှစ်မျိုး"

၁၊ သာသနာ့ဘောင်၌ အညွတ် အနူး ရဟန်း ပြုပြီးနောက် ရဟန်းဘဝသို့ရောက်သောအခါ, လာဘ်လာဘ၏ ဆွဲဆောင်မှုကို မရှောင်တိမ်းနိုင်သဖြင့် ဇာတိ, ဇရာ, ဗျာဓိ, မရဏစသော ဒုက္ခအပေါင်းမှ လွတ်အောင် မရုန်းနိုင်သောရဟန်း။

၂။ သာသနာ့ ဘောင်တွင် အညွတ်အနူး ရဟန်းပြုပြီး နောက် ရဟန်းဘဝသို့ ရောက်သောအခါ, လာဘ်လာဘ တို့၏ ဆွဲဆောင်မှုတို့ကို ရှောင်တိမ်းနိုင်သဖြင့် ဇာတိ, ဇရာ, ဗျာဓိ,မရဏစသော ဒုက္ခအပေါင်းမှ လွတ်အောင် ရုန်းနိုင်သောရဟန်း။

ဘုရားမြတ်စွာသည် ဤသုတ်၌ (က) အကာ-သဘော, (ခ) အခွံသဘော (ဂ) အပွေးသဘော (ဃ) အခက်အရွက်သဘော (င) အနှစ်သဘော တို့ မည်သို့ ထူးခြားကွဲလွဲပုံကိုလည်း ဝေဖန်ဟောကြားထားတော်မူလေသည်။

(၃၀) **စူဠသာရောပမသုတ်။** ။ဤသုတ်ဖြင့် ဘုရားမြတ်စွာသည် 'ပိင်္ဂလကောစ္ဆ' ပုဏ္ဏားအား မြတ်သောအကျင့်၏ အကျိုးအာနိသင်များသည် လာဘ်ရခြင်း, ကျော်စောကိတ္တိ ရှိခြင်း, ခြွေရံသင်းပင်းများခြင်းများနှင့် လုံးဝမသက်ဆိုင်။ဆင်းရဲခြင်း အပေါင်းမှ လွတ်မြောက်မှုသာလျှင်, အဓိကဖြစ်ကြောင်း သွန်သင်တော်မူခဲ့၏။

(၃၁) **စူဠဂေါသိင်္ဂသုတ်။** ။ဤသုတ်ကား, ရှင်အနုရုဒ္ဓ, ရှင်နန္ဒိယနှင့် ရှင်ကိမ္ဗိလတို့ကို ချီးကျူးသော သုတ်ဖြစ်သည်။

(၃၂) မဟာ ဂေါသိင်္ဂသုတ်။ ။ဘုရားမြတ်စွာ, ရှင်ရေဝတ, ရှင်အနုရုဒ္ဓ, ရှင်မဟာကဿပ, ရှင်မောဂ္ဂလာန်နှင့် ရှင်သာရိပုတြာတို့၏ ဂုဏ်ပုဒ်များကို ရှင်အာနန္ဒာက ဤသုတ်ဖြင့်, ချီးကျူးထုတ်ဖော်ခဲ့၏။

(၃၃) မဟာ ဂေါပါလကသုတ်။ ။ဘုရား မြတ်စွာ၏ သာသနာတော်တွင်း၌ ရဟန်းတို့အတွက် တိုးတက်ရာ တိုးတက်ကြောင်းဖြစ်စေသော အချက်ကောင်း( ၁၁ ) ချက်နှင့်ဆုတ်ယုတ်ရာ ဆုတ်ယုတ်ကြောင်း ဖန်တီးသောအချက်ဆိုး(၁၁) ချက်ကို ဘုရားမြတ်စွာက ဤသုတ်၌ရှင်းလင်း ညွှန်ပြခဲ့၏။

( ၃၄ ) စူဠဂေါပါလကသုတ်။ ။ကိုးကွယ်ဆည်းကပ်သင့်သော သမဏ, ဗြာဟ္မဏများနှင့် မကိုးကွယ်မဆည်းကပ်ထိုက်သော သမဏ, ဗြာဟ္မဏတို့ကို ဘုရားမြတ်စွာသည် ဤသုတ်ဖြင့် နှိုင်းယှဉ်တော်မူခဲ့သည်။

(၃၅) စူဠသစ္စကသုတ်။ ။ဤသုတ်ကား ဇိန(ဂျိန်း)ဂိုဏ်းဝင် မိခင်မှပေါက်ဖွားသူ 'သစ္စက' နှင့် ဘုရားမြတ်စွာ စကားဆွေးနွေးသောအခန်းကို ဖော်ပြသောသုတ်ဖြစ်သည်။

(၃၆) မဟာသစ္စကသုတ်။ ။ဤသုတ်သည်,ဘုရား,တရား, သံဃာတည်းဟူသော ရတနာသုံးပါးအား ဂုဏ်ညှိုးအောင် ကြံဆောင်သော 'သစ္စက' ကို ဘုရားမြတ်စွာက မည်သို့ အောင်နိုင်တော်မူလိုက်ကြောင်း ညွှန်ပြသောသုတ်ဖြစ်သည်။

(၃၇) စူဠတဏှာသင်္ခယသုတ်။ ။ ဘုရားမြတ်စွာထံမှ တရားနာပြီးနောက် တာဝတိံသာနတ်ပြည်သို့ ရောက်သော အခါ,မေ့လျော့နေသောသိကြားမင်းအား ,ရှင်မောဂ္ဂလာန်က

ချေချွတ်ဆုံးမတော်မူကြောင်း ဤသုတ်တွင် ,ဟောကြားထား ရှိလေသည်။

(၃၈) **မဟာတဏှာသင်္ခယသုတ်။** ။ဘုရားမြတ်စွာ၏ တရားတော်နှင့်ပတ်သက်၍ ထင်မှားနေသော တံငါသည်၏ သား 'သတ' ကိုအကြောင်းပြု၍ ဤသုတ်သည် ဖြစ်ပေါ်လာ ရလေသည်။

(၃၉) **မဟာအဿပုရသုတ်။** ။ဤသုတ်ကား မဂ်,ဖိုလ်, နိဗ္ဗာန်ကိုရည်မှန်းသော သမဏ, ဗြာဟ္မဏတို့ စောင့်သိရှိသေ ထိန်းသိမ်းအပ်သော တရားတို့ကို ရှင်းလင်းဖော်ပြသော သုတ်ဖြစ်သည်။

(၄၀) **စူဠအဿပုရသုတ်။** ။ရဟန်းမည်သည်လောဘ, ဒေါသ, မောဟ, မာနစသောမကောင်းသောတရားတို့ကို ပယ်ဖျက်ရမည်။ အဝတ်အဆင်အသွင်မျှဖြင့် ရဟန်းအဖြစ်သို့ မရောက်နိုင်။ အကျင့်တရားသာလျှင် အရေးကြီးသောသမဏ အရည်အချင်းဖြစ်ကြောင်း ဤသုတ်တွင် ညွှန်ပြထား၏။

(၄၁) **သာလေယျကသုတ်။** ။ဤသုတ်ကား, ကောသလတိုင်း 'သာလပုဏ္ဏားရွာသူရွာသား' တို့ ကိုအကြောင်းပြု၍ ပေါ်ပေါက်လာရသည်။ ကာမ, ရူပ, အရူပလောကတို့မှ နတ်တို့၏ အမျိုးအမည်များကိုလည်း ဤသုတ်မှ, သိရှိနိုင် ပေသည်။

(၄၂) **ဝေရဉ္ဇကသုတ်။** ။ ဤသုတ်တော်ဖြင့်,ဘုရားမြတ်စွာသည် 'ဝေရဉ္ဇရွာ' မှ သာဝတ္ထိပြည်သို့ ရောက်လာကြသော ပုဏ္ဏားတို့ကို တရားရေအေးတိုက်ကျွေးတော်မူသည်။

(၄၃) မဟာဝေဒလ္လသုတ်။ ။ဤသုတ်ကား ပညာကျော် (ပညဝါ) ဝိညာဏ, ဝေဒနာ, သညာ, ဣန္ဒြေငါးပါး, သမ္မာဒိဋ္ဌိ၏ အကြောင်းများနှင့် ဈာန်ငါးပါးစသည်တို့နှင့်ပတ်သက်၍ အမေးအဖြေသဘောမျိုး ဆွေးနွေးထားသောသုတ်ဖြစ်သည်။

(၄၄) စူဠဝေဒလ္လသုတ်။ ။ဤသုတ်ဖြင့်, ဘိက္ခုနီမ 'ဓမ္မဒိန္နာ' သည် 'ဝိသာခ' ကိုအကြောင်းပြု၍ သက္ကာယစသောအကြောင်းများကို ရှင်းလင်း၍ ဟောပြောသည်။

(၄၅) စူဠဓမ္မသမာဒါနသုတ်။ ။နှင့်...........

(၄၆) မဟာဓမ္မသမာဒါနသုတ်။ ။ဘာသာရေးကိုကျင့်တခုကို ကိုးကွယ်ရန် နည်းလေးသွယ်ရှိကြောင်း ဘုရားမြတ်စွာသည် ဤသုတ်များတွင်ဖော်ပြခဲ့၏။

''ဘာသာရေးကိုကျင့်တခုကိုးကွယ်ရန် နည်းလေးသွယ်''

၁၊ ခုချမ်းသာ, နောင်ဆင်းရဲ။
၂၊ ခုဆင်းရဲ, နောင်ဆင်းရဲ၊
၃၊ ခုဆင်းရဲ, နောင်ချမ်းသာ၊
၄၊ ခုချမ်းသာ, နောင်ချမ်းသာ၊

(၄၇) ဝီမံသကသုတ်။ ။ ဤသုတ်ကား 'စူးစမ်းသောအသိဉာဏ်ဖြင့် ဘုရားရှာနည်း' ကိုညွှန်ပြသောသုတ်ဖြစ်၏။

(၄၈)ကောသမ္ဗိယသုတ်။ ။ကောသမ္ဗီပြည်တွင်ဝိနည်းတော်နှင့် ပတ်သက်၍ ရဟန်းအချင်းချင်း အငြင်းပွါးကြသည်ကို အကြောင်းပြု၍, ဘုရားမြတ်စွာသည် ဤသုတ်တော်ကို ဟောကြားတော်မူခဲ့လေသည်။

(၄၉) **ဗြဟ္မဇာလသုတ်** ။ ဤသုတ်ကား ' ဗက ဗြဟ္မာကြီး ' ကိုချေချွတ်သောသုတ်ဖြစ်သတည်း။

(၅၀) **မာရတဇ္ဇနီယသုတ်** ။ ဤသုတ်သည် ရှင်မောဂ္ဂလာန်နှင့် မာရ်နတ်တို့ စကားအချေအတင်ပြောခန်းကိုဖော်ပြသောသုတ်ဖြစ်သည်။

(၅၁) **ကန္ဒရကသုတ်** ။ ကိုယ့်ကိုယ်ကို ညှဉ်းပန်းနှိပ်စက်သော (အတ္တန္တပ) အကျင့်ကိုဤသုတ်ဖြင့်, ဘုရားမြတ်စွာသည် ယုတ်ချခဲ့၏။

(၅၂) **အဋ္ဌကနာဂရသုတ်** ။ နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်းဖြစ်သည့်---( ၁ ) ဈာန်လေးပါး ( ၂ ) ဗြဟ္မဝိဟာရလေးပါး ( ၃ ) အာကာသာနဉ္စာယတန ( ၄ ) ဝိညာဏဉ္စာယတန (၅) အာကိဉ္စညာယတန--တည်းဟူသော တံခါးကြီးတဆယ်နှင့် တခုကို ရှင်အာနန္ဒာသည် ဤသုတ်ဖြင့် ထင်ရှားစေခဲ့သည်။

(၅၃) **သေခသုတ်** ။ သေခပုဂ္ဂိုလ်၏ အရည်အချင်းများကို ရှင်အာနန္ဒာသည် ဤသုတ်တော်၌ ဖော်ပြခဲ့၏။

**" သေခပုဂ္ဂိုလ်၏အရည်အချင်း "**

က၊ သီလ = အကျင့်နှင့်ပြည့်စုံခြင်း၊

ခ ၊ ဣန္ဒြိယေသုဂုတ္တဒွါရတာ = ဣန္ဒြေစောင့်စည်းခြင်း၊

ဂ ၊ ဘောဇနေ မတ္တညုတာ = အစားအသောက်၌ ချင့်ချိန်တိုင်းထွာမှုရှိခြင်း။

ဃ၊ ဇာဂရိယာနုယောဂ = နိုးနိုးကြားကြားရှိခြင်း။

င၊ သတ္တသဒ္ဓမ္မ = သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံခြင်း၊

စ၊ ဈာန်လေးပါးနှင့်ပြည့်စုံခြင်း။

(၅၄) ပေါတလိယသုတ်။ ။အရိယဝိနည်း၌ ညွှန်ကြားချက်အရ, သူ၏အသက်ကို သတ်ခြင်း, သူ၏ဥစ္စာကိုခိုးယူခြင်း, မုသားပြောဆိုခြင်းနှင့်အမျက်ထွက်ခြင်းတို့မှ ရှောင်ကြဉ်အပ်ကြောင်း ဤသုတ်မှ ဖော်ပြ၏။

(၅၅) ဇီဝကသုတ်။ ။ ဇီဝကသုတ်တွင် အောက်ပါ-အစွန်းသုံးပါးနှင့် မလွတ်သော အသားတို့ကို မစားအပ်ဟု ဟောတော်မူသည်။

**''အစွန်းသုံးပါး မလွတ်သောအသား''**

၁။ ဒိဋ္ဌတည်းဟူသော မြင်ရသောအသား။
၂။ သုတတည်းဟူသော အသံကြားရသောအသား။
၃။ ပရိသင်္ကိတတည်းဟူသော ငါ့အတွက်သတ်လေသလောဟု ယုံမှားသံသယ ဖြစ်လောက်သော အသား။

အထက်ပါအစွန်းသုံးပါးမှ လွတ်လျှင်မူကား စားကောင်း၏။

ရဟန်းတို့သည် အောက်ပါအသားကြီး ဆယ်ပါးကိုမစားအပ်။

**''အသားကြီး ဆယ်ပါး''**

| | |
|---|---|
| ၁။ လူသား၊ | ၆။ ခြင်္သေ့သား၊ |
| ၂။ ဆင်သား၊ | ၇။ ကျားသား၊ |
| ၃။ မြင်းသား၊ | ၈။ ဝံသား၊ |
| ၄။ မြွေသား၊ | ၉။ အောင်းသား၊ |
| ၅။ ခွေးသား၊ | ၁၀။ သစ်သား၊ |

(၅၆) ဥပါလိသုတ်။ ။ဤသုတ်ကား, နိဂဏ္ဌဂိုဏ်းဝင် 'ဥပါလိ' ကိုအကြောင်းပြု၍ ဟောကြားတော်မူသည်။

နိဂဏ္ဌတို့အလိုအရ ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ် တည်းဟူသော ဒဏ်သုံးမျိုးတွင်-ကာယဒဏ်သည် ပို၍ဆိုး-ဝါးသော ပို၍ကြီးလေးသော အပြစ်ကို ဖြစ်ပေါ်စေသည်။

('ဒဏ်' ဟူသည်ကား ဗုဒ္ဓဘာသာ၌ 'ကံ'-ဟုခေါ်သည်)

(၅၇) **ကုက္ကုရဝတိသုတ်။** ။ဤသုတ်ကား 'ပုဏ္ဏကော-လိယ ပုတ္တ' နှင့် 'အစေလသေနိယ' တို့ကို အကြောင်းပြု၍ ဟောသော သုတ်ဖြစ်၏။ ဤသုတ်တွင် အောက်ပါအလုပ် လေးမျိုးကို ဖော်ပြရှင်းလင်းထားသည်။

**"အလုပ်လေးမျိုး"**

၁၊ မည်းသောအလုပ်၊ မည်းသောအကျိုး။
(ကဏှ၊ ကဏှဝိပါက။)

၂၊ ဖြူသောအလုပ်၊ ဖြူသောအကျိုး။
(သုက္က၊ သုက္ကဝိပါက။)

၃၊ မည်းလည်းမည်း၊ ဖြူလည်းဖြူသောအလုပ်။
မည်းလည်းမည်း၊ ဖြူလည်းဖြူသောအကျိုး။
(ကဏှသုက္က၊ ကဏှသုက္ကဝိပါက။)

၄၊ မည်းလည်းမမည်း၊ ဖြူလည်းမဖြူသောအလုပ်။
မည်းလည်းမမည်း၊ ဖြူလည်းမဖြူသောအကျိုး။
(အကဏှအသုက္က၊ အကဏှအသုက္ကဝိပါက။)

(၅၈) **အဘယရာဇကုမာရသုတ်။** ။ဤသုတ်ကား ဘုရားမြတ်စွာအား ဂုဏ်ညှိုးအောင်ကြံဆောင်သော နိဂဏ္ဌ ဂိုဏ်းဝင် 'အဘယရာဇကုမာရ' ကို ဘုရားမြတ်စွာက မည်သို့ တရား ရေအေး တိုက်ကျွေးကြောင်းကို ပြဆိုသော သုတ် ဖြစ်သည်။

(၅၉) မဟာဝေဒနီယသုတ်။ ။ဤသုတ်သည် ,ဝေဒနာ အမျိုးမျိုးကို ဖော်ပြသောသုတ်ဖြစ်၏။

ကာမဂုဏ်ငါးပါးမှပေါက်ဖွားလာသော, သာယာမှုမှန် သမျှတို့ကို ပျော်ရွှင်ခြင်းဟု အများထင်မှတ်နေကြသည်။ဗုဒ္ဓ အလိုကမူကား–အမြင့်ဆုံးသော ပျော်ရွှင်ခြင်းသည် ဈာန် ငါးပါးနှင့်သညာဝေဒယိတနိရောဓသမာပတ်မှ ပေါက်ဖွား၍ လာရကြောင်း ဤသုတ်မှသိရ၏။

(၆၀) အပဏ္ဏကသုတ်။ ။ဤသုတ်ကား, ဘုရားမြတ်စွာ နှင့်ဆန့်ကျင်ဘက်ဖြစ်သော သမဏ-ဗြာဟ္မဏတို့အား သစ္စာ လေးပါးကို ရှင်းပြသော သုတ်ဖြစ်သည်။

(၆၁) အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်။ ။မုသာဝါဒ ကံ၏ဆိုးဝါးပုံကို ဤသုတ်ဖြင့် ဘုရားမြတ်စွာသည် ရှင်းလင်း ဖော်ပြခဲ့ပြီးလျှင် နေ့ညဉ့်မပြတ်ဆင်ခြင်သုံးသပ်ကာ ကံသုံးပါး တွင် သန့်စင်စေကြောင်း ရဟန်းတို့အား သွန်သင်ခဲ့၏။

(၆၂) မဟာရာဟုလောဝါဒသုတ်။ ။'ရှင်ရာဟုလ'အား အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းရန် 'ရှင်သာရိပုတြာ'က ဤသုတ် ဖြင့်တိုက်တွန်းခဲ့၏။

(၆၃) စူဠမာလုကျသုတ်။ ။အဗျာကတတရားဆယ်ပါး တို့သည် မွန်မြတ်သောရဟန်း ဘဝနှင့် တဘက်တလမ်းစီ ဖြစ်သဖြင့် ထိုတရားတို့ကို မမေးအပ်– မမေးသင့်ကြောင်း ဤ သုတ်ဖြင့် ဘုရားမြတ်စွာသည် 'မာလုကျပုတ္တ'ကို အတန်တန် သတိပေးနှိုးဆော်ခဲ့သည်။

(၆၄) မဟာမာလုကျသုတ်။ ။သက္ကာယဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမရာဂနှင့် ဗျာပါဒတည်းဟူသော

'ဩရမ္ဘာဂိယ' သံယောဇဉ် တရားငါးပါးကို ဘုရားမြတ်စွာ သည် ဤသုတ်တွင် ဆွေးနွေးထားသည်။

(၆၅) **ဘဒ္ဒါလိသုတ်။** ။ဤသုတ်ကား, ဘုရားမြတ်စွာ သည် 'ဘဒ္ဒါလိ' အား သာသနာတော်တွင်း၌ သိက္ခာပုဒ် အတိုင်း လေးစားကျင့်ကြံနေထိုင်သင့်ကြောင်း သွန်သင်သော သုတ်ဖြစ်သည်။

(၆၆) **လဋုကိကောပမသုတ်။** ။တစုံတခုကို စွန့်ပယ် ရန်တိုက်တွန်းသောအခါ အချို့သော သူမိုက် တို့သည် အသေးအဖွဲ့ကလေးပင်---ဟု ပြောဆိုကာ စွန့်ပယ်ခြင်းမပြု တတ်ကြောင်း။ သို့သော် ထိုအသေးအဖွဲ့ကလေးသည်ပင်လျှင် နောက်အခါ၌ ခိုင်မာသန်စွမ်းလာတတ်ကြောင်းကို ဘုရား မြတ်စွာက ဤသုတ်တွင် မိန့်ဆိုတော်မူခဲ့၏။

(၆၇) **စာတုမသုတ်။** ။လောကီကိုစွန့်ခွါကာ လော- ကုတ္တရာ လွတ်မြောက်ရေးအတွက် ကြိုးပမ်းသူ ရဟန်းတို့ အဖို့ အောက်ပါကြောက်မက်ဘွယ်ဘေးကြီး လေးမျိုးကို ရှောင်ကြဉ်သင့်ကြောင်း ဤသုတ်တွင် ရှင်းပြထားသည်။

**"ဘေးကြီး လေးမျိုး"**

၁။ ဥမ္မိဘယ = ကောဓ = ဥပါယာသ = အမျက်ထွက်ခြင်း နှင့်ပူဆွေးခြင်းဘေး။
၂။ ကုမ္ဘီလဘယ = ဩဒရိကတ္တ = အစားကြူးခြင်းဘေး။
၃။ သုသုကာဘယ = မာတုဂါမ = မိန်းမဘေး။
၄။ အာဝဋ္ဋဘယ = ပဉ္စကာမဂုဏ = ကာမဂုဏ်ငါးပါးဘေး။

(၆၈) **နဠကပါနသုတ်။** ။ဤသုတ်ကား,အရှင်အာနန္ဒာ အစရှိသော သေရဲမြတ်ခုနစ်ပါးအား အဘယ်ရည်ရွယ်ချက်

ဖြင့် ရဟန်းပြုကြသနည်းဟု ဘုရားမြတ်စွာက မေးတော်မူ၍ ထိုမထေရ်တို့ကဇာတိစသော့ဘေးဒုက္ခတို့မှ လွတ်မြောက်စေရန်ရည်သန်၍ ရဟန်းပြုကြောင်းလျှောက်ထားသော သုတ်ဖြစ်သည်။

(၆၉) **ဂေါဿိင်္ဂသုတ်။** ။'ရှင်သာရိပုတြာ' သည် သံဃာ့အလယ်သို့ရောက်သောအခါ အရည်ကင်ဝတ်ဆောင်သောရဟန်းများ (တောနေရဟန်းများ) ပြုသင့်-ပြုထိုက်ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သော ဝတ္တရားတို့ကို ဤသုတ်ဖြင့် ညွှန်ကြားခဲ့သည်။

(၇၀) **ကီဋာဂိရိသုတ်။** ။ဤသုတ်ကား, အညတရရဟန်းနှစ်ပါးကိုအကြောင်းပြု၍ နေလွဲညစာ စားခြင်း၏အပြစ်နှင့် ရှောင်ကြဉ်ခြင်း၏အကျိုးများကို အသေးစိတ်ရှင်းလင်းဖော်ပြသော သုတ်ဖြစ်သည်။၎င်းပြင်အောက်ပါပုဂ္ဂိုလ်ခုနစ်ပါးအကြောင်းကိုလည်း ဤသုတ်၌ရှင်းပြထားသည်။

"ပုဂ္ဂိုလ်ခုနစ်ပါး"

၁။ ရူပကာယ နာမကာယမှ နှစ်ဖက်စလုံးလွတ်သောပုဂ္ဂိုလ် (ဥဘတောဘာဂဝိမုတ္တ)။

၂။ ဝိပဿနာပညာသက်သက်ဖြင့် လွတ်မြောက်သောပုဂ္ဂိုလ် (ပညာဝိမုတ္တ)။

၃။ ဈာန်နှင့်ပဋိမတွေ့ထိပြီးနောက် နိဗ္ဗာန်ကိုမျက်မှောက်ပြုသောပုဂ္ဂိုလ် (ကာယသက္ခိ)။

၄။ သစ္စာလေးပါးကိုပိုင်ပိုင်သိသောပုဂ္ဂိုလ် (ဒိဋ္ဌိပတ္တ)။

၅။ သဒ္ဓါသန်သန်နှင့် လွတ်မြောက်သောပုဂ္ဂိုလ် (သဒ္ဓါဝိမုတ္တ)။

၆။ ဓမ္မနောက်သို့လိုက်သောပုဂ္ဂိုလ် (ဓမ္မာနုသာရီ)။

၇။ သဒ္ဓါနောက်သို့လိုက်သော ပုဂ္ဂိုလ် (သဒ္ဓါနုသာရီ)။

(၇၁) **တေဝိဇ္ဇဝစ္ဆဂေါတ္တသုတ်၊** ။ဤသုတ်တော်ဖြင့် ဘုရားမြတ်စွာသည် 'ဝစ္ဆဂေါတ္တ' ပရိဗိုဇ်အား 'သဗ္ဗညု' သဘောနှင့် 'တေဝိဇ္ဇ' သဘောကို ရှင်းလင်းခွဲခြား၍ ပြဆိုတော်မူသည်။

(၇၂) **အဂ္ဂိဝစ္ဆဂေါတ္တသုတ်၊** ။ဤသုတ်ကား ,အဗျာကတ တရားဆယ်ပါးကို မမေးသင့်-မမေးထိုက်ကြောင်းဖြေကြားရင်း 'အဂ္ဂိဝစ္ဆဂေါတ္တ' အား သာသနာတော်တွင်းသို့ သွတ်သွင်းသော သုတ်ဖြစ်သည်။

(၇၃) **မဟာဝစ္ဆဂေါတ္တသုတ်၊** ။ဤသုတ်ကား 'ဝစ္ဆ' ၏ ပန်ကြားချက်အရ ကုသိုလ်နှင့်အကုသိုလ်အကြောင်းကို ရှင်းလင်းပြဆိုတော်မူသည့် သုတ်ဖြစ်သည်။ သုတ်အဆုံး၌ ဝစ္ဆသည် ရဟန္တာအဖြစ်သို့ရောက်လေ၏။

(၇၄) **ဒီဃနခသုတ်၊** ။မည်သည့်အယူဝါဒမဆို အလုံးစုံသောအယူဝါဒကိုမကြိုက်မနှစ်သက်ဟု ဆိုလေ့-ပယ်လေ့ရှိသော 'ဒီဃနခ' ၏ပြဿနာကိုပြန်ကြားရင်း ဘုရားမြတ်စွာက ထိုသို့မည်သည့်အယူဝါဒကိုမျှ မကြိုက်မနှစ်သက်ဟု ဆိုလေ့-ပယ်လေ့ရှိသည့် သဘောသည်လည်း အယူဝါဒတခုသာပင်တည်း-ဟုဖြေကြားလျက် ဝေဒနာသုံးပါးအရင်းထား၍ နိဗ္ဗာန်မပေါက်တရားကို ဤသုတ်ဖြင့်ဟောကြားတော်မူသည်။

(၇၅) **မာဂဏ္ဍိယသုတ်။** ။ဤသုတ်သည် 'မာဂဏ္ဍိယ ပရိဗိုဇ်' က ဘုရားမြတ်စွာကို (ဘူနဟု) ဟူ၍စွပ်စွဲ၏။ ဘုရားမြတ်စွာက (ဘူနဟု) မဟုတ်ကြောင်းဖြေရှင်းကာ အမှန်ကိုတွေ့ရှိသောသူသည် အာယတနတရားများကိုချိုးနှိမ်ပြီး ဖြစ်ကြောင်း မိန့်ကြားတော်မူသော သုတ်ဖြစ်သည်။

( ဇီဝါနန္ဒရေးသားသည့် "သဒ္ဒသာဂရ-သက္ကဋ အင်္ဂလိပ် အဘိဓာန်"အလိုအရ....ဘူန+ဟ = ဘူနဟ = ကိုယ်ဝန်ဖျက်သူ = မျိုးဆက်ဖြတ်သူ = ပြဟ္မာ့သတ်သူ။)

(၇၆) **သန္ဓကသုတ်။** ။ဤသုတ်ဖြင့် 'သန္ဓက' ပရိဗိုဇ်အား ရှင်အာနန္ဒာက မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်းသောရဟာန်းသည် အောက်ဖော်ပြပါဝါဒများကို လက်ကိုင်ထားသောပုဂ္ဂိုလ်မဖြစ်စေရ။ဤင်းဝါဒမျိုးသက်ဝင်နေလျှင် သာသနာ့အကျိုးကို ရှပ်ရှပ်ချွံချွံ ဆောင်ရွက်တော့မည်မဟုတ်ကြောင်း ဟောကြားထားသည်။

''**လက်ကိုင်မထားအပ်သောဝါဒလေးမျိုး**''

၁၊ နတ္ထိကဒိဋ္ဌိ။
၂၊ အကိရိယဒိဋ္ဌိ၊
၃၊ အဟေတုက အပစ္စယဒိဋ္ဌိ၊
၄၊ ဥစ္ဆေဒဒိဋ္ဌိ။

(၇၇) **မဟာသကုလုဒါယိသုတ်။** ။ဤသုတ်ဖြင့် ဘုရားမြတ်စွာသည် 'သကုလုဒါယိ' ပရိဗိုဇ်အား မည်သို့သောပုဂ္ဂိုလ်မျိုးသည် ပူဇော်ဆည်းကပ်ခြင်းကို ခံယူသင့်ကြောင်း ရှင်းလင်းတော်မူသည်။

(ဤသုတ်ကိုလေ့လာရခြင်းအားဖြင့် ဗုဒ္ဓနှင့်ပုရာဏကဿပစသောတိတ္ထိဂိုဏ်းဆရာကြီး ၆ ခြောက်ဦးတို့သည် ရာဇဂြိုဟ်ပြည်တွင် တချိန်ထည်း ဝါဆိုကြကြောင်းသိရ၏။)

(၇၈) **သမဏမုဏ္ဍိကပုတ္တသုတ်။** ။ 'ဥဂ္ဂါဟမာန' ပရိဗိုဇ်အလိုအရ ရဟာန်းမှန်လျှင်-(၁)-ကာယကံအားဖြင့် မကောင်းမှုမပြုခြင်း။ (၂)-ဝစီကံအားဖြင့် မကောင်းမှုမပြုခြင်း။-(၃)မကောင်းသောအကြံအစည်ကိုမကြံစည်ခြင်း။

(၄)-မကောင်းသောအသက်မွေးမှုဖြင့် အသက်မမွေးမြူခြင်း တည်းဟူသော လေးပါးသော အရည်အချင်းနှင့် ပြည့်စုံရမည်။ ဗုဒ္ဓအလိုအရ ရဟန်းမှန်လျှင် (၁) -မဂ္ဂင်ရှစ်ပါး (၂) သမ္မာဉာဏနှင့်- (၃)-သမ္မာဝိမုတ္တိ တည်းဟူသော ဆယ်ပါးသော အရည်အချင်းနှင့် ပြည့်စုံရမည်ဖြစ်ကြောင်း ဤသုတ်တွင် ဖော်ပြထားသည်။

(၇၉) **ပူဠသကုလုဒါယိသုတ်။** ။ဤသုတ်ဖြင့်, ဘုရားမြတ်စွာသည် 'သကုလုဒါယိ' ပရိဗိုဇ်အား 'ပရမဝဏ္ဏ' ခေါ်သော 'အတ္တ' အကြောင်းကိုအစထား၍ 'အာကာရဝတီပဋိပဒါ' (သီလ)အကြောင်းနှင့်အထွဋ်ဆုံးသော 'နိဗ္ဗာန' (သန္တိသုခ) အကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဟောဆိုခဲ့သည်။

(၈၀) **ဝေခနသသုတ်။** ။(၁)ပရမဝဏ္ဏ။(၂)ကာမ (ကာမဂုဏ်ငါးပါး)။ (၃)ကာမသုခ။ (၄)ကာမဂ္ဂသုခ၊ (နိဗ္ဗာန်) အကြောင်းတို့ကို ဘုရားမြတ်စွာသည် 'ဝေခနသ'ပရိဗိုဇ်အား ဤသုတ်ဖြင့် ရှင်းပြတော်မူ၏။ ထိုပြင်,ထူးခြားသည်ကား ရိုးသားဖြောင့်မတ်သော, မကောက်ကျစ်မစဉ်းလဲသော ပုဂ္ဂိုလ်ကိုသာ ဗုဒ္ဓမြတ်စွာက အလိုရှိတော်မူကြောင်း ဤသုတ်၌ မိန့်တော်မူ၏။

(၈၁) **ဃဋိကာရသုတ်။** ။ဤသုတ်ကား, 'ဃဋိကာရ' မည်သော အိုးထိန်းသည်နှင့် ရပ်လျဉ်း၍ ဖော်ပြသောသုတ်တည်း။အိုမင်းမစွမ်းရှိသော မိဘတို့ကြောင့် လောကီကိုမစွန့်ခွါနိုင်သဖြင့် လူ့ဝတ်ကြောင်အဖြစ်ဖြင့်နေရလင့်ကစား'ကဿပ' ဘုရားအား လေးစားသည့်အရာ၌ ဃဋိကာရသည် သူ့မမီ

ဟုဆိုရပေမည်။ သာသနာတော်၏အကျိုးကိုလည်းထိပ်ဆုံးက ထမ်းရွက်သူဖြစ်သည်။ ဤသုတ်တွင် ဃဋိကာရ ကိုအထူး ချီးကျူးထားသည်။

(၈၂) ရဋ္ဌပါလသုတ်။ ။ဤသုတ်သည်ကား 'ပါရိဇုည' လေးပါး ကြောင့် သာသနာဘောင်သို့ ခိုလှုံလာသူ ရဟန်း နှင့် 'ဓမ္မုဒ္ဒေသ' (ဓမ္မဆောင်ပုဒ်) လေးပါးကိုအကြောင်း ပြု၍ သာသနာဘောင်သို့ ခိုလှုံလာသူရဟန်းကို နှိုင်းယှဉ်၍ ရှင်းပြထားသော သုတ်ဖြစ်သည်။

"ပါရိဇုညလေးပါး"

၁၊ ဗျာဓိပါရိဇုည = ရောဂါစီးနှိပ်စက်ခြင်း။
၂၊ ဇရာပါရိဇုည = အနာရောဂါမဲ့စီးနှိပ်စက်ခြင်း။
၃၊ ဘောဂပါရိဇုည = စီးပွါးဥစ္စာပျက်ပြားခြင်း။
၄၊ ဉာတိပါရိဇုည = ဆွေမျိုးပျက်စီးခြင်း။

"ဓမ္မုဒ္ဒေသလေးပါး"

၁၊ ဥပနိယျတိလောကော အဒ္ဓုဝေါ၊ လောကသည် မမြဲ သည်ဖြစ်၍ ဇရာ ဗျာဓိ မရဏ ဘဝ တပါးသို့ ကပ်၍ ဆောင်၏။

၂၊ အတ္တာဏောလောကော အနဘိဿရော၊ လောကသည် အတိန်းအစောင့်မရှိ၊ ကိုးစားစရာမရှိ။

၃၊ အဿကော လောကော သဗ္ဗံ ပဟာယ ဂမနီယံ၊ လော ကသည် ကိုယ်ပိုင်မရှိ၊ သက်ရှိသက်မဲ့အလုံးစုံကို စွန့်ခွါ၍ သွားရမည်သာတည်း။

၄၊ ဦနော လောကော အတိတ္တော တဏှာဒါသော၊ လော ကသည် ယုတ်လျော့နေ၏၊ ရောင့်ရဲတင်းတိမ်ခြင်းမရှိ၊ တဏှာကျွန်ဖြစ်၏။

(၈၃) **မဃဒေဝသုတ်။** ။မိထိလာပြည် 'ဘုရင်မဃဒေဝ နှင့် အနွယ်တော်' တို့ကို အကြောင်းပြု၍ ဤသုတ်ဖြစ်ပေါ် လာရလေသည်။

(၈၄) **မဓုရိယသုတ်။** ။လူမျိုးရေးတွင် ပြာဟ္မဏတို့သည် သာလျှင် အမြတ်ဆုံးဟူသောဝါဒကို 'ရှင်မဟာကစ္စည်း' သည် ဤသုတ်ဖြင့် ချေပတော်မူသည်။

(၈၅) **ဗောဓိရာဇကုမာရသုတ်။** ။ဤသုတ်ကား 'ပဓာ နိယင်္ဂတရားငါးပါး' နှင့်ပြည့်စုံလျှင် နေ့ညဉ့်မဆိုင်း တရား ထူးရလွယ်ကြောင်း 'ဗောဓိရာဇကုမာရ ၏အမေးကို'ဘုရား မြတ်စွာက ဖြေတော်မူသော သုတ်တည်း။

''ပဓာနိယင်္ဂတရားငါးပါး''

၁၊ သဒ္ဓါ = သဒ္ဓါတရားရှိခြင်း။
၂၊ အပ္ပါဗါဓ = ကျန်းမာခြင်း။
၃၊ အသဌ = ရိုးသားခြင်း။
၄၊ အာဝိကရဏ = ပွင့်လင်းခြင်း။
၅၊ ဒဋ္ဌပရက္ကမ = ဇွဲကောင်းခြင်း။

(၈၆) **အင်္ဂုလိမာလသုတ်။** ။ဤသုတ်ကား 'အင်္ဂုလိ မာလ' အား ယဉ်ကျေးလာအောင် ဘုရားမြတ်စွာက မည်-သို့ဆုံးမသိမ်းသွင်းကြောင်း ရှင်းလင်းဖော်ပြသော သုတ်ဖြစ် သည်။

(၈၇) **ပိယဇာတိကသုတ်။** ။ ချစ်မြတ်နိုးသောသူနှင့် ချစ်မြတ်နိုးသောအရာဝတ္ထုတို့သည် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿနှင့် ဥပါယာသတရားတို့ကို ပွါးများစေကြောင်း ဘုရားမြတ်စွာသည် ဤသုတ်ဖြင့် ထင်ရှားစေခဲ့သည်။

(၈၈) **ဗာဟိတိကသုတ်။** ။ဤသုတ်ကား မှန်သောအလေ့အကျင့်နှင့် မှားသော အလေ့အကျင့်ကို အကြောင်း ပြု၍ 'ရှင်အာနန္ဒာ' နှင့် 'ဘုရင်ပသေနဒီကောသလ' တို့ဆွေးနွေးကြသော သုတ်ဖြစ်သည်။ ကံသုံးပါးတွင် ကဲ့ရဲ့ပြစ်တင်ဘွယ်နှင့် တပါးသူအားရင်း, မိမိအားရင်း အနှောင့်အရှက်ဖြစ်စေဘွယ် မှန်သမျှတို့သည် မှားသောအလေ့အကျင့်ဖြစ်ကြောင်းနှင့် အပြစ် အားလုံးမှကင်းလွတ်သော အလေ့အကျင့်သည်သာလျှင် မှန်သောအလေ့အကျင့်ဖြစ်ကြောင်း ဤသုတ်မှလေ့လာရပေသည်။

(၈၉) **ဓမ္မစေတိယသုတ်။** ။ဤသုတ်ကား မင်း,မင်းချင်း၊ စစ်သား,စစ်သားချင်း၊ ပုဏ္ဏား,ပုဏ္ဏား ချင်း၊ သူဌေး,သူကြွယ်၊ ကုန်သည်များအချင်းချင်း၊ သားနှင့်အမိ၊ အမိနှင့်သား၊ သားနှင့်အဖ၊ အဖနှင့်သား၊ နှမနှင့်မောင်၊ မောင်နှင့်နှမ၊ မိတ်ဆွေသင်္ဂဟအချင်းချင်း အပြိုင်အဆိုင် အငြင်းအခုန်ဖြစ်ပွါးနေကြသောလောကကြီး၌ ,ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ တစုတရုံးထည်း အကွဲအပြားမရှိ မေတ္တာလွှမ်းသော မျက်လုံးများဖြင့် အပြန်အလှန်ကြည့်ရှုကာ သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်းတော်များကို ဖူးတွေ့ရသဖြင့် ထိုရဟန်းတော်တို့၏ နှလုံးသွင်းအတွင်းတရားနှင့် ထိုတရားတော်ကို ထည့်သွင်းဖြည့်စွက်ပေးတော်မူပေသော ရှင်တော်ဗုဒ္ဓ၏ အထွင်အထိပ်လေးစားအပ်သော ဂုဏ်တော်များကို ထောက်ထားနှိုင်းဆ၍ ဘုရားမြတ်စွာအပေါ်ဝယ် ကောသလမင်းကြီးက ကြည်ညိုကြောင်း လျှောက်ထားသောသုတ်ဖြစ်သည်။

(၉၀) **ကဏ္ဏကတ္ထလသုတ်။** ။ပသေနဒီကောသလမင်းကြီး၏ ပန်ကြားချက် အရ သဗ္ဗညုတဉာဏ်တော် အကြောင်း,

အမျိုးလေးပါး'အကြောင်းနှင့် ဗြဟ္မာကြီး အကြောင်းတို့ကို ဘုရားမြတ်စွာက ဤသုတ်ဖြင့် ရှင်းလင်းပြတော်မူ၏။

(၉၁) **ဗြာဟ္မဇာလသုတ်။** ။ဤသုတ်ဖြင့် ဘုရားမြတ်စွာက မိမိသည် သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတို့နှင့် ပြည့်စုံကြောင်းကို'ဗြာဟ္မာယု'နှင့် သူ၏တပည့်'ဥတ္တရ' တို့အား ယုံကြည်စေသည်။

(၉၂) **သေလသုတ်။** ။ဤသုတ်ကား သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတို့နှင့် ဘုရားမြတ်စွာသည်ပြည့်စုံတော်မူကြောင်း သိမြင်သောအခါ 'သေလပုဏ္ဏား'သည် ဘုရားမြတ်စွာထံ ခိုလှုံလာကြောင်း ညွှန်ပြသောသုတ်ဖြစ်၏။

(၉၃) **အဿလာယနသုတ်။** ။ဤသုတ်ဖြင့် လူမျိုးရေးတွင် ပုဏ္ဏားတို့သည် အမြတ်ဆုံးဟူသောအယူဝါဒကို ဥပမာအမျိုးမျိုး, ယုတ္တိ အမျိုးမျိုးဖြင့် ချေပထားသည်။ လူမျိုးရေးဇာတ်မလွှမ်းမိုးသော' ယောနကကမ္ဗောဇနယ်' အကြောင်းကိုလည်း ဤသုတ်မှ သိရှိရလေသည်။

(၉၄) **ဃောဋမုခသုတ်။** ။ဤသုတ်သည် 'ရှင်ဥဒေန' က "ကိုယ့်ကိုယ်ကို နှိပ်စက်ခြင်းလမ်းစဉ် (အတ္တန္တပ) ဖြင့် အမှန်ကိုမတွေ့ရှိနိုင်ကြောင်း"ကို 'ဃောဋမုခ'အား ရှင်းပြသော သုတ်ဖြစ်သည်။

(၉၅) **စင်္ကီသုတ်။** ။ဤသုတ်ဖြင့်လည်း လူမျိုးရေးတွင် ပုဏ္ဏားတို့က သူတို့သာ အမြတ်ဆုံးဟူသောအယူကို ယုတ်ချတော်မူသည်။

(၉၆) သေကာရီသုတ်။ ။လူတန်းစားခွဲခြားရေးတွင် မျိုးရိုးဇာတ်သည် အဓိကဟူသော 'သေကာရီပုဏ္ဏား'၏ဝါဒ ကို ဘုရားမြတ်စွာက ဤသုတ်ဖြင့် ငြင်းဆိုလေသည်။

(၉၇) ဓာနဉ္စာနိသုတ်။ ။ဤသုတ်ကား 'ဓာနဉ္စာနိ ပုဏ္ဏား' အား ရှင်သာရိပုတြာက ကောင်းမှု၏ အကျိုးကို ညွှန်ပြသောသုတ်ဖြစ်သည်။ စတုမဟာရာဇ်,တာဝတိံသာ, ယာမာ,တုသိတာ,နိမ္မာနရတိ,ပရနိမ္မိတ ဝသဝတ္တိနှင့်ဗြဟ္မာ့ဘုံ အကြောင်းကိုလည်း ဤသုတ်တွင် ဖော်ပြထားသည်။

(၉၈)ဝါသေဋ္ဌသုတ်။ ။ဤသုတ်သည် 'ဝါသေဋ္ဌ' နှင့် 'ဘာရဒွါဇ' ပုဏ္ဏားတို့အား မည်သို့သောပုဂ္ဂိုလ်ကို ပုဏ္ဏားစစ် ခေါ်ထိုက်ကြောင်း ညွှန်ပြသော သုတ်ဖြစ်သည်။

(၉၉) သုဘာသုတ်။ ။ 'သုဘာပုဏ္ဏား' အားဗြဟ္မာကြီးနှင့် တွေ့ဆုံရန် မည်သို့ကျင့်ကြံရမည့်အကြောင်းကို ဘုရားမြတ်စွာ က ဤသုတ်ဖြင့် ရှင်းလင်းခဲ့သည်။

(၁၀၀)သင်္ဂါရဝသုတ်။ ။ဤသုတ်ကား ဘုရားမြတ်စွာကို ချီးကျူးသည့်အတွက် 'ဓာနဉ္စာနီ' ပုဏ္ဏေမအား ဆူပူကြိမ်း မောင်းသော 'သင်္ဂါရဝ' ပုဏ္ဏားလုလင်ကို သိမ်းသွင်းသော သုတ်ဖြစ်သည်။

(၁၀၁) ဒေဝဒဟသုတ်။ ။ဤသုတ်တွင် နိဂဏ္ဌဂိုဏ်း အယူဝါဒကို ဗုဒ္ဓမြတ်စွာက ရှင်းလင်းဖော်ပြသည်။

(၁၀၂) ပဉ္စတ္တယသုတ်။ ။ဤသုတ်ကား အဘိဓမ္မာ ဂိုဏ်းအမျိုးမျိုးတို့၏ အကြောင်းကို မြတ်စွာဗုဒ္ဓက ရှင်းလင်း ဖော်ပြသော သုတ်ဖြစ်သည်။

(၁၀၃) **ကိ်န္တိသုတ်။** ။ရဟန်းတို့သည် သတိပဋ္ဌာန် လေးပါး,ဗလငါးပါးနှင့်ဣန္ဒြိယငါးပါးတို့ကိုပွါးများသင့်ကြောင်း မြတ်စွာဗုဒ္ဓသည် ဤသုတ်ဖြင့် ဩဝါဒပေးတော်မူသည်။

(၁၀၄) **သာမဂါမသုတ်။** ။ 'နိဂဏ္ဌနာဋပုတ္တဂိုဏ်း ဆရာကြီး' ကွယ်လွန်ပြီးနောက်သူ၏ဂိုဏ်းသားများမညီမညွတ် ဖြစ်ကြသောကြောင့် ဤသုတ်ဖြစ်ပေါ်၍လာရလေသည်။ ဤ သုတ်တွင်ညီညွတ်ရေးကို ပြိုကွဲစေမည့် အကြောင်းခြောက် ပါးနှင့် ညီညွတ်ရေးကို တည်တံ့စေမည့် အကြောင်းခြောက် ပါးကိုညွှန်ကြားထားသည်။

**''ညီညွတ်ရေးပြိုကွဲစေမည့် အကြောင်းခြောက်ပါး''**

၁။ ကောဓနော = ဥပနာဟီ = ရန်ငြိုးဖွဲ့ခြင်း။
၂။ မက္ခီ = ပဠာသီ = ဂုဏ်ပြိုင်ခြင်း။
၃။ ဣဿုကီ = မစ္ဆရီ = ငြူစူခြင်း။
၄။ သဌော = မာယာဝီ = ကောက်ကျစ်စဉ်းလဲခြင်း။
၅။ ပါပိစ္ဆော = မိစ္ဆာဒိဋ္ဌိ = အယူမှားခြင်း။
၆။ သန္ဒိဋ္ဌိပရာမာသီ = အာဓါနဂ္ဂါဟီ = ဒုပ္ပဋိနိဿဂ္ဂီ = အယူသည်းခြင်း

**'ညီညွတ်ရေးတည်တံ့စေမည့် အကြောင်းခြောက်ပါး'**

၁။ မေတ္တာ ကာယကံ။
၂။ မေတ္တာ ဝစီကံ။
၃။ မေတ္တာ မနောကံ။
၄။ ပစ္စည်းလေးပါးနှင့် စပ်ဈြင်း၍ယုတ်စွအဆုံးသပိတ်တွင်း ဘောဇဉ်ကိုပင် ညီတူညီမျှ ခွဲဝေသုံးဆောင်ခြင်း။
၅။ သီလကိုမကျိုးမပေါက်မပြောက်မကျားထိန်းစောင့်ခြင်း။
၆။ အယူအဆ,သဘောတရားတသန်တည်းဖြောင့်မတ်ခြင်း။

(၁၀၅) **သုနက္ခတ္တသုတ်**။ ။ဤသုတ်ကား 'သုနက္ခတ္တ' မည်သောရဟန်းအား ရဟန္တာအစစ်နှင့် ရဟန္တာစိတ်ပေါက် နေသော ပုဂ္ဂိုလ်နှစ်မျိုး,နှစ်စားကို ခွဲခြား၍ ဟောကြားတော် မူသော သုတ်ဖြစ်သည်။

ဟောတော်မူချက်တွင်လည်း မှတ်သားဘွယ်ကောင်းလှ သော ဥပမာ-ဥပမေယျများကို အောက်ပါအတိုင်းတွေ့ရ၏။

က၊ အနာ = ဝဏ = အတွင်း အာယတနခြောက်ပါး။
ခ၊ အဆိပ်အတောက် = ဝိသဒေါသ = အဝိဇ္ဇာ။
ဂ၊ မြှား = သလ္လ = တဏှာ။
ဃ၊ မြှားရှာ ကိရိယာတန်ဆာ = ဧသနီ = သတိ။
င၊ ထား (ဒါး) = သတ္ထ = အရိယမဂ်ပညာ။
စ၊ မြှားထွင် ဆရာ = သလ္လကတ္တ = ဘုရားမြတ်စွာ။

(၁၀၆) **အာနေဉ္ဇသပ္ပါယသုတ်**။ ။အောက်ပါဒေသနာ တို့ကို ဤသုတ်၌ သိမ်မွေ့စွာ ဟောကြားထားတော်မူသည်။

၁၊ အာနေဉ္ဇသပ္ပါယပဋိပဒါ = မတုန်လှုပ်ကြောင်းအကျင့် သုံးမျိုး။
၂၊ အာကိဉ္စညာယတန သပ္ပါယ ပဋိပဒါ = ကြောင့်ကြကင်း ကြောင်းအကျင့်သုံးမျိုး။
၃၊ နေဝသညာနာသညာယတန သပ္ပါယ ပဋိပဒါ = ရှင်းလင်း သော သညာကား ရှိ၊ သိမ်မွေ့သောသညာ မရှိ မဟုတ်သော အခြေ သို့ ရောက်ကြောင်းအကျင့်။

ထို့ပြင် အောက်ပါတို့ကိုလည်း ဤသုတ်၌ အကျယ်အား ဖြင့် ဝေဖန်ထားသည်ကို တွေ့ရှိရ၏။

၁၊ မျက်မှောက် တမလွန် နှစ်မျိုးပြားသော ကာမ၊
၂၊ မျက်မှောက် တမလွန် နှစ်မျိုးပြားသော ကာမသညာ၊
၃၊ မျက်မှောက် တမလွန် နှစ်မျိုးပြားသော ရူပ၊
၄၊ မျက်မှောက် တမလွန် နှစ်မျိုးပြားသော ရူပသညာ၊

ဒေသနာတော်၏ အဓိကအချက်ကား သတ္တာယ (ခန္ဓာငါးပါး) နှင့် အမတ (နိဗ္ဗာန်) သဘောကွဲပြားချက်ကို ဖေါ်ထုတ်ခြင်းဖြစ်သည်။ အချုပ်၌ ဤ 'အာနေဉ္ဇသပ္ပါယ' သုတ်သည် အပ္ပမာဒတရားနှင့် ပြည့်စုံရန် ဘုရားမြတ်စွာက တိုက်တွန်းညွှန်ကြားတော်မူသော သုတ်ဖြစ်သည်။

(၁၀၇) ဂဏကမောဂ္ဂလာနသုတ်။ ။ ဤသုတ်ကား 'ဂဏကမောဂ္ဂလာန်'မည်သောပုဏ္ဏားက မြတ်စွာဗုဒ္ဓအား လောက၌ အတတ်ပညာအမျိုးမျိုးဆိုင်ရာ သင်ခန်းစာ လေ့ကျင့်ခန်းများရှိသကဲ့သို့ မြတ်စွာဗုဒ္ဓ၏ သာသနာတော်၌ ကျင့်စဉ်ကျင့်တန်းရှိ-မရှိ မေးမြန်းရာ,မြတ်စွာဗုဒ္ဓကရှိသည့်အကြောင်း အကျယ်တဝင့် ဖြေကြားသောသုတ်ဖြစ်သည်။

လမ်းမှန်ရှိသော်လည်း လမ်းမှန်အတိုင်း အစဉ်တစိုက်မသွားလမ်းမှားသို့ရောက်လျှင် လိုရာခရီးသို့မရောက်နိုင်ကြောင်းများကိုလည်း ဤသုတ်၌ ဟောကြားတော်မူ၏။

(၁၀၈) ဂေါပကမောဂ္ဂလာနသုတ်။ ။ ဤသုတ်အရ မြတ်စွာဗုဒ္ဓ၌ ပြည့်စုံအပ်သော အရည်အချင်းအားလုံးတို့သည် ရဟန်းတို့၌ မပြည့်စုံကြောင်း၊ မြတ်စွာဗုဒ္ဓသည်သာ 'လမ်းညွှန်ပုဂ္ဂိုလ်'။၁၊ 'ရှေ့သွားပုဂ္ဂိုလ်'ဖြစ်ကြောင်း၊သာဝကတို့ကား မြတ်စွာဗုဒ္ဓသို့ အစဉ်လိုက်သော ပုဂ္ဂိုလ်များသာဖြစ်ကြောင်းကို ဤသုတ်မှ သိရှိရလေသည်။

(၁၀၉) မဟာပုဏ္ဏမသုတ်။ ။ဤသုတ်ကား သက္ကာယ ဒိဋ္ဌိ မည်သို့ ဖြစ်ပေါ် လာကြောင်းကို ဆွေးနွေး ထားသော သုတ်ဖြစ်သည်။

(၁၁၀) စူဠပုဏ္ဏမသုတ်။ ။ဤသုတ်ကား သူယုတ်မာ နှင့် သူတော်ကောင်းကို ခွဲခြား၍ပြသော သုတ်ဖြစ်သည်။

"သူယုတ်မာဟုသိနိုင်ခြင်း
အကြောင်းရှစ်ပါး"

၁၊ သူယုတ်မာတရား အပြည့်အနက်ရှိသည်။
၂၊ သူယုတ်မာကို ဆည်းကပ်သည်၊
၃၊ သူယုတ်မာ အကြံအစည်ရှိသည်၊
၄၊ သူယုတ်မာနှင့် တိုင်ပင်နှီးနှောသည်၊
၅၊ သူယုတ်မာ စကားပြောသည်၊
၆၊ သူယုတ်မာ အလုပ် လုပ်သည်၊
၇၊ သူယုတ်မာ အယူအဆရှိသည်၊
၈၊ သူယုတ်မာ လှူနည်း, လှူသည်၊

သူတော်ကောင်းဟု သိနိုင်ခြင်း အကြောင်း ရှစ်မျိုးကို ဆို ခဲ့ပြီးသော သူယုတ်မာဟု သိနိုင်သည့် အကြောင်း ရှစ်မျိုးမှ ပြန်သောအားဖြင့် သိနိုင်၏။

(၁၁၁) အနုပဒသုတ်။ ။ရှင်သာရိပုတြာ၏ 'တရားတော် ကိုအသေးစိတ်သိသော အရည်အချင်းများ'ကို မြတ်စွာဗုဒ္ဓက ဤသုတ်ဖြင့် ချီးကျူးတော်မူသည်။

(၁၁၂) ဆဗ္ဗိသောဓနသုတ်။ ။ဤသုတ်တွင် ဟောကြား အပ်သော ဒေသနာတော်၏အချုပ်ကား....အကြင်ရဟန်းသည် "အညာ" ဟုခေါ်သော အရဟတ္တဖိုလ်ကိုဝန်ခံ၍ ရဟန္တာ

ဖြစ်ကြောင်း ပြောကြားလာလျှင် ရုတ်တရက် မထောက်ခံ မကန့်ကွက်သေးဘဲ ခြောက်ဌာနတွင်ချ၍ စစ်ဆေးစောကြော အပ်၏....ဟူသတည်း။

အကြွင်းရဟန်းသည်........

၁၊ ဝိဏ္ဏာဝေတိ = ဇာတိကုန်ပြီဟူ၍ သော်လည်းကောင်း၊

၂၊ ဝုသိတံ ဗြဟ္မစရိယံ = မဂ်တည်းဟူသော သီတင်းသုံးခြင်းကို အပြီးတိုင် သီတင်းသုံးပြီးပြီ ( ရဟန်းကိစ္စပြီးပြီ ) ဟူ၍သော်လည်းကောင်း၊

၃၊ ကတံ ကရဏီယံ = မဂ်ကိစ္စ ပြီးပြီ ဟူ၍ သော်လည်းကောင်း၊

၄၊ နာပရံ ဣတ္ထတ္တာယ = နောင်တဖန် ဘဝသစ်မရှိတော့ဟူ၍ သော်လည်းကောင်း။

သို့မဟုတ် (၄ ချက်စသုံး သော်လည်းကောင်း ဝန်ခံလျှင်-- အရဟတ္တဖိုလ်ကို ဝန်ခံသည်မည်၏။

ထိုသို့ဝန်ခံလျှင်........

၁၊ ဒိဋ္ဌ = အမြင်။

၂၊ သုတ = အကြား။

၃၊ မုတ = အနံ့ , အရသာ , အထိအတွေ့။

၄၊ ဝိညာတ = အသိအာရုံ တည်းဟူသော....

ဝေါဟာရ( ၄ )ချက်တွင် မြင်လျှင် မြင်ရာအာရုံ၌ တဏှာ, ဒိဋ္ဌိ အစွဲအငြိ ရှိ-မရှိ၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံ တို့၌ လောဘ, ဒေါသ ဖြစ်-မဖြစ် စစ်ဆေးစောကြောအပ်၏။အကယ်၍ တဏှာ , ဒိဋ္ဌိ အစွဲအငြိ မရှိကြောင်း၊လောဘ, ဒေါသ မဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ဝန်ခံလျှင် သာဓုခေါ်အပ်၏။သုတ, မုတ, ဝိညာတ တို့၌ ပည်း အလားတူ စောကြောအပ်၏။

ရဟန်းတော်များ၌ ဝိနည်းကြောင်း သိက္ခာပုဒ်များအရ အကယ်မိမိသန္တာန်၌ မရှိသော ဈာန်, မဂ်,ဖိုလ် တရားကို လူသားဇာတိအသိရှိသောပုဂ္ဂိုလ်အား ပြောကြားလျှင် 'ပါရာဇိက' အာပတ်သင့်၏။ ရဟန်းဘဝ ဆုံးလေတော့၏။

မိမိမှာ အကယ်၍ ဈာန်,မဂ်, ဖိုလ် တရားရှိလျှင်လူ, သာမဏေအားသာ မပြောကောင်းသည်၊ ရဟန်းအချင်းချင်း ပြောကြားလျှင်ကား ပြောကြားနိုင်သော အခွင့်အရေးရှိ၍ အာပတ်မသင့်။

မိမိမှာအကယ်ရှိသော ဈာန်,မဂ်,ဖိုလ်တရားကို လူ သာမဏေအား ပြောကြားလျှင် 'ပါစိတ်' အာပတ်သင့်၏။

ထိုကြောင့်ဤကဲ့သို့သော ဈာန်,မဂ်,ဖိုလ်စောဒနာခြင်းကို ရဟန်းတော်အချင်းချင်းသာ ပြုသင့်ကြောင်းကိုလည်း မှတ်သားအပ်၏။

ခန္ဓာငါးပါး, ဓာတ်ခြောက်ပါး, အတွင်း, အပ အာယတနခြောက်ပါး, မိမိခန္ဓာ သူတပါးခန္ဓာတို့၌လည်း ဝေါဟာရ ( ၄ ) ချက်နည်းတူ တဏှာ, ဒိဋ္ဌိ အစွဲအငြိ ရှိ-မရှိ၊ လောဘ, ဒေါသ ဖြစ်-မဖြစ် စစ်ဆေး၍ အာသဝေါတရားလေးပါးမှ လွတ်မြောက်သည်အထိ ဝန်ခံဖြေဆိုလျှင် ရဟန္တာဖြစ်ကြောင်း ဝန်ခံသည်မည်၍ သာဓုခေါ်အပ်၏။

အချို့သော ရဟန်းတော်များသည် နှစ်ပေါင်းများစွာ သမာဓိ, ပညာထက်သန်၍ မိမိကိုယ်ကို ' ငါရဟန္တာဖြစ်ပြီ ' ဟု ထင်မှတ်နေတတ်၏။ ထိုသို့ ထင်မှတ် ရနိုးခြင်းကို ပါဠိဘာသာတွင် "အဓိမာန" ခေါ်၏။ ထို 'အဓိမာန' အရ ' ငါဈာန်တရားရပြီ, မဂ်တရားရပြီ '....စသည်ဖြေဆိုဝန်ခံသော် ပါစိတ်တရာအပြစ်မရှိ။

၁၊ ဝေါဟာရ လေးချက်။
၂၊ ခန္ဓာ ငါးပါး။
၃၊ ဓာတ် ခြောက်ပါး။
၄၊ အတွင်း, အပ အာယတန ခြောက်ပါး။
၅၊ မိမိ သဝိညာဏက ကာယ။
၆၊ သူတပါး သဝိညာဏက ကာယ။........

တည်းဟူသော ဓမ္မအစု ခြောက်စု၌ စေတနာခြင်းဖြင့် သုတ်သင်စစ်ဆေးခြင်းကို အကြောင်းပြု၍ ဟောတော်မူသောကြောင့် ဤသုတ်ကို ဆဗ္ဗိသောဓန သုတ္တန်ဟု ခေါ်တွင်လေသည်။

(၁၁၃) **သပ္ပုရိသသုတ်။** ။ဤသုတ်သည် သူတော်ကောင်းတရားနှင့် သူယုတ်မာ တရားတို့ကို ရဟန်းတို့အား ညွှန်ပြသော သုတ်ဖြစ်သည်။

(၁၁၄) **သေဝိတဗ္ဗာသေဝိတဗ္ဗသုတ်။** ။ဤသုတ်ကား မြတ်စွာဗုဒ္ဓသည် မှီဝဲအပ်သည့် တရားတို့နှင့် မမှီဝဲအပ်သည့် တရားတို့ကို ရှင်းပြတော်မူသော သုတ်ဖြစ်၏။

(၁၁၅) **ဗဟုဓာတုကသုတ်။** ။ရဟန်းတို့သည် ဓာတ်အသွယ်သွယ်၌ လေ့ကျင့်ထားအပ်ကြောင်းကို ဤသုတ်ဖြင့် မြတ်စွာဗုဒ္ဓက ညွှန်ပြတော်မူသည်။

(ဗဟုဓာတုကသုတ်ကို 'စတုပရိဝဋ္ဋ' 'ဓမ္မဒါသ' 'အမတဒုန္ဒုဘိ' (ဒုန္ဒုဘိ) 'အနုတ္တရသင်္ဂါမဝိဇယ' သုတ်ဟူသော အမည်များဖြင့်လည်း ခေါ်ဆိုအပ်သေး၏။)

(၁၁၆) **ဣသိဂိလိသုတ်။** ။'ဣသိဂိလိ' တောင်၌ သီတင်းသုံးနေတော်မူကြသော ပစ္စေကဗုဒ္ဓါတို့အကြောင်းကို ဤသုတ်ဖြင့် ဟောပြောတော်မူသည်။

(၁၁၇) **မဟာစတ္တာရီသကသုတ်။** ။ ဤသုတ်ကား သမ္မာသမာဓိအကြောင်းကို အခြေခံ အခြံအရံနှင့်တကွအကျယ် ညွှန်ပြသော သုတ်ဖြစ်၏။

(၁၁၈) **အာနာပါနသတိသုတ်။** ။ ဤသုတ်ကား အာနာပါန ကမ္မဋ္ဌာန်းနှင့်စပ်လျဉ်း၍ ရှင်းပြသော သုတ်ဖြစ်သည်။

(၁၁၉) **ကာယဂတာသတိသုတ်။** ။ ဤသုတ်ကား ခန္ဓာကိုယ်နှင့်စပ်လျဉ်း၍ မည်သို့ဆင်ခြင်သုံးသပ်သင့်ကြောင်းကို ပြဆိုသော သုတ်ဖြစ်သည်။

(၁၂၀) **သံခါရုပပတ္တိသုတ်။** ။ သံခါရဝဋ်အစုစု၏ ဖြစ်ပေါ်လာပုံကို ဤသုတ်ဖြင့် ဘုရားမြတ်စွာသည် ပြညွှန်တော်မူ၏။

(၁၂၁) **စူဠသုညတ နှင့် မဟာသုညတ သုတ်၊** ။ဤ သုတ်များကား ဆိတ်သုဉ်းခြင်းနှင့် စပ်လျဉ်း၍ ဟောကြားသော သုတ်များဖြစ်ကြသည်။

(၁၂၂) **အစ္ဆရိယဗ္ဘုတဓမ္မ သုတ်။** ။ဤ သုတ်ကား အံ့ဘွယ်သရဲ အကြောင်းတို့ကို ရှင်းပြသော သုတ်ဖြစ်၏။

(၁၂၃) **ဗာကုလ (ဗက္ကုလ)သုတ်။** ။ဤသုတ်သည် 'ရှင်အစေလကဿပ' အား 'ဗက္ကုလ' ထေရ်မြတ်က သူ၏ မှန်မြတ်သန့်စင်သော ရဟန်းဘဝကို မြွက်ကြားသော သုတ်ဖြစ်သည်။ ဗက္ကုလထေရ်မြတ်သည် ရဟန်းအဖြစ်ဖြင့် အနှစ်ရှစ်ဆယ်ပတ်လုံး မည်သည့်အပြစ်မျှ မကျူးလွန်ကြောင်းကို လည်း ဤသုတ်၌ ရှင်းပြထား၏။

(၁၂၄) **ဒန္တဘူမိသုတ်။** ။ဤသုတ်သည် ဝိနည်းတော်နှင့် ပတ်သက်သော သုတ်ဖြစ်၏။ ရဟန်းတို့သည် မိမိတို့ကိုယ်ကို

မိမိတို့ အမြဲမပြတ် ယဉ်ကျေးအောင် ဆုံးမသင့်ကြောင်းကို ဤသုတ်၌ ညွှန်ကြားထားလေသည်။

(၁၂၅) **ဘူမိဇသုတ်။** ။ဤသုတ်ကား မြင့်မြတ်သော ဘဝ၏ အကျိုးထူးခံစားနိုင်ရေးအတွက် အမြင်မှန်နှင့်ပြည့်စုံရန် အရေးကြီးကြောင်း ညွှန်ပြသော သုတ်ဖြစ်သည်။

(၁၂၆) **အနုရုဒ္ဓသုတ်။** ။'ရှင်အနုရုဒ္ဓ' က 'ပဉ္စကင်္ဂ' အမည်ရှိသော လက်သမားအား အတိုင်းမသိသောမေတ္တာဘာဝနာတရားအကြောင်းကို ဤသုတ်ဖြင့်ရှင်းပြတော်မူသည်။ ဤသုတ်တွင် ပရိတ္တာဘာနတ်၊ အပ္ပမာဏာဘာနတ်၊ သံကိလိဋ္ဌာဘာနတ် နှင့် ပရိသုဒ္ဓါဘာနတ်များ အကြောင်းကိုလည်း ဖော်ပြထားသည်။

(၁၂၇) **ဥပက္ကိလေသ သုတ်။** ။ ဤသုတ်ကားခိုက်ရန်ဖြစ်ပွါးကြသော ကောသမ္ဗိရဟန်းတို့ကို အကြောင်းပြု၍ ဘုရားမြတ်စွာက ရှင်အနုရုဒ္ဓ၊ ရှင်နန္ဒိယနှင့် ရှင်ကိမ္ဗိလ တို့အား ကိလေသာအညစ် တရားတို့ကို လုံးဝ ပယ်ရှားသင့်ကြောင်း ပြည့်နှင့်သော သုတ်ဖြစ်သည်။

(၁၂၈) **ဗာလပဏ္ဍိတသုတ်။** ။လူမိုက်နှင့် ပညာရှိတို့ အကြောင်းကို ဤသုတ်ဖြင့် ရှင်းလင်းပြဆိုတော်မူ၏။

(၁၂၉) **ဒေဝဒူတသုတ်။** ။ဤသုတ်ကား 'ယမမင်း'သည် မကောင်းမှုပြုသူတို့အား အပြစ်အလိုက် ဆုံးဖြတ်သတ်မှတ်ပေးကြောင်းကို ဖော်ပြသော သုတ်ဖြစ်သည်။

သူငယ်, သူအို, သူနာ, သူသေနှင့် 'ကမ္မကရဏ'တည်းဟူသော 'ဒေဝဒူတ' (နတ်တမန်) ငါးမျိုးအကြောင်းနှင့် ကြောက်မက်ဖွယ် နှစ်ပါးသော ကမ္မကရဏတို့၏ သရုပ်ကို ဤဒေဝဒူတသုတ်တွင် အကျယ်အားဖြင့် လေ့လာနိုင်သည်။

(၁၃၀) **ဘဒ္ဒေကရတ္တသုတ်။ ။**

(၁၃၁) **အာနန္ဒဘဒ္ဒေကရတ္တသုတ်။ ။**

(၁၃၂) **မဟာကစ္စာနဘဒ္ဒေကရတ္တသုတ်။**

(၁၃၃) **လောမသကင်္ဂိယဘဒ္ဒေကရတ္တသုတ်။ ။**

ဤသုတ်တို့ဖြင့် အတိတ်ကို ပြန်ပြောင်းမတွေးတောရန်နှင့် အနာဂတ်ကို မခြော်မှန်းမတမ်းတရန်ကို ဘုရားမြတ်စွာသည် သတိပေးနိုးဆော်ပြီးလျှင် ပစ္စုပ္ပန်ကိုသာ လက်ငင်းဖြေရှင်းရန် အကြောင်းကို တိုက်တွန်းတော်မူခဲ့လေသည်။

(၁၃၄) ရှုဠ နှင့် **မဟာကမ္မဝိဘင်္ဂသုတ်။ ။** ' သုဘ တောဒေယျပုတ္တ ' အမည်ရှိသော ပုဏ္ဏားလုလင်ကို အကြောင်းပြု၍ ဤ သုတ်များကို ဟောတော်မူသည်။

' တောဒေယျ ' က ဘုရားမြတ်စွာအား အဘယ်အကြောင်း ကြောင့် သတ္တဝါ တို့သည် အယုတ်, အလတ်, အမြတ်စ သည်ဖြင့် ခြားနားရပါသနည်းဟု လျှောက်ထားရာ ဘုရား မြတ်စွာက, ' ကမ္မံ သတ္တေ ဝိဘဇတိ ' ဟူသော ဒေသနာဖြင့် သတ္တဝါတို့၏ပြုကျင့်သော ' ကောင်း-ဆိုး ' အမှုသည်သတ္တဝါ တို့ကို ခွဲခြားဝေဖန်ကြောင်း ဖြေကြားတော်မူ၏။

**''အဆိုးပြုမှုအကျိုး''**

၁၊ သူ့အသက်သတ်မှုကြောင့် အသက်တိုသည်၊

၂၊ ညှဉ်းဆဲမှုကြောင့် အနာရောဂါများသည်။

၃၊ စိတ်တိုမှုကြောင့် အရုပ်ဆိုးသည်

၄၊ ငြူစူမှုကြောင့် ဘုန်းနိမ့်သည်။

၅၊ အလှူကိုပစ်ပယ်မှုကြောင့် ဆင်းရဲသည်၊

၆၊ မာနကြီးမှုကြောင့် ဇာတ်နိမ့်ဘဝ ရောက်ရသည်။

၇၊ ဦးစားပေး၍မေးမြန်းလေ့ မရှိမှုကြောင့် ပညာမဲ့သည်၊

အထက်ပါ အကြောင်းအကျိုးများမှ ပြန်သောအားဖြင့် သူ့အသက် သတ်မှုမှ ရှောင်ကြဉ်ခြင်းကြောင့် အသက်ရှည်သည်....စသည်ဖြင့် အသီးအသီး အကြောင်း အကျိုး ဆက်သွယ်၍ဘုရားမြတ်စွာသည် 'တောဒေယျ' အား ဟောကြားတော်မူသည်။

(၁၃၅) **သဠာယတနဝိဘင်္ဂသုတ်။** ။ ဤ သုတ်ကား အာယတန ခြောက်ပါးအကြောင်း ရှင်းပြသောသုတ်ဖြစ်၏။

(၁၃၆) **ဥဒ္ဒေသဝိဘင်္ဂသုတ်။** ။ ဗဟိဒ္ဓ, အဇ္ဈတ္တိက အာယတနနှစ်ပါးလုံးနှင့် စပ်လျဉ်း၍ စိတ်ကိုလုံခြုံစွာ စောင့်ထိန်းလေ့ကျင့်လျှင် ဇာတိ, ဇရာ, မရဏနှင့် ဒုက္ခအပေါင်းတို့ ပေါ်ပေါက်လာနိုင်မည်မဟုတ်ကြောင်းကို ဘုရားမြတ်စွာက ဤသုတ်တွင် ထင်လင်းစွာ ဟောကြားတော်မူသည်။

(၁၃၇) **အရဏဝိဘင်္ဂသုတ်။** ။ဤသုတ်ကား 'ကာမေသု ကာမ သုခလ္လိကာနုယောဂ' နှင့် 'အတ္တ ကိလမထာနုယောဂ' လမ်းစဉ်နှစ်ခုကို ပယ်ရှားကာ မဂ္ဂင်ရှစ်ပါးကို လိုက်နာရန် ညွှန်သော သုတ်ဖြစ်သည်။

(၁၃၈) **ဓာတုဝိဘင်္ဂသုတ်။** ။ပထဝီ, တေဇော, ဝါယော, အာပေါ, အာကာသနှင့် ဝိညာဏတည်း ဟူသော ဓာတ်ကြီးခြောက်ပါး တို့ကို 'ပက္ကုသာတိ' အား ဘုရားမြတ်စွာက ဤသုတ်ဖြင့် ရှင်းလင်းပြတော်မူသည်။

(၁၃၉) **သစ္စဝိဘင်္ဂ သုတ်။** ။သစ္စာလေးပါး နှင့် မဂ္ဂင်ရှစ်ပါးအကြောင်းကို ဤသုတ်တွင် စုံလင်စွာ ဖော်ပြထားသည်။

(၁၄၀) **ဒက္ခိဏာဝိဘင်္ဂသုတ်။** ။လှူဘွယ်ဝတ္ထုအစုစုကို မည်သို့လှူဒါန်းရမည့်အကြောင်း ဝေဖန်ရှင်းလင်းကာ

အလှူခံ ထိုက်သော ပုဂ္ဂိုလ် ( ၁၄ ) ဦးတို့ကို ဤသုတ်ဖြင့် ဘုရားမြတ်စွာက ဖော်ပြခဲ့သည်။

''အလှူခံပုဂ္ဂိုလ်ဘဆယ့်လေးဦး''

၁။ တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ = ဘုရားမြတ်စွာ၊
၂။ ပစ္စေကသမ္ဗုဒ္ဓေါ = ပစ္စေကဗုဒ္ဓ၊
၃။ တထာဂတ သာဝကော အရဟံ = ဘုရားမြတ်စွာ၏ သာဝကရဟန္တာ၊
၄။ အရဟတ္တ ဖလ သစ္ဆိကိရိယာယ ပဋိပန္နော = အရဟတ္တ ဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၊
၅။ အနာဂါမီသ = အနာဂါမ်၊
၆။ အနာဂါမိ ဖလ သစ္ဆိကိရိယာယ ပဋိပန္နော = အနာဂါမိ ဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၊
၇။ သကဒါဂါမီသ = သကဒါဂါမ်၊
၈။ သကဒါဂါမိ ဖလ သစ္ဆိကိရိယာယ ပဋိပန္နော = သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၊
၉။ သောတာပန္နော = သောတာပန်၊
၁၀။ သောတာပတ္တိ ဖလ သစ္ဆိကိရိယာယ ပဋိပန္နော = သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၊
၁၁။ ဗာဟိရကော ကာမေသု ဝီတရာဂေါ = ကာမဂုဏ်၌ရာဂ ကင်းသူ၊
၁၂။ ပုထုဇ္ဇနသီလဝန္တော = သီလနှင့်ပြည့်စုံသူ ပုထုဇဉ်။
၁၃။ ပုထုဇ္ဇနဒုဿီလော = သီလမဲ့သူ ပုထုဇဉ်။
၁၄။ တိရစ္ဆာနဂတော = တိရစ္ဆာန်၊

(၁၄၁) အနာထပိဏ္ဍိကောဝါဒသုတ်။ ။အာယတန တရားများ, ခတ်ကြီး ခြောက်ပါး , အာဂတာသနဋ္ဌာယတန , ဝိညာဏဋ္ဌာယတန, အာကိဉ္စညာယတန, နေဝသညာ နာ

သညာယတန တို့၏ လွှမ်းမိုးမှု အောက်တွင် မနစ်မွန်းရန် 'အနာထပိဏ်သူဌေးကြီး' အား ရှင်သာရိပုတြာက ဤသုတ်ဖြင့် ဩဝါဒပေးတော်မူသည်။

(၁၄၂) **ဆန္နောဝါဒသုတ်။** ။ဤသုတ်ကား မိမိကိုယ်ကို မိမိသေကြောင်းကြံစည်သော 'ဆန္န' မည်သောရဟန်းနှင့် စပ်လျဉ်း၍ ဟောကြားသောသုတ်ဖြစ်သည်။

(၁၄၃) **ပုဏ္ဏောဝါဒသုတ်။** ။ဘုရားမြတ်စွာ၏ တရားဒေသနာကို ကြားနာပြီးနောက် 'ရှင်ပုဏ္ဏ' က လူသူကင်းဝေးသောအရပ်၌ တယောက်ထည်း မည်သို့နေထိုင်ကျင့်ကြံပါရမည့်အကြောင်း ဘုရားမြတ်စွာကို ပန်ကြားသဖြင့် ဘုရားမြတ်စွာက ဤသုတ်ဖြင့် ရှင်ပုဏ္ဏ ကို ညွှန်ကြားလမ်းပြတော်မူသည်။

ဤသုတ်တွင် 'စံပြသည်းခံနည်း' အဆင့်ခြောက်ဆင့်တိုင်တိုင် သည်းခံနိုင်ကြောင်း 'ရှင်ပုဏ္ဏ' က လျှောက်ထားလေသည်။

**"စံပြသည်းခံနည်း ခြောက်ဆင့်"**

၁၊ ဆဲရေးသည်ကို သည်းခံခြင်း။
၂၊ လက်ဖြင့်ပုတ်ခတ်သည်ကို သည်းခံခြင်း။
၃၊ ခဲဖြင့်ပေါက်သည်ကို သည်းခံခြင်း။
၄၊ တုတ်ဖြင့်ရိုက်သည်ကို သည်းခံခြင်း။
၅၊ ဓားနှင့်ထိုးခုတ်သည်ကို သည်းခံခြင်း။
၆၊ အသေသတ်သည်ကို သည်းခံခြင်း။

(၁၄၄) **နန္ဒကောဝါဒသုတ်။** ။ဤသုတ်ကားဘိက္ခုနီမတို့အား 'ရှင်နန္ဒ' က အာယတနတရားတို့၏ မမြဲတတ်သောသဘာဝကို ဟောပြသော သုတ်ဖြစ်သည်။

(၁၄၅) ရာဟုလောဝါဒသုတ်။ ။ဤသုတ်ဖြင့်ဘုရား မြတ်စွာသည် 'ရာဟုလ' အား သင်္ခါရတို့၏ မတည်မြဲပုံကို ဖော်ပြကာ အာသဝေါတရားတို့ကို တိုက်ဖျက်ရန် ညွှန်ပြ တော်မူသည်။

(၁၄၆) ဆဆက္ကသုတ်။ ။ဤသုတ်ဖြင့် ဘုရားမြတ်စွာ သည် ခြောက်စုံသောတရားတို့ကို ရဟန်းတို့အား ရှင်းပြ တော်မူသည်။

"ခြောက်ခုံသောတရား"

(၁) "အဇ္ဈတ္တိကအာယတန"

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန။

(၂) "ဗဟိဒ္ဓအာယတန"

ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ။

(၃) "ဆဝိညာဏကာယ"

စက္ခုဝိညာဏ၊ သောတဝိညာဏ၊ ဃာနဝိညာဏ၊ ဇိဝှါ ဝိညာဏ၊ ကာယဝိညာဏ၊ မနောဝိညာဏ။

(၄) "ဆဖဿကာယ"

စက္ခု + ရူပ + စက္ခုဝိညာဏ = ဖဿ၊

သောတ + သဒ္ဒ + သောတဝိညာဏ = ဖဿ၊

ဃာန + ဂန္ဓ + ဃာနဝိညာဏ = ဖဿ၊

ဇိဝှါ + ရသ + ဇိဝှါဝိညာဏ = ဖဿ၊

ကာယ + ဖောဋ္ဌဗ္ဗ + ကာယဝိညာဏ = ဖဿ၊

မန + ဓမ္မ + မနောဝိညာဏ = ဖဿ၊

(၅) "ဆဝေဒနာကာယ"

စက္ခု + ရူပ + စက္ခုဝိညာဏ + ဖဿ=ဝေဒနာ၊
သောတ + သဒ္ဒ + သောတဝိညာဏ + ဖဿ=ဝေဒနာ၊
ဃာန + ဂန္ဓ + ဃာနဝိညာဏ + ဖဿ=ဝေဒနာ။
ဇိဝှါ + ရသ + ဇိဝှါဝိညာဏ + ဖဿ=ဝေဒနာ၊
ကာယ + ဖောဋ္ဌဗ္ဗ + ကာယဝိညာဏ + ဖဿ=ဝေဒနာ၊
မန + ဓမ္မ + မနောဝိညာဏ + ဖဿ=ဝေဒနာ၊

(၆) "ဆတဏှာကာယ"

စက္ခု + ရူပ + စက္ခုဝိညာဏ ဖဿ + ဝေဒနာ=တဏှာ၊
သောတ + သဒ္ဒ + သောတဝိညာဏ + ဖဿ + ဝေဒနာ= တဏှာ၊
ဃာန + ဂန္ဓ + ဃာနဝိညာဏ + ဖဿ + ဝေဒနာ = တဏှာ၊
ဇိဝှါ + ရသ + ဇိဝှါဝိညာဏ + ဖဿ + ဝေဒနာ=တဏှာ၊
ကာယ + ဖောဋ္ဌဗ္ဗ + ကာယဝိညာဏ + ဖဿ + ဝေဒနာ= တဏှာ။
မန + ဓမ္မ + မနောဝိညာဏ + ဖဿ + ဝေဒနာ=တဏှာ၊

(၁၄၇) **မဟာသဠာယတနိကသုတ်**။ အာယတန ခြောက်ပါးတို့ အရေးကြီးပုံကို ဘုရားမြတ်စွာသည် ရဟန်းတို့အား ဤသုတ်ဖြင့် ရှင်းလင်း၍ ပြတော်မူသည်။

(၁၄၈) **နဂရဝိန္ဒေယျသုတ်**။ ဤသုတ်ကား 'နဂရဝိန္ဒ' ရွာသားပုဏ္ဏားတို့ကို ဟောပြောတော်မူသော သုတ်ဖြစ်သည်။ ဤသုတ်တွင် ပူဇော်သက္ကာရကို ခံယူထိုက်သော

ရဟန်းပုဏ္ဏားတို့နှင့် ပူဇော်သက္ကာရကို မခံယူထိုက်သော ရဟန်းပုဏ္ဏားတို့ကို ခွဲခြား၍ ဖေါ်ပြထား၏။ အာယတန တရားနှင့်ပတ်သက်၍ ရာဂ, ဒေါသ, မောဟတရားတို့ကို သုတ်သင်ဖယ်ရှင်းနိုင်သော ရဟန်းပုဏ္ဏားတို့သည်သာလျှင် ပူဇော်သက္ကာရကို ခံယူထိုက်သောဟူ၏။

(၁၄၉) ဝိဉ္ဉာပါတပရိသုဒ္ဓိသုတ်။ ။ဆွမ်းခံလှည့်လည်ရာတွင် ကိုယ့်ကိုယ်ကို သန့်ရှင်းစင်ကြယ်စေရန် ဣန္ဒြိယတရားတို့ကို ရဟန်းတို့သည် ဆင်ခြင်ထိန်းသိမ်းသင့်ကြောင်း ဤသုတ်ဖြင့် ဩဝါဒပေးတော်မူ၏။

(၁၅၀) ဣန္ဒြိယဘာဝနာသုတ်။ ။ဤသုတ်တွင် ဘုရားမြတ်စွာသည် ဣန္ဒြိယတရားတို့ကို ချုပ်တီးရန် ရှင်းလင်းပြတော်မူသည်။

— —o— —

## ''သံယုတ္တ နိကာယ်''

'သံယုတ္တ' ဟူသည် 'အစု' ဟူသော အနက်ကို ဆောင်သည်။ သံယုတ်တခုစီသည် အကြောင်းအရာတခု ။ဝါ၊ ဒေသနာတော်တခု ။ဝါ၊ သတ္တဝါအမျိုးအစားတခု ။ဝါ၊ ပုဂ္ဂိုလ်အမျိုးအစားတခုနှင့် စပ်ဆိုင်လေသည်။ သံယုတ္တနိကာယ်သည် အကြောင်းအရာအလိုက် သုတ်တို့ကိုအစုလိုက်ဖွဲ့စည်းထားသော ကျမ်းဖြစ်သည်။

သံယုတ္တနိကာယ်ကျမ်းတွင် သုတ်ပေါင်း (၇၇၆၁) သုတ်ကို ဝဂ်အားဖြင့် (က) သဂါထာဝဂ် (ခ) နိဒါနဝဂ် (ဂ) ခန္ဓဝဂ် (ဃ) သဠာယတန ဝဂ် (င) မဟာဝဂ်....ဟူ၍ ငါးဝဂ်, ကန့်ကာ သုတ်စုပေါင်း(၅၆) စု ဖွဲ့ထားလေသည်။

## (က) "သဂါထာဝဂ်"

သဂါထာဝဂ်တွင် အောက်ပါသံယုတ်များ ပါဝင်သည်။

၁။ ဒေဝတာ သံယုတ် ... သုတ်အစု ... ၈ ... စု၊

၂။ ဒေဝပုတ္တ သံယုတ် ... ။ ... ၃ ... ။

၃။ ကောသလ သံယုတ် ... ။ ... ၃ ... ။

၄။ မာရ သံယုတ် ... ။ ... ၃ ... ။

၅။ ဘိက္ခုနီ သံယုတ် ... ။ ...

၆။ ဗြဟ္မ သံယုတ် ။ ... ၂ ... ။

၇။ ဗြာဟ္မဏ သံယုတ် ... ။

၈။ ဝင်္ဂီသ သံယုတ် ... ။

၉။ ဝန သံယုတ် ... ။

၁၀။ ယက္ခ သံယုတ် ... ။

၁၁။ သက္က သံယုတ် ... ။ ... ၃ ... ။

---o---

## (ခ) "နိဒါနဝဂ်"

နိဒါနဝဂ်တွင် အောက်ပါသံယုတ်များ ပါဝင်သည်။

၁။ နိဒါန သံယုတ် ...သုတ်အစု ... ၉ ... စု။

၂။ အဘိသမယ သံယုတ် ... ။

၃။ ဓာတု သံယုတ် ... ။ ၄ ... ။

၄။ အနမတဂ္ဂ သံယုတ် ... ။ ... ၂ ... ။

၅။ ကဿပ သံယုတ် ... ။

၆။ လာဘသက္ကာရ သံယုတ် ... ။ ... ၄ ...

၇။ ရာဟုလ သံယုတ် ... ။ ... ၂ ...

၈။ လက္ခဏ သံယုတ် ... ။ ... ၂ ...

၉။ ဩပမ္မ သံယုတ် ... ။

၁၀။ ဘိက္ခု သံယုတ် ... ။

---o---

## (ဂ) ''ခန္ဓဝဂ်''

ခန္ဓဝဂ်တွင် အောက်ပါသံယုတ်များ ပါဝင်လေသည်။

၁။ ခန္ဓ သံယုတ် ....သုတ်အစု ....  ၅ .... ၃ .... ကန်။<br>
၂။ ရာဓ သံယုတ် .. ။ ၄ .... ။ ။<br>
၃။ ဒိဋ္ဌိ သံယုတ် .... ။ ၂ .... ။ ။<br>
၄။ ဩက္ကန္တိက သံယုတ် ။<br>
၅။ ဥပ္ပါဒ သံယုတ် ။<br>
၆။ ကိလေသ သံယုတ် ။<br>
၇။ သာရိပုတ္တ သံယုတ် ။<br>
၈။ နာဂ သံယုတ် ။<br>
၉။ သုပဏ္ဏ သံယုတ် ။<br>
၁၀။ ဂန္ဓဗ္ဗ သံယုတ် ။<br>
၁၁။ ဝလာဟက သံယုတ် ။<br>
၁၂။ ဝစ္ဆဂေါတ္တ သံယုတ် ။<br>
၁၃။ ဈာန (သမာဓိ) သံယုတ်။

---o---

## (ဃ) ''သဠာယတနဝဂ်''

သဠာယတနဝဂ်တွင် အောက်ပါသံယုတ်များ ပါဝင်လေသည်။

၁။ သဠာယတန သံယုတ်....၄....ကဏ္ဍပိုင်းထား၏။<br>
၂။ ဝေဒနာ သံယုတ်။<br>
၃။ မာတုဂါမ သံယုတ်။<br>
၄။ ဇမ္ဗုခါဒက သံယုတ်။<br>
၅။ သာမဏ္ဍက သံယုတ်။<br>
၆။ မောဂ္ဂလာန သံယုတ်။<br>
၇။ စိတ္တ သံယုတ်။

၈။ ဂါမဏိ သံယုတ်။
၉။ အသင်္ခတ သံယုတ်။
၁၀။ အဗျာကတ သံယုတ်။

———o———

## (င) "မဟာဝဂ်"

မဟာဝဂ်တွင် အောက်ပါသံယုတ်များ ပါဝင်လေသည်။

| | | | | |
|---|---|---|---|---|
| ၁။ မဂ္ဂ သံယုတ် | .... | သုတ်အစု | .... ၈ | .... စု။ |
| ၂။ ဗောဇ္ဈင်္ဂ သံယုတ် | .... | ။ | ....၁၈ | .... ။ |
| ၃။ သတိပဋ္ဌာန သံယုတ် | .... | ။ | ....၁၀ | .... ။ |
| ၄။ ဣန္ဒြိယ သံယုတ် | .... | ။ | ....၁၇ | .... ။ |
| ၅။ သမ္မပ္ပဓာန သံယုတ် | .... | ။ | .... ၅ | .... ။ |
| ၆။ ဗလ သံယုတ် | .... | ။ | ....၁၀ | .... ။ |
| ၇။ ဣဒ္ဓိပါဒ သံယုတ် | .... | ။ | .... ၈ | .... ။ |
| ၈။ အနုရုဒ္ဓသံယုတ် | .... | ။ | .... ၂ | .... ။ |
| ၉။ ဈာန သံယုတ် | .... | ။ | .... ၅ | .... ။ |
| ၁၀။ အာနာပါန သံယုတ် | .... | ။ | .... ၂ | .... ။ |
| ၁၁။ သောတာပတ္တိ သံယုတ် | .... | ။ | .... ၇ | .... ။ |
| ၁၂။ သစ္စ သံယုတ် | .... | ။ | .... ၁၀ | .... ။ |

———o———

## "သဂါထဝဂ်သံယုတ်များ"

(၁) ဒေဝတာသံယုတ်။ ။ကာမ၊ ဘဝ၊ ဒိဋ္ဌိနှင့် အဝိဇ္ဇာတည်းဟူသော ဩဃလေးပါးကို ဗုဒ္ဓသည် မည်သို့တွန်းလှန်ဖြိုဖျက် အောင်မြင်ခဲ့ကြောင်းနှင့် ဒုက္ခအပေါင်းမှ လွတ်မြောက်ရေးအတွက် တဏှာနှင့်ခန္ဓာငါးပါးကို တိုက်ခိုက်, ဖျက်ဆီးပစ်ရမည့်အကြောင်းကို နတ်တို့အား ဤသံယုတ်ဖြင့် ထင်ရှားစေသည်။

(၂) **ဒေဝပုတ္တသံယုတ်။** ။ဤသံယုတ်ကား လူ့တသက် တာတွင် သာယာသောဘဝကို ခံစားစံစားလိုပါလျှင် သူတော် ကောင်းတို့နှင့် ပေါင်းဖေါ်ကာ အမျက်ကောဓကို ချုပ်တီးရ- မည်ဖြစ်ကြောင်းကို နတ်တို့အား ရှင်းလင်းပြသော သံယုတ် ဖြစ်၏။

(၃) **ကောသလသံယုတ်။** ။ဤသံယုတ်သည် ပသေနဒိ ကောသလမင်း၏ ပန်ကြားချက်များကို ဗုဒ္ဓက ဖြေရှင်းသော သံယုတ်ဖြစ်သည်။

ပါဝင်သောဒေသနာအချို့ကို ဖေါ်ပြရသော်....

ခတ္တိယ = မင်း၊ ဥရဂ = မြွေ၊ ပါဝက = မီး၊ သီလသမ္ပန္နဘိက္ခု = အကျင့်နှင့်ပြည့်စုံသော ရဟန်း၊ ဤ လေးပါးကို ငယ်သည်ဟု အထင် မသေးသင့် ကြောင်း။

လောဘ , ဒေါသ , မောဟတရားတို့သည် မိမိကိုယ် တွင်းမှ ဖြစ်ပေါ်လျက် မိမိအားသာလျှင် အကျိုးစီးပွါး ဆုတ်ယုတ်စေကြောင်း၊

သတ္တဝါမှန်သမျှသည် ဇရာ , မရဏ တရားတို့မှ မလွတ်ကင်းနိုင်ကြောင်း၊

ဒုစရိုက်ကို မပြုက်နိုးဘဲ သုစရိုက်ကိုသာ ပြု နိုး သင့်ကြောင်း၊

မိမိကိုယ်ကို မိမိချစ်သည်ဟု ထင်မှတ်နေသော် လည်း ဒုစရိုက်တရားတို့ကို မရှောင်ကြဉ်ဘဲ ပြုကျင့် နေသောသူသည် မိမိကိုယ်ကို မိမိချစ်သည် မမည် ကြောင်း၊... စသည်တို့တည်း၊

(၄) **မာရသံယုတ်။** ။ဤသံယုတ်သည် မာရ်နတ်နှင့် ဘုရား မြတ်စွာ တွေ့ဆုံတော်မူခန်းကို ရှင်းလင်းဖေါ်ပြသော သံယုတ်

ဖြစ်သည်။ ဘုရားမြတ်စွာသည် သမ္ဗောဓိဉာဏ်တော်ကို ရကာ ဘုရားအဖြစ်သို့ ရောက်တော်မူလေလျှင် မာရ်နတ်သည် ဘုရားမြတ်စွာကို အသွင်အမျိုးမျိုးဖြင့် အကျင့်ပျက်ပြားအောင် ဖျက်ဆီးလာ၏။ဆွမ်း ၊ ကွမ်းစသည်တို့ကို ဘုရားမြတ်စွာအား မလှူဒါန်းမပူဇော်ရန် 'ပဉ္စသာလ' တိုင်းသားတို့ကို ပင် နှိုးဆော်၏။ သို့သော် ဘုရားမြတ်စွာသည် မာရ်နတ်၏ ရန်ကို အကြွင်းမဲ့ အောင်နိုင်တော်မူလိုက်သည်။

(၅) **ဘိက္ခုနီသံယုတ်**။ ။ ဂေါတမီ၊ ဥပ္ပလဝဏ္ဏာ၊ နှင့် ဝဇိရာ စသော မြတ်ထေရီတို့အား ဘုရားမြတ်စွာ ချမှတ်တော်မူသော လမ်းစဉ်ကို မလိုက်နာ ၊ မကျင့်ကြံစေရန် မာရ်နတ်က မည်သို့သွေးဆောင် ၊ ဖျက်ဆီးပုံကို ဤသံယုတ်တွင် စုံလင်စွာဖော်ပြထား၏။

(၆) **ဗြဟ္မသံယုတ်**။ ။ဤသံယုတ်ကား ဘုရားမြတ်စွာ-အား ဗြဟ္မာကြီး 'သဟံပတိ' က သတ္တဝါအပေါင်းကို တရားရေအေး ၊ တိုက်ကျွေးရန် တောင်းပန်ကြောင်း ညွှန်ပြသည့် သံယုတ်ဖြစ်သည်။

(၇) **ဗြာဟ္မဏသံယုတ်**။ ။ဤသံယုတ်ကား 'ဘာရဒွါဇ' အမျိုးရှိသော ဘာရဒွါဇနွယ်ဝင် ပုဏ္ဏားတို့အား တရားဓမ္မ ဟောပြတော်မူကာ ဗုဒ္ဓသာသနာတော်တွင်းသို့ မည်ကဲ့သို့ သွတ်သွင်းကြောင်းညွှန်ပြသော သံယုတ်ဖြစ်သည်။

(၈) **ဝင်္ဂီသသံယုတ်**။ ။ဤသံယုတ်သည် အာဠဝီပြည် 'ရှင်နိဂြောဓကပ္ပ' ၏ တပည့်ဖြစ်သော 'ဝင်္ဂီသ' ကိုယ်တော်ကလေးသည် ကျောင်းတိုက်ကို ကြည့်ရှုရန်လာကြသော မာတုဂါမတို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော တဏှာ

ရာဂ , စိတ်တို့မှ လွတ်အောင် မည်သို့ရှုန်းကန် , တွန်းလှန်ကြောင်းစသည်ကို ညွှန်ပြသော သံယုတ်ဖြစ်သည်။

(၉) **ဝနသံယုတ်။** ။ဤသံယုတ်သည် လမ်းမှန်ကိုသွေဖီ-ကာ ဘုရားမြတ်စွာ၏ သာသနာတော်ကို ကျူးကျော်သူ ရဟန်းတို့အား တောစောင့်နတ်များက လမ်းမှန်ကိုရောက်ရှိ-ရန် မည်သို့တိုက်တွန်းနှိုးဆော်ကြောင်းကို ပြဆိုသော သံယုတ်ဖြစ်သည်။

(၁၀) **ယက္ခသံယုတ်။** ။ဤသံယုတ်ကား ဣန္ဒက၊ သက္က၊ သုစိလောမ ၊ မဏိဘဒ္ဒ၊ ပိယင်္ကရ ၊ ပုနဗ္ဗသု ၊ နှင့် သီဝက စသော ဘီလူး, ဘီလူးမများနှင့်ဘုရားမြတ်စွာ့တွေ့ဆုံဆွေးနွေးခန်းကို တင်ပြသော သံယုတ်ဖြစ်၏။

(၁၁) **သက္ကသံယုတ်။** ။ ' ဝေပစိတ္တ ' အမျိုးရှိသော အသုရ အပေါင်းတို့ကို သိကြားမင်းသည် မည်သို့နှိပ်နင်းအောင်မြင်လိုက်ကြောင်း ၊ တာဝတိံသာနတ်ပြည်တွင် နတ်တို့၏ အကြီးအမှူးဖြစ်ရန် မည်သို့ကြိုးပမ်း အားထုတ်ခဲ့ရကြောင်းကို စုံလင်စွာ ဤသံယုတ်တွင် ဖော်ပြထားသည်။

——o——

## "နိဒါနဝဂ် သံယုတ်များ"

(၁) **နိဒါနသံယုတ်။** ။ ပဋိစ္စသမုပ္ပါဒ် အကြောင်းကို ဘုရားမြတ်စွာသည် ဤသံယုတ်ဖြင့် ရဟန်းတို့အား ရှင်းလင်းတော်မူ၏။

(၂) **အဘိသမယသံယုတ်။** ။မကောင်းမှုမှန်သမျှသည် မည်မျှပင်သေးဖွဲစေကာမူ တိုးပွါးလာတတ်သည့် သဘာဝရှိသည်အားလျော်စွာ ရဟန်းမှန်လျှင် မကောင်းမှုဟူသမျှတို့ကို

တိုက်ဖျက်ပစ်ရမည့်အကြောင်း ဘုရားမြတ်စွာသည် ဤသံယုတ်ဖြင့်တိုက်တွန်းနှိုးဆော်တော်မူခဲ့၏။

(၃) **ခေတ္တသံယုတ်**။ ။ဤသံယုတ်ကား ဓာတ်ဝတ္ထုတို့၏ ထွေပြားပုံကို ဘုရားမြတ်စွာက ရှင်းလင်းပြသော သံယုတ်ဖြစ်၏။

(၄) **အနမတဂ္ဂသံယုတ်**။ ။တဏှာရစ်နှောင်ကာ အဝိဇ္ဇာလွှမ်းမိုးနေသူတို့ အဘို့သံသရာ၏ ဆုံးဆကို မသိနိုင်ကြောင်း ဘုရားမြတ်စွာက ဤသံယုတ်တွင် ဟောကြားခဲ့သည်။

(၅) **ကဿပသံယုတ်**။ ။ရှင်ကဿပ သည်ရောင့်ရဲတင်းတိမ်စွာ , နေတတ်ကြောင်း၊ရဟန်းတို့သည် ရှင်ကဿပ၏ နည်းကို ယူသင့်ကြောင်း၊သွားလေရာအရပ်ဒေသတွင် ရှင်ကဿပသည် လမင်းကဲ့သို့ လူတို့၏ နှလုံးအိမ်အကြည်ဓာတ်ကို ယူကျုံးနိုင်ကြောင်းဖြင့် ဘုရားမြတ်စွာသည် ရှင်ကဿပ၏ ဂုဏ်ထူးဝိသေသတို့ကို ဤသံယုတ်ဖြင့် ချီးကျူးဂုဏ်ပြုတော်မူခဲ့သည်။

(၆) **လာဘသက္ကာရသံယုတ်**။ ။ဤသံယုတ်သည် ငါးစာကိုသာမြင်၍ ငါးမျှားချိပ်ကို မမြင်သောငါးသည် တံငါသည်၏ ငါးမျှားချိပ်တွင် ဒုက္ခရောက်ရဘိသကဲ့သို့ လာဘ် , လာဘနှင့် ထင်ရှားမှုစသည့်အလိုသို့ လိုက်လျောသောရဟန်းသည် နောက်ဆုံး၌ ဒုက္ခရောက်တတ်ကြောင်း ညွှန်ပြသော သံယုတ်ဖြစ်သည်။

(၇) **ရာဟုလသံယုတ်**။ ။အာယတန တရားတို့သည် သုခကိုမဆွမ်းဆောင်ဘဲ ဒုက္ခကိုသာဖန်တီးခြင်းကြောင့် "ဤဟာငါ့ ထိုဟာ- ငါဖြစ်-သည်"....စသောအယူဝါဒများကို ပယ်ဖျက်သင့်ကြောင်း နှိုးဆော်ပြီးလျှင် ဝိနည်းတော်များကို လုံခြုံစွာ

စောင့်ထိန်းရန် ' ရှင်ရာဟုလ ' ကို ဤသံယုတ်ဖြင့် သတိပေးနှိုးဆော်ခဲ့သည်။

(၈) **လက္ခဏသံယုတ်။** ။ဤသံယုတ်ကား 'ရှင်လက္ခဏ'နှင့် 'ရှင်မောဂ္ဂလာန် ' တို့ကို အကြောင်းပြု၍ ပေါ်ပေါက်လာသော သံယုတ်ဖြစ်သည်။

အခါတပါး ရှင်မောဂ္ဂလာန်နှင့် ရှင်လက္ခဏတို့သည် ဆွမ်းခံလှည့်လည်ကြစဉ် ရှင်မောဂ္ဂလာန် ' ရယ် ' သည်ကို ရှင်လက္ခဏမြင်လျှင် အကြောင်းကိုမေးမြန်းသဖြင့် ရှင်မောဂ္ဂလာန်က 'ရယ်' ခြင်း၏အကြောင်းကို ဘုရားမြတ်စွာရှေ့တော်တွင် ဖြေကြားသော သံယုတ်ဖြစ်၏။

(ပြိတ္တာများအကြောင်းကို ဤသံယုတ်၌ အကျယ်လေ့လာနိုင်သည်။)

(၉) **ဩပမ္မသံယုတ်။** ။ဤ သံယုတ်ကား အကုသိုလ်ဟူသမျှသည် အဝိဇ္ဇာကို အရင်းခံလျက်သာ ပေါ်ပေါက်လာကြသောကြောင့် မမေ့မလျော့ဘဲ ဇွဲလုံ့လဖြင့် အဝိဇ္ဇာကို ပယ်ရှားသင့်ကြောင်း သတိပေးနှိုးဆော်သော သံယုတ်ဖြစ်သည်။

(၁၀) **ဘိက္ခုသံယုတ်။** ။'အရိယတုဏှိဘာဝ'ဟူသည့် ဒုတိယဈာန်သမာပတ် ဝင်စားရာမှ ပေါက်ဖွား လာကြောင်းကို ရှင်မောဂ္ဂလာန်က ရဟန်းတို့အား ဤသံယုတ်ဖြင့် ဖော်ပြလေသည်။

——o——

"**ခန္ဓဝဂ်သံယုတ်များ**"

(၁) **ခန္ဓသံယုတ်။** ။ဤသံယုတ်ကား ခန္ဓာငါးပါး အကြောင်းနှင့် ပတ်သက်လေသည်။သစ္စာလေးပါး မြတ်တရား

ကို ကောင်းစွာ မကျက်မိသော သူတို့သည် ခန္ဓာငါးပါး၏ ဖေါက်ပြန် ယိုယွင်းတတ်ပုံကို မထင်နိုင် ,မမြင် နိုင်ကြသဖြင့် နောက်ဆုံးတွင် ဒုက္ခဖြင့် ဇာတ်သိမ်းရကြောင်း။ သစ္စာလေးပါးကိုကောင်းစွာရင့်ကျက်မိသူတို့ ဒဲဘို့မူကား ခန္ဓာငါးပါး၏ အနိစ္စ သဘာဝကို သိနားလည် ကြသဖြင့် ဒုက္ခမှ ကင်းလွတ်နိုင်ကြောင်းကို ဘုရားမြတ်စွာသည် ဤသံယုတ်ဖြင့် ပေါ်လွင်စေခဲ့၏။

(၂) **ရာဓသံယုတ်။** ။ခန္ဓာနှင့်စပ်လျဉ်းသည့်'ရှင်ရာဓ'၏ အမေး ပုစ္ဆာများကို ဤသံယုတ်ဖြင့် ဘုရားမြတ်စွာက ဖြေကြားတော်မူသည်။

(၃) **ဒိဋ္ဌိသံယုတ်။** ။ဤသံယုတ်ကား ခန္ဓာငါးပါးကိုစွဲ၍ ဖြစ်ပေါ် လာသော အယူဝါဒ အမျိုးမျိုးကို ရှင်းပြတော်မူသော သံယုတ်ဖြစ်၏။

အချို့က—သခ်ါရမှန်သမျှ မြဲသည်ဟု ယူဆကြကုန်၏။ အချို့ကမူကား- ဤဟာ- ငါ့ဟာ၊ ကုသိုလ် အကုသိုလ် မရှိ၊ ကမ္ဘာကြီးသည် အဆုံးအပိုင်း မရှိ- စသည်ဖြင့် အမျိုးမျိုးယုံကြည်ကြကုန်၏။ စင်စစ် ခန္ဓာ ငါးပါးကား မမြဲ။ ဒုက္ခဖြင့် သာလျှင် အစသတ်၏။ အမြင်မှန်ရသော ရဟန်းသည် ဒုက္ခမှ ကင်းလွတ်နိုင်ကြောင်းကို ဘုရားမြတ်စွာသည် ဤသံယုတ် ဖြင့် ထင်ရှားစေတော်မူခဲ့သည်။

(၄) **ဩက္ကန္တိကသံယုတ်။** ။အာယတနတရားတို့၏ မမြဲသောသဘောနှင့် ဖေါက်ပြန်တတ်သော သဘာဝကို ကောင်းစွာ သိနားလည်သောသူသည် သောတာပန် ပုဂ္ဂိုလ်ဖြစ်ကြောင်း ဤသံယုတ်တွင် ဟောကြားတော်မူသည်။

(၅) **ဥဒ္ဒါနသံယုတ်**။ ။ အာယတနတရားတို့ ဖြစ်ပေါ်လာခြင်း**သည်** အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့ ဖြစ်ပေါ်လာခြင်း**ပင်ဖြစ်**သည်းဟု ဤသံယုတ်က ဖော်ပြ၏။

(၆) **ဘိက္ခုသံယုတ်**။ ။ဤသံယုတ်ကား အာယတန တရားတို့ကို မှီ၍ ပေါက်ဖွားလာသော ဆန္ဒရာဂသည် စိတ်၏အညစ်အကြေးဖြစ်ကြောင်း ရှင်းလင်းပြသော သံယုတ် ဖြစ်သည်။

(၇) **သာရိပုတ္တသံယုတ်**၊ ။ 'ရှင်အာနန္ဒာ' ၏ စူးစမ်းချက်အရ ရှင်သာရိပုတြာ' က သူသည် ရူပါဝစရဈာန်လေးပါး၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာ ယတန၊ အာကိဉ္စညာယတန၊ နေဝ သညာ နာသညာ ယတန၊ နိရောဓသမာပတ်တို့နှင့် ပြည့်စုံသောကြောင့် အာယတနတရားများနှင့် ပတ်သက်၍ တည်ငြိမ် , အေးချမ်းကြောင်းကို ဤသံယုတ်ဖြင့် ဖြေကြား၏။

(၈) **နာဂသံယုတ်**။ ။ ဤသံယုတ်ကား နဂါးလေးမျိုး အကြောင်း ဖော်ပြသော သံယုတ်ဖြစ်သည်။

''နဂါးလေးမျိုး''

၁။ အဏ္ဍဇ နာဂ = ဥမှဖွါးသော နဂါး၊

၂။ ဇလာဗုဇ နာဂ = အမိဝမ်းတွင်းမှဖွါးသော နဂါး၊

၃။ သံသေဒဇ နာဂ = ချွေး , အညစ်အကြေး အမှိုက်သရိုက်မှ ဖွါးသော နဂါး ၊

၄။ ဩပပါတိက နာဂ = အလိုအလျောက် ဖွါးသောနဂါး၊

(၉) **သုပဏ္ဏသံယုတ်**။ ။ ဤ သံယုတ်ကား ကလုန် ( ဂဠုန် ) လေးမျိုးအကြောင်း ဖော်ပြသော သံယုတ် ဖြစ်သည်။

"ကာလုန်ငေးမျိုး"

၁၊ အဏ္ဏာဝ သုပဏ္ဏ = ဥမှဖွါးသော ကာလုန်။
၂၊ ဇလာဗုဇ သုပဏ္ဏ = အမိဝမ်းမှ ဖွါးသော ကာလုန်။
၃၊ သံသေဒဇ သုပဏ္ဏ = ချွေး, အညစ်အကြေး အမှိုက်သရိုက်မှဖွါးသော ကာလုန်။
၄၊ ဩပပါတိက သုပဏ္ဏ = အလိုအလျောက် ဖွါးသော ကာလုန်။

(၁၀) ဂန္ဓဗ္ဗကာယသံယုတ်။ ။ဤသံယုတ်ကား ဂန္ဓဗ္ဗဆယ်မျိုးရှိကြောင်း ဖော်ပြသော သံယုတ်ဖြစ်သည်။

"ဂန္ဓဗ္ဗဆယ်မျိုး"

၁၊ မူလ ဂန္ဓေ = အမြစ်နံ့သာ၌ နေထိုင်သော ဂန္ဓဗ္ဗ။
၂၊ သာရ ဂန္ဓေ = အနှစ်နံ့သာ၌ နေထိုင်သော ဂန္ဓဗ္ဗ၊
၃၊ ဖေဂ္ဂု ဂန္ဓေ = အကာနံ့သာ၌ နေထိုင်သော ဂန္ဓဗ္ဗ။
၄၊ တစ ဂန္ဓေ = အခွံနံ့သာ၌ နေထိုင်သော ဂန္ဓဗ္ဗ ။
၅၊ ပပဋိက ဂန္ဓေ = အပွေးနံ့သာ၌ နေထိုင်သော ဂန္ဓဗ္ဗ။
၆၊ ပတ္တ ဂန္ဓေ = အရွက်နံ့သာ၌ နေထိုင်သော ဂန္ဓဗ္ဗ ။
၇၊ ပုပ္ဖ ဂန္ဓေ = အပွင့်နံ့သာ၌ နေထိုင်သော ဂန္ဓဗ္ဗ။
၈၊ ဖလ ဂန္ဓေ = အသီးနံ့သာ၌ နေထိုင်သော ဂန္ဓဗ္ဗ။
၉၊ ရသ ဂန္ဓေ = အရည်နံ့သာ၌ နေထိုင်သော ဂန္ဓဗ္ဗ ။
၁၀၊ ဂန္ဓ ဂန္ဓေ = အနံ့, နံ့သာ၌ နေထိုင်သော ဂန္ဓဗ္ဗ။

(၁၁) ဝလာဟကသံယုတ်။ ။ဤသံယုတ်ကား ဝလာဟကနတ် ငါးမျိုးရှိကြောင်း ဖော်ပြသော သံယုတ်ဖြစ်သည်။

"ဝလာဟကနတ်ငါးမျိုး"

၁၊ သီတ ဝလာဟက ဒေဝ = တိမ်အေး နတ်။
၂၊ ဥဏှ ဝလာဟက ဒေဝ = တိမ်ပူ နတ်။
၃၊ အဗ္ဘ ဝလာဟက ဒေဝ = မိုးသား နတ်။

၄၊ ဝါတ ဝလာဟက ဒေဝ = လေ နတ်၊
၅၊ ဝဿ ဝလာဟက ဒေဝ = မိုးပေါက် နတ်။

(၁၂) ဝစ္ဆဂေါတ္တသံယုတ်။ ။ခန္ဓာငါးပါး၏ အစစ်အမှန် သဘာဝကို မသိခြင်းကြောင့် ဒိဋ္ဌိအမျိုးမျိုး စွဲလမ်းနေကြကြောင်းကို 'ဝစ္ဆဂေါတ္တ' ပရိဗိုဇ်အား ဘုရားမြတ်စွာက ဤသံယုတ်ဖြင့် ရှင်းလင်းပြတော်မူသည်။

(၁၃) ဈာန (သမာဓိ) သံယုတ်။ ။ဈာန်ကျင့်ပုဂ္ဂိုလ်လေးမျိုးအကြောင်းကို ဘုရားမြတ်စွာသည် ဤသံယုတ်တွင် ဖေါ်ပြတော်မူခဲ့သည်၊

"ဈာန်ကျင့်ပုဂ္ဂိုလ်လေးမျိုး"

၁၊ ဈာယီ သမာဓိသ္မိံ သမာဓိကုသလော ဟောတိ၊ န သမာဓိသ္မိံ သမာပတ္တိ ကုသလော။
(ဈာန်ကျင့်လျက် သမာဓိ၌သာ ကျွမ်းကျင်၍ သမာပတ်၌ မကျွမ်းကျင်သော ပုဂ္ဂိုလ်။)

၂၊ ဈာယီ သမာဓိသ္မိံ သမာပတ္တိ ကုသလော ဟောတိ၊ န သမာဓိသ္မိံ သမာဓိ ကုသလော၊
(ဈာန်ကျင့်လျက် သမာပတ်၌သာ ကျွမ်းကျင်၍ သမာဓိ၌ မကျွမ်းကျင်သော ပုဂ္ဂိုလ်၊)

၃၊ ဈာယီ နေဝ သမာဓိသ္မိံ သမာဓိ ကုသလော ဟောတိ၊ န စ သမာဓိသ္မိံ သမာပတ္တိ ကုသလော။
(ဈာန်ကျင့်လျက် သမာဓိ၌လည်း မကျွမ်းကျင် သမာပတ်၌လည်း မကျွမ်းကျင်သော ပုဂ္ဂိုလ်။)

၄၊ ဈာယီ သမာဓိသ္မိံ သမာဓိ ကုသလော စ ဟောတိ၊ သမာဓိသ္မိံ သမာပတ္တိ ကုသလော၊
(ဈာန်ကျင့်လျက် သမာဓိ၌လည်း ကျွမ်းကျင်သော သမာပတ်၌လည်း ကျွမ်းကျင်သော ပုဂ္ဂိုလ်၊)

— o —

**''သဠာယတနဝဂ်သံယုတ်များ''**

(၁) **သဠာယတနသံယုတ်။** ။ဤသံယုတ်သည် အာယ-တန တရားတို့၏ မမြဲသောသဘာဝကို ဖေါ်ပြကာ ထိုမမြဲသော သဘာဝမှ ကင်းလွတ်ရန် ဆန္ဒရာဂကို ပယ်ဖျက်ရမည့်အကြောင်း ရှင်းလင်းပြသော သံယုတ်ဖြစ်သည်။

(၂) **ဝေဒနာသံယုတ်။** ။သုခ, ဒုက္ခနှင့် အဒုက္ခ မသုခ တည်းဟူသော ဝေဒနာသုံးမျိုးကို ဤသံယုတ်က ရှင်းလင်းပြဆိုသည်။

(၃) **မာတုဂါမသံယုတ်။** ။ဤသံယုတ်ကား အထူးသဖြင့်အမျိုးသမီးများ (မာတုဂါမ) များနှင့် စပ်လျဉ်း၍ ဟောကြားသည့် သံယုတ် ဖြစ်ရာ အမျိုးသမီးတို့၌ ပြည့်စုံအပ် ပြည့်စုံသင့်၊ မပြည့်စုံအပ်, မပြည့်စုံသင့်သော အရည်အချင်းများကို ဤသံယုတ်၌ လေ့လာရ၏။

**''ယောကျ်ားမမြတ်နိုးအပ်သောအင်္ဂါငါးပါး''**

၁၊ နရူပဝါ = ရုပ်ရည် မလှခြင်း၊
၂၊ နဘောဂဝါ = ပစ္စည်းဥစ္စာ မရှိခြင်း။
၃၊ နသီလဝါ = အကျင့် မကောင်းခြင်း၊
၄၊ အလသ = ပျင်းရိခြင်း၊
၅၊ အပစ္စဥ္ဇာ နလဘတိ = သားယောကျ်ား မရခြင်း၊

အထက်ပါအင်္ဂါငါးပါးကို ပြန်သောအားဖြင့် ယောကျ်ားမြတ်နိုးအပ်သော အင်္ဂါငါးပါးကို သိနိုင်ရာ၏။

**''အမျိုးသမီးများ ခံစားရသော**
**အာဝေဏိကဒုက္ခငါးပါး''**

၁၊ လင်၏အိမ်သို့ လိုက်ပါကာ လင်၏ဆွေမျိုးများနှင့် အတူတကွနေရခြင်း၊

၂၊ ဥတုသွေး ပေါ်ရခြင်း။
၃၊ ကိုယ်ဝန် ဆောင်ရခြင်း၊
၄၊ သားဖွားရခြင်း။
၅၊ လင်ကို ခြေဆုပ်လက်နယ် ပြုစုရခြင်း။

(၄) **ဇမ္ဗုခါဒကသံယုတ်။** ။ဤသံယုတ်ကား မဂ်,ဖိုလ်, နိဗ္ဗာန် ပေါက်မြောက်ရေးအတွက် အဓိက ကျင့်စဉ် ကျင့်နည်းများကို'ရှင်သာရိပုတြာ'က'ဇမ္ဗုခါဒက' ပရိဗိုဇ်အား ဟောကြားသော သံယုတ်ဖြစ်သည်။

(၅) **သာမဏ္ဍကသံယုတ်။** ။'သာမဏ္ဍက' မည်သော ပရိဗိုဇ်အား ရှင်သာရိပုတြာက နိဗ္ဗာန် အကြောင်းကို ရှင်းပြသော သံယုတ်ဖြစ်သည်။နိဗ္ဗာန်ဟူသည် လောဘ, ဒေါသ, မောဟတရားတို့ကို ဖျက်ဆီး ပစ်ခြင်းပင်ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးကို လိုက်နာကျင့်သုံးခြင်းဖြင့် နိဗ္ဗာန်သို့ ရောက်နိုင်သည် ဟူလို။

(၆) **မောဂ္ဂလာနသံယုတ်။** ။ရူပါဝစရ ဈာန်လေးပါး, အာကာသာနဉ္စာယတန,ဝိညာဏဉ္စာ ယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတနနှင့်အနိမိတ္တ စေတောသမာဓိ အကြောင်းများကို 'ရှင်မောဂ္ဂလာန်' က ရဟန်းတို့အား ဤသံယုတ်ဖြင့် ရှင်းပြတော်မူ၏။

(၇) **စိတ္တသံယုတ်။** ။ဤသံယုတ် သည် ' စိတ္တသူကြွယ် ' နှင့် ရဟန်းတို့ ဆွေးနွေးကြသော သံယုတ်ဖြစ်သည်။

''**ဆွေးနွေးသောဒေသနာများ**''

၁၊ သညောဇနနှင့် သညောဇနိယ တရားတို့၏ ကွဲပြားမှု။
၂၊ ဓာတ်တို့၏ ထွေပြားမှု။
၃၊ သက္ကာယဒိဋ္ဌိကို အမှီပြု၍ ဒိဋ္ဌိအမျိုးမျိုး ဖြစ်ပေါ်လာပုံ။

၄။ နေလင့် = နှ+လေ+အင် = အပြစ်ကင်းသော၊ သေတပဏ္ဍာဒ = အရဟတ္တဖိုလ် ဝိမုတ္တိ၊ ကောရော = သတိ။ ဝတ္တတိ = ဣရိယာပုထ်၊ ရထ = ခန္ဓာ၊ အနီဃ = ရာဂ, ဒေါသ,မောဟပယ်ပြီး ရဟန္တာ၊ အာယန္တ = ရဟန္တာ။ ဆိန္နသောတ = ရဟန္တာ၊ အဗန္ဓန = ရဟန္တာ....တည်းဟူသောပုဒ်တို့၏အနက်ကို ဖေါ်ထုတ်ခြင်း၊

၅။ ကာယ,ဝစီ,စိတ္တတည်းဟူသော သခါရ သုံးမျိုးအကြောင်း။

၆။ သညာဝေဒယိတ နိရောဓသမာပတ္တိအကြောင်း၊

၇။ သညာဝေဒယိတ နိရောဓသမာပတ် ဝင်စားသူနှင့် သေသူတို့ ကွာခြားပုံအကြောင်း....စသည်တို့တည်း၊

(ဂ) **ဂါမဏိသံယုတ်**။ ဤသံယုတ်ကား 'ဂါမဏိ'မည်သော ရွာသူကြီး၏ ပန်ကြားချက်အရ ဘုရားမြတ်စွာသည် 'စဏ္ဍ'ပုဂ္ဂိုလ် = ကြမ်းကြုတ်သောသူနှင့် 'သောရတ' ပုဂ္ဂိုလ် = နူးညံ့သောသူဟူ၍ ပုဂ္ဂိုလ်နှစ်မျိုးကို ခွဲခြားပြသတော်မူသော သံယုတ်ဖြစ်၏။ ၎င်းပြင် 'ကာမေသု ကာမသုခလ္လိကာ နုယောဂ' နှင့် 'အတ္တကိလမထာနုယောဂ' တည်းဟူသော လမ်းစဉ်နှစ်ခုကို ပယ်ရှားကာ 'မဇ္ဈိမ ပဋိပဒါ' တည်း ဟူသော အလယ် , အလတ် လမ်းစဉ်ကိုသာ လိုက်နာကျင့်သုံးကြရန်ကိုလည်း ဘုရားမြတ်စွာက ဤသံယုတ်၌ပင် ညွှန်ကြားတော်မူခဲ့သေး၏။

('စဏ္ဍ,ဟူသည်....လောဘ,ဒေါသ,မောဟတို့ မကုန်ခန်းသဖြင့် တပါးသူတို့ကို အမျက်ထွက်၏၊ တပါးသူတို့က အမျက်ထွက်စေသဖြင့်လည်း အမျက်ထွက်၏။ 'သောရတ,ဟူသည်.... လောဘ,ဒေါသ , မောဟတို့ကုန်ခန်းသဖြင့် တပါးသူတို့ကို အမျက်မထွက်၊ တပါးသူတို့က အမျက်ထွက်အောင် ပြုကျင့်သော်လည်း အမျက်မထွက်၊)

(၉) အသန်တသံယုတ်။ ။ဤသံယုတ်တွင် 'အသင်္ခတ နိဗ္ဗာန' = နိဗ္ဗာန်အကြောင်းရှင်းလင်းဟောဆိုထားသည်။ နိဗ္ဗာန်သည် လောဘ,ဒေါသ,မောဟတရားတို့ကို ပယ်ဖျက်တော်လှန်ခြင်းပင်ဖြစ်သည်။ နိဗ္ဗာန်ကိုရောက်ရန် အောက်ပါကျင့်စဉ်များကို လိုက်နာရမည်။

''နိဗ္ဗာန်ရောက်ကျင့်စဉ်များ''

| | |
|---|---|
| ၁၊ သမာဓိ၊ | ၄၊ သတိပဋ္ဌာန်လေးပါး၊ |
| ၂၊ သမထ၊ | ၅၊ ဣဒ္ဓိပါဒ်လေးပါး၊ |
| ၃၊ ဝိပဿနာ၊ | ၆၊ မဂ္ဂင်ရှစ်ပါး။ |

(၁၀) အဗျာကတသံယုတ်။ ။ဤသံယုတ်ကား 'ဘုရင်ပသေနဒီကောသလ' ၏ ပန်ကြားချက်အရ 'ခေမာထေရီ' က အဗျာကတ တရားဆယ်ပါးကို မမေးသင့်, မမေးထိုက်ကြောင်း ဘုရားမြတ်စွာကိုယ်တော်တိုင်ကပင် ထိုတရားတို့ကို မဆွေးနွေးအပ်ဟု မိန့်ကြားခဲ့ကြောင်း ဖြေကြားသော သံယုတ်ဖြစ်သည်။

———o———

''မဟာဝဂ်သံယုတ်များ''

(၁) မဂ္ဂသံယုတ်။ ။ဤ သံယုတ်ကား မဂ္ဂင်ရှစ်ပါးနှင့် စပ်ဆိုင်သော သံယုတ်ဖြစ်၏။

(၂) ဗောဇ္ဈင်္ဂသံယုတ်။ ။ဤသံယုတ်သည် သတိ,ဓမ္မဝိစယ,ဝီရိယ,ပီတိ,ပဿဒ္ဓိ,သမာဓိနှင့်ဥပေက္ခာတည်းဟူသော ဗောဇ္ဈင်ခုနစ်ပါးနှင့် ပတ်သက်သော သံယုတ်ဖြစ်သည်။

(၃) သတိပဋ္ဌာနသံယုတ်။ ။ဤသံယုတ်တွင် သတိပဋ္ဌာန် လေးပါးအကြောင်းကို ဆွေးနွေးထားသည်။

(၄) **ဈာနိန္ဒြိယသံယုတ်**။ ။သဒ္ဓါ, ဝီရိယ,သတိ,သမာဓိနှင့် ပညာတည်းဟူသော ဣန္ဒြိယတရား ငါးပါးအကြောင်းကို ဤသံယုတ်တွင် ဖော်ပြထားသည်။

(၅) **သမ္မပ္ပဓာနသံယုတ်**။ ။ဤသံယုတ်ကား သမ္မပ္ပဓာန် တရားလေးပါးကို ရှင်းပြသည့် သံယုတ်ဖြစ်သည်။

**''သမ္မပ္ပဓာန်တရားလေးပါး''**

၁။ မပေါ်ပေါက်သေးသော မကောင်းမှုအကုသိုလ်ကို ဟန့်တားရန် အားထုတ်ခြင်း၊

၂။ ပေါ်ပေါက်ပြီးသော မကောင်းမှုအကုသိုလ်ကို တိုက်ဖျက်ရန် အားထုတ်ခြင်း၊

၃။ မပေါ်ပေါက်သေးသော ကောင်းမှုကုသိုလ်ကို ရရန် အားထုတ်ခြင်း၊

၄။ ပေါ်ပေါက်ပြီးသော ကောင်းမှုကုသိုလ်ကို တည်မြဲရန် အားထုတ်ခြင်း၊

(၆) **ဗလသံယုတ်**။ ။သဒ္ဓါ,ဝီရိယ,သတိ,သမာဓိနှင့် ဥပေက္ခာတည်းဟူသော ဗလငါးပါးအကြောင်းကို ဤသံယုတ်တွင် ဖော်ပြထားသည်။

(၇) **ဣဒ္ဓိပါဒသံယုတ်**။ ။ဤသံယုတ်ကား ဆန္ဒ,ဝီရိယ, စိတ္တနှင့် ဝီမံသာတည်းဟူသော ဣဒ္ဓိပါဒ်လေးပါးနှင့် စပ်ဆိုင်သည်။

(၈) **အနုရုဒ္ဓသံယုတ်**။ ။ဤ သံယုက်ကား သတိပဋ္ဌာန် တရားလေးပါးကို ပွါးများသဖြင့်'ရှင်အနုရုဒ္ဓ' သည် တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပြည့်စုံကြောင်း ညွှန်ပြသော သံယုတ်ဖြစ်သည်။

(၉) **ဈာနသံယုတ်**။ ။ဤသံယုတ်တွင် ရူပါဝစရ ဈာန် လေးပါးအကြောင်းကို ရှင်းလင်းပြဆိုထားသည်။

(၁၀) အာနာပါနသံယုတ်။ ။အာနာပါန ကမ္မဋ္ဌာန်းပွါးများသော်မည်သို့အကျိုးထူးကြောင်း ဘုရားမြတ်စွာက ဤသံယုတ်တွင် ဖေါ်ထုတ်ထားသည်။

(၁၁) သောတာပတ္တိ သံယုတ်။ ။သူတော်စင် တရားလေးပါးနှင့် ပြည့်စုံလျှင် သောတာပန်ပုဂ္ဂိုလ် ဖြစ်နိုင်ကြောင်း ဘုရားမြတ်စွာက ဤသံယုတ်တွင် ဟောတော်မူ၏။

"သောတာပန်ပုဂ္ဂိုလ်ဖြစ်နိုင်သောသူတော်စင်
တရားလေးပါး"

၁၊ ဘုရားကို ယုံကြည်ခြင်း၊
၂၊ တရားကို ယုံကြည်ခြင်း၊
၃၊ သံဃာကို ယုံကြည်ခြင်း၊
၄၊ သီလကို မကျိုးမပေါက် မပြောက်မကျား တည်ကြည်စွာ ထိန်းစောင့်ခြင်း၊

(၁၂) သစ္စသံယုတ်။ ။ဤသံယုတ်ကား ဒုက္ခသစ္စာ,သမုဒယသစ္စာ,နိရောဓသစ္စာ နှင့် မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါးအကြောင်းကို ရှင်းလင်းပြသော သံယုတ်ဖြစ်သည်။

——o——

"အင်္ဂုတ္တရနိကာယ်"

'ဧကုတ္တရ'။ ဝါ၊ အင်္ဂု[illegible]ရနိကာယ်ကျမ်းကား ဓမ္မအရေ-အတွက်အလိုက် စီစ[illegible]သော ကျမ်းဖြစ်သည်။ထိုကျမ်းတွင် သုတ်အရေအတွ[illegible]းဖြင့်(၉၅၅၇)သုတ်ရှိ၍ နိပါတပေါင်း (၁၁) ခုပါဝင်လေသည်။

## “ကျေဥ္စရနိပါတများ”

| | | | | | |
|---|---|---|---|---|---|
| ၁။ | ကေ နိပါတ | .... | ၂၁ | စု | ပါဝင် သည်၊ |
| ၂။ | ဒုက နိပါတ | .... | ၁၆ | ။ | ။ ။ |
| ၃။ | တိကနိပါတ | .... | ၁၆ | ။ | ။ ။ |
| ၄။ | စတုက္က နိပါတ | .... | ၂၆ | ။ | ။ ။ |
| ၅။ | ပဉ္စက နိပါတ | .... | ၂၆ | ။ | ။ ။ |
| ၆။ | ဆက္က နိပါတ | .... | ၁၂ | ။ | ။ ။ |
| ၇။ | သတ္တက နိပါတ | .... | ၉ | ။ | ။ ။ |
| ၈။ | အဋ္ဌက နိပါတ | .... | ၉ | ။ | ။ ။ |
| ၉။ | နဝက နိပါတ | .... | ၉ | ။ | ။ ။ |
| ၁၀။ | ဒသက နိပါတ | .... | ၂၂ | ။ | ။ ။ |
| ၁၁။ | ကေဒသကနိပါတ.... | | ၃ | ။ | ။ ။ |

(၁) **ဧကနိပါတ။** ။ နီဝရဏ တရားများ လေ့ကျင့်ပြီး သော စိတ်နှင့် မလေ့ကျင့်ရ သေးသော စိတ်,ဝီရိယ, သမ္မာဒိဋ္ဌိ,မိစ္ဆာဒိဋ္ဌိတို့အပြင် ဘုရားမြတ်စွာ၏ တပည့်သာဝကကြီး များဖြစ်သော ရှင်သာရိပုတြာ, ရှင် မောဂ္ဂလာန် , ရှင်မဟာကဿပနှင့် အခြားထင်ရှားသော ထေရ်ကြီးများ အကြောင်းကိုလည်း ဤဧကနိပါတ၌ ဆွေးနွေးထားသည်။

(၂) **ဒုကနိပါတ။** ။ယခုမျက်မှောက်၌ပင် အကျိုးသက်ရောက်စေသော (ဒိဋ္ဌဓမ္မိကံဝဇ္ဇံ) နှင့် တမလွန် ဒုဂ္ဂတိ ငရဲသို့ လားစေ တတ်သော အပြစ် (သမ္ပရာယိကံဝဇ္ဇံ) အကြောင်း၊ ဗလနှစ်ပါး၊ရဟန်းပရိသတ်နှစ်မျိုးအကြောင်း ၊ရွှေငွေပစ္စည်း စသည်တို့ လှူဒါန်းသည့် ‘အာမိသ ဒါန’နှင့် တရား အလှူတည်းဟူသော ‘ဓမ္မဒါန’ နှစ်မျိုးစသည်တို့ကို ဤဒုကနိပါတ၌ ဆွေးနွေးထားသည်။

(၃) တိကနိပါတ။ ။ကံသုံးပါး ကျူးလွန်သူသည် သူမိုက်ဖြစ်၍ ကံ သုံးပါး လုံခြုံအောင် စောင့် ထိန်းသောသူသည် ပညာရှိဖြစ်ကြောင်း, အလှူဒါန ပေးကမ်းသင့်ကြောင်း,မိဘတို့ကို လုပ်ကျွေးသင့်ကြောင်းများကို ဤတိကနိပါတ၌ ညွှန်ပြထားသည့်အပြင် အချို့ရဟန်းပုဏ္ဏားတို့၏ အယူ ဝါဒများကို တိုက်ဖျက်ကာ ပဋိစ္စသမုပ္ပါဒ်တရားနှင့် သစ္စာလေးပါး တရားအကြောင်းတို့ကိုလည်း တင်ပြထား၏။

(၄) စတုက္ကနိပါတ။ ။ဤ နိပါတတွင် ရဟန်း မှန်လျှင် သီလ၊သမာဓိ၊ ပညာ၊ ဝိမုတ္တိ တည်းဟူသော တရား လေးပါးနှင့် ပြည့်စုံ အပ်ကြောင်း၊ ပဋိရူပဒေသ ဝါသော = သင့်တင့်လျောက်ပတ်သောအရပ်၌နေရသည်အဖြစ်၊ သပ္ပုရိသူပနိဿယော = သူတော်ကောင်းတို့ကို ဆည်းကပ် ရသည်အဖြစ်၊ အတ္တသမာပဏိဓိ = ကိုယ့်ကိုယ်ကို ကောင်းစွာ ဆောက်တည် အပ်သည်အဖြစ်၊ ပုဗ္ဗေစ ကတပုညတာ = ရှေးက ကောင်းမှု ကုသိုလ်ပြုဘူးသူ၏ အဖြစ်တို့ကို ဤစတုက္ကနိပါတတွင် ဖော်ပြထားသည့်ပြင် 'သမဏစစ်' ဟူသည် မည်သို့သော ပုဂ္ဂိုလ်ကိုခေါ်ဆို အပ်သည် ဆိုသော ပြဿနာကိုလည်း ရှင်းလင်းပြဆိုထားသည်။

(၅) ပဉ္စကနိပါတ။ ။ဤနိပါတတွင် သေခဗလငါးပါး၊ တထာဂတတို့၏ ဗလငါးတန်၊ဥပက္ကိလေသ ငါးပါး၊၊ နီဝရဏငါးပါး၊ကမ္မဋ္ဌာန်းရှုရာ ငါးပါးတို့ကို ရှင်းလင်း ဖော်ပြထားသည်။ ၎င်းပြင် ရာဂ,ဒေါသ,မောဟ,မက္ခနှင့် ပဠာသ မကင်းသော ရဟန်းကို ရဟန်းအချင်းချင်းက မမြတ်နိုးကြောင်း၊ ကံသုံးပါးဖြင့် မေတ္တာပွါးများကာနေခြင်း၊ သီလ စောင့်ထိန်း

ခြင်းနှင့် မှန်ကန်သော အယူကို ယူခြင်းတည်း ဟူသော 'ပစ္စဖာသုဝိဟာရ'အကြောင်း" ကိုလည်း ဤနိပါတတွင် ဖော်ပြရှင်းလင်းထားသည်။

(၆) ဆက္ကနိပါတ။ ။ဆက္ကနိပါတသည် ရဟန်းတို့အစဉ်အမြဲ ဆင်ခြင်နှလုံးသွင်းအပ်သော တရားခြောက်ပါးကို ရှင်းလင်းဖော်ပြသော နိပါတ ဖြစ်သည်။ ထိုတရား ခြောက်ပါးကား အောက်ပါတို့တည်း။

၁၊ နကမ္မာရာမတာ = အမှုကိစ္စတို့၌ မမွေ့လျော်ခြင်း၊
၂၊ နဘဿာရာမတာ = အပြောင်းပွါးခြင်း၌ မမွေ့လျော်ခြင်း၊
၃၊ နနိဒ္ဒါရာမတာ = အိပ်ခြင်း၌ မမွေ့လျော်ခြင်း၊
၄၊ နသင်္ဂဏိကာရာမတာ = အပေါင်းအဖော်တို့၌ မမွေ့လျော်ခြင်း၊
၅၊ သောဝစဿတာ = ဆုံးမလွယ်ခြင်း။
၆၊ ကလျာဏမိတ္တတာ = မိတ်ကောင်းနှင့် ပေါင်းဖော်ခြင်း၊

(၇) သတ္တကနိပါတ။ ။ဤနိပါတကား သဒ္ဓါ၊ သီလ၊ဟိရီ၊ ဩတ္တပ္ပ၊သုတ၊စာဂနှင့် ပညာတည်း ဟူသော ဓန ခုနစ်ပါး၊ အနုနယ (ချစ်ခြင်း)၊ ပဋိဃ(မုန်းခြင်း)၊ ဒိဋ္ဌိ (အမြင်မှားခြင်း) ဝိစိကိစ္ဆာ(ယုံမှားခြင်း)၊ မာန(မာန်မူခြင်း)၊ ဘဝ (အဖြစ်ကို တပ်မက်ခြင်း) နှင့် အဝိဇ္ဇာ ( မသိခြင်း ) တည်း ဟူသော သံယောဇဉ် ခုနစ်ပါးတို့ကို ရှင်းလင်း ဖော်ပြသော နိပါတ ဖြစ်သည်။

(ဘုရားမြတ်စွာသည် အသက်သတ်ကာ ယင်ပူဇော်ခြင်းကိုလည်း ဤနိပါတ၌ ယှုက်ချတော်ခဲ့လေသည်။)

(၈) အဋ္ဌကနိပါတ။ ။ဤနိပါတကား လျောင်လှူပ်ခြင်းအကြောင်းရှစ်ပါး၊ ဥပုသ်-ပဝါရဏာပွဲနှင့် အလှူ ဒါန အမျိုးမျိုးအကြောင်းကို ရှင်းလင်းဖော်ပြသော နိပါတဖြစ်သည်။

(၉) နဝကနိပါတ။ ။ဤနိပါတတွင် အောက်ပါတို့ကို ရှင်းလင်းဖော်ပြထားသည်။

''ပုဂ္ဂိုလ်ကိုးပါး''

၁၊ အရဟံ = ရဟန္တာ၊
၂၊ အရဟတ္တာယ ပဋိပန္နော = ရဟန္တာ အဆင့်အတန်းသို့ ရောက်ရန်ကျင့်သူ၊
၃၊ အနာဂါမိ၊
၄၊ အနာဂါမိဖလ သစ္ဆိကိရိယာယ ပဋိပန္နော = အနာဂါမိဖိုလ် အဆင့်အတန်းသို့ ရောက်ရန် ကျင့်သူ၊
၅၊ သကဒါဂါမိ၊
၆၊ သကဒါဂါမိဖလ သစ္ဆိကိရိယာယ ပဋိပန္နော = သကဒါဂါမိဖိုလ် အဆင့်အတန်းသို့ ရောက်ရန် ကျင့်သူ။
၇၊ သောတာပန်၊
၈၊ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နော = သောတာပတ္တိဖိုလ် အဆင့်အတန်းသို့ ရောက်ရန် ကျင့်သူ၊
၉၊ ပုထုဇ္ဇဉ်၊

''သညာကိုးပါး''

၁၊ အသုဘ = မတင့်တယ်ဟု ရှုခြင်း။
၂၊ မရဏ = သေအံ့ဟုရှုခြင်း၊
၃၊ အာဟာရေ ပဋိကူလ = အစာအစာ၌ စက်ဆုပ်ဘွယ်ဟု ရှုခြင်း၊
၄၊ သဗ္ဗလောကေ အနဘိရတိ = လောကအလုံး၌ မပျော်မွေ့ခြင်း၊
၅၊ အနိစ္စ = အမြဲမရှိ၊
၆၊ အနိစ္စေ ဒုက္ခ = ဆင်းရဲခြင်း၊
၇၊ ဒုက္ခေ အနတ္တ = အတ္တဇီဝမရှိ၊
၈၊ ပဟာန = ပယ်စွန့်ခြင်း၊
၉၊ ဝိရာဂ = တပ်ခြင်းကင်းမှု၊

အထက်ပါ အကြောင်းတို့အပြင် ရာဂ, ဒေါသ, မောဟ, ကောဓ,ဥပနာဟ,မက္ခနှင့် ပဠာသ တရားတို့ကို ပယ်ဖျက်ခြင်း အားဖြင့်ရဟန္တာဖြစ်နိုင်ကြောင်း ကိုလည်းညွှန်ပြထားသည်။ ငရဲ,တိရစ္ဆာန်,ပြိတ္တာ,လူ့ဘုံ နှင့် နတ်ဘုံ တည်းဟူသော သတ္တဝါတို့၏ လားရာဂတိငါးပါးနှင့်ရာဂ,ဝေဒနာ,သညာ,သင်္ခါရ ဝိညာဏနှင့် စပ်ဆိုင်သည့် သဘော တရားများ ကိုလည်း ဤ နဝကနိပါတ၌ ဆွေးနွေးတင်ပြထားသည်။

(၁၀) ဒသကနိပါတ။ ။ဤနိပါတတွင် သညာဆယ်ပါး၊ ပရိသုဒ္ဓိဆယ်ပါးနှင့် ဗောဇ္ဈင်ခုနစ်ပါး တရား သဘောတို့ကို တင်ပြဆွေးနွေးထားသည်။

"သညာဆယ်ပါး"

၁။ အနိစ္စ = အမြဲမရှိသည်ကို ရှုခြင်း။
၂။ အနတ္တ = အတ္တဇီဝမရှိသည်ကို ရှုခြင်း။
၃။ မရဏ = သေခြင်းကို ရှုခြင်း။
၄။ အာဟာရေပဋိက္ကူလ = အစားအစာ၌ စက်ဆုပ်ဘွယ်ကို ရှုခြင်း။
၅။ သဗ္ဗလောကေ အနဘိရတိ = လောကအလုံး၌ မပျော်မွေ့ခြင်း။
၆။ အဋ္ဌိက = အရိုးစုကို ရှုခြင်း။
၇။ ပုဠုဝက = ပိုးလောက်အတိကို ရှုခြင်း။
၈။ ဝိနီလက = အညိုအမည်းကို ရှုခြင်း။
၉။ ဝိစ္ဆိဒ္ဒက = အပိုင်းပိုင်း အပြတ်ပြတ်ကို ရှုခြင်း။
၁၀။ ဥဒ္ဓုမာတက = ဖူးဖူးယောင်သော အကောင်ပုပ်ကို ရှုခြင်း။

"ပရိသုဒ္ဓိဆယ်ပါး"

| | |
|---|---|
| ၁၊ သမ္မာဒိဋ္ဌိ၊ | ၆၊ သမ္မာဝါယာမ၊ |
| ၂၊ သမ္မာသင်္ကပ္ပ၊ | ၇၊ သမ္မာသတိ၊ |
| ၃၊ သမ္မာဝါစာ၊ | ၈၊ သမ္မာသမာဓိ၊ |
| ၄၊ သမ္မာကမ္မန္တ၊ | ၉၊ သမ္မာဉာဏ၊ |
| ၅၊ သမ္မာအာဇီဝ၊ | ၁၀၊ သမ္မာဝိမုတ္တိ၊ |

"ဗောဇ္ဈင်ခုနစ်ပါး"

| | |
|---|---|
| ၁၊ သတိ၊ | ၄၊ ပီတိ၊ |
| ၂၊ ဓမ္မဝိစယ၊ | ၅၊ ပဿဒ္ဓိ၊ |
| ၃၊ ဝီရိယ၊ | ၆၊ သမာဓိ၊ |
| | ၇၊ ဥပေက္ခာ၊ |

(၁၁) **ကောဒသကနိပါတ။** ။ဤနိပါတ ကား ဝိဇ္ဇာစရဏနှင့် ကောင်းမွန်စွာ ပြည့်စုံမှ သာလျှင် နိဗ္ဗာန်သို့ပေါက်ရောက်နိုင်မည် ဖြစ်ကြောင်း ရှင်းလင်း ဖော်ပြသော နိပါတ ဖြစ်သတည်း။

———o———

"ခုဒ္ဒကနိကာယ်"

ခုဒ္ဒက နိကာယ်ကျမ်းဝင် အကြောင်းအရာများသည် ခေတ်အမျိုးမျိုးနှင့် ပတ်သက်လေရာ အချို့အဋ္ဌုပ္ပတ္တိများသည် ခေတ်၊ အလွန်ရှေးကျ၍ အချို့ကား ခေတ်, အတန်နှောင်းမှ ပေါ်ပေါက်လာကြသည်။ ခုဒ္ဒက နိကာယ်ကျမ်းကို အထူးသဖြင့် ဂါထာများနှင့် ပြုစုစီရင်ထားရကား ဗုဒ္ဓဘာသာ တရားဘော်၏ အရေးအကြီးဆုံးသော ဂါထာများသည် ဤကျမ်း၌ မြောက်မြားစွာ ပါဝင်လေသည်။

## ''ခုဒ္ဒက နိကာယ်ဝင် ကျမ်းများ''

| | |
|---|---|
| ၁၊ ခုဒ္ဒကပါဌ၊ | ၉၊ ထေရီဂါထာ၊ |
| ၂၊ ဓမ္မပဒ၊ | ၁၀၊ ဇာတက၊ |
| ၃၊ ဥဒါန၊ | ၁၁၊ မဟာနိဒ္ဒေသ၊ |
| ၄၊ ဣတိဝုတ္တက၊ | ၁၂၊ စူဠနိဒ္ဒေသ၊ |
| ၅၊ သုတ္တနိပါတ၊ | ၁၃၊ ပဋိသမ္ဘိဒါမဂ္ဂ၊ |
| ၆၊ ဝိမာနဝတ္ထု၊ | ၁၄၊ အပဒါန၊ |
| ၇၊ ပေတဝတ္ထု၊ | ၁၅၊ ဗုဒ္ဓဝံသ၊ |
| ၈၊ ထေရဂါထာ၊ | ၁၆၊ စရိယပိဋက၊ |

(မြန်မာအစဉ်အလာက 'မိလိန္ဒပဉှာ' 'သုတ္တသင်္ဂဟ' 'ပေဋကောပဒေသ' နှင့် 'နေတ္တိ' (နေတ္တိပ္ပကရဏ) တို့သည် ခုဒ္ဒက နိကာယ်ကျမ်းတွင် အကျုံးဝင်သည် ဟု ဆို၏။)

## (၁) ''ခုဒ္ဒကပါဌ''

ခုဒ္ဒကပါဌကျမ်းသည် ခုဒ္ဒကနိကာယ်၏ အဦးဆုံးကျမ်း ဖြစ်သည်။ ဤကျမ်းကား သီဟိုဠ်ကျွန်းတွင် အထူးလေးစား ခြင်းခံရသော ကျမ်းစောင်တစောင်ဖြစ်ပေသည်။ ဤကျမ်း၌ (က)သရဏဂုံသုံးပါး၊(ခ)ဆယ်ပါးသီလ၊(ဂ)သုံးဆယ့်နှစ် ကောဋ္ဌာသ၊ (ဃ) သာမဏေများနှင့် စပ်ဆိုင်သော မေးခွန်း ဆယ်ရပ်၊ (င) မင်္ဂလသုတ်၊ (စ) ရတနသုတ်၊ (ဆ) တိရော ကုဋ္ဋသုတ်၊ (ဇ) နိဓိကဏ္ဍသုတ်နှင့် (ဈ) ကရဏီယမေတ္တသုတ် အကြောင်းတို့ကို ရှင်းလင်းတင်ပြထား၏။

## (က) "သရဏဂုံသုံးပါး"

၁၊ ဘုရားရတနာ။
၂၊ တရားရတနာ။
၃၊ သံဃာရတနာ။

## (ခ) "ဆယ်ပါးသီလ"

၁၊ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။
၂၊ သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း။
၃၊ ကာမဂုဏ် စည်းစိမ်နှင့် ပတ်သက်၍ မှားယွင်းသော အမူအကျင့်မှ ရှောင်ကြဉ်ခြင်း။
၄၊ မမှန်စကား ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။
၅၊ သေရည်သေရက်သောက်ခြင်းမှရှောင်ကြဉ်ခြင်း။
၆၊ အကအဆိုအတီးအမှုတ်တို့မှ ရှောင်ကြဉ်ခြင်း။
၇၊ မန်းမာလ်နံ့သာဆင်ယင်လိမ်းကျံခြင်းမှရှောင်ကြဉ်ခြင်း။
၈၊ မြင့်မြတ် ကြီးကျယ်သော အိပ်ထောင်ပရိဘောဂတို့မှ ရှောင်ကြဉ်ခြင်း။
၉၊ ရွှေငွေတို့မှ ရှောင်ကြဉ်ခြင်း။
၁၀၊ အချိန်မဟုတ်သည်၌ အစားအစာ မှီဝဲခြင်းမှ ရှောင်ကြဉ်ခြင်း။

## (ဂ) "သုံးဆယ့်နှစ်ကောဋ္ဌာသ"

၁၊ ကေသ = ဆံ။
၂၊ လောမ = မွေးညှင်း။
၃၊ နခ = ခြေသည်း၊လက်သည်း။
၄၊ ဒန္တ = သွား။
၅၊ တစ = အရေအထူအပါး။
၆၊ မံသ = အသား။
၇၊ နဟာရု = အကြော။
၈၊ အဋ္ဌိ = အရိုး။
၉၊ အဋ္ဌိမိဉ္ဇ = ရိုးတွင်းခြင်ဆီ။
၁၀၊ ဝက္က = အညှို့။

| | |
|---|---|
| ၁၁၊ ဟဒယ = နှလုံး။ | ၂၂၊ ပုဗ္ဗ = ပြည်။ |
| ၁၂၊ ယကန = အသည်း။ | ၂၃၊ လောဟိတ = သွေး။ |
| ၁၃၊ ကိလောမက = အမြှေး။ | ၂၄၊ သေဒ = ချွေး။ |
| ၁၄၊ ပိဟက = အဖျဉ်း။ | ၂၅၊ မေဒ = အဆီခဲ။ |
| ၁၅၊ ပပ္ဖါသ = အဆုပ်။ | ၂၆၊ အဿု = မျက်ရည်။ |
| ၁၆၊ အန္တ = အူမ။ | ၂၇၊ ဝသာ = ဆီကြည်။ |
| ၁၇။ အန္တဂုဏ = အူသိမ်။ | ၂၈၊ ခေဠ = တံတွေး။ |
| ၁၈၊ ဥဒရိယ = အစာသစ်။ | ၂၉၊ သိင်္ဃာနိက = နှပ်။ |
| ၁၉၊ ကရီသ = အစာဟောင်း။ | ၃၀၊ လသိက = အစေး။ |
| ၂၀၊ ပိတ္တ = သည်းခြေ။ | ၃၁၊ မုတ္တ = ကျင်ငယ်။ |
| ၂၁၊ သေမှ = သလိပ်။ | ၃၂၊ မတ္ထလုင် = ဦးနှောက် |

## (ဃ) "သာမဏေမေးခွန်းဆယ်ရပ်"

၁၊ 'တစ်'ဟူသည် အဘယ်နည်း။
(သတ္တဝါဟူသမျှသည်အာဟာရတခုတည်းပေါ်၌သာ မှီတင်းနေထိုင်ကြရသည်၊)

၂၊ 'နှစ်'ဟူသည် အဘယ်နည်း၊)
(နာမ်နှင့်ရုပ်တို့ဖြစ်သည်၊)

၃၊ 'သုံး'ဟူသည် အဘယ်နည်း။
(ဝေဒနာသုံးပါးတည်း၊)

၄၊ 'လေး'ဟူသည် အဘယ်နည်း။
(သစ္စာလေးပါးမြတ်တရားပင်၊)

၅၊ 'ငါး'ဟူသည် အဘယ်နည်း။
(ပဥ္စုပါဒါနက္ခန္ဓာတည်း၊)

၆၊ 'ခြောက်'ဟူသည် အဘယ်နည်း။
(အဇ္ဈတ္တိကာယတနခြောက်ပါးတို့တည်း၊)

၇၊ 'ခုနစ်'ဟူသည် အဘယ်နည်း။
(ဗောဇ္ဈင်ခုနစ်ပါးတည်း၊)

၈။ 'ရှစ်'ဟူသည် အဘယ်နည်း။
(မဂ္ဂင်ရှစ်ပါးဖြစ်သတည်း၊)
၉။ 'ကိုး'ဟူသည် အဘယ်နည်း။
(သတ္တဝါသဖြစ်သတည်း၊)
၁၀။ 'တဆယ်'ဟူသည် အဘယ်နည်း။
(ရဟန္တာဖြစ်ရန် ဆယ်ပါးသောအရည်အချင်းတည်း၊)

## (င) "မင်္ဂလသုတ်"

မင်္ဂလသုတ်တွင် ပါဝင်သည့် တရားဒေသနာတော်တို့ သည်ကား နှယ်နှယ်ရရ, တရားဒေသနာတော်များမဟုတ်။ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးစီးပွါး ဖြစ်ထွန်း စေနိုင်သည့် တရားထူး, တရားမြတ် ဖြစ်ပါပေသည်။

လူနတ်အပေါင်းတို့သည်မိမိတို့၏ဉာဏ်မျက်စိသဘောနှင့် အကြိမ်ကြိမ်လုန်လှော့က 'မင်္ဂလာတရားဟူသည် အဘယ် ကဲ့သို့သော တရားဖြစ်လေသနည်း'-ဟု တဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး တွေးတောကြံဆ နေကြသော်လည်း မကြံဆ, မတွေးတောနိုင်သဖြင့် ငေးမှိုင်၍သာ နေကြရကုန်၏။

ဤသို့ရှိနေကြစဉ် တခုသောညဉ့်၌ အမျိုးအမည် မထင် ရှားသော နတ်သားတဦးသည် ဇေတဝန် ကျောင်းတော်သို့ ရောက်လာ၏။ သူသည် ရှေးဦးစွာ ကျောင်းတော်တဆောင် လုံးကိုသူ၏ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ထွန်းလင်းတောက်ပ စေလေသည်။ထိုနောက်သူသည် ဘုရားမြတ်စွာအား "လူနှင့် နတ်တို့နှစ်ရှည်လများရှာကြံ၍ မရနိုင်သော မင်္ဂလာတရား" တို့ကိုဟောပြောပါရန် လျှောက်ထားတောင်းပန်၏။ နတ် သား၏ ပန်ကြားချက်အရ ဘုရားမြတ်စွာသည် ဤမင်္ဂလသုတ် ကို သန်းခေါင်ယာမ်အခါတွင်ဟောကြားတော်မူလေသည်။

ကမ္ဘာ့အုပ်စု, တစုနှင့်တစု၊လူမျိုး, တမျိုးနှင့်တမျိုး၊ဂိုဏ်း, တဂိုဏ်းနှင့်တဂိုဏ်း၊ပါတီ, တပါတီနှင့်တပါတီ၊လူ, တဦးနှင့်တဦး အချင်းချင်း တင်းမာမှုဖြစ်ရခြင်း၊ ပဋိပက္ခဖြစ်ရခြင်း၊ စစ်အေးစစ်ပူဆင်နွှဲရခြင်း၊ အနုမြူဗုံးလက်နက်တို့ဖြင့်တဦးအပေါ်တဦး ခြိမ်းခြောက်နေကြခြင်း၊ တဦး၏နယ်မြေကိုတဦးက ကျူးကျော်စော်ကားခြင်း၊ သောင်းကျန်းမှုအထွေထွေ ဖြစ်ပေါ်ခြင်း၊ နိုင်ငံရေး , စီးပွါးရေး, ဝါဒရေးအရ တဦးအပေါ်တဦး ဖိနှိပ်ချုပ်ချယ်ခြင်း၊ အာဃာတလုကြခြင်း၊ လူသတ်ပွဲကြီးများ ဖြစ်ပေါ်ရခြင်း၊ စကားအတိုဆုံးဖြင့်ရေးရသော် ကမ္ဘာ့ငြိမ်းချမ်းရေး ပျက်ပြားရခြင်း၏ အကြောင်းရင်းကို ဆင်ခြင်သုံးသပ်ရှာဖွေသော် ကမ္ဘာသူ ကမ္ဘာသားတို့သည် ဗုဒ္ဓဂေါတမသခင် ရှင်တော်မြတ်ကိုယ်တိုင် ဟောကြားတော်မူခဲ့သော သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာတရားတို့နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကာ ကျင့်သုံးနေထိုင်ကြသောကြောင့်သာ ဖြစ်ပေသည်။

မင်္ဂလာတရားတော်တို့နှင့် ကင်းကွာခြင်းဟူသည်ကား သောဘ၊ ဒေါသ၊ မောဟတည်းဟူသော တရားညစ် , တရားဆိုးတို့ လွှမ်းမိုးမှုကြောင့် ကိုယ်ကျင့်တရား ပျက်ပြားကာ အမှားနောက်သို့ ကောက်ကောက်ပါအောင် လိုက်ခြင်းပင်ဖြစ်သည်။ ထိုကြောင့် စာရိတ္တမဏ္ဍိုင် ယိုင်လဲနေကြသော ကမ္ဘာသူ ကမ္ဘာသားတို့အဘို့ မင်္ဂလသုတ် ဒေသနာတော်သည် အလွန်အကျိုး ကျေးဇူးဂုဏ် ထူးလှပါဘိ၏။ လောကရေးဖြင့်တဝ ဓမ္မရေးဖြင့်တပုံ စုံလှစွာသော တရားတို့ကို ဘုရားမြတ်စွာသည် မင်္ဂလသုတ်၌ လိုရင်းကိုထုတ် အကျဉ်းချုပ်၍ ဟောကြားတော်မူခဲ့ချေသည်။

လောကီရေးနှင့်စပ်လျဉ်း၍ ဩဝါဒစကား မြွက်ကြားတော်မူရာ၌ "မိဘကိုလုပ်ကျွေးရခြင်း၊ သားမယားတို့ကို ထောက်ပံ့သဂြိုဟ်ရခြင်း၊ အနှောက်အယှက်မရှိကုန်သော အမှုကိစ္စတို့ကို ပြုရခြင်းတို့သည် အမြတ်ဆုံးသော မင်္ဂလာတရားမည်၏" ဟု မိန့်တော်မူခဲ့လေသည်။ အမိအဘတို့၏ ကျေးဇူးဂုဏ်ကို မလေးစား၊ သားမယားတို့အပေါ် ဘားအပ်သော ဝတ္တရားတို့ကိုလည်း မစောင့်ထိန်း၊ ကောင်းသောအသက်မွေးမှု ဖြစ်သည်- မဖြစ်သည်ကိုလည်း မထောက်ရှု၊ လောဘတခုကိုသာ အကြောင်းရင်းပြုနေကြသော လောကီသားတို့အဘို့ မှတ်တမ်းတင်ဆိုက်သော တရားများပါပေတည်း။

ဆွေမျိုးဉာတိတို့ကို ထောက်ပံ့ရခြင်းသည်လည်း ဆွေချင်းမျိုးချင်း အဘုန့်အပြန် အားထားမှီခိုကြလျက် တဦးနှင့်တဦး ခင်မင်ကြင်နာစိတ် ပွါးများစေနိုင်၍ အတ္တဟိတ ပရဟိတ နှစ်ဝသော အကျိုးကို ရွက်ဆောင်နိုင်ကြစေရန် လမ်းညွှန်ထားခြင်း မဟုတ်ပါလော။ ပြုဘူးသော ကျေးဇူးကို မသိတတ်ခြင်းသည် အထူးသဖြင့် လောက၌ ကျင့်ဝတ်ပျက်ပြားခြင်း တရပ်ဖြစ်၏။ ထို့ကြောင့် သူတဦး၏ကျေးဇူးကို မမေ့မလျော့ တုန့်ပြန်နိုင်ကြစေရန် ကတညုတ မင်္ဂလာတရားတော်ကို အဖန်တလဲလဲ သုံးသပ်နာယူအပ်ပေကြောင်း။

လောကုတ္တရာရေးနှင့် စပ်လျဉ်း၍လည်း မင်္ဂလသုတ်သည် ကျင့်ဘွယ်, ကြဉ်ဘွယ် အသွယ်သွယ်သော တရားတို့နှင့် ပြည့်စုံလှပါဘိသည်။ "သူမိုက်ကို မမှီဝဲ မဆည်းကပ်ရခြင်းသည်၎င်း၊ ပညာရှိကို မှီဝဲ ဆည်းကပ်ရခြင်းသည်၎င်း၊ ပူဇော်ထိုက်သောသူကို ပူဇော်ရခြင်းသည်၎င်း အမြတ်ဆုံးသော မင်္ဂလာတရားမည်ကုန်၏" ဟူ၍ ဟောတော်မူခဲ့၏။ လူမိုက်မရှောင်

ကြဉ်၊ ပညာရှိကိုမလေးစား၊ ပူဇော်သင့်သူကိုမပူဇော်၊ ချွတ်ချော်ယွင်းမှားနေကြသူတိုင်း နက်နက်နဲနဲ ကြံဆလိုက်နာအပ်သော တရားတော်ပါပေတည်း။

စီးပွါးရေး၊ နိုင်ငံရေး-ရာဇဝတ်ရေး- စသည်များ၌ သောင်းကျန်းသူတွေ ပွေချင်တိုင်း ပွေနေသော ဤအနမြူခေတ်ကြီးတွင် ဒုစရိုက်စိန်ချိန်ကို သူ့ထက်ငါ အပြိုင်အဆိုင် ချိုး၍သာနေကြသည်။ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်ပြိုလဲတော့မည့်ဤခေတ်ဆိုးကြီးတွင် "မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ်ခြင်းသည်၎င်း၊ ကုသိုလ်ကောင်းမှုတို့၌မမေ့မလျော့ခြင်းသည်၎င်း၊ သေရည်သေရက်ကိုမသောက်မှားမိရန်စောင့်ထိန်းခြင်းသည်၎င်း၊ အမြတ်ဆုံးသောမင်္ဂလာတရားမည့်ကုန်၏' ဟူသောဩဝါဒကိုလည်း စိတ်ထဲ၌ စွဲမြဲမှတ်သားကြရန် အရေးကြီးလှ၏။

ခက်ထန်ထောင်လွှား၍ တရားကိုမခင် အသိဉာဏ်မယှဉ်တတ်သော သူတို့ကို ကျိုးနွံစေရန် "ရိုသေထိုက်သော သူတို့ကို ရိုသေရခြင်းသည်၎င်း၊ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်၎င်း၊ ရောင့်ရဲလွယ်ရခြင်းသည်၎င်း၊ ပြုဘူးသောကျေးဇူးကို သိခြင်းသည်၎င်း၊ သင့်တင့်လျောက်ပတ်သော အချိန်အခါ၌ သူတော်ကောင်းတရားတို့ကို ကြားနာရခြင်းသည်၎င်း အမြတ်ဆုံးသော မင်္ဂလာ တရားများ မည်ကုန်၏"-ဟူ၍ မိန့်တော်မူခဲ့ပြန်၏။

တဖန် "ခြိုးခြံစွာ ကျင့်သုံးခြင်းသည် ၎င်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်းသည်၎င်း၊ အရိယာသစ္စာကို သိခြင်းသည်၎င်း၊ အမြတ်ဆုံးသော မင်္ဂလာတရား မည့်ကုန်၏"-ဟူ၍ ပိုမိုလေးနက် ခက်ခဲသော ဆရားလမ်းစဉ်ကို တဆင့်ညွှန်ပြကာ

နိဗ္ဗာန်ခရီးကို တဖြည်းဖြည်း ပေါက်ရောက်စေရန် ဟောတော်မူခဲ့၏။

သံသရာကို အဆက်ဖြတ်၍ နိဗ္ဗာန်ကိုတက်လှမ်းလိုသော သူတို့အတွက် လောကဓံတရားတို့နှင့် ထိတွေ့လာသော အခိုက် စိတ်အလိုသို့ မလိုက်ပါမိကြစေရန်မှာအရေးအကြီးဆုံးသော အချက်ပင်ဖြစ်သည်။ ထို့ကြောင့် " လောကဓံတရားတို့နှင့် ထိတွေ့သော အကြင်ပုဂ္ဂိုလ်၏စိတ်သည် မတုန်မလှုပ် စိုးရိမ်ခြင်းလည်းမရှိ၊ ရမက်ဟူသော မြူလည်းမရှိ၊ ဤတရားတို့သည် အမြတ်ဆုံးသော မင်္ဂလာမည်ကုန်၏ "-ဟူ၍လည်း ထုတ်ဖော်မြွက်ဟတော်မူခဲ့လေသည်။

မင်္ဂလသုတ်တွင် ဘုရားမြတ်စွာက လောကီရေးရာတို့၌ ကိုယ်ကျင့်တရားပျက်ပြားခြင်းမရှိစေရန်နှင့် တရားကိုသိမြင်စေရန် ဆုံးမထားခဲ့သည်သာမက လောကုတ္တရာရေးနှင့် စပ်လျဉ်း၍လည်း ဒါန , သီလတို့ကို ကြိုးစားအားထုတ်လျက် သူတော်ကောင်းတို့နှင့် ပေါင်းဖော်ကာ မှန်ကန်သော ဓမ္မလမ်းစဉ်ကိုကာမဘုံသူကာမဘုံသားတို့သည် သံသရာမဆုံးသရွေ့ ကျင့်သုံးလိုက်နာကြစေရန် ဟောကြားတော်မူခဲ့ပေသည်။

နိဂုံးချုပ် ဩဝါဒအနေနှင့် " ဤသို့ မင်္ဂလာတရားတော်ကို ကျင့်သုံးရသော် အရာခပ်သိမ်းတို့၌ ရန်သူတို့သည် မအောင်အပ်ကုန်။ အရာခပ်သိမ်းတို့၌ ချမ်းသာခြင်းသို့ ရောက်ကုန်၏"-ဟု ဘုရားမြတ်စွာက မြွက်ကြားတော်မူခဲ့သဖြင့် ထိုထိုသော မင်္ဂလာ တရားတော်တို့ကို လေးစားလိုက်နာ ကျင့်သုံးခြင်းဖြင့် သာမန် လောကီအကျိုးကျေးဇူးချိုသာ ခံစားစံစားရသည် မဟုတ်၊ ထာဝရငြိမ်းချမ်းရေးဖြစ်သော မဂ်ဖိုလ်လမ်းပေါက် နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်း မှတ်ယူကြရပေမည်။

## (စ) "ရတနသုတ်"

ဘေး၃ပါးအန္တရာယ်အပေါင်းမှ ကင်းငြိမ်းလွတ်မြောက်၍ ကြီးပွါးချမ်းသာ တိုးတက်မှုအတွက်သရဏဂုံသုံးပါးသည် ဤဘဝအတွက်သာ မဟုတ်တုံသေး နောင်တမလွန်အတွက်လည်း အမြတ်ဆုံးဖြစ်ကြောင်းကို ဤရတနသုတ်တွင် ညွှန်ပြထားပေသည်။

## (ဆ) "တိရောကုဍ္ဍသုတ်"

ဤသုတ်ကား တမလွန်ဘဝသို့ ပြောင်းသွားကြကုန်သော သူတို့၏အကျိုးကို ရည်စူး၍ ကျန်ရစ်သူ ဆွေမျိုးဉာတိ သင်္ဂဟများက အစာရေစာ ပစ္စည်းဝတ္ထု အစုစုကို လှူဒါန်းပေးကမ်းရန် တိုက်တွန်းသော သုတ်ဖြစ်၏။ ငိုကြွေးတမ်းတ ပူဆွေးခြင်းတို့သည် ဘဝပြောင်းသွားကုန်သော သူတို့အဘို့ မည်သည့်အကျိုးကိုမျှ ထောက်ပံ့စေမည်မဟုတ်။ သူတော်သူမြတ်တို့အား လှူဘွယ်ဝတ္ထု အစုစုကို ဘဝပြောင်းသူတို့အတွက် ရည်စူး၍ လှူဒါန်းခြင်းသည်သာလျှင် အကျိုးထူးသက်ရောက်နိုင်စေကြောင်းကို ဤသုတ်ဖြင့် နှိုးဆော်သတိပေးခဲ့၏။

## (ဇ) "နိဓိကဏ္ဍသုတ်"

ဤသုတ်ကား ပစ္စည်းဉစ္စာ ရတနာရွှေငွေစသည်တို့သည် တမလွန် ဘဝသို့ ပြောင်းသော် လူတို့၏ နောက်သို့မလိုက်ပါနိုင်ရာ။ မွန်မြတ်သော အကျင့်သိက္ခာကို စောင့်ထိန်းကျင့်သုံးမှသာလျှင် ထိုမြတ်သော အကျင့်၏ အကျိုးဆက်သည် ထက်ကြပ်မကွာ လိုက်ပါနိုင်မည် ဖြစ်ကြောင်း ရှင်းလင်း ဖော်ပြသော သုတ်ဖြစ်၏။

## (၈) "ကရဏီယမေတ္တသုတ်"

ဤသုတ်သည် သတ္တဝါအပေါင်းတို့ အပေါ်ဝယ် အတိုင်အဆမရှိသော မေတ္တာဘာဝနာ ပွါးများ သင့်ကြောင်းကိုနှိုးဆော်သော သုတ်ဖြစ်၏

——o——

## (၂) "ဓမ္မပဒကျမ်း"

ဓမ္မပဒကျမ်းသည် ဘာသာရေးဂိုဏ်းကျမ်းစောင်မဟုတ်။ ထိုကျမ်းကို လေ့လာကာ ကျမ်းပါကျင့်ဝတ်များကို လိုက်နာ ကျင့်သုံးခြင်းအားဖြင့် ဂိုဏ်းမရွေး ဘာသာမရွေး လူမျိုးမရွေး လူတိုင်းလူတိုင်း အကျိုးထူး ရလေသည်။ ထိုကျမ်းတွင် ပါဝင်သည့်စာရိတ္တနှင့် ပတ်သက်သော အယူအဆ သဘောတရားများကို ဗုဒ္ဓဘာသာစာပေ မပေါ်ပေါက်မီ ရှေးခေတ် စာပေများ၌လည်း တွေ့ရှိနိုင်ပေသည်။

ဗုဒ္ဓဘာသာသည် ခရစ်မတိုင်မီ ဆဋ္ဌရာစုနှစ်၌ ဇမ္ဗူဒီပ ပြည်တွင် ထွန်းပေါ်လာသော ဘာသာရေး ဂိုဏ်းတခု ဖြစ်၏။ ထို့ကြောင့် ဘာသာသစ်တွင် ဘာသာဟောင်းနှင့် ကိုက်ညီသော အလားတူ အခြေခံအချက်အလက် အများအပြား တွေ့ရှိရမည်မှာ ဖြစ်နိုင်သော အကြောင်းတခုပင်တည်း။ သို့သော်, ဘာသာသစ်နှင့် ဘာသာဟောင်း မတူကွဲပြား ထူးခြားချက် အမြောက်အမြားလည်း ရှိပေသေးသည်။ထူးခြားသည့် အဓိကအချက်တခုကား ယဇ်ပူဇော်ပသခြင်းနှင့် ဘာသာရေး ဝတ်ပြုခြင်း အခမ်းအနားဓလေ့ထုံးစံတို့နှင့် စပ်ဆိုင်လေသည်။

သဟာဿဝဂ် တခုလုံးသည် အများအမှန် ပိုင်းခြားနိုင်သည့် အသိဥာဏ်ကင်းသော စက်ယန္တရားပမာ စောင့်ထိန်းနေကြ ဖြစ်သောကြောင့်သာ ကျင့်ဝတ်များ စောင့်ထိန်းခြင်း ကျမ်းစာများ ရွတ်ဘတ်ခြင်းနှင့် ဝတ်ပြု အခမ်းအနားပွဲများကျင်းပခြင်း၏အကျိုးမဲ့ပုံကို ဖေါ်ပြထားလေသည်။

၎င်းဝဂ်သည် ကျစ်ဆံထုံး ဇဋိလရသေ့များ ဖြစ်ကြသော ဥရုဝေဠ ကဿပ စသော ညီနောင်သုံးဦးတို့နှင့် စပ်ဆိုင်၏။ ထိုညီနောင်တို့ကား မီးနတ်ကို ပူဇော်ပသ၍ ဘာသာဟောင်းကို သက်ဝင် ယုံကြည်သူများဖြစ်ကြသည်။

ဗေဒ ။ဝါ၊ ဟိန္ဒူဘာသာတွင် မီး ရေ နေ အစရှိသည့် သဘာဝ ဓာတ်ဝတ္ထုများကို နတ်အဖြစ်ဖြင့် ကိုးကွယ်ကြ၏။ ပူဇော်ပသကြ၏။ စင်စစ် ထိုဘာသာသည် မှန်ကန်မှု ထက်သန်မှု နိုးကြားထကြွမှုတို့နှင့် ပြွမ်းသည်ကား မှန်၏။သို့ရာတွင် သဘာဝ ဝတ္ထုများကို အရိုအသေ ပြုကြခြင်းသည် တဖြည်းဖြည်း ကြပ်တည်းသည့် ဝတ်ပြုအထိမ်းအမှတ်သို့ ပြောင်းလဲသွားကာ ဘာသာဟောင်း၏ တကဲ့ရည်ရွယ်ရင်း ဖြစ်သည့်သဘော အဆီအနှစ်တို့ ပျောက်ကွယ်သွားပြီးလျှင် ပြင်ပအသွင်အပြင်မျှသာဖြစ်သော အခမ်းအနားပွဲများသာ ကျန်ရစ်လေတော့သည်။ ထိုဓလေ့ထုံးတမ်း အထိမ်းအမှတ်ပွဲများကိုပင် လူတို့သည် တွယ်တာနေကြ၏။

မြတ်စွာဗုဒ္ဓ ပွင့်တော်မူသောအခါ ဟိန္ဒူဘာသာသည် ၎င်းအဆင့်အတန်း ၎င်းအသွင်အပြင်၌ရှိ၏။ မြတ်စွာဗုဒ္ဓသည် ဟိန္ဒူဗေဒဘာသာတွင် တွေ့ရှိသော ဝေါဟာရ စကားလုံးတို့ကိုပင် အနက်တမျိုး ပြန်ဆိုသုံးစွဲကာ ဗေဒဘာသာတွင်

ချမှတ်ထားသော ကျင့်ဝတ်များ စောင့်ထိန်းခြင်း၏ အကျိုး မဲ့ပုံကို ရှင်းလင်း ကျေညာတော်မူ၏။ ဗေဒဘာသာအရ ယဇ်ပူဇော်ပသခြင်း၏ အကျိုးမဲ့ပုံနှင့် အချည်းနှီး ဖြစ်ပုံတို့ ကိုယူတ်ချကာ စာရိတ္တနှင့် စပ်လျဉ်းသည့် ကျင့်ဝတ်များ စောင့်ထိန်းခြင်း၏ အကျိုးထူးပုံကို အတိအလင်း ထုတ်ဖော် ပြဆိုသွားသည်သာမက တပည့်သား သာဝကများကိုလည်း ထိုစာရိတ္တ ကျင့်ဝတ်များ စောင့်ထိန်းရန် မြတ်စွာဗုဒ္ဓသည် ညွှန်ကြားထားတော်မူခဲ့၏။

ဗုဒ္ဓစာပေ သုတေသီအချို့တို့က မြတ်စွာ ဗုဒ္ဓကို စာရိတ္တ ပြုပြင်သည့် ပြုပြင်ရေးပုဂ္ဂိုလ်ကြီးဟု ယူဆကြ၏။ ထိုအယူ အဆကား မှန်ကန်သော အယူအဆတခုပါပေတည်း။ သို့ရာ တွင် ထိုဂုဏ်ပုဒ်သည် မြတ်စွာဗုဒ္ဓ၏ အလွန်ပင် သေးငယ်လှ သော တစိတ်တဒေသမျှသာ ဖြစ်သော အရည်အချင်း သာလျှင်ဖြစ်၏။

လူတို့သည် တဏှာရာဂ၏ ကင်းစင်ရာ အာသဝေါတရား တို့ ခန်းခြောက်ရာ နိဗ္ဗာန်ရရာ,ရကြောင်း လမ်းစဉ်ဖြစ်သည့် အမြတ်ဆုံး တရားမွန် တရားစစ်တို့ကို မေ့လျော့၍ နေကြ ကုန်၏။ ထိုကြောင့် မြတ်စွာဗုဒ္ဓသည် ဘာသာဟောင်း၌ ယိုယွင်းနေသော အမှားများကို တိုက်ဖျက်ပစ်ရုံမျှမက ဥပ နိသျှ ကျမ်းများတွင် ညွှန်ကြားအပ်သောဓမ္မစစ် တရားမွန် တရားမှန်တို့ကိုလည်း ထပ်မံလေးနက် ထင်ရှားစေတော် မူပြန်၏။

ဓမ္မပဒတွင် အမွန်မြတ်ဆုံးသော ပန်းတိုင်နှင့် ထိုပန်း တိုင်သို့ ရောက်ရာ ရောက်ကြောင်းလမ်းစဉ်ကို ‘ ဝဂ် ’အကန့် အကန့်ဖြင့် ထပ်ပြန်တလဲလဲ ဖော်ပြထား၏။

ပဏ္ဍိတဝဂ်နှင့် ဗာလဝဂ်တို့သည်လူတို့၏ ကြီးပွါးတိုး တက်သည့်အဖြစ်နှင့် ရှေ့လျော့နိမ့်ကျ ယိုယွင်းသည့်အဖြစ် ကို နှိုင်းယှဉ်၍ပြ၏။ အရဟန္တဝဂ် က ပညာရှိ၏ ကျင့်စဉ် ကျင့်နည်းများကို ညွှန်ပြထားသည်။ ထိုနည်းအလားတူ နောက်ဆုံး ဝဂ် နှစ်ဝဂ်တွင် ဘိက္ခုနှင့် ဗြာဟ္မဏကို နှိုင်းယှဉ်၍ ပြဆိုထား၏။ဘိက္ခုဟူသည် နိဗ္ဗာန်တည်းဟူသော ပန်းတိုင် ကို ရောက်ရန် လမ်း၌ပင်ရှိသေးသော သူဖြစ်၍ ဗြာဟ္မဏ ကား ပန်းတိုင်သို့ရောက်ပြီးသူ ဖြစ်ပြီဟု ဖေါ်ပြထား၏။ ဗြာဟ္မဏ ဟူသည်ကား ပုဏ္ဏားအနွယ် ဗြာဟ္မဏအမျိုးမှ ဆင်းသက်လာသူကို မဆိုလို။နိဗ္ဗာန်သို့ရောက်ပြီး ပုဂ္ဂိုလ်ကို ဆိုလိုသည်။

ဗုဒ္ဓဝဂ်တွင် မြတ်စွာဗုဒ္ဓကို ပူဇော်ချီးကျူးထားသော ဂါထာပေါင်း မြောက်မြားစွာ ပါဝင်၏။ မြတ်စွာဗုဒ္ဓသည် အကြီးဆုံးသောနတ် အကြီးဆုံးသော ဗြာဟ္မဏ အမြတ်ဆုံး သောရဟန္တာဖြစ်၏ဟု ဤဝဂ်တွင် အထူးဂုဏ်ပြု ထားလေ သည်။

အမြင့်ဆုံး ပန်းတိုင်သို့ ရောက်ရာ ရောက်ကြောင်းအတွက် လိုအပ်သော အရည်အချင်းများကို အထူးသဖြင့် အပ္ပမာဒ ဝဂ် အတ္တဝဂ် ဓမ္မဋ္ဌဝဂ်နှင့်မဂ္ဂဝဂ်တို့တွင် ဂါထာပေါင်းများ စွာဖြင့် ဖေါ်ပြထားလေသည်၊ တဏှာဝဂ် ပိယဝဂ် ပါပဝဂ် နှင့် ကောဓဝဂ်တို့၌ကား ရှောင်သင့် ရှောင်ထိုက်သည့် မကောင်းသော အရည်အချင်းများကို ပြညွှန်ထား၏။ လိုက်နာအပ် ကျင့်သုံးအပ် ပြည့်စုံအပ်သည့် အရည်အချင်း တို့ကား လုံ့လရှိခြင်း စိတ်အားထက်သန်ခြင်း သဒ္ဓါရှိခြင်း သတိရှိခြင်း စိတ်ထိန်းခြင်းနှင့် စျာန်ကျင့်ခြင်းတို့အပြင် ချစ်

ခြင်း သနားခြင်း ကြည့်နှုးခြင်းတို့ဖြစ်သည်။ မိမိကိုယ်ကို မိမိ အားကိုးရန် အတ္တဝဂ်တွင် ဖော်ပြထားပြီးလျှင် စိတ်ကိုချုပ်တီးရန် လိုအပ်ကြောင်းကို စိတ္တဝဂ်၌ လေးနက်စွာ ညွှန်ကြားသွား၏။ညွှန်ပြခဲ့သော အရည်အချင်း (ဝါ) ကျင့်ဝတ်များနှင့် ပြည့်စုံရန် လေကျင့်ပြီးလျှင် ဖော်ပြခဲ့ပြီးသော မကောင်းသည့် အရည်အချင်းတို့ကို ရှောင်ကြဉ်လျှင် နိဗ္ဗာန်ကိုရောက်နိုင်ပေမည်။

နိဗ္ဗာန်သည် ပန်းတိုင်ဖြစ်၏။ ၎င်းပန်းတိုင်ကို မြတ်စွာဗုဒ္ဓ၏ မြောက်မြားစွာသော တရားတော်တို့တွင် ဖော်ပြထား၏။ဓမ္မပဒ ကျမ်းကလည်း နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်ကို ညွှန်ပြသွား၏။ ထို့ကြောင့် ဓမ္မပဒသည် စာရိတ္တနှင့် ပတ်သက်သည့် လောကီ ကျင့်ဝတ်များကို ရေးသား ထားသည့် ညွှန့်ပေါင်း ဂါထာများမျှသာ ဖြစ်သည်ဟု ဆိုပါက မှားချေမည်။

အဓိကအားဖြင့် ဓမ္မပဒကျမ်းကား ရဟန်းများအတွက်သာ ရည်ရွယ်သော ကျမ်းဖြစ်လေသည်။ သို့ရာတွင် အိမ်ထောင်သားမွေး သာမန်လူသားတို့သည်လည်း ဓမ္မပဒကျမ်းမှ အကျိုးထူးအမြောက်အမြား ရရှိနိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် အိမ်ထောင်သည် လောကီသားဘဝနှင့် ရဟန်းဘဝ အကြားတွင် မထိုးဖေါက် မကျော်လွန်သော အကန့်အတားမရှိခြင်းကြောင့်တည်း။

ဓမ္မပဒကျမ်းသည် စံနစ်တကျ စီစဉ်စုစည်းကာ ရေးသားထားသော ကျမ်းမဟုတ်စေကာမူ မြတ်စွာဗုဒ္ဓ၏ တရားတော်များကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသော ကျမ်းဖြစ်၏။ ဤအချက်ကို အထောက်အထားပြုလျှင် ဓမ္မပဒကျမ်း

ပါ ညွှန်ကြားချက်များသည် ရည်ရွယ်ရင်းတွင် ကွဲပြားခြင်း မရှိ။ရည်ရွယ်ချက်တခုဆည်းသာလျှင် ဖြစ်ပေသည်။

ဓမ္မပဒကျမ်းတွင် ပါဝင်သော ဝဂ်အသီးသီးသည် မြတ်စွာဗုဒ္ဓ တရားတော်တို့၏ ဆိုလိုရင်း အနက်သဘော အသီးသီးကို ပြပေသည်။ ကျင့်ဝတ်သဘောတရားအယူအဆများကို ဥပမာနှင့် ပုံဆောင်ပြရန် နာဂဝဂ်နှင့် ပုပ္ဖဝဂ်တို့ကို အသုံးပြုထား၏။ ဓမ္မပဒတွင် တရားဒေသနာတော်ကို အဆင်းအနံ့ အမျိုးစုံဖြင့် ကြိုင်သင်းကာ အမျိုးမျိုး အသုံးပြုနိုင်သည့်'ပန်းကုံး' နှင့် နှိုင်းခိုင်းထား၏။" ဆင်သည် လူသူမနီးသော အရပ်၌နေထိုင်ကာ မြင့်မြတ်သော အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်တို့၏ အသိမ်းအမှတ် ဖြစ်၏ "ဟု နာဂဝဂ်တွင် ပုံဆောင်ထား၏။

လောကဝဂ်ကို လေ့လာရာ၌ အနိစ္စတရားကို အကျယ်တဝင့် ညွှန်ပြဆွေးနွေးထားသည်ကို တွေ့ရှိရ၏။ သဘာဝအရ ပညာရှိသည် မမြဲသော အရာဝတ္ထုတို့တွင် စိတ်မဝင်စားရကား လောက၏ ဆွဲဆောင်မှုတို့ကို ရှောင်ကြဉ်ရန် အကြောင်း၊ပညာရှိမှန်လျှင် မမှန်မစစ်သည့် အရာတို့၌ စိတ်မဝင်စားကြောင်း၊ အစစ်အမှန် အရာတို့၌ သာလျှင် စိတ်ဝင်စားကြောင်း၊ လောကသည် မမြဲသောကြောင့် မစစ်မမှန်နိဗ္ဗာန်ကား အစစ်အမှန်ဖြစ်ကြောင်း၊ လိမ်မာရေးခြားရှိသော မိန်းမသည် အဘုအပဖြစ်သော ကျောက်မျက်ရတနာများကိုမမှန်မစစ် အဘုအပဖြစ်သဖြင့် စွန့်ပစ်လိုက်ဘိသကဲ့သို့ ရေပွက်ကဲ့သို့သော လျှပ်ကဲ့သို့သော လောကကြီးကို မတည်မမြဲ မစစ်မမှန်ကြောင်း သိလျှင်သိခြင်း ပညာရှိတို့

သည့် ထိုလောက၌ စိတ်ဝင်စားမှု ပြုရပ်စဲသွားကြောင်း စသည်တို့ကို တင်ပြထား၏။ ပြင်ပလောကသည် မစစ်သကဲ့သို့ မမှန်သကဲ့သို့ 'အတ္တ' ဟု ခေါ်ဆိုအပ်သော ကိုယ်သည်လည်း မစစ်မမှန်။ အတ္တာဟိအတ္တနောနတ္ထိ။ ဤဟာ--ငါ့ဟာဟူ၍မရှိ။ နဓေသမေအတ္တာ = ဤသည် 'ငါ' မဟုတ်၊ ဤမမြဲသော 'ငါ' မှ အလွတ်ရုန်း၍ မမြဲသော လောကကြီးကို ရှောင်ကွင်းနိုင်မှသာ နိဗ္ဗာန်သို့ ရောက်နိုင်ပေမည် ဖြစ်ကြောင်းကို ဤဝဂ်မှ လေ့လာ မှတ်သားရပေသည်။

နိရယဝဂ်သည်ကား ငရဲအကြောင်းနှင့် စပ်ဆိုင်၏။ ထိုငရဲကြောင်းကို 'ပေတဝတ္ထု' တွင် အသေးစိတ်တွေ့ရှိရ၏။ သာမန်လူတို့အပြစ်ကျူးလွန်ခြင်းမှရှောင်ကွင်းစေရန် ငရဲဘေးကို ညွှန်ခဲ့ခြင်းဖြစ်ပေမည်။ အဆင့်အတန်း မြင့်မြတ်သော ပုဂ္ဂိုလ်တို့ အဘို့မူကား ဖြူစင်သောအကျင့်ကို ကျင့်ရန်ရင်း, (ဝါ) ဆိုးယုတ်သော လမ်းစဉ်ကို ကျင့်ရန်ရင်း ဤသို့သော ပုံပြင်များပြဆောင်ရန် လိုမည်မဟုတ်ချေဟု အချို့သောဗုဒ္ဓစာပေ သုတေသီတို့က ဆိုကြ၏။ ဥတ္တဝဂ်ကား ကျင့်ဝတ်များကို အဘယ်ကြောင့် လူတို့စောင့်ထိန်းအပ်ကြောင်း ရေးသားထားသော ဝဂ်ဖြစ်၏။ဆင်းရဲခြင်း ခံစားရန် (ဝါ) ပျော်ရွှင်ခြင်း ခံစားရန် လူအားလုံးတို့ အတွက် အကျင့်သည် အရေးကြီးသော အဓိကမဏ္ဍိုင်ကြီးပင်တည်း။ ထို့ကြောင့် လူတိုင်းပင် သတ္တဝါတို့အား နှိပ်စက်ညှဉ်းပန်းခြင်းမှ ရှောင်ရှားရပေမည်ဟု ဘုရားမြတ်စွာက ဤဝဂ်၌ ဟောကြားတော်မူခဲ့လေသည်။

——o——

ဓမ္မပဒကျမ်းတွင် အောက်ပါ 'ဝဂ်' များ ပါဝင်လေသည်။

၁။ ယမကဝဂ်။
၂။ အပ္ပမာဒဝဂ်။
၃။ စိတ္တဝဂ်။
၄။ ပုပ္ဖဝဂ်။
၅။ ဗာလဝဂ်။
၆။ ပဏ္ဍိတဝဂ်။
၇။ အရဟန္တဝဂ်။
၈။ သဟဿဝဂ်။
၉။ ပါပဝဂ်။
၁၀။ ဒဏ္ဍဝဂ်။
၁၁။ ဇရာဝဂ်။
၁၂။ အတ္တဝဂ်။
၁၃။ လောကဝဂ်။
၁၄။ ဗုဒ္ဓဝဂ်။
၁၅။ သုခဝဂ်။
၁၆။ ပိယဝဂ်။
၁၇။ ကောဓဝဂ်။
၁၈။ မလဝဂ်။
၁၉။ ဓမ္မဋ္ဌဝဂ်။
၂၀။ မဂ္ဂဝဂ်။
၂၁။ ပကိဏ္ဏကဝဂ်။
၂၂။ နိရယဝဂ်။
၂၃။ နာဂဝဂ်။
၂၄။ တဏှာဝဂ်။
၂၅။ ဘိက္ခုဝဂ်။
၂၆။ ဗြာဟ္မဏဝဂ်။

## " ဓမ္မပဒကျမ်းဝင်ဝဂ်များ "

### (၁) ယမကဝဂ်။

ဤဝဂ်တွင် ဒေသနာ တခုထည်းကို အဓိကမထား။ ယမက = အစုံဟူသော အနက်အလိုက် ဆိုလိုရင်း ဒေသနာ တခုထည်းကို တဂါထာစီသန့်ကာ ဂါထာနှစ်စုံဖြင့် ၎င်းစာတကြောင်းစီသန့်ကာတဂါထာထည်းတွင်စာကြောင်း နှစ်စုံဖြင့်၎င်း အဆိုး အကောင်း နှစ်ဘက်ယှဉ်တွဲ၍ ပြည့်န်ထားသည်။

အချုပ်အားဖြင့် ဤဝဂ်၌ အရာရာတွင် စိတ်သာလျှင်ရှေ့သွား စိတ်သာလျှင် ရှေ့ဆောင် စိတ်သာလျှင် ခေါင်းချုပ်

ဖြစ်ကြောင်း ဖေါ်ထုတ်ကာ စိတ်ဆိုးနှင့် စိတ်ကောင်းတို့၏ ဆိုး ကောင်းဝိပါက်များကို လှည်းဘီးနှင့်အရိပ် ဥပမာများဖြင့် ထင်ရှားစေသည်။ရင်းပြင် ရန်ကိုရန်ချင်း မတုံ့နှင်းရန်နှင့် မေတ္တာသည် ရန်သူကို အောင်မြင်ရန် အင်အားအကြီးအမားဆုံး ဖြစ်ခြင်းကြောင့် ငြိမ်းချမ်းရေးရလိုလျှင် ရန်သူကို ခွင့်လွှတ်ကာ မေတ္တာပွါးရမည် ဖြစ်ကြောင်းကို ဗုဒ္ဓမြတ်စွာက ဤယမကဝဂ်ဖြင့် အတန်တန်တိုက်တွန်း နှိုးဆော်ခဲ့ပေ၏။

## (၂) အပ္ပမာဒဝဂ်။

ဤဝဂ်သည် မမေ့မလျော့ခြင်း၏ အရေးကြီးပုံကို ဖေါ်ပြသော ဝဂ်ဖြစ်သည်။ မမေ့မလျော့ခြင်းသည် ဇာတိ ဇရာ ဗျာဓိ မရဏတရားတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ပို့ဆောင်သော လမ်းစဉ်ဖြစ်၍မေ့လျော့ခြင်းသည် ဇာတိဇရာ ဗျာဓိ မရဏတို့ လွှမ်းမိုးရာ သံသရာဝဲဩဃ၌ နစ်မြုပ်စေသော လမ်းစဉ်ဖြစ်ရကား မဂ် ဖိုလ် နိဗ္ဗာန်ကို ရည်မှန်းသော ရဟန်း၊ မှန်သမျှသည် မမေ့မလျော့ခြင်းကို လက်ကိုင်ထားသင့်ကြောင်းဤဝဂ်ဖြင့် အဖန်ဖန် သတိပေးနှိုးဆော်ထားသည်။

## (၃) စိတ္တဝဂ်။

ဤဝဂ်ကား စိတ်၏သဘာဝ စိတ်၏ဆောင်ရွက်မှုကိစ္စ အဝဝနှင့် အကောင်း အဆိုး,အကျိုး အပြစ်တို့ကို ဂါထာပေါင်းများစွာဖြင့် စေ့ငုစုံလင်စွာ ဖေါ်ပြထားသော ဝဂ်ဖြစ်သည်။

စိတ်၏မတည်ကြည်ပုံ အာရုံပြောင်း လွယ်ပုံ ပြန့်လွင့်တတ်ပုံ တုန်လှုပ်တတ်ပုံ တည်ကြည်အောင်‥ စောင့်နိုင်ခဲ တားမြစ်

နိုင်ခဲ့ပုံတို့ကို ဖန္ဒနစပလ ဒုရက္ခ ဒုန္နိဝါရယ စသော တိကျသည့် ဝိသေသန ပုဒ်တို့ဖြင့် ယထာဘူတ သဘာဝကျကျ ဖော်ပြထားပေသည်။ အချုပ်အားဖြင့် စိတ္တဝဂ်သည် လူတို့၏အဇ္ဈတ္တ သန္တာန်၌ ကိန်းအောင်းနေသော စိတ်ဆင်ရိုင်းကို ပညာ ဂြုတည်းဟူသော ချွန်းနှင့် ပိုင်ပိုင်ကြီး အုပ်သိမ်းကာ မာရ်နတ်၏အနှောင်အဖွဲ့မှ ကင်းလွတ်ရာ မဂ်ဖိုလ်နိဗ္ဗာန်ကို တသမတ်ထည်း ရှေးရှုလျက် ခရီးပြင်းနှင်ရန် ဗုဒ္ဓမြတ်စွာက ညွှန်ကြားတော်မူသော ဝဂ်ဖြစ်သည်။

## (၄) ပုပ္ဖဝဂ်။

ပုပ္ဖဝဂ်ကို "ပန်းတရားတော်"ဟုခေါ်ဆိုရသော်လည်း စင်စစ် သက်ဆိုင်ရာ ဂါထာတို့၌ ပန်းဖူး ပန်းနွယ် ပန်းပွင့်တို့အကြောင်းကို ဖွဲ့နွဲ့ဖော်ပြထားခြင်းကြောင့် မဟုတ်။ ပန်းတို့၏အဆင်း အနံ့ ပန်းဝတ်ရည်ကို စုတ်ယူသော ပျားကောင်နှင့် ပန်းသည် စသည်တို့ကို ပမာဆောင်၍ လိုအပ်သော တရားစုကို ယင်ရှားစေခြင်းငှါ စကားတန်ဆာ ဆင်ထားခြင်းမျှဖြစ်သည်။ လိမ္မာသော'ပန်းသည်'သည် ကောင်းမကောင်းသော ပန်းတို့ကို စိစစ်ရွေးချယ်နိုင်သကဲ့သို့ ကောင်းစွာဟောအပ်သော တရားတော်စုကို လိမ္မာသော ပုဂ္ဂိုလ်သည် ရွေးချယ်စိစစ်လတ္တံ့ဟု ပြဆိုသား၏။

'ရှင်းပြင် စန္ဒကူး တောင်ဇလပ် ကြာ မြတ်လေးစသော ပန်းနံ့သာတို့ထက် သီလရှိသောသူ၏ သတင်းအနံ့သည် ထူးကဲလွန်မြတ်သည်ဖြစ်၍ နတ်ပြည်နှင့် ဗြဟ္မာ့ပြည်သို့တိုင် ပြန့်နှံ့ကြိုင်လှိုင်ကြောင်းကိုလည်း ဗုဒ္ဓမြတ်စွာက ဤဝဂ်ဖြင့် ညွှန်ကြားခဲ့၏။

## (၅) ဗာလဝဂ်။

ဤဝဂ်တွင် ဗာလအမည်ခံ လူမိုက်တို့အကြောင်းကို စုံလင်စွာ ဖော်ပြထားသည်။ လူမိုက်မည်သည် အသိဉာဏ်ကင်းမဲ့သဖြင့် အဆိုး အကောင်း၊ အကျိုး အပြစ်တို့ကို ဟုတ်မှန်သည့်အတိုင်း မဆင်ခြင်တတ်ချေ။ လူမိုက်တို့၏ သဘာဝသည် အယူယွင်းမှား ဖောက်ပြားတတ်မြဲဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တ တရားတို့ကို ကျိုးကြောင်းဆင်ခြင် မသိမြင်ကြကုန်။

အမှန်တရားကို မသိနားမလည်သူ လူမိုက်တို့နှင့် ပေါင်းဖက်ခြင်းအားဖြင့် အကျိုးထူးမရနိုင်မည်ကို သိတော်မူသောကြောင့်လည်း ဗုဒ္ဓမြတ်စွာက သူတော်ကောင်း တရားရရန် မိတ်ဆွေကောင်း ရှာသောသူသည် မိမိထက် သီလ သမာဓိ ပညာ သာလွန်သောသူကို၎င်း၊ မိမိနှင့် ဂုဏ်ရည်တူဖြစ်သော သူကို၎င်း မရနိုင်ခဲ့ပါမူ လူမိုက်နှင့် မပေါင်းဖော်ရာ တဦးတည်းသာ ကောင်းစွာကျင့်ရာ၏-ဟူသော တရားကိုယ် အနက်ကို ဤဝဂ်တွင် ဖော်ထုတ် တင်ပြတော်မူခဲ့သည်။

## (၆) ပဏ္ဍိတဝဂ်

ဤဝဂ်တွင် မည်သို့သော ပုဂ္ဂိုလ်စားကို ပညာရှိဟု သမုတ်သင့်ကြောင်းကို ဗုဒ္ဓမြတ်စွာက ညွှန်ကြားခဲ့၏။

စာပေတွင် ထူးထူးခြားခြား တတ်ကျွမ်းသဖြင့် မိမိတို့ကိုယ်ကို တကဲ့လူကျော် လူမော်ဟု အဆင်ရောက်ကာ ဘဝင်မြင့်ရောဂါစွဲနေတတ်ကြသူတို့ကိုပညာရှိကဝိဟူ၍ လူတို့ဝေါဟာရအားဖြင့် လေးလေးစားစား သမုတ်ကြမြဲဖြစ်၏။ သို့သော် ဗုဒ္ဓမြတ်စွာ၏အလိုတော်အားဖြင့် တသက် တာဘ[illegible] တာလေ[illegible]အတွက်ဉာဏ်ပညာဝ [illegible]ကိုရှုဖြင့် ပ[illegible]

ဟု မြွက်ဟ ချီးကျူးသင့်သည် မဟုတ်သေး။ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် ဆုံးမပြဿနာတော်မူအပ်သော တရားစုကို စေ့ငှသေချာ ရှာကြံကျင့်သုံးပြီးနောက် မင်္ဂ ဖိုလ်ဥာဏ်ပေါက် နိဗ္ဗာန်လမ်းရောက်ပါမှ ဗုဒ္ဓသာဝက ပဏ္ဍိတအစစ် ဖြစ်ကြောင်းကို ဤပဏ္ဍိတဝဂ်၌ အထင်အရှား ညွှန်ကြားခဲ့သည်။

၎င်းပြင် တခဲနက်သော ကျောက်တောင်သည် အရပ်လေး မျက်နှာမှ လာသောလေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိ တို့သည် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ် ကြောင်း လောကဓံ တရားတို့၏ လှည့်စားမှုကြောင့် မယိမ်း မယိုင် မထိခိုက်ကြ ကြောင်းကိုလည်း ဤဝဂ်၌ပင် ပြဆိုပေ သေး၏။

## (၇) အရဟန္တဝဂ်။

ဤဝဂ်ကား ရဟန္တာတို့၏ ဝိသေသနများကို ဖော်ထုတ် ထားသော ဝဂ်ဖြစ်သည်။

ရဟန္တာဟူသည် စိုးရိမ်ခြင်းကင်းသဖြင့်၎င်း အနှောင်အဖွဲ့ အားလုံးမှ လုံးဝ လွတ်မြောက်သဖြင့်၎င်း ဖဿဝေါတရား တို့ကုန်ခန်းသဖြင့်၎င်း ဆင်းရဲခြင်းအပေါင်းမှ လုံးဝကင်းငြိမ်း လေပြီ။

ရဟန္တာဟူသည် မြေကြီးနှင့်တူစွာ သည်းခံခြင်းနှင့် ပြည့်စုံ သောကြောင့်၎င်း တံခါးတိုင်ကဲ့သို့ မယိမ်း မယိုင်သော အ ကျင့်ရှိသဖြင့်၎င်း လောကဓံတရား အကြုံအတွေ့ဝယ်မဖောက် ပြန်ခြင်း သဘောရှိသောကြောင့်၎င်း ရွှံ့ညွှန်ကင်းသော ရေ ကန်ကဲ့သို့ ကြည်လင်သော စိတ်ရှိခြင်းကြောင့်၎င်း ရဟန္တာတို့ အဘို့ သံသရာကျင်လည်ခြင်းမဖြစ်တော့ပေ။

ရဟန္တာဟူသည် သူတထူးထို၏ စကားဖြင့်သာ ယုံကြည်သူမဟုတ်။ နိဗ္ဗာန်ကိုကိုယ်တိုင်သိမြင်ကြသူများဖြစ်သဖြင့် ၎င်းသံသရာနှောင်အိမ်စပ်ကို ဖြတ်တောက်ပြီး ဖြစ်သဖြင့်၎င်း ကုသိုလ်အကုသိုလ် အကျိုးပေးခွင့်ကို ဖြတ်အပ်ပြီး ဖြစ်သဖြင့် ၎င်းအာသာဆန္ဒကို တစမကျန် ပျို့အန်ပြီး ဖြစ်သဖြင့်၎င်း ရဟန္တာတို့သည် အမြတ်ဆုံးပုဂ္ဂိုလ်ဟူ၍ ဗုဒ္ဓမြတ်စွာက ဤအရဟန္တဝဂ်ဖြင့် ချီးကျူးတော်မူခဲ့၏။

## (၈) သဟဿဝဂ်

ဤဝဂ်တွင် ပါဝင်သော တရားကိုယ် သဘောအနက်တို့ကို မှတ်ကျောက်တင်ရာဝယ် "အထောင်" "အရာ" ချိကာ နှိုင်းခိုင်းတင်ပြထားခြင်းကြောင့် ဤဝဂ်ကို 'အထောင်ဝဂ်' ဟူ၍ အနက်ပြန်ဆိုရပေမည်။

ဝဂ်တခုလုံး၏ အဓိက ရည်ရွယ်ချက်ကား " အရည်အချင်းသည် အရေအတွက်ထက် သာလွန်အရေးကြီးသည် " ............ ဟူသောအချက်ကို ဖေါ်ထုတ်ခြင်းပင် ဖြစ်သတည်း။

သို့ကြောင့်လည်း အကျိုးနှင့် မယှဉ်တွဲသော စကားအခွန်းတထောင်ထက် အကျိုးနှင့် ယှဉ်တွဲကာ ငြိမ်းချမ်းရေးကို ဖြစ်စေသည့် စကားတခွန်းက ပို၍မြတ်ကြောင်း၊ စစ်ပွဲအရာအထောင်တွင် ရန်သူအရာအထောင်ကို အောင်နိုင်သူထက် မိမိကိုယ်တွင်း၌ ကိန်းအောင်းလျက်ရှိသော ကိလေသာရန်သူကို အောင်နိုင်သူက ပို၍မြတ်ကြောင်း၊ အရာအထောင်သော ငွေဖြင့် လစဉ် လတိုင်း သာမန် လောကီသားတို့အား ပေးလှူပူဇော်ခြင်းထက် အရိယာ ပုဂ္ဂိုလ်တပါးကို တခဏတာမျှ ပေးလှူပူဇော်ခြင်းသည် ပို၍မြတ်ကြောင်း၊ ခန္ဓာငါးပါး၏ အစစ်

အမှန် အဖြစ်ကို မရှုမဆင်ခြင်နိုင်ဘဲ အသက်အရာအထောင် ရှည်ရခြင်းထက် ခန္ဓာငါးပါး၏ အစစ်အမှန်အဖြစ်ကို ဆင်ခြင်မိကာ တရက်တာမျှပင် နေရခြင်းက ပို၍မြတ်ကြောင်း၊ ပညာမဲ့အဖြစ်ဖြင့် အနှစ်အရာအထောင် နေရခြင်းထက် ပညာရှိအဖြစ်ဖြင့်တရက်တာမျှနေရခြင်းက ပို၍မြတ်ကြောင်း…စသည်တို့ကို ဥပမာ အမျိုးမျိုးဖြင့် "အရည်အချင်းသည် အရေအတွက်ထက် သာလွန်ကြောင်း" ကို ဗုဒ္ဓမြတ်စွာသည် ဤသဟဿဝဂ်ဖြင့် ပေါ်လွင်စေတော်မူခဲ့၏။

## (၉) ပါပဝဂ်။

ပါပဝဂ်တွင် လူ၏ပင်ကိုယ်ဉာဏ် သဘာဝနှင့် မကောင်းမှုကောင်းမှုတို့၏ မူလဇာတိရုပ်ကို တင်ပြထားပေသည်။

လူသတ္တဝါတို့မည်သည် ဒုစရိုက်ဘက်၌ စိတ်အာရုံ ညွတ်လွယ် ပြောင်းလွယ်သည်နှင့်အမျှ သုစရိုက်ဘက်တွင် ညွတ်ခဲပြောင်းခဲကြ၏။သို့သော် စင်စစ် လူသည် အယုတ်ခေတ်ဖြင့် ယှဉ်တွဲ၍ ပေါက်ဖွားလာသူမဟုတ်။ အမွန်ခေတ်ဖြင့် ယှဉ်တွဲကာ သန္ဓေတည်၍လာချေသည်။တိမ်ညို၊တိမ်မဲတို့၏ လွှမ်းမိုးမှု အမှောင်ရိပ်ကြောင့် လမင်းသည် ခေတ္တမျှ အကြည်ခေတ်အလင်းခေတ် မှေးမှိန်၍ နေရဘိသကဲ့သို့ မကောင်းမှု၏ ဖမ်းစားမှုကြောင့်လူ၏အကောင်းခေတ် အမွန်ခေတ်သည် ညစ်နွမ်း၍ နေရချေတော့သည်။ သို့သော် ကောင်းမှုဖြင့် ဆေးကြောလိုက်သည်နှင့် တပြိုင်နက်တည်း ကင်းရှင်းပပျောက်ရမည်မလွဲတည်း။

မိုးပေါက်ကျဖန်များသော် ရေအိုးသည် ပြည့်ရဘိသကဲ့သို့ ဆည်းပူးဖန်များလျှင် မကောင်းမှုဖြင့် ပြည့်မည်ဖြစ်

သောကြောင့် မကောင်းမှုအကျိုးသည် ငါ့အား မသက်ရောက်ရာ ဟု မကောင်းမှုကို မထိမဲ့မြင် မပြုအပ်ပေ။

ကောင်းကင်၌ရှင်း သမုဒ္ဒရာ၌ရှင်း တောင်ခေါင်း၌ရှင်း မကောင်းမှုအကျိုးမှ လွတ်မြောက်ရာ အရပ် မရှိလေသောကြောင့် မင်္ဂိုလ်နိုဗ္ဗာန်ကို ရည်မှန်းသူမှန်သမျှ အကုသိုလ်ကို ဖယ်ရှားကာ ကုသိုလ်ကို ပွါးများရမည်ဖြစ်ကြောင်း ဗုဒ္ဓမြတ်စွာက ဤဝဂ်တွင် အတန်တန် ဟိုက်တွန်းနှိုးဆော်ခဲ့၏။

## (၁၀) ဒဏ္ဍဝဂ်။

လူတိုင်းလူတိုင်းပင် ဒဏ်သင့်မည်ကို ကြောက်ရွံ့ထိတ်လန့်ရကား ကိုယ်ချင်းစာတရား လက်ကိုင်ထားကာ သတ္တဝါတို့ကို မညှဉ်းဆဲ မပုတ်ခတ် မရိုက်သတ်သင့်ကြောင်းကို ဤဒဏ္ဍဝဂ်တွင် အဓိက ဒေသနာအဖြစ်ဖြင့် မြတ်စွာဗုဒ္ဓသည် မိန့်တော်မူခဲ့လေသည်။ တုတ် ထား လှံတန် စသော လက်နက်တို့ဖြင့် ထိပါးရန်မဆိုထားဘိ ယုတ်စွအဆုံး ကြမ်းတမ်းခက်ထန်သော စကားများကိုပင် မသုံးနှုန်းသင့်ကြောင်း ဗုဒ္ဓမြတ်စွာက မြွက်တားတော်မူခဲ့သည်။

မပြစ်မှားအပ်သော ပုဂ္ဂိုလ်ကို ပြစ်မှားမိချေသော် အောက်ပါဆယ်ပါးသော ဒုက္ခအကြောင်းတို့အနက် တပါးပါးသော ဒုက္ခအကြောင်း လျင်စွာ ခံစားရမည် မလွဲဟူ၏။

"ခံစားရမည့်ဒုက္ခအကြောင်းဆယ်ပါး"

၁။ ဖရုသ ဝေဒနာ – ကြမ်းကြုတ်သော ဝေဒနာ။
၂။ ဇာနိ – ဥစ္စာဆုံးရှုံးခြင်း။
၃။ သရီရဿ ဘေဒန – ကိုယ်အင်္ဂါ ပျက်စီးခြင်း။
၄။ ဂရုက အာဗာဓ – အနာကြီးစသော အကုအမ ခက်ခဲသောအနာ။

၅။ စိတ္တက္ခေပ = ရူးသွပ်ခြင်း။
၆။ ရာဇတော ဝါ ဥပသဂ္ဂ = မင်းဒဏ်သင့်ခြင်း။
၇။ အဗ္ဘက္ခာနဒါရုဏ = မဟုတ်မဟတ် အစွပ်စွဲ ခံရခြင်း။
၈။ ပရိက္ခယ ဉာတီနံ = ဆွေမျိုး ပျက်ပြားခြင်း။
၉။ ဘောဂါနံ ပဘင်္ဂု = စည်းစိမ်ဥစ္စာ ပြုန်းတီးပျက်စီးခြင်း။
၁၀။ အဂါရာနိ အဂ္ဂိ ဍယှတိပါဝကော = အိုးအိမ်လောင်မီးကျခြင်း။

၎င်းပြင် ကိုယ်ခန္ဓာပျက်စီးသည့်နောက်၌လည်း ငရဲသို့လားရသည်ဟူ၏။

## (၁၁) ဇရာဝဂ်။

ဤခန္ဓာကိုယ်ကြီးသည် အသွေးအသားတို့ဖြင့် ကပ်စေးထားလျက် အရိုးတို့ဖြင့် တည်ဆောက်ကာ အပုပ်အနာရောဂါစသည့်တို့၏ နိုအောင်းရာဖြစ်၍ အဆုံးတွင် ယိုယွင်းပျက်စီးခြင်းသို့ ရောက်ရမည်ဖြစ်ကြောင်းကို ဤဇရာဝဂ်က ညွှန်ပြသည်။

အသက်ရှင်ခြင်းသည် သေခြင်းနောက်ဆုံးဖြစ်ရကား အရွယ်သုံးပါးအလိုက် ပညာ ဥစ္စာ တရားရှာမှီးကြရန်နှင့် ရုပ်နာမ် နှစ်စု၏ ယိုယွင်းတတ်သည့် ဓမ္မစစ်ကို အမြင်မှန်နှင့် မမြော်ရှုဘဲ ပေါ့ပေါ့စား ပေါ့ပေါ့နေသူတို့သည် နောက်ဆုံး၌ ပညာလည်းမဲ့ ဥစ္စာလည်းကင်း တရားနှင့်လည်းရှင်းပြီးလျှင် ငါးကုန်ခန်းသော ညွန်ပေျာင်း၌ အတောင်ကျိုးသည့် ကြိုးကြာအိုကဲ့သို့၎င်း လေးညှို့မှ လွတ်ကုန်သော မြှားတို့ကဲ့သို့၎င်း တညည်းညည်း တတွားတွား ရေးဖြစ်ဟောင်းကို အောက်မေ့တသ၍သာ မနေရမည်ဖြစ်ကြောင်းကို မြတ်စွာဗုဒ္ဓသည် ဤဇရာဝဂ်၌ အကြိမ်ကြိမ် ဖော်ပြထား၏။

## (၁၂) အတ္တဝဂ်။

အတ္တာဟိအတ္တနောနာထော = မိမိကိုယ်မှအပ အခြားတပါး ကိုးကွယ်ရာမရှိသည့်အားလျော်စွာ ဘဝလွတ်မြောက်ရေး အတွက် တပါးသူတို့ကို မချေချတ်မီ ရှေးဦးစွာ မိမိကိုယ်ကို သာလျှင် လျော်ကပ်သောအကျင့်ဖြင့် ကောင်းစွာစောင့် ထိန်းသင့်ကြောင်းကို မြတ်စွာဗုဒ္ဓသည် ဤအတ္တဝဂ်တွင်ဟော ကြားထားသည်။

ကျောက်မှဖြစ်သော ဝရဇိန်သည် မှီရာကျောက်ကို ထွင်း ဖေါက်ဖျက်ဆီးလေသကဲ့သို့ မာလုဝနွယ်ပင်သည် မှီရာသစ် ပင်ကို 'လည်း 'စေသကဲ့သို့ ကိုယ်ပြုအပ်သော ဆိုး-ကောင်း အမှုသည် ကိုယ့်အားသာလျှင် ဒဏ်ပြန်ခတ်လေသောကြောင့် မကောင်းမှုကို ပယ်ရှား၍ ကောင်းမှုဒွဝါသနာထုံရန်အတွက် ကိုယ့်ကိုယ်ကို လေ့ကျင့်သင့်ကြောင်း ဤဂဂ်က ပြညွှန်ထား သည်။

(မာလုဝနွယ်ပင် = မာလောနွယ် = ခွေးတောက်နွယ်ကို ဆို လိုသည်။)

## (၁၃) လောကဝဂ်။

ကိလေသာရေအလျဉ်တို့ဖြင့် တသွင်သွင် စီးဆင်းနေသည့် သံသရာကြောတွင် မျော၍နေကြသော ပုထုဇဉ်တို့သည် လောက၏ အမှန်ပကတိ အကျိုးမရှိပုံကို စိစစ်ဝေဖန်ကြမည် မဟုတ်လေရာ ထိုအချက်ကို ကောင်းစွာသိမြင်တော်မူ သဖြင့်လည်းမြတ်စွာဗုဒ္ဓသည် လောကကို ရေမြှုပ်ပမာ ခဏ သာ ဟူ၍ရှင်း တံလျှပ်အသွင် ခဏပင် ဟူ၍ရှင်း ဥပမာနှိုင်း

ခိုင်းကာ မဂ်ဖိုလ် နိဗ္ဗာန်ပေါက်မြောက်ဘို့ ကြိုးပမ်းရန် ဤ လောကဝဂ်ဖြင့် ဆုံးမတော်မူခဲ့သည်။

မုဆိုးလက်နက် ပိုက်ကွန်ရက်မှ ငှက်အနည်းငယ်သာ လျှင် လွတ်ထွက်နိုင်သကဲ့သို့ ဒုက္ခဇာတ်ခုံ ကမ္ဘာမြေမှလည်း လူ အနည်းငယ်သာလျှင် လွတ်အောင်ရုန်းနိုင်ကြသည်။ သို့ ကြောင့်လည်း ကိလေသာ အညစ်တရားတို့တွင်မမေ့မလျော့ဘဲ သံသရာအဓွန့်ပြတ်အောင် အားထုတ်သင့်ကြောင်းကိုလည်း ဤဝဂ်၌ တိုက်တွန်းထားပေသည်။

## (၁၄) ဗုဒ္ဓဝဂ်။

ဗုဒ္ဓဝဂ်ကား ဘုရားမြတ်စွာ၏ ဂုဏ်ထူးအစုစုကို အထူး ဖော်ပြသော ဝဂ်ဖြစ်သည်။ ဘုရား ရဟန္တာဖြည့်သည် ကာမဂုဏ်မှ ထွက်မြောက်လျက် ကိလေသာမှ ကင်းငြိမ်း လေပြီ။ တဏှာကင်းရာ နိဗ္ဗာန်၌သာ မွေ့လျော်ကြသည်။ ဘုရားမြတ်စွာသည် လူ နတ် ဗြဟ္မာအပေါင်းအား အမှန် တည်းဟူသော အလင်းရောင်ကို ထွန်းပြောင်စေသည့် 'မီးရှူး တန်ဆောင်ကြီး' ဖြစ်တော့၏။ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင် သဖြင့်လည်း သတ္တဝါအပေါင်းကို နိဗ္ဗာန်သို့ ပို့ဆောင်ရာ ခေါင်းဆောင် လမ်းပြကြီးလည်း ဖြစ်ပေသည်။

လောကီ လောကုတ္တရာ နှစ်ဖြာကောင်းကျိုး အတွက် သည်းခံခြင်းသည် အမွန်မြတ်ဆုံးသော လမ်းစဉ်ဖြစ်၍ သူတပါးတို့အား သိပါး ရမ်းကား ညှဉ်းဆဲပုတ်ခတ်သော သူသည် သူတော်စင် "ရဟန်းမဟုတ်ချေ။

## (၁၅) သုခဝဂ်။

သတ္တဝါ မှန်လျှင် ချမ်းသာခြင်းကို မတောင့်တာ မလိုလားသူဟူ၍ မရှိကြချေ။ ချမ်းသာခြင်းနှင့် ပြည့်စုံရန် အမျိုးမျိုး ကြံစည် အားထုတ်ကြလေသည်။ သို့ဖြင့် ဒုက္ခအပေါင်းနှင့် တွေ့ဆုံကာ သံသရာဝဋ်တွင်း၌ နစ်မွန်း၍သာ နေကြရတော့သည်။ ဤသုခဝဂ်တွင် ချမ်းသာခြင်းအစစ်ကို ဘုရားမြတ်စွာက ဖော်ပြတော်မူခဲ့သည်။

ရာဂနှင့်တူသော မီးသည်မရှိ။ ဒေါသနှင့်တူသော အပြစ်သည်မရှိ။ ခန္ဓာနှင့်တူသော ဆင်းရဲခြင်းအကြောင်းသည်မရှိ။ ‘သန္တိပရ’ နိဗ္ဗာန်ထက် လွန်ကဲသော ချမ်းသာခြင်းသည်မရှိ။ မွတ်သိပ်ခြင်းသည် လွန်ကဲသော အနာမည်၏။ သင်္ခါရတို့သည် လွန်ကဲသော ဆင်းရဲခြင်းမည်ကုန်၏။ ထိုကြောင့် အတွင့်ဆုံးသော ချမ်းသာကို ရယူလိုသူတို့သည် သူတော်သူမြတ်တို့ကို ဖူးတွေ့ဆည်းကပ်ကာ နိဗ္ဗာန်ကိုမျက်မှောက်ပြုရမည်ဟု ဘုရားမြတ်စွာက ဤဝဂ်ဖြင့် ဆိုဆုံးမှာတော်မူ၏။

## (၁၆) ပိယဝဂ်။

ပိယေဟိ ဒိပ္ပယောဂေါ ဒုက္ခော = ချစ်သောသူနှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏။ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော = မချစ် မနှစ်သက်သော သူနှင့် ပေါင်းဘက်ရခြင်းသည်လည်း ဆင်းရဲ၏.......ဟူသော စကားနှင့် လျော်ညီစွာ စိုးရိမ်ခြင်း သိပ်လန့်ခြင်းတို့သည် ချစ်ခြင်း မြတ်နိုးခြင်း ကာမဂုဏ်ကို ခင်တွယ်ခြင်းတို့မှ ပေါ်ပေါက်ပွား

လာရကား ကာမဂုဏ် အနှောင်အဖွဲ့တို့မှ အလွတ်ရုန်းရမည် ဟူ၍ ဤပဝယဝဂ်က ညွှန်ကြားထား၏။

(၁၇) ကောဓဝဂ်။

အမျက်ဒေါသဟူသည် အကုသိုလ်အပေါင်း၏ အခြေခံ ရေသောက်မြစ်ပင် ဖြစ်တော့သည်။ အမျက်ဒေါသ လွှမ်းမိုး နေသူအတွက် အမှန်တရားမှ မျက်ခြေ ပြတ်ပြီဖြစ်သောကြောင့် မလုပ်ဝံ့ မလုပ်ရဲသော ဒုစရိုက်ဟူ၍ မရှိတော့ချေ။ ထို့ကြောင့် လိမ္မာသော ရထားမှူးသည် လျှင်မြန်စွာသော ရထားကို လမ်းမလွဲအောင် ကောင်းစွာ စောင့်ရှောက် သကဲ့သို့ မိမိ၌ဖြစ်ပေါ်လာသော အမျက်ဒေါသကို ပိုင်ပိုင် နိုင်နိုင်ကြီး တားဆီးရမည် ဟု ဘုရားမြတ်စွာက ဤကောဓ ဝဂ်ဖြင့် ဩဝါဒ ပေးတော်မူခဲ့၏။

အမျက်ထွက်နေသောသူကို မေတ္တာဖြင့်အောင်ရမည်။ မကောင်းသောသူကို ကောင်းသော သဘောဖြင့် အောင် ရမည်။စေးနှဲသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရမည် ဟူသော ဆောင်ပုဒ်ကို ချမှတ်ကာ ကံသုံးပါးလုံးဖြင့် ဒုစရိုက်ကို မပြုမှားမိကြရန် ဘုရားမြတ်စွာသည် ဤကောဓ ဝဂ်ဖြင့် ပိတ်ပင် တားမြစ်တော်မူခဲ့လေသည်။

(၁၈) မလဝဂ်။

မလဝဂ်ကား ကိုယ်၌ကပ်ငြိနေသော ကိလေသာ အညစ် အကြေးတို့ကို ဖယ်ရှားသုတ်သင်ရန် နှိုးဆော်သော ဝဂ်ဖြစ် ၏။ ကိလေသာ အညစ်အကြေး ကင်းစင်လျှင် သူတော်စင်တို့ သွားရာ မဂ်ဖိုလ် နိဗ္ဗာန်သို့ ပေါက်ရောက်ရမည်မလွဲတည်း။

မသရဇ္ဈာယ်ခြင်းသည် အတတ်ပညာ၏အညစ်အကြေးတည်း။ မပြုပြင် မသုတ်သင်ခြင်းသည် အိမ်၏ အညစ်အကြေးတည်း။ ပျင်းရိခြင်းသည် ရုပ်ရည်လှပ သန့်ပြန့်မှု၏ အညစ်အကြေး ဖြစ်၏။ မေ့လျော့ခြင်းသည် တရားသိန်းစောင့်သူတို့၏ အညစ်အကြေးဖြစ်၏။ ယုတ်သော အကုသိုလ်တရားတို့သည် ဤလောကဌ်ရင်း တမလွန်လောကဌ်ရင်း အညစ်အကြေး မည်ကုန်၏။ ထိုထက် အဝိဇ္ဇာသည် အထွဋ်ဆုံးသော အညစ် အကြေးတည်း။ ဘုရား ရဟန္တာတို့ကား အညစ်အကြေး ကင်းစင်သူများဖြစ်ကြ၏။

ရာဂနှင့်တူသော မီးသည်မရှိ။ ဒေါသနှင့်တူသော ဖမ်း တတ်သော သနင်္ဘာသည်မရှိ။ မောဟနှင့်တူသော ကွန်ရက် သည်မရှိ။ တဏှာနှင့်တူသော မြစ်သည်မရှိ။ ဒုက္ခအပေါင်းမှ ကင်းလွတ်လိုသော သူတို့သည် ဖော်ပြပါ တရားတို့မှ ကင်း ဝေးအောင် ရှောင်ရှားကြရပေမည်။

အချုပ်အားဖြင့်ဆိုရသော် ပြင်ပအဝတ်အဆင် အသွင် အပြင်ဖြင့် သူတော်စင်ရဟန်း မဖြစ်နိုင်။ ကိလေသာအညစ် ကင်းစင်ကာ စာရိတ္တဖြူစင်မှသာလျှင် သူတော်စင် သမဏ ဖြစ်ကြောင်းကို ဤဝဂ်၌ ပြဆိုထားကြောင်း။

## (၁၉) ဓမ္မဋ္ဌဝဂ်။

ဤဝဂ်ကို ဓမ္မဋ္ဌဝဂ်ဟု ခေါ်ဆိုရခြင်း အကြောင်းကား ရှေးဦး ဂါထာ နှစ်ပုဒ်၌ပင် 'ဓမ္မဋ္ဌ' ဟူသောပုဒ်၏ အနက်ကို ရှင်းလင်းပြဆိုထားခြင်းကြောင့်ဖြစ်သည်။ 'ဓမ္မဋ္ဌ' ဟူသည် မည်သည့်အံရာဝတ္ထုကိုဖြစ်စေ အကျိုး အကြောင်း နှစ်ဘက်

အချုပ်အားဖြင့် အောက်ပါ ညွှန်ကြားချက်များကို ဤဝဂ်တွင် ဖော်ပြထားလေသည်။

၁။ မဂ္ဂင်ရှစ်ပါးသည် အထွဋ်ဆုံးသော လမ်းစဉ်၊
၂။ သစ္စာလေးပါးသည် အမြတ်ဆုံးသော အမှန်တရား၊
၃။ တဏှာကုန်းခန်းခြင်းသည် အမြင့်ဆုံးသော အကျင့်၊

## (၂၁) ပကိဏ္ဏကဝဂ်။

ဒေသနာအထွေထွေကို ညွှန်ပြသော ဝဂ်ဖြစ်သဖြင့် ဤဝဂ်ကိုပကိဏ္ဏကဝဂ်ဟု ခေါ်သည်။ -

ပါဝင်သောဒေသနာအချို့ကို ဖော်ပြရသော်....

၁။ အတိုင်းမသိသော လောကုတ္တရာချမ်းသာရေးအတွက် အနည်းငယ်မျှသော လောကီချမ်းသာကို ပညာရှိ မှန်သမျှသည် စွန့်ပယ်သင့်ကြောင်း....

၂။ တပါးသူတို့အား ဆင်းရဲမှုပေးသော မိမိ၏ ကိုယ်ချမ်းသာမှုကို ရှာဖွေလျှင် ရန်ပွါးတတ်ကြောင်း....

၃။ ရဟန်းမှန်လျှင် သတိသက်န်းစသော ပစ္စည်းလေးပါးတို့၌ မမက်မောဘဲ သမထဝိပဿနာ လုပ်ငန်းတို့၌သာ မွေ့လျော်ကြည်နူးအပ်ကြောင်း....

၄။ အမိနှင့်တူသော တဏှာကိုရင်း အဖနှင့်တူသော မာနကိုရင်း ရေမြေသျှင်နှင်း ဘုရင်မင်းမြတ်နှင့်တူသော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ကိုရင်း ပြည်ရွာတိုင်းကားနှင့်တူသော အာယတန တဆယ့်နှစ်ပါးကိုရင်း သတ်ဖြတ်၍ ဆင်းရဲခြင်းကင်းစွာ ရဟန္တာတို့သည် နိဗ္ဗာန်သို့ ကူးဝင်ကြကြောင်း....

၅၊ နေ့ညဥ့် မပြတ် သရဏဂုံသုံးပါးကို အာရုံပြုလျှင် ကိုယ်စိတ်နှစ်ဖြာ ကြည်လင်ချမ်းသာကြောင်း....
၆၊ သံသရာအခွန် မရှည်ကြာစေသင့်ကြောင်း ......
စသည်တို့တည်း။

## (၂၂) နိရယဝဂ်။

ဤဝဂ်၌ ငရဲသို့လားအံ့ကုန်သော လူတန်းစားတို့ကို ဖော်ပြထားသည်။

ထိုလူတန်းစား အချို့ကို ဖော်ပြရသော်....

၁၊ သက်န်းကို လည်၌ရောက်ကာ အကျင့်မစောင့် စည်းဘဲ ယုတ်မာသော အမှုရှိသူ....
၂၊ သူတပါးအိမ်ယာကို ကျူးလွန်သောသူ....
၃၊ မဟုတ်မမှန် ပြောဆိုလေ့ရှိသူ....
၄၊ ရှက်ဘွယ်မဟုတ်သည်တို့၌ ရှက်ကာ ရှက်ဘွယ်ဟုတ်သည်တို့၌ မရှက်သောသူ....
၅၊ မှားသောအယူရှိသောသူ....
၆၊ အပြစ်မဟုတ်သည်၌ အပြစ်ဟုရှုကာ အပြစ်ဟုတ်သည်တို့၌ အပြစ်မဟုတ်ဟု ရှုလေ့ရှိသောသူ....
စသည်တို့တည်း။

## (၂၃) နာဂဝဂ်။

“အာဇာနည် ပုဂ္ဂိုလ်ဟူသည် ကိုယ့်ကိုယ်ကို ယဉ်ကျေးအောင် ဆုံးမပြီးသူနှင့် တပါးသူတို့၏မထီမဲ့မြင် ပြုအပ် ဆိုအပ်သည်တို့ကို သည်းခံနိုင်သူဖြစ်သည်”-ဟူ၍ ဤဝဂ်တွင် ပြဆိုထားသည်။ ကိလေသာ လွှမ်းလျက်ရှိသော စိတ်ဆင်ရိုင်းကို ပညာချွန်းဖြင့် နှိပ်ကွပ်ရန်နှင့် ညွှန်၍ကျွံနစ်သော ဆင်ပြောင်

သည် သူ၏ ကိုယ်ကို ညွန်တွင်းမှ နုတ်သကဲ့သို့ ကိလေသာ တည်းဟူသော ညွန်ပျောင်းမှ ဓါရင့်စွာ မိမိကိုယ်ကို အလွတ် ရုန်းရမည်ဟုလည်း ဤဝဂ်က တိုက်တွန်းထားသည်။

သူမိုက်တို့ကို ရှောင်ရှားကာ ရင့်ကျက်သော သမာဓိ တရားနှင့် ပြည့်စုံသည့် သူတော်ကောင်းများနှင့် ပေါင်းဖော ခြင်း အားဖြင့် ရန်အပေါင်းမှ အောင်မြင်နိုင်ကြောင်းကို လည်း ဤဝဂ်၌ ဖော်ပြထား၏။

## (၂၄) တဏှာဝဂ်။

ဤဝဂ်ကား တဏှာ၏ ညှဉ်းဆဲတတ်သော တိုးပွါးတတ် သော ဖျက်ဆီးတတ်သော သဘောကို မာလောနွယ် ပြိတ် မြက် ကျူပင်စသော ဥပမာတို့ဖြင့် နှိုင်းခိုင်းကာ ခြောက် ဒွါရ၌ ဖြစ်သော တဏှာ ကိုယ်တွင်းရန်ဖြစ်သော ကိလေသာ မာရ်ကို အမြစ်မှနေ၍ အပိုင်းပိုင်း အပြတ်ပြတ် တူးဖော် ဖျက်ဆီးပစ်ရန် နှိုးဆော်သော ဝဂ်ဖြစ်သည်။

တဏှာရစ်နှောင်ခြင်းခံရသောသူသည် သစ်တပင်မှ တပင် ကူးကာ သစ်သီးရှာသော မျောက်ကဲ့သို့ ဘဝလွတ်မြောက် ရေးမှ လုံးဝကင်းဝေးပြီးလျှင် ဒုက္ခဝဋ်ဘုံ ကျွတ်မြုံတွင် အလူးအလဲခံရမည်မှာ မလွဲကြောင်း။ဇာတိ ဇရာ ဗျာဓိ မရဏတရားအပေါင်းမှ ရုန်းထွက်လိုသော သူတို့သည် မုဆိုး၏ကျော့ကွင်း၌ ကျရောက်နေသော ယုန်သားငယ်ကဲ့သို့ မဖြစ်စေရန် မဂ် ဖိုလ်သံလျက် ဥာဏ်လက်နက်ဖြင့် တဏှာ၏ အမြစ်ကို အပိုင်းပိုင်း အစိတ်စိတ် ဖြတ်တောက်ရမည့် အကြောင်းကိုလည်း ဤဝဂ်တွင် အဖန်ဖန် တိုက်တွန်းထား လေသည်။

သံဖြင့်ပြုအပ်သော 'ခြေကျဉ်း' သစ်သားဖြင့်ပြုအပ်သော 'တောက် - ထိတ်' မြက် လျှော်တို့ဖြင့် ပြုအပ်သော 'ကြိုး'စသော အနှောင်အဖွဲ့တို့သည် သာမန်အမြင်ဝယ် တောင့်တင်း ခိုင်မြဲလှသည်ဟု အသင်ရောက်စေကာမူ ပညာမျက်စိနှင့်ပြည့်စုံသော ဘုရား ရဟန္တာ သူတော်စင်တို့ အဘို့ကား သား မယား အိုးအိမ် စည်းစိမ်စသော ကာမဂုဏ်တို့၌ ငဲ့ကွက်ခြင်းတည်းဟူသော တဏှာ အနှောင်အဖွဲ့နှင့် နှိုင်းစာသော် မပြောပလောက်ဟု ဤဝင်၌ ဆိုထားပြန်၏။

ပင့်ကူသည် မိမိပြုအပ်သော ပင့်ကူအိမ်အတွင်းသို့ ကျရောက်ကာ သေဆုံး ပျက်စီးရသကဲ့သို့ လူတို့ပြုအပ်သော တဏှာ အလျဉ်သည် လူတို့အားသာလျှင် လွှမ်းမိုးဖျက်ဆီးခြင်းကြောင့် (တဏှက္ခယေဝိမုတ္တ) တဏှာကုန်ရာဖြစ်သော မဂ် ဖိုလ် နိဗ္ဗာန်၌ ကိလေသာမှ လွတ်မြောက်ရန် သတိသမ္ပဇဉ်တရား လက်ကိုင်ထားကာ ကြိုးစားအားထုတ် သင့်ကြောင်းကို လည်း ဤဝင်၌ အကြိမ်ကြိမ် သတိပေး နှိုးဆော်ထား လေသည်။

## (၂၅) ဘိက္ခုဝဂ်။

ဘုရားမြတ်စွာသည် ဤဝင်၌ မည်သို့သော ပုဂ္ဂိုလ်မျိုးကို 'ရဟန်း'ဟု ခေါ်ဆိုထိုက်ကြောင်း ပြည့်နက်ကာ 'ရဟန်း ဂုဏ်ရည်များ'ကို ထုတ်ဆိုမိန့်ကြားတော်မူခဲ့၏။

ရဟန်းဟူသည် ကံသုံးပါးဖြင့် ခြောက်ဒွါရတို့တွင် စောင့် စည်း၍ ကမ္မဋ္ဌာန်း၌ မွေ့လျော်သည်။တည်ကြည်ရောင့်ရဲ၍ တယောက်ထည်း နေလေ့ရှိသည်။တရား၌ မွေ့လျော်ကာ

တရားကိုသာ အဖန်တလဲလဲ ကြံဆအောက်မေ့၍ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားမှ မဆုတ်ယုတ်ကုန်။

ရဟန်းဟူသည် သူတပါး၏လာဘ်ကို နှစ်သက်မြတ်နိုးကာ မိမိ၏လာဘ်ကို မထီမဲ့မြင်ပြုလျက် သမာဓိ လက်လွတ်သူ မဟုတ်ရာ။ပျင်းရိခြင်းကင်းကာ စင်ကြယ်သော အသက်မွေးမှုရှိသည်။ နာမ် ရုပ်၌ 'ငါ - ငါ့ဥစ္စာ' ဟု မြတ်နိုးခြင်းကင်း၏။

ရဟန်းဟူသည် ဗြဟ္မစိုရ်တရား လက်ကိုင်ထားကာ သာသနာတော်၌ အထူးကြည်ညို လေးစား၏။ ဩရမ္ဘာဂိယသံယောဇဉ်ငါးပါးနှင့် ပဥ္စသင်္ဂါတိ ငြိတွယ်ခြင်းငါးပါးမှ လွတ်မြောက်၍ သံသရာဝဲဩဃကို လွန်သောသူဖြစ်၏။

ရဟန်းဟူသည် ပါတိမောက်ကို လိုက်နာ၍ ကျင့်ဝတ်သီလ၌ လိမ္မာခြင်းကြောင့် ဒုက္ခကို အဆုံးသတ် နိုင်သူလည်း ဖြစ်၏။မုလေးပန်းသည် ရော်ရင့်သော အပွင့်တို့ကို စွန့်လွှတ်သကဲ့သို့ ရာဂ ဒေါသ မောဟ တရားတို့ကို စွန့်လွှတ်ပြီးသူလည်း ဖြစ်၏။

ရဟန်းဟူသည် ကိုယ့်ရှင်ကိုယ်ကိုသာ တိုက်တွန်းနှိုးဆော်၍ ကိုယ့်ရှင်ကိုယ်ကိုသာစုံစမ်းနေလ့ရှိပြီးလျှင် ကိုယ့်ရှင်ကိုယ်ကိုသာ လုံခြုံစေသည်ဖြစ်၍ သတိနှင့် ပြည့်စုံသူလည်း ဖြစ်၏။

ရဟန်းဟူသည် ပျိုမြစ်နုနယ်သော်လည်း မြတ်စွာဗုဒ္ဓသာသနာတော်၌ မလျော့သော လုံ့လ ခိုင်မြဲသော ဇွဲသတ္တိနှင့် ကြိုးပမ်းအားထုတ်သဖြင့် တိမ်တိုက်မှ လွတ်သော လကဲ့သို့ ထွန်းလင်း တောက်ပသူလည်း ဖြစ်၏။

## (၂၆) ဗြာဟ္မဏဝဂ်

ဘုရားမြတ်စွာ ပွင့်တော်မူစဉ်ကာလ၌ ဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့သည် "ငါတို့သာလျှင် အရိယာနွယ်ဝင် သန့်စင်သော အမျိုး၌ဖြစ်သောကြောင့် ငါတို့၏ ဇာတ်သာလျှင် အမြတ်ဆုံးဖြစ်၏။ ဗေဒသုံးပုံကို ငါတို့သာလျှင် စေ့ငှစုံလင်စွာ တတ်သိနားလည်သောကြောင့် ပညာဂုဏ် သီလဂုဏ်တို့နှင့် အပြည့်ဝဆုံးဖြစ်၏။ သို့ဖြစ်သောကြောင့် ငါတို့သာလျှင် အများလူတို့၏ အပူဇော်ခံထိုက်သည်" ဟု မင်းမူ မန်ရစ်ကာ နေကြဆဲဖြစ်ပေသည်။

ဗြာဟ္မဏအရေခြုံတို့ ဆိုလေတိုင်း ဟုတ်နိုးနိုးထင်ကာ မင်းမျိုး သူကြွယ်မျိုးတို့ကလည်း လှူဘွယ်ဝတ္ထု အစုစုနှင့် ရက်ရက်ရောရော ပူဇော်ပသကြရာ ထိုဝတ္ထုပစ္စည်းအဝဝဖြင့် စည်းစိမ်ကြီးကာ မိမိတို့ပြုကျင့်စောင့်စည်းအပ်သော သီလ အကျင့်တို့ကိုပင် ဖေါက်ဖျက်လာကြတော့သည်။ ဗြာဟ္မဏ ဟူ၍ အခေါ်ခံရုံ ယင်မိယောင်မှား အကြည်ညိုခံရုံလောက်သာ အသွင်ဆောင်၍ ပြည်သူလူထုကြီး၏ စေတနာသဒ္ဓါတရားကို အလွဲသုံးစား ပြု၍နေကြသည်။ ထိုသို့ တရားမဘက် အကျင့်ပျက်နေသော 'ဗြာဟ္မဏမျက်နှာဖုံးစွပ်' တို့၏ မျက်နှာဖုံးများကို ချွတ်၍ပြတော်မူသည့်အလား ဤဗြာဟ္မဏ မည်သောဝဂ်ကို ဘုရားမြတ်စွာသည် ဟောပြောမိန့်ကြား တော်မူလေသည်။

"ဆံကျစ်ထုံးခြင်းတို့ဖြင့်ရင်း အနွယ်အားဖြင့်ရင်း ဇာတ် အားဖြင့်ရင်း ဗြာဟ္မဏမဖြစ်။ သစ္စာရှိ၍ သူတော်ကောင်း တရားရှိသော သူသာလျှင် စင်ကြယ်သော သူဖြစ်၏။

ဗြာဟ္မဏဖြစ်၏။ အို……… ပညာမရှိသောရသေ့ သင့်မှာ ဆံကျစ်ထုံးခြင်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သစ်နက်ရေဝတ်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ အသင်၏ကိုယ်တွင်း၌ ရာဂအစရှိသော ကိလေသာ 'တော' သည် ရှိ၏၊ သင်သည် အပြင်အပကိုသာလျှင် သုတ်သင်၏။"

အထက်ပါအတိုင်း ဘုရားမြတ်စွာသည် သူတော်ယောင် ဗြာဟ္မဏတို့၏ အခြေအမှန်ကို လှပ်၍ပြတော်မူခဲ့သည်။

"ပုဏ္ဏားမျိုးဖြစ်သည့် ပုဏ္ဏေမ၏ဝမ်း၌ ပဋိသန္ဓေနေသော ပုဏ္ဏားကို ဗြာဟ္မဏဟု ငါမခေါ်၊ ထိုပုဏ္ဏားသည် ကိလေသာ အကြောင့် အကြ အကာယ်၍ရှိခဲ့လျှင် (အို…… ခင်ဗျား အို….ခင်ဗျားဟု ခေါ်ဝေါ်ပြောဆိုလေ့ရှိသော) ဘောဝါဒီ ပုဏ္ဏားသာဖြစ်၏။ ရာဂစသော ကိလေသာ အကြောင့် အကြမရှိသော တပ်မက်ခြင်း မရှိသော သူကိုသာ ဗြာဟ္မဏ ဟု ငါခေါ်၏"။

ဘုရားမြတ်စွာသည် မည်သို့သော ပုဂ္ဂိုလ်ကိုသာလျှင် ဗြာဟ္မဏဟူသော ဘွဲ့ထူးဖြင့် ချီးကျူး မြှောက်စားထိုက်ကြောင်းကို ယင်းသို့လည်း ထင်ရှားစေတော်မူခဲ့၏။

ထိုကြောင့် ဘုရားမြတ်စွာ၏ အလိုတော်အားဖြင့် အသွင်ဆောင်ရုံမျှနှင့် ဗြာဟ္မဏမမည်။ အကျင့်သီလနှင့် ပြည့်စုံ၍ ပညာဥာဏ်လည်း ကြီးရင့်ပါမှ ဗြာဟ္မဏဟူသော ဝိသေသကို ခံယူထိုက်ပေသည်။

ဗြာဟ္မဏတို့ လိုက်နာကျင့်သုံးအပ်သော လမ်းစဥ်ကား အဘယ်နည်းဟူမူ ကမ္ဘဋ္ဌာန်းဘာဝနာကို ပွါးများရန် ကိုယ်

ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း မကောင်းမှုကို မပြုမှားမိရန် ထိန်းသိမ်းကာ သိမ်မွေ့တည်ကြည်ခြင်းကို ဖြစ်စေရမည်။

ဗြာဟ္မဏဟူသည် အလုံးစုံသော အနှောင်အဖွဲ့တို့မှ လွတ်မြောက်ပြီးသော လောဘ ဒေါသ မောဟတရားတို့မှ ကင်းစင်သော ပုဂ္ဂိုလ်ဖြစ်ရမည်ဟု ဘုရားမြတ်စွာသည် အောက်ပါအတိုင်း မိန့်မြွက်တော်မူခဲ့ပြန်သည်။

"အမျက်ထွက်ခြင်း သဘောမရှိသော ကိလေသာ ကင်းကြောင်းအကျင့်ကို ကျင့်သော သီလနှင့်လည်း ပြည့်စုံသော အစွဲအလမ်းမရှိသော မျက်စိစသော ဣန္ဒြေကို ဆုံးမယဉ်ကျေးပြီးဖြစ်သော အဆုံးဘဝဖြစ်သည့် ခန္ဓာကိုယ်ရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါခေါ်၏"

"မှန်ညင်းစေ့သည် ပွတ်စူးဖျား၌ မတည်နိုင် လျော ကျသကဲ့သို့ တပ်မက်ခြင်း အမျက်ထွက်ခြင်း မာန်ထောင်ခြင်း သူတပါး၏ ဂုဏ်ကိုဖျက်ဆီးခြင်း သဘောတို့ ကင်းပ လျောကျသူကိုသာ ဗြာဟ္မဏဟု ငါခေါ်၏"

ရဟန္တာပုဂ္ဂိုလ်၏ လားရာဘဝကို နတ် ဂန္ဓဗ္ဗနှင့် လူတို့သည် မသိကုန်။ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သော ထိုပုဂ္ဂိုလ်သည်သာလျှင် ဗြာဟ္မဏမည်ကြောင်း ဘုရားမြတ်စွာ၏ မိန့်ဆိုတော်မူချက်ကို ထောက်ရှုပြန်လျှင် ဗြာဟ္မဏဟူသည် လောကရိပ်ငြိမ် စည်းစိမ်တို့ကို ခံတွယ် ခံစားနေသော သူတို့ကို မဆိုလို။ မဂ် ဖိုလ် ဉာဏ်ယှဉ် နိဗ္ဗာန်ဝင် ပုဂ္ဂိုလ်တို့ကိုသာ ဆိုလိုကြောင်း မှတ်ယူရပေမည်။

ပြဆိုပြီးသည့်အတိုင်း ဗြာဟ္မဏ သူတော်စင်တို့သည် အကျင့်သီလ မြင့်မြတ်စင်ကြယ်သည်နှင့်အမျှ ၎င်းတို့၏ အသိတရားသည်လည်း ထူးကဲရပေမည်။

ထို့ကြောင့် ဒေါသတည်းဟူသော 'နှောင်ကြိုး'ကိုရင်း တဏှာတည်းဟူသော 'လွန်'ကိုရင်း ကိလေသာနှင့်တကွ ကိန်းအောင်းနေသော အယူမှားတည်းဟူသော 'ကြိုး' ကိုရင်း ဖြတ်တောက်၍ အဝိဇ္ဇာတည်းဟူသော 'တံခါးကျည်မင်းတုပ်' ကိုနုတ်ပြီးသော တရားမှန်ကိုသိသော သူကိုသာ ဗြာဟ္မဏဟု ငါခေါ်၏" ဟူသော........ဘုရားမြတ်စွာ၏ ဩဝါဒ ညွှန်ကြားချက် တရားတော်နှင့်အညီ အဝိဇ္ဇာကို ဖျောက် အလင်းသို့ရောက်သော သူကိုသာလျှင် ဗြာဟ္မဏဟု ခေါ်ထိုက်ပေသည်။

သို့ဖြစ်သောကြောင့် ဗြာဟ္မဏဟူသည် အများယုံကြည်သကဲ့သို့ ဗြာဟ္မဏ ဇာတ်နွယ်ဝင် ပုဏ္ဏားတို့ကို မဆိုလို။ ဗေဒကျမ်းတို့ကို တတ်ယောင်ကားလုပ်၍ သူတော်ကောင်းဖြစ်လေဟန်နှင့် ပြည်သူလူထုက စိတ်စေတနာ ထက်သန်စွာ လှူဒါန်းကြသော လှူဘွယ်ဝတ္ထုအစုစုကို မက်မက်မောမော ခံယူစံစားလျက် ကိုယ်ကျိုးရှာနေကြသော သူတို့သည် ဗြာဟ္မဏဟူသော နာမသညာနှင့် လားလားမျှ မထိုက်။ ဒုစရိုက်ကို တော်လှန်ကာ ပြည့်နိဗ္ဗာန်သို့ ရောက်ရန် ရည်သန်ကျင့်သုံးတော်မူကြသည့် ရဟန္တာ အရှင်မြတ်တို့ကိုသာလျှင် ထူးမြတ်စွာလှ ဗြာဟ္မဏဟု တထစ်ချမှတ်ယူ သဘောသွင်းရမည်သာဖြစ်သတည်း။

——o——

## (၃) " ဥဒါန - ဥဒါန်းကျမ်း "

ဥဒါန်းကျမ်းတွင် ဗုဒ္ဓဘာသာနှင့် ပတ်သက်သော ပုံဝတ္ထု များနှင့် စာကိုယ်များ ပါဝင်လေသည်။ ထိုကျမ်းကို ဝဂ် အားဖြင့် အောက်ပါအတိုင်း ရှစ်ဝဂ် ကန့်သတ်ထားသည်။

| | |
|---|---|
| က၊ ဗောဓိဝဂ်၊ | င၊ သောဏထေရဝဂ်၊ |
| ခ၊ မုစလိန္ဒဝဂ်၊ | စ၊ ဇစ္စန္ဓဝဂ်၊ |
| ဂ၊ နန္ဒဝဂ်၊ | ဆ၊ စူဠဝဂ်၊ |
| ဃ၊ မေဃိယဝဂ်၊ | ဇ၊ ပါဋလိဂါမိယဝဂ် ၊ |

ဥဒါန်းကျမ်း၏ 'စာဟန်' အရေးအသားမှာ ထွေထွေ ထူးထူး မရှိလှ ရိုးရိုးပင်ဖြစ်သည်။ ဤကျမ်းကား ဘုရား မြတ်စွာသည် စိတ်တော်ဝယ် ထင်လာ မြင်လာ ပေါ်ပေါက် လာသမျှတို့ကို ဂါထာတကြောင်းဖြင့်ရင်းနှစ်ကြောင်းဖြင့်ရင်း မည်သို့ ကျူးရင့်ခဲ့သည်ဆိုကြောင်းကို ဖေါ်ပြသော ကျမ်း ဖြစ်၏။ ဘုရားမြတ်စွာသည် ဥဒါန်းများကို တိုက်ရိုက်ပင် ကျူးရင့်တော်မူခဲ့၏။ သို့ရာတွင် မဂ် ဖိုလ်ပေါက်ရန် အကြောင်းရင်း ဖြစ်သည့် အချက် အလက်များနှင့် ဗုဒ္ဓ ဘာသာဝါဒအရ လူ့လောက နေနည်း ထိုင်နည်းများကို ကား ချန်လှပ်၍ မထားခဲ့ချေ

ဥဒါန်းကျမ်း၌ ပါဝင်သော ဂဂ်တို့ကို ဝိနည်းပိဋက 'တော်' မဟာဝဂ်နှင့် စူဠဝဂ်များ၌ရင်း သုတ်ပိဋကတော် ဒီဃနိကာယ်၏ မဟာပရိနိဗ္ဗာနသုတ်၌ရင်း တွေ့ရှိနိုင်ပေ သည်။ ဤကျမ်း၌ ဝဂ်တခုစီ တခုစီကို ဥဒါန်းဖြင့် နိဂုံးချုပ် ထား၏။

ဆင်းရဲခြင်းမှ လွတ်မြောက်ရေးအကြောင်း နိဗ္ဗာန်အကြောင်း တမလွန်ဘဝအကြောင်း ကံတရားအကြောင်း နတ်ပြည်နှင့် ငရဲပြည်အကြောင်းများကိုလည်း ဤကျမ်း၌ ဆွေးနွေးတင်ပြထားပြန်သည်။

" ဥဒါနဝဂ်များ "

(က) **ဗောဓိဝဂ်။** ။ဤဝဂ်၌ ဘုရားမြတ်စွာ ဘုရားအဖြစ်သို့ ရောက်ပြီးစ အဖြစ်အပျက်တို့ကို ဆွေးနွေးထားသည်။

(ခ) **မုစလိန္ဒဝဂ်။** ။မုစလိန္ဒ နဂါးမင်းသည် ဘုရားမြတ်စွာအား ပါးပျဉ်းနှင့် မည်သို့ မိုးကာထားခြင်းအကြောင်းကို ဤဝဂ်၌ ရှင်းလင်းဖော်ပြထားသည်။

(ဂ) **နန္ဒဝဂ်။** ။ဤဝဂ်ကား ဘုရားမြတ်စွာသည် ညီတော် ' နန္ဒ ' ပင်းသားကို မည်သို့ချတ်ကော်မူပုံကို ရှင်းလင်းသော ဝဂ်ဖြစ်သည်။

(ဃ) **မေဃိယဝဂ်။** ။ဘုရားမြတ်စွာ၏ ညွှန်ကြားချက်ကို လျစ်လျူရှုသော ' မေဃိယ ' ရဟန်းအား ရာဂဒေါသ မောဟစိတ်တို့သည် မည်သို့ ဖြစ်ပေါ်လာတတ်ကြောင်းကို ဘုရားမြတ်စွာက ဤဝဂ်ဖြင့် သွန်သင်တော်မူ၏။

(င) **သောဏထေရဝဂ်။** ။ဘုရင် ဥဒေနဒိ ဘုရားမြတ်စွာကို ဖူးမျှော်ခန်း ' သုပ္ပဗုဒ္ဓ ' ကို ဘုရားမြတ်စွာ ချတ်တော်မူခန်းနှင့် ' သောဏကောဠိကဏ္ဏ ' ရဟန်းကို ဂုဏ်အဆင့်အတန်း မြှင့်တင်သည့် အခန်းများကို ဤဝဂ်၌ ဖော်ပြထားသည်။

(စ) **ဇစ္စန္ဓဝဂ်။** ။ဤဝဂ်ကား ကမ္ဘာကြီး အဆုံးအပိုင်း ရှိ-မရှိနှင့် ကမ္ဘာကြီး တည်မြဲ-မမြဲစသော အယူဝါဒတို့ကို ဆွေးနွေးသောဝဂ်ဖြစ်၏။

(ဆ) **စူဠဝဂ်။** ။ဤဝဂ်သည် ပြဿနာ အမျိုးမျိုးနှင့် စပ်လျဉ်းသော ဝဂ်ဖြစ်၏။

(ဇ) **ပါဋလိဂါမိယဝဂ်။** ။နိဗ္ဗာန်အကြောင်းနှင့်ပတ်သက်သည်တို့ကို ဤဝဂ်တွင် ဆွေးနွေးတင်ပြထားသည်။

———o———

## (၇) " ဣတိဝုတ္တက "

ဣတိဝုတ္တကကျမ်းကား စကားပြေနှင့် ဂါထာ နှစ်မျိုး ပေါင်းစပ်၍ ရေးသားထားသော ကျမ်းဖြစ်၏။ ဤကျမ်းတွင်အခဏ်းတိုပေါင်း(၁၁၂)ခဏ်းပါရှိရာစာသွားစာလာမှာ ဥဒါန်းကျမ်းနှင့် မတူချေ။ စကားပြေသည် ဇာတ်ကြောင်းကို ပြန်လည်ဖော်ပြခြင်းမပြုဘဲ ဂါထာတွင်ပါဝင်သော သဘောကိုသာလျှင် ဖော်ပြလေသည်။ ဆိုလိုရင်း အယူအဆ သို့မဟုတ် သဘောတရားတခုကို စကားပြေတွင် ရှေးဦးစွာ အကျဉ်းချုပ် ဖော်ပြ၍ ဂါထာတွင် နောက်ဆင့်၍ ပြဆိုပြန်သည်။ ရံဖန်ရံခါ၌ ဂါထာနှင့်စကားပြေတို့သည် အချင်းချင်း ဖြည့်စွက် ရှင်းလင်းကြသည်ကို တွေ့ရှိရ၏။ ဂါထာ၌ဖော်ပြမည့် ဆိုလိုရင်းသဘောတခုကို စကားပြေက နိဒါန်းအနေဖြင့် ပလ္လင်ခံ၍သော်၎င်း တပါ တခါ၌ ဆိုလိုရင်း သဘောတခုကို စကားပြေဖြင့် တစိတ်တဒေသ တင်ပြ၍ ဂါထာဖြင့် တစိတ်တဒေသ ညွှန်ပြထား၏။

စကားပြေသွားကား တန်ဆာဆင်ယင်ခြင်းမရှိ။ ရိုးရိုးကလေးနှင့်ပင် သဘာဝကျလှ၏။ ဆိုလိုရင်း အချက်အလက်များကို ထင်ရှားစေရန်အလို့ငှါ ဥပမာများ တင်ပြထား၏။ အကျင့်သီလနှင့် ပြည့်စုံသော ဘုန်းတောင်း ယာစကာအားရင်း အသက်ကို ပေးလှူသည်တိုင် ရက်ရောလှသောသူအားရင်း တော တောင် ရေ မြေ ချိုင့်ဝှမ်းတို့သို့ မိုးရေများ ဖြန့်ဖြူးသော မိုးသား မိုးတိမ်များနှင့် နှိုင်းခိုင်းထားသည်ကို တွေ့ရှိရ၏။

က၊ အကြွင်းသူတဦးသည် အကောင်းမပြုသောအခါ...
ခ၊ အကြွင်းသူတဦးသည် အဆိုးပြုသောအခါ....

ဤအချက်နှစ်ခုသည် ဘုရားမြတ်စွာအား ထိခိုက်နာကျည်းစေသည်ဟု ဘုရားမြတ်စွာက ဣတိဝုတ္တကတွင် မြွက်ဟတော်မူခဲ့၏။ တဖန်.......

က၊ အကြွင်းသူ တဦးသည် အဆိုးမပြုသောအခါ.....
ခ၊ အကြွင်းသူတဦးသည် အကောင်းပြုသောအခါ.....

ဤအချက်နှစ်ချက်သည် ဘုရားမြတ်စွာကို နှစ်သိမ့်စေသည်ဟု ဘုရားမြတ်စွာက ထုတ်ဖော်ပြဆိုတော်မူခဲ့ပြန်သည်။

"အကြွင်ရဟန်းသည် ငါ၏သင်္ကန်းကို ကိုင်ကာ ငါ၏နောက်မှ တဖဝါးမကွာ လိုက်လင့်ကစား လောဘကို မချုပ်ငြိမ်းနိုင်လျှင် တပ်မက်စိတ်ဖြင့် ပြွမ်းလျက်နေပါလျှင် ရန်အမျက်တို့ဖြင့် ဖုံးလွှမ်းနေပါလျှင် ထိုရဟန်းသည် ငါမှကင်းဝေးလျက် ငါလည်း ထိုရဟန်းမှ ကင်းဝေးလေပြီ၊ အကြွင်ရဟန်းသည် ငါ၏ယံပါးမှ မိုင်ပေါင်း တရာ ဝေးစေကာမူ လောဘစိတ်ကင်းလျှင် တပ်မက်စိတ်

ဆိတ်သုဉ်းလျှင် ရန်အမျက်ကင်းလျှင် ထိုရဟန်းသည် ငါနှင့် မဝေး၊ ငါနှင့်မကင်း၊ ငါလည်း ထိုရဟန်းနှင့် မဝေး၊ ထိုရဟန်းနှင့် မကင်း၊ ”

အထက်ပါအတိုင်း ဘုရားမြတ်စွာသည် ဣတိဝုတ္တကတွင် ဟောတော်မူခဲ့၏။

ဣတိ = ဤသို့
ဘဂဝတာ = ဘုရားမြတ်စွာသည်
ဝုတ္တကံ = ဟောတော်မူခဲ့သည်

ကျမ်းပါ စာကိုယ်များသည် ဤသို့သော ဝါကျဖြင့် အစ ရှိသောကြောင့် ကျမ်းစောင် တစောင်လုံးကို ‘ဣတိဝုတ္တက’ ဟု ခေါ်ဆိုလေသည်။ ဣတိဝုတ္တကကျမ်းကို အောက်ပါ အတိုင်း ကန့်သတ်ထားသည်။

က၊ **ဧကနိပါတ်**။
ခ၊ ဒုကနိပါတ်။
ဂ၊ **တိ**ကနိပါတ်၊
ဃ၊ စတုက္ကနိပါတ်။

“ **ဣတိဝုတ္တကနိပါတ်များ** ”

(က) **ဧကနိပါတ်**။ ။ဤနိပါတ်တွင် ကုသိုလ် အကုသိုလ် တရားတို့ကို ရှင်းလင်း၍ လောဘ ဒေါသ မောဟ မာန စသော မကောင်းသော တရားတို့၏ ဆိုးကျိုးကို ဝေဖန် ထားသည်။ တဏှာသည် သံသရာ၌ ကြင်လည်ရခြင်း၏ ‘အမြစ်’ ဖြစ်ကြောင်းကိုလည်း ရှင်းလင်းထား၏။

(ခ) ဒုကနိပါတ်။ ။ဤနိပါတ်၌ အာယတန ခြောက် ပါးတို့၏ ဆွဲဆောင်မှုကို တင်ပြ၍ ကံသုံးပါး မလုံခြင်း ကြောင့် အဖြစ်များရောက်ရခြင်းကို ဖေါ်ပြထားသည်။

(ဂ) တိကနိပါတ်။ ။ဤနိပါတ်တွင် တဏှာ၏ ဆိုးဝါးပုံကို ဖော်ပြ၍ နိဗ္ဗာန်ကိုရောက်ရန် မဂ္ဂင်ရှစ်ပါးကို လိုက်နာသင့်ကြောင်း နှိုးဆော်ထားသည်။

(ဃ) စတုက္ကနိပါတ်။ ။သစ္စာလေးပါးကိုသိမြင်သောသူသည် လောကီအနှောင်အဖွဲ့တို့မှ လွယ်လွယ်ကူကူ လွတ်မြောက်နိုင်မည့် အကြောင်းကို ဘုရားမြတ်စွာက ဤနိပါတ်ဖြင့် ရှင်းလင်းတော်မူခဲ့၏။

——o——

## (၅) "သုတ္တနိပါတ"

သုတ္တနိပါတကျမ်းကို ဝဂ်အားဖြင့် အောက်ပါအတိုင်း ငါးဝဂ် ကန့်သတ်ထားလေသည်။

၁။ ဥရဂဝဂ်။
၂။ စူဠဝဂ်။
၃။ မဟာဝဂ်။
၄။ အဋ္ဌကဝဂ်။
၅။ ပရာယဏဝဂ်။

——o——

(၁) ဥရဂဝဂ်တွင် အောက်ပါ သုတ်များ ပါဝင်သည်။

က။ ဥရဂသုတ်။
ခ။ ဓနိယသုတ်။
ဂ။ ခဂ္ဂဝိသာဏသုတ်။
ဃ။ ကသိဘာရဒွါဇသုတ်။
င။ စုန္ဒသုတ်။
စ။ ပရာဘဝသုတ်။
ဆ။ ဝသလသုတ်။
ဇ။ မေတ္တသုတ်။
ဈ။ ဟေမဝတသုတ်။
ည။ အာဠဝကသုတ်။
ဋ။ ဝိဇယသုတ်။
ဌ။ မုနိသုတ်။

——o——

(၂) စူဠဝဂ်တွင် အောက်ပါ သုတ်များ ပါဝင်လေသည်။

| | |
|---|---|
| က၊ ရတနသုတ်။ | ဇ၊ နာဝါသုတ်။ |
| ခ၊ အာမဂန္ဓသုတ်။ | ဈ၊ ကိံသီလသုတ်။ |
| ဂ၊ ဟိရိသုတ်။ | ည၊ ဥဋ္ဌာနသုတ်။ |
| ဃ၊ မဟာမင်္ဂလသုတ်။ | ဋ၊ ရာဟုလသုတ်။ |
| င၊ သူစိလောမသုတ်။ | ဌ၊ ဝင်္ဂီသသုတ်။ |
| စ၊ ဓမ္မစရိယသုတ်။ | ဍ၊ သမ္မာပရိဗ္ဗာဇနိယသုတ် |
| ဆ၊ ဗြာဟ္မဏဓမ္မိကသုတ် | ဎ၊ ဓမ္မိကသုတ်။ |

———o———

(၃) မဟာဝဂ်တွင် အောက်ပါ သုတ်များ ပါဝင်သည်။

| | |
|---|---|
| က၊ ပဗ္ဗဇ္ဇာသုတ်။ | ဆ၊ သေလသုတ်။ |
| ခ၊ ပဓာနသုတ်။ | ဇ၊ သလ္လသုတ်။ |
| ဂ၊ သုဘာသိတသုတ်။ | ဈ၊ ဝါသေဋ္ဌသုတ်။ |
| ဃ၊ သုန္ဒရိကဘာရဒွါဇသုတ်။ | ည၊ ကောကာလိယသုတ်။ |
| င၊ မာဃသုတ်။ | ဋ၊ နာလကသုတ်။ |
| စ၊ သဘိယသုတ်။ | ဌ၊ ဒွယတာနုပဿနာသုတ်။ |

———o———

(၄) အဋ္ဌကဝဂ်တွင် အောက်ပါ သုတ်များ ပါဝင်သည်။

| | |
|---|---|
| က၊ ကာမသုတ်။ | ဈ၊ မာဂဏ္ဍိယသုတ်။ |
| ခ၊ ဂုဟဋ္ဌကသုတ်။ | ည၊ ပုရာဘေဒသုတ်။ |
| ဂ၊ ဒုဋ္ဌဋ္ဌကသုတ်။ | ဋ၊ ကလဟဝိဝါဒသုတ်။ |
| ဃ၊ သုဒ္ဓဋ္ဌကသုတ်။ | ဌ၊ စူဠဝိယူဟသုတ်။ |
| င၊ ပရမဋ္ဌကသုတ်။ | ဍ၊ မဟာဝိယူဟသုတ်။ |
| စ၊ ဇရာသုတ်။ | ဎ၊ တုဝဋကသုတ်။ |
| ဆ၊ တိဿမေတ္တေယျသုတ်။ | ဏ၊ အတ္တဒဏ္ဍသုတ်။ |
| ဇ၊ ပသူရသုတ်။ | တ၊ သာရိပုတ္တသုတ်။ |

(၅) ပရာယကဝဂ်တွင် အောက်ပါတို့ ပါဝင်သည်။

က၊ ဝတ္ထုဂါထာ။
ခ၊ အဇိတ မာဏဝ ပုစ္ဆာ၊
ဂ၊ တိဿမေတ္တေယျ မာဏဝ ပုစ္ဆာ။
ဃ၊ ပုဏ္ဏက မာဏဝ ပုစ္ဆာ။
င၊ မေတ္တဂူ မာဏဝ ပုစ္ဆာ။
စ၊ ဓောတက မာဏဝ ပုစ္ဆာ၊
ဆ၊ ဥပသီဝ မာဏဝ ပုစ္ဆာ။
ဇ၊ နန္ဒ မာဏဝ ပုစ္ဆာ။
ဈ၊ ဟေမက မာဏဝ ပုစ္ဆာ။
ည၊ တောဒေယျ မာဏဝ ပုစ္ဆာ။
ဋ၊ ကပ္ပ မာဏဝ ပုစ္ဆာ။
ဌ၊ ဇတုကဏ္ဏိ မာဏဝ ပုစ္ဆာ။
ဍ၊ ဘဒြာဝုဓ မာဏဝ ပုစ္ဆာ။
ဎ၊ ဥဒယ မာဏဝ ပုစ္ဆာ။
ဏ၊ ပေါသာလ မာဏဝ ပုစ္ဆာ။
တ၊ မောဃရာဇ မာဏ ပုစ္ဆာ။
ထ၊ ပိင်္ဂိယ မာဏဝ ပုစ္ဆာ။

———o———

သုတ်ပိဋကတွင် သုတ္တနိပါတသည် ဓမ္မပဒ ကျမ်းအလားတူ အထူးအရေးပါ အရာရောက်လှ၏။ ဘုရားမြတ်စွာ လက်ထက်တော်က ဇမ္ဗူဒီပပြည် စီးပွါးရေး အခြေအနေ လူနေမှု အဆင့်အတန်းနှင့် ဘာသာရေး အခြေအနေတို့ကို သုတ္တနိပါတသည် အများဆုံး ဖေါ်ထွန်းရုံမျှမက ပုရာဏ ကဿပ မက္ခလိဂေါသာလ အစရှိသော တိတ္ထိဆရာကြီး ခြောက်ဦးတို့၏ အယူဝါဒတို့နှင့် သမဏ – ဗြာဟ္မဏ တို့၏

အကြောင်းအရာများကိုလည်း သုတ္တနိပါတမှပင် မြောက်မြား စွာ သိရှိရပေသည်။ရှေးခေတ် ဇူနိုယပြည် ရာဇဝင် သမိုင်း ပြုစုမည်ဆိုပါလျှင် သုတ္တနိပါတမှ အချက်အလက် အများဆုံး ရနိုင်မည့်ပြင် သုတ္တနိပါတကျမ်းကို စီရင်ရေးသားထားသော ဘာသာနှင့် စာသွားစာလာများကို သေချာစွာ စိစစ်မည်ဆိုပါကလည်း အချို့သော သုတ်တော်များမှာ အလွန်ပင် ရှေးကျကြောင်း ထင်ရှားလှပေသည်။ အကြောင်းမှာ အချို့သုတ်များသည် ဗုဒ္ဓဘာသာ ထွန်းပေါ်စ အဖြစ်အပျက်များနှင့် စပ်လျဉ်း၍ စာသားများမှာလည်း အချို့ ဗေဒစာပေ အသွားအလာများနှင့် တူလှ၏။ အထူးသဖြင့် ရှေးအကျဆုံး ဗုဒ္ဓဘာသာ အယူအဆများကို သုတ္တနိပါတ၌ သာလျှင် တွေ့ရှိနိုင်သည်။ ဗုဒ္ဓဘာသာသည့် အယူအဆ အတွေးအခေါ်ထက် အထူးသဖြင့် အကျင့်ကို ပို၍အဓိက ပြုကြောင်း သုတ္တနိပါတမှ သိရှိရလေသည်။ ၎င်းပြင် ဘုရားမြတ်စွာ၏ တပည့်သား ရဟန်းများသည် အစုအအုပ်အားဖြင့် စံနစ်တကျနေရမည်ဟူသော အယူအဆမှာလည်း ခေတ်အတန်နှောင်းမှ ပေါ်ပေါက်လာကြောင်းကို သုတ္တနိပါတက ညွှန်းခဲ့ပြန်သည်။ သုတ္တနိပါတ အလိုအရ ရှေးဦးစွာက ရဟန်းတို့သည် ဘုရားမြတ်စွာ၏ ညွှန်ကြားသွန်သင်ချက်များကို ခံယူကာ တဦးတယောက်အနေဖြင့်သာ တရားဘာဝနာများကို ကျင့်သုံးနေထိုင်လေ့ရှိကြောင်း သိရှိရ၏။

သမဏ အမျိုးမျိုးနှင့် ဗြာဟ္မဏ အမျိုးမျိုးအကြောင်းတို့ကိုလည်း သုတ္တနိပါတမှပင် သိရှိရပြန်သည်။ သုတ္တနိပါတတွင် သမဏလေးမျိုးနှင့် ဗြာဟ္မဏသုံးမျိုးကို ခွဲခြားတင်ပြထား၏။

"သမထော်လေးမျိုး"

၁၊ မဂ္ဂဇိန်၊
၂၊ မဂ္ဂဒေသက၊
၃၊ မဂ္ဂဇိဝီ၊
၄၊ မဂ္ဂဒူသီ၊

"ဗြာဟ္မဏသုံးမျိုး"

၁၊ တိတ္ထိယ၊
၂၊ အာဇီဝက၊
၃၊ နိဂဏ္ဌ၊

ဗြာဟ္မဏတို့မှာ ဗေဒကျမ်းများတွင် ပါရဂူ မြောက်ကြ၍ မီးနတ်ကို လုပ်ကျွေးပသသူများ ဖြစ်သည်။ ထိုသမဏ ဗြာဟ္မဏတို့သည် အသီးအသီး သက်ဝင်ယုံကြည်ရာ ဝါဒများနှင့် စပ်လျဉ်းကာ အငြင်းပွါးလေ့ရှိကြခြင်းကြောင့် 'ဝါဒသီလ'ဟူ၍လည်း သမုတ်ခြင်းခံရ၏။

———o———

(၁) "ဥရဂဝဂ်သုတ်များ"

(က) ဥရဂသုတ်။ ။ဤသုတ်တွင် ကောဓ ဒေါသ ရာဂ တဏှာ မာနနှင့် သံသယ စသော လောကီအညစ်အကြေးတို့ကို စွန့်ပစ်ပြီးကာလ ဒုက္ခမှ ကင်းလွတ်သူရဟန်းကို အရေလဲပြီးသော မြွေနှင့် နှိုင်းယှဉ် ထားသည်။

(ခ) ဓနိယသုတ်။ ။သား သမီး အိုး အိမ် လယ်ယာကျွဲ နွားစသော လောကီစည်းစိမ် သုခတို့ကား အနိစ္စသဘာဝတခဏတာမျှသာတည်း။ မြတ်သောအကျင့်မှ ပေါက်ဖွားလာသော စည်းစိမ်ကား အတိုင်းအဆမရှိဟု ဤသုတ်တွင်အိမ်ထောင်သည် လောကီသားဘဝနှင့် ရဟန်းစည်းစိမ်ကို

ယှဉ်ပြထားသည်။ ၎င်းပြင် ' ဓနိယ ' လယ်သမားကလေးသည် သူ၏အိုးအိမ် စည်းစိမ်တို့၌ ကြည်နူးကာ လုံခြုံလှပြီဟု အောက်မေ့နေစဉ် မိုးသည်းထန်စွာရွာသဖြင့် စည်းစိမ် ဥစ္စာများ ဆုံးရှုံးပျက်စီးသောအခါ အနိစ္စတရားကို မြင် ပြီးလျှင် သရဏဂုံ သုံးပါး၌ ခိုဝင်လာကြောင်းကိုလည်း ဤသုတ်၌ ဖော်ပြထား၏။

(ဂ) **ခဂ္ဂဝိသာဏသုတ်။** ။ဤသုတ်ကား အိမ်ထောင် သည် လောကီသားဘဝဖြင့် တပါးသူတို့နှင့် မိတ်ကျွမ်းဝင်ခြင်း တို့သည် ကာမဂုဏ် စည်းစိမ်တို့ကိုသာလျှင် ပွါးများစေ ကြောင်း။ ထိုကြောင့် ပါပမိတ္တကို ရှောင်၍ ကလျာဏမိတ္တ တို့နှင့်သာ ပေါင်းသင်းအပ်ကြောင်း ညွှန်ကြားသော သုတ် ဖြစ်သည်။

(ဃ) **ကသိဘာရဒွါဇသုတ်။** ။ဤသုတ်သည် ပျိုးနုတ် ကောက်စိုက်ကာ လယ်ယာ အလုပ်ဖြင့် အသက်မွေးမြူ နေသော ' ကသိဘာရဒွါဇ ' ပုဏ္ဏားက " ဘုရားမြတ်စွာ ၏အိမ် စဉ်အလိုက် ဆွမ်းခံကြွတော်မူခြင်း " ကို " ပျင်းရိသည် " ဟု ယူဆချသဖြင့် ဘုရားမြတ်စွာက ကိုယ်တော်သည် နိဗ္ဗာန်ကို ရောက်ရန် ထွန်ယက်စိုက်ပျိုးနေကြောင်း ရှင်းလင်းပြသော သုတ်ဖြစ်သည်။

(င) **စုန္ဒသုတ်။** ။ဤသုတ်ကား မဂ္ဂဇိန မဂ္ဂဒေသက မဂ္ဂ ဇိဝိ နှင့် မဂ္ဂဒူသီ တည်းဟူသော သမဏ လေးမျိုးအကြောင်းကို ပန်းပဲသမား ' စုန္ဒ ' အား ဟောပြောသော သုတ်တည်း။

(စ) **ပရာဘဝသုတ်။** ။ဘုရားမြတ်စွာသည် ဇေတဝန် ကျောင်းတိုက်၌ နေတော်မူစဉ် မထင်ရှားသော နတ်သား

တဦး၏ စူးစမ်းချက် အရ "တရားတော်ကို ချစ်မြတ်နိုးသော သူသည် အောင်သူဖြစ်၍ တရားတော်ကို မုန်းတီးသော သူကား ဆုံးရှုံးသူ ဖြစ်ကြောင်း" ဘုရားမြတ်စွာက ဤပရာဘဝ သုတ်ဖြင့် ရှင်းလင်းပြတော်မူ၏။

(ဆ) ဝသလသုတ်၊ ။ဤသုတ်ကား ဘုရားမြတ်စွာသည် ဇေတဝန် ကျောင်းတိုက်မှ 'အဂ္ဂိကဘာရဒွါဇ' ပုဏ္ဏားသံ ဆွမ်းခံကြွရာ ပုဏ္ဏားက ဘုရားမြတ်စွာအား ဝသလ = အောက်တန်းစား ဟု ယူတ်ချသဖြင့် ဘုရားမြတ်စွာက မျိုးရိုးဇာတ်ကို ထောက်၍ ဝသလ ပြာဟ္မဏ ဟူ၍ အကဲမဖြတ်သင့်ကြောင်း အမူအကျင့်ကို ချင့်၍သာလျှင် အကဲဖြတ်သင့်ကြောင်း မိန့်ကြားတော်မူသော သုတ်ဖြစ်သည်။

(ဇ) မေတ္တသုတ်။ ။ဤသုတ်ကား သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်လိုသော သူသည် သိမ်မွေ့ရမည်၊ ဖြောင့်မတ်ရမည်၊ မာန်ဟုန်မပလွှားရ၊ သူတထူးကို ညှဉ်းပန်းနှိပ်စက်ခြင်း မပြုရ၊ ရောင့်ရဲတင်းတိမ်ရမည်။ ၎င်းပြင် သတ္တဝါ ဟူသမျှအား 'အတိုင်းအဆမရှိသော မေတ္တာ ဘာဝနာကို ပွါးရမည်ဖြစ်ကြောင်း ညွှန်ပြသော သုတ်ဖြစ်သည်။

(ဈ) ဟေမဝတသုတ်။ ။ဘုရားမြတ်စွာသည် 'သာတာဂိရ' နှင့် 'ဟေမဝတ' မည်သော ဘီလူးနှစ်ဦးအား ဇာတိ ဇရာ ဗျာဓိ မရဏတရားတို့မှ မည်သို့လွတ်မြောက်အောင် ရုန်းကန်ရမည့် အကြောင်းကို ဤဟေမဝတသုတ်ဖြင့် ရှင်းလင်းပြတော်မူသည်။

(ည) အာဠဝကသုတ်။ ။ဤသုတ်ကား အာဠဝိပြည်၌ ဘုရားမြတ်စွာ သီတင်းသုံးတော်မူစဉ် 'အာဠဝက' ဘီလူး

မင်းသည် ဘုရားမြတ်စွာသံ ချဉ်းကပ်ကာ ဘုရားမြတ်စွာအား ခြိမ်းချောက်ခြင်းကြောင့် ဘဝသံသရာ ရေအလျဉ်မှ မည်သို့ ကူးမြောက်သွားနိုင်မည်ကို အံဂုလိမာလအား ဘုရားမြတ်စွာက သွန်သင်တော်မူသော သုတ်တည်း။

(၄) **ဝိဇယသုတ်။** ။လူအနည်းငယ်တို့သာလျှင် အပုပ် အစပ် အတိဖြင့်ပြီးသော ဤခန္ဓာကိုယ်ကြီး၏ အစစ်အမှန် အခြေအနေကိုသိကြကြောင်းနှင့်အမှန်ကိုသိသူရဟန်းတို့သာ ဤခန္ဓာကိုယ်၏ အကျိုးမဲ့ ပုံကို ဆင်ခြင်သုံးသပ်နိုင်ကာ နိဗ္ဗာန်သို့ ပေါက်ရောက်နိုင်ကြောင်းကို ဤသုတ်ဖြင့် ဘုရားမြတ်စွာက ထင်ရှားစေတော်မူ၏။

(၅) မုနိ**သုတ်။** ။မုနိသုတ်သည် ရဟန်း၏ ဂုဏ်အရည် အသွေးကို ဖော်ထုတ်သော သုတ်ဖြစ်သည်။ ရဟန်း သည် အိမ်ထောင်သည် လောကီသားတို့ထက် အတိုင်း အဆမရှိ ကွာလှဘိ၏။ ရဟန်းသည် အပြစ်ဟူသမျှကို ပယ်ရှား ပြီးလျှင် ဇာတိ ဇရာ ဗျာဓိ မရဏတရားတို့ကို အမြင်မှန်ဖြင့် အဆုံးစွန်ပြုနိုင်သော သူသာတည်းဟု ဤသုတ်၌ ဖော်ပြ ထားသည်။

---

## (၂) "စူဠဝဂ်သုတ်များ"

(က) ရတနသုတ်။ ။ ဤသုတ်ကား လေ မြေ ရေ အစရှိသောဌာန၌ တည်ရှိကြသော သတ္တဝါ အပေါင်းတို့ အဘို့ ဘုရား တရား သံဃာတည်းဟူသော သရဏဂုံ သုံး ပါးနှင့် တူသူမရှိ။ ဘဝလွတ်မြောက်မှု လိုလားသူတိုင်း သရဏဂုံသုံးပါးကို ကိုးကွယ် သင့်ကြောင်း ညွှန်ပြသော သုတ်ဖြစ်သည်။

(ခ) **အာမဂန္ဓသုတ်။** ။ဤသုတ်သည် သက်သတ်စားခြင်းကား ယုတ်ချွတ်ယွင်း အကောင်းဆုံး။ သက်သတ်လွတ်စားခြင်းသည်သာ အမှန်မြတ်ဆုံး ဖြစ်သည်ဟု ယုံကြည်ကြသော သက်သတ်လွတ်စား ပုဏ္ဏားတို့၏ အယူအဆကို ရှင်းပြသော သုတ်တည်း။ စင်ကြယ်သော အကျင့်သည် စင်စစ် သက်သတ်လွတ် စားခြင်းနှင့်မဆိုင်။ ဘုရားမြတ်စွာ အလိုတော်အရ စင်ကြယ်သည် ဆိုခြင်းကား ယုတ်မာသော အမှုကို မပြုခြင်းပင် ဖြစ်၏။

(ဤသုတ်ကို ကဿပ ဘုရားမြတ်စွာ ဟောကြားတော် မူခဲ့သော သုတ်ဖြစ်သည်ဟု အဆိုရှိ၏။ သို့သော် ဂေါတမဘုရားမြတ်စွာ မတိုင်မီ နောင်တော်, နောင်တော် ဘုရားမြတ်စွာများ ဟောကြားတော်မူကြသောသုတ်တို့ကား ရှားပါးလှဘိတောင်း)။

(ဂ) **ဟိရိသုတ်။** ။ဤသုတ်ကား အရေးကြုံသော အခါ စောင့်ရှောက်သော မိတ်ဆွေသာလျှင် မိတ်ဆွေစစ် မိတ်ဆွေကောင်းဖြစ်ကြောင်း ဖေါ်ပြသော သုတ်ဖြစ်သည်။

(ဃ) **မဟာမင်္ဂလသုတ်။** ။ဤသုတ်သည် အခါတပါး ဇေတဝန်ကျောင်း၌ ဘုရားမြတ်စွာ သီတင်းသုံးနေတော်မူစဉ် မသင်ရှားသော နတ်သားတဦးကို အကြောင်းပြု၍ မင်္ဂလာ တရားတော်ကို ဟောပြတော်မူသော သုတ်ဖြစ်သည်။

(င) **သူစိလောမသုတ်။** ။ဤသုတ်ကား 'သူစိလောမ' အမည်ရှိသော ဘီလူးက ဘုရားမြတ်စွာအား သမဏ = သမဏစစ်လော၊သမဏက = 'သမဏတုလောဟုစုံစမ်းရာမှ ပေါ်ပေါက်လာသော သုတ်ဖြစ်သတည်း။

(သုစိလောမသုတ်ကို ဘုရားမြတ်စွာသည် "ဂယာ" မြို့၌ ဟောကြားတော်မူခဲ့၏။)

(၈) **ဓမ္မစရိယသုတ်** ။ ရဟန်းမည်သည် သူတကာ့အား ညွှဉ်းပန်းနှိပ်စက်ခြင်း မပြုဘဲ တရားသဖြင့် နေထိုင်သင့်ကြောင်း အပြစ်ဖြင့် ပြွမ်းသောသူသည် သန့်စင်ရန်ခဲယဉ်းကြောင်း ရဟန်းမည်သည် မကောင်းသောဆန္ဒ မကောင်းသောစိတ်ကို မွေးမြူသော လောကီသားကို ရှောင်ရှားသင့်ကြောင်း ဘုရားမြတ်စွာက ဤသုတ်ဖြင့် ဆုံးမတော်မူသည်။

(ဓမ္မစရိယသုတ်ကို ကပိလသုတ်ဟုလည်းခေါ်ဆိုသေး၏)

(၁၀) **ဗြာဟ္မဏဓမ္မိကသုတ်** ။ ။ ဤ သုတ် တွင် ရှေးဗြာဟ္မဏတို့၏ အယူအဆများကို အသေးစိတ် ဆွေးနွေးထားသည်။ ရှေးအခါက ပုဏ္ဏားများသည် မြတ်သော အယူကိုယူကာ မြတ်သော အကျင့်ကို ကျင့်ခဲ့ကြ၏။ သို့ရာတွင် ဘုရင်မင်းမြတ်တို့၏ စည်းစိမ်နှင့် ရုပ်ရေ ရူပကာယ တင့်တယ်လှပသော လုံမပျိုတို့ကို မြင်ရသော အခါ တပ်မက်စိတ်ပြင်းပြသဖြင့် ပုဏ္ဏားတို့ အကျင့်ပျက်ပြားသွားရကြောင်းကို ဘုရားမြတ်စွာသည် ဤသုတ်ဖြင့် သိစေတော်မူသည်။

(၉) **နာဝါသုတ်**။ ။ဤသုတ်ကား ကိုယ်ကိုယ်တိုင် အမှန်တရားကို မသိနားမလည်ပါက တပါးသူအား ပြစွမ်းပေးနိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် အမွန်မြတ်ဆုံး တရားဒေသနာတော်များကို ညွှန်ကြားသင်စွမ်းပေးနိုင်သော ဆရာသမားများကိုသာ ဆည်းကပ်သင့်ကြောင်း ညွှန်ကြားသော သုတ်ဖြစ်သည်။

(ဈ) **ကာဠိသီလသုတ်။** ။အမှန်မြတ်ဆုံးသော အကောင်းကို ရပြီး, ရောက်ပြီးသူသည် တရားဘာဝနာများကို အချိန်မှန်စွာ ကြိုးကုတ်အားထုတ်သင့်ကြောင်း ဤသုတ်ကညွှန်ပြ၏။

(ည) **ဥဋ္ဌာနသုတ်။** ။ကာမဆန္ဒများကို အောင်မြင်ရန်နှင့် အေးငြိမ်းတည်ကြည်ရေးကို ရရှိရန်အတွက် မပျင်းမရိဘဲ နိုးကြားပကြသင့်ကြောင်းကို ဤသုတ်ဖြင့် ဘုရားမြတ်စွာက နှိုးဆော်တိုက်တွန်းတော်မူခဲ့၏

(ဋ) **ရာဟုလသုတ်။** ။ပညာရှိများကို အမြဲတစေမှီဝဲဆည်းကပ်သင့်ကြောင်းနှင့်လောကီကာမဂုဏ် စည်းစိမ်တို့ကို ရှောင်ရှားပြီးသကာလ ရဟန်းဘဝ၌ ကြည်နူးသင့်ကြောင်းကို ရှင်ရာဟုလအား ဘုရားမြတ်စွာသည် ဤသုတ်ဖြင့် သတိပေးနှိုးဆော်ခဲ့သည်။

(ဌ) **ဝင်္ဂီသသုတ်။** ။ဘုရား မြတ်စွာသည် အာဠဝီပြည်၌ သီတင်းသုံးနေတော်မူစဉ် ရှင်ဝင်္ဂီသသည် သူ၏ဆရာနိဂြောဓကပ္ပ ပရိနိဗ္ဗာန် စံလွန်သည်နှင့် ပတ်သက်၍သံသယဖြစ်မိသော အချက်ကို ရှင်းလင်းပြရန် ဘုရားမြတ်စွာအား ချဉ်းကပ် တောင်းပန်ခြင်းကြောင့် ဘုရားမြတ်စွာသည် ဤသုတ်ကို ဟောတော်မူခဲ့သည်။

(ဍ) **သမ္မာပရိဗ္ဗာဇနိယသုတ်။** ။ဤသုတ်ကား ဥပဓိတရားတို့၌ အနှစ်သာရ မရှိကြောင်း သိမြင်သော ရဟန်းသည် ဒေါသ မောဟ မာနစသည်တို့မှ ကင်းလွတ်ပြီးလျှင် အကုသိုလ်တရားတို့ကိုလည်း မပြုမကျင့်ဘဲ သံယောဇဉ်

အားလုံးမှ လွတ်မြောက်၍ လောကအလယ်တွင် မှန်ကန်ဖြောင့်မတ်စွာ တည်လျက်ရှိကြောင်း ညွှန်ပြသော သုတ်တည်း။

(ဂ) ခဏ္ဍကိသုတ်။ ။ဘုရားမြတ်စွာသည် ဇေတဝန်ကျောင်း၌နေတော်မူစဉ် 'ခဏ္ဍိက' မည်သော ဥပါသကတဦး၏ တောင်းပန်ချက်အရ သာဝက၏ အမူအကျင့်နှင့် ဂဟပတိ = အိမ်ထောင်ရှင်၏ အမူအကျင့် တို့ကို ဤသုတ်ဖြင့် ဘုရားမြတ်စွာသည် ခွဲခြားနိုင်းယှဉ်၍ ပြတော်မူသည်။

———o———

## (၃)" မဟာဝဂ်သုတ်များ"

(က)ပဗ္ဗဇ္ဇာသုတ်။ ။'ပဏ္ဍဝ'တောင်မှ မဂဓတိုင်းသို့ ဆွမ်းခံကြွတော်မူသော ဘုရားမြတ်စွာကို ဗိမ္ဗိသာရ မင်းကြီးမြင်သောအခါ မင်းချင်းများကို စေလွှတ် စုံစမ်းစေပြီးကာလ ဘုရားမြတ်စွာထံ ချဉ်းကပ်၍ မင်းပြုပါမည့်အကြောင်း တောင်းပန်၏။ ထိုအခါ ဘုရားမြတ်စွာက လောကီစည်းစိမ်တို့သည် ဆင်းရဲခြင်း ဒုက္ခကိုသာ ဖန်တီး၏....ဟုမိန့်တော်မူကာ ရဟန်းဘဝကို ဤသုတ်ဖြင့် ချီးကျူးတော်မူ၏။

(ခ) ပဓာနသုတ်။ ။ဘုရားမြတ်စွာသည် နိဗ္ဗာန်တည်းဟူသော အမတရွှေပြည်ကြီးသို့ရောက်ရန် ကြိုးပမ်းအားထုတ်စဉ်တွင် မာရ်နတ်မင်းသည် ရာဂ တဏှာ-အစရှိသော စစ်သည်တို့နှင့် လာရောက်ဖျားယောင်းသည်ကို ဘုရားမြတ်စွာ အောင်မြင်တော်မူကြောင်းကို ဤသုတ်က ညွှန်ပြသည်။

(ဂ) **သုဘာသိတသုတ်။** ။ ဤသုတ်ကား ရဟန်းတို့သည် အင်္ဂါလေးပါးနှင့် ပြည့်စုံသောစကားကိုသာ ဆိုရာသည်ကို ညွှန်ပြသောသုတ်ဖြစ်၏။

''ရဟန်းတို့ဆိုရာသော စကားလေးမျိုး''

၁၊ ကောင်းသော စကားကိုဆိုခြင်း။
၂၊ တရားသော စကားကိုဆိုခြင်း။
၃၊ ချစ်ဖွယ်သော စကားကိုဆိုခြင်း။
၄၊ မှန်ကန်သော စကားကိုဆိုခြင်း။

(ဃ) **သုန္ဒရိက ဘာရဒွါဇသုတ်။** ။ ဤသုတ်ကား ဘုရားမြတ်စွာသည် သုန္ဒရိကာ မြစ်ကမ်း၌ သီတင်းသုံးစဉ် 'သုန္ဒရိက ဘာရဒွါဇ' အမည်ရှိသော ပုဏ္ဏားက ယဇ်ပူဇော်လို၍ ဘုရားမြတ်စွာထံ ချဉ်းကပ်လာသည်မှ စတင်ပေါ်ပေါက်လာသော သုတ်ဖြစ်၏။ ဘုရား မြတ်စွာက "လှူဖွယ်ပစ္စည်းတို့ကို ခံယူထိုက်သည့် အလှူခံပုဂ္ဂိုလ်တို့၏ အရည်အချင်းကို ၎င်းတို့၏ ဇာတိမျိုးရိုးဖြင့် အကဲမဖြတ်ရာ။ မြင့်မြတ်သော အမူအကျင့် စာရိတ္တတို့ကိုသာ ထောက်ချင့်ရာသည်" – ဟု မိန့်ဆိုကာ အလှူခံပုဂ္ဂိုလ်တို့၏ အရည်အချင်းကို ဤသုတ်တွင် အသေးစိတ် တင်ပြတော်မူသည်။

(င) **မာဃသုတ်။** ။ဤသုတ်သည်လည်း သုန္ဒရိကဘာရဒွါဇသုတ်ကဲ့သို့ပင် အလှူခံထိုက်သော ပုဂ္ဂိုလ်တို့၏အင်္ဂါလက္ခဏာများကို ရာဇဂြိုဟ်ပြည် မာဃလုလင်အား ရှင်းပြသော သုတ်ဖြစ်သတည်း။

(၈) သဘိယသုတ်။ ။ ဤသုတ်ကား ' သဘိယ ' မည်သော ပရိဗိုဇ်တဦးနှင့် စပ်ဆိုင်၏။ သဘိယသည် သူ သိလိုသော အရာများကို ပုရာဏ ကဿပ မက္ခလိဂေါသာလ စသော တိတ္ထိဆရာကြီး ခြောက်ဦးအား မေးမြန်းရာ သူတို့ ထံမှ ပြေလည်သော အဖြေများ မရနိုင်သဖြင့် ဘုရားမြတ် စွာကို ချဉ်းကပ်ကာ ၊ ဗြာဟ္မဏ သမဏ နှာတက ခေတ္တဇိန ကုသလ ပဏ္ဍိတ မုနိ ဝေဒဂူ အနုဝိဒိတ ဓီရ အရိယ ပရိဗ္ဗာဇက စသည်တို့ဖြစ်ရန် မည်သို့ ကျင့်ကြံရမည့် အကြောင်း စူးစမ်းသောသုတ်ဖြစ်သည်။

(၁၀) သေလသုတ်။ ။ ဤသုတ်သည် ဇဋိလ ဂိုဏ်းဝင် ကေဏိယ ထံမှ သေလ အမည်ရှိ ပုဏ္ဏားသည် ဘုရားမြတ်စွာ အကြောင်းအရာကို ကြားသိရသဖြင့် ဘုရား မြတ်စွာထံ သွားရောက်ဖူးမျှော်ခြင်းနှင့် စပ်ဆိုင်သော သုတ်ဖြစ်၏။

(၁၁) သလ္လသုတ်။ ။ အသက်တာသည် အလွန်ပင် တို တောင်းလှကြောင်း။ သတ္တဝါဟူသမျှသည် ခံသေမျိုးသာလျှင် ဖြစ်ကြောင်း။ လောကကြီး၏ သဘာဝ ဓမ္မစစ်ကို သိ နားလည်သော ပညာရှိတို့သည် သေရမည်ကို ပူဆွေးခြင်း မရှိကြောင်းကို ဤသုတ်တွင် ဆွေးနွေး တင်ပြထားသည်။

(၁၂) ဝါသေဋ္ဌသုတ်။ ။ ' ဘာရဒွါဇ ' ပုဏ္ဏားလုလင် နှင့် ' ဝါသေဋ္ဌ ' ပုဏ္ဏားလုလင်တို့သည် ပုဏ္ဏားဖြစ်နိုင်သည့် အရည်အချင်းနှင့် ပတ်သက်၍ စကားအချေအတင် ဖြစ် ပွါးရာ ဘာရဒွါဇလုလင်က ပုဏ္ဏားစစ် – မစစ်ကို ဇာတိ

မျိုးရိုးဖြင့် အကဲဖြတ်ရမည်ဆို၏။ ဝါသေဋ္ဌလုလင်ကမူကား ပုဏ္ဏားစစ် - မစစ်ကို အပြုအမူဖြင့် အကဲဖြတ်ရမည် - ဟု ချေပ၏။ ပုဏ္ဏားလုလင်နှစ်ဦး၏ အငြင်းပွါးမှုကို နောက်ဆုံး၌ ဘုရားမြတ်စွာက အပြုအမူဖြင့်သာလျှင် ပုဏ္ဏားစစ် - မစစ် မှတ်ကျောက်တင်ရမည် - ဟု ဤသုတ်ဖြင့် အဆုံးအဖြတ် ပေးတော်မူ၏။

(ည) ကောကာလိယသုတ်။ ။ရှင်သာရိပုတြာ ရှင်မောဂ္ဂလာန်တို့နှင့် ပတ်သက်၍ မဟုတ်မမှန် သွားပုပ်လေလွင့်ပြောဆိုမိသောကြောင့် ပဒုမငရဲသို့ လားရသော 'ကောကာလိယ' ရဟန်း၏ အဋ္ဌုပ္ပတ္တိကို ဆောင်ကာအတင်းအဖျင်းပြောသူတို့သည် ငရဲသို့ လားတတ်ကြောင်းကို ဘုရားမြတ်စွာသည် ဤသုတ်ဖြင့် ထင်ရှားစေတော်မူ၏။

(ဋ) နာလကသုတ်။ ။'အသိတ' (ဝါ) 'ကဏှသိရိ' မည်သော ရသေ့သည် ဘုရားအလောင်း ဖွါးမြင်တော်မူကြောင်းကို နတ်ပရိသတ်ထံမှ ကြားသိရလေလျှင် ဘုရားလောင်းထံ ချဉ်းကပ်ပြီးသော် ဘုရားဖြစ်မည့် အကြောင်း နိမိတ်ဘတ်ပုံကို ဤသုတ်တွင် ညွှန်ပြထားသည်။

(ဌ) ဒွယတာနုပဿနာသုတ်။ ။ဘုရား မြတ်စွာသည် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် ဥပဓိ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ ဖဿ ဝေဒနာ တဏှာ ဥပါဒါန် အာရမ္ဘ အာဟာရ ဣဉ္ဇိတ နိဿယ ရူပ မောသ ဓမ္မနှင့် သုခ စသော တရားတို့မှ ဒုက္ခဟူသမျှ စတင် ပေါက်ပွါးလာရကြောင်းကို ဘုရားမြတ်စွာသည် ဤသုတ်ဖြင့်ညွှန်ကြားတော်မူသည်။

———o———

## (၄) "အဋ္ဌကဝဂ်သုတ်များ"

(က) **ကာမသုတ်**။ ။ကာမဂုဏ် စည်းစိမ်တို့သည် ဆင်းရဲခြင်းကိုသာလျှင် ပွါးစေတတ်သောကြောင့် ၎င်းတို့ကို ရှောင်ရှားသင့်ကြောင်းကို ဤသုတ်တွင် ညွှန်ပြထား၏

(ခ) **ဂုဟဋ္ဌကသုတ်**။ ။ဒုက္ခမှ ကင်းလွတ်လိုသူတို့သည် ဒုက္ခပွါးစေတတ်သော ဤခန္ဓာကိုယ်ကြီးကိုင်း ကာမဂုဏ်စည်းစိမ်တို့ကိုင်း မတာသွယ်သင့်ကြောင်း ဤသုတ်က နှိုးဆော်ထား၏။

(ဂ) **ဒုဋ္ဌဋ္ဌကသုတ်**။ ။မုနိ = ရဟန်းသည် မည်သို့သော အခါမျှ ကိုယ့်ဂုဏ်ကို ကိုယ်မချီးကျူးတတ်ကြောင်းနှင့် အစဉ်အမြဲ တည်ငြိမ်ကြောင်းကို ဤသုတ်က ဖော်ပြ၏။

(ဃ) **သုဒ္ဓဋ္ဌကသုတ်** ။ ။ ဤသုတ်ကား အစစ်အမှန်တရားကိုသိနားလည်သော သူတို့ကိုသာလျှင် ရာဂဒေါသစသည့် အကုသိုလ် တရားတို့က မသွေးဆောင်နိုင်ကြောင်း ညွှန်ပြသော သုတ်ဖြစ်၏။

(င) **ပရမဋ္ဌကသုတ်**။ ။ပရမတ်တရား ခေတ်တရားတို့ကို အငြင်းပွါးနေခြင်း စကားအနေ ပြောဆိုနေခြင်းဖြင့် နိဗ္ဗာန်ရောက် အကျိုးမပြီး လက်တွေ့လုပ်ငန်း အကျင့်တရားသည်သာနိဗ္ဗာန်ရောက် အကျိုးကို ပြီးစေကြောင်း ဤသုတ်က ညွှန်ကြား၏။

(စ) **ဇရာသုတ်**။ ။ ပူပန်ခြင်း တောက်လောင်ခြင်းတို့သည် တကိုယ်ကောင်း ကြံခြင်းတို့မှ ပေါက်ပွါးလာကြောင်း လောကကိုစွန့်ခွါကာ ရဟန်းဘောင်သို့ ကူးဝင်

သော ရဟန်းတို့သည် တပါးသူကို အားမကိုးကြောင်း စင်ကြယ်မှု ရရန်အတွက် ကိုယ်ကိုယ်တိုင် ကျင့်ကြံလိုစိတ် ရှိကြောင်းကို ဤသုတ်က ရှင်းပြ၏။

(ဆ) **တိဿမေတ္တေယျသုတ်**။ ။ကာမဂုဏ် ခံစားခြင်းတို့သည် မကောင်းကျိုး အမျိုးမျိုးကိုသာလျှင် ဖန်တီးလေခြင်းကြောင့် ကာမဂုဏ် လိုက်စားခြင်းတို့မှ ရှောင်ရှားအပ်ကြောင်းကို ဤသုတ်ဖြင့် ဘုရားမြတ်စွာက တိဿမေတ္တေယျကို တရားရေအေး တိုက်ကျွေးတော်မူ၏။

(ဇ) **ပသူရသုတ်**။ ။ ဤသုတ်ကား သဘောတရား ပြိုင်ခြင်းနှင့် အငြင်းအခုန် ပြုခြင်းဖြင့် စင်ကြယ်မှုကို မည်သည့်နည်းနှင့်မျှ မရနိုင်ကြောင်း ရှင်းပြသော သုတ်တည်း။

(ဈ) **မာဂဏ္ဍိယသုတ်**။ ။ဤသုတ်သည် ဘုရားမြတ်စွာနှင့် မာဂဏ္ဍိယတို့ စကားအချေအတင် ပြောဆိုခြင်းနှင့် စပ်ဆိုင်၏။ မာဂဏ္ဍိယ က စင်ကြယ်မှုကို သဘောတရား ပြိုင်ခြင်းဖြင့် ရနိုင်သည်ဟုဆို၏။ ဘုရားမြတ်စွာက စင်ကြယ်မှုကား အတွင်းစိတ်ခံတ် ငြိမ်းအေးခြင်မှသာ ရရှိနိုင်ကြောင်း ရှင်းလင်းဖြေဆိုတော်မူ၏။

(ည) **ပုရာဘေဒသုတ်**။ ။တည်ငြိမ်သော ရဟန်းသည် တဏှာ ကောဓ ဆန္ဒ ရာဂစသည်တို့မှ ကင်းလွတ်သည်ဟူ၍ ဘုရားမြတ်စွာသည် ဤသုတ်ဖြင့် ရဟန်း၏ အမူအကျင့်နှင့် အရည်အချင်းတို့ကို အသေးစိတ် ထင်ရှားစေသည်။

(ဋ) **ကလဟဝိဝါဒသုတ်**။ ။ ခိုက်ရန်ဖြစ်ပွားခြင်းနှင့် အငြင်းအခုန် ဖြစ်ခြင်းတို့သည် ချစ်မြတ်နိုးဘွယ် အရာဝတ္ထုတို့မှ ပေါက်ပွားလာကြောင်းကို ဤသုတ်က ညွှန်ပြသည်။

(ဌ) ဓုဋ္ဌဝိယူဟာသုတ်။ ။ ဤသုတ်ကား အစစ်အမှန် တရားသည် တခုထည်းသာလျှင် ရှိကြောင်း ဂိုဏ်းဆရာအသီးသီးတို့သည် ဝါဒပြိုင်ခါ အငြင်းပွါးနေသမျှ လောကကြီးသည် အေးငြိမ်းလိမ့်မည်မဟုတ်ကြောင်း ရှင်းပြသော သုတ်ဖြစ်၏။

(ဍ) မဟာဝိယူဟာသုတ်။ ။အဘိဓမ္မာ ဆရာကြီးများသည် စင်ကြယ်မှုကို မစွမ်းဆောင်နိုင်ရာ။ သူတို့သည် သူတို့ကိုယ်သူတို့သာ ချီးကျူး၍နေရာသည်။ ဗြာဟ္မဏကား ငြင်းခုန်ခြင်းကို အောင်နိုင်၍ တည်ငြိမ်အေးချမ်းသည်ဟု ဘုရားမြတ်စွာက ဤသုတ်ဖြင့် မိန့်ကြားတော်မူခဲ့၏။

(ဎ) တုဝဋကသုတ်။ ။ နိဗ္ဗာန်သို့ ရောက်ရန် ရဟန်းတို့သည် ပပဉ္စတရား နှင့် တဏှာဟူသမျှကို အမြစ်မှနေ၍ ဖြတ်တောက်ကာ အမှန်တရားကိုသာလျှင် လေ့လာသင့်ကြောင်းကို ဘုရားမြတ်စွာက ဤသုတ်ဖြင့် တိုက်တွန်းတော်မူခဲ့၏။

(ဏ) အတ္တဒဏ္ဍသုတ်။ ။ဤသုတ်ကားမင်ဖိုလ်ပေါက်လိုသော ရဟန်းသည် ရုပ်, နာမ်နှစ်ပါးကို မတာတွယ်အပ်ကြောင်းနှင့် သတိတရားကို အစဉ်လက်ကိုင်ထားကာ အမွန်မြတ်ဆုံးသော အသိဉာဏ်ကို ရယူသိနားလည်သင့်ကြောင်းကို ညွှန်ပြသော သုတ်ဖြစ်၏။

(တ) သာရိပုတ္တသုတ်။ ။ရှင်သာရိပုတြာ၏ လျှောက်ထားချက်အရ ဤသုတ်ဖြင့် ဘုရားမြတ်စွာသည် ရဟန်းတို့ လိုက်နာကျင့်သုံးအပ်သော စည်းမျဉ်းများကို ချမှတ်တော်မူခဲ့သည်။

———o———

## (၅) "ပရာယဏဝဂ်သုတ်များ"

(က) **ဝတ္ထုဂါထာသုတ်**။ ။အဿကနယ် ဂေါဓါဝရီ မြစ်ကမ်းတွင်နေသော ဗာဝရီ မည်သောပုဏ္ဏားထံ ပုဏ္ဏား တဦးက လာရောက်၍ အသပြာ ငါးရာတောင်းရာ ဗာဝရီက မပေးနိုင်သောကြောင့် ခုနစ်ရက်မြောက်သောနေ့ဝယ် ဗာဝရီ၏ ဦးခေါင်းသည် ခုနစ်စိတ် ခုနစ်မြွာ ကွဲပါစေသတည်း ဟု အသပြာတောင်းလာသော ပုဏ္ဏားက ဗာဝရီကို ကြိမ်ဆဲ၍သွား၏။ နတ်သားတဦး၏ ညွှန်ကြားချက်အရ ဗာဝရီသည် သူ၏တပည့်များကို ဘုရားမြတ်စွာထံ စေလွှတ်ကာ ပြဿနာ မေးစေရာ ထိုပြဿနာကို ဘုရားမြတ်စွာက ဤဝတ္ထုဂါထာ သုတ်ဖြင့် ဖြေရှင်း၍ပေးတော်မူသည်။

(ခ) **အဇိတမာဏဝပုစ္ဆာသုတ်**။ ။'အဇိတ'၏မေးခွန်း ချက်အရ လောကကြီးသည် အဝိဇ္ဇာဖြင့် ဖုံးလွှမ်းခြင်း ခံနေရ ကြောင်း ရုပ် နာမ်နှစ်ပါးအား တာတွယ်နေသော အလိုဆန္ဒ ကို ဝိညာဏ ချုပ်ငြိမ်းမှသာလျှင် ရပ်စဲနိုင်မည်ဖြစ်ကြောင်းကို ဤသုတ်ဖြင့် ဘုရားမြတ်စွာက ဖြေကြားတော်မူ၏။

(ဂ) **တိဿမေတ္တေယျမာဏဝပုစ္ဆာသုတ်**။ ။'တိဿ မေတ္တေယျ'၏ မေးလျှောက်ချက်အရ ဘုရားမြတ်စွာက ရဟန်း သည် ကာမဆန္ဒကို ရှောင်ရှားလျှင် ဤလောက၌ တဏှာကို အောင်နိုင်လိမ့်မည်ဟု ဤသုတ်ဖြင့် ပြန်ကြားဖြေဆိုတော် မူ၏။

(ဃ) **ပုဏ္ဏကမာဏဝပုစ္ဆာသုတ်**။ ။ရဟန်း လူ ခတ္တိယ ဗြာဟ္မဏ စသည်တို့သည် ယဇ်စသော ပူဇော်ခြင်းတို့ကို

ပြုလုပ်လျှင် ကာမဂုဏ် စည်းစိမ်တို့ကို ရယူလိုသော ရည်ရွယ်ချက်ကြောင့်သာ ဖြစ်ရသည်။ဤသို့ပြုခြင်းဖြင့် သူတို့သည် ဇာတိ ဇရာစသော တရားတို့မှ မလွတ်မြောက်နိုင်ကြောင်းကို ဘုရားမြတ်စွာက ဤသုတ်ဖြင့် 'ပုဏ္ဏက'၏ အမေးကို ဖြေကြားတော်မူသည်။

(င) မေတ္တဂူမာဏဝ ပုစ္ဆာသုတ်။ ။ 'မေတ္တဂူ'၏ မေးမြန်းချက်အရ ဘုရားမြတ်စွာက ဥပဓိသည် ဒုက္ခကိုဖြစ်စေသော အကြောင်းရင်းဖြစ်ကြောင်း ဇာတိ ဇရာ အစရှိသော တရားတို့မှ သတိတရားနှင့်ပြည့်စုံကာ အမှန်တရားကို သိနားလည်မှသာလျှင် သံသရာမှကူးထွက်နိုင်မည်ဖြစ်ကြောင်း ဤသုတ်ဖြင့် ဖြေကြားတော်မူသည်။

(စ) ဓောတကမာဏဝပုစ္ဆာသုတ်။ ။ဘဝ တဏှာကို ဖြတ်တောက်မှသာလျှင် နိဗ္ဗာန်ကို ရနိုင်မည်ဖြစ်ကြောင်းကို ဤသုတ်ဖြင့် ဘုရားမြတ်စွာသည် 'ဓောတက'ကို ညွှန်ကြားတော်မူခဲ့သည်။

(ဆ) ဥပသီဝမာဏဝပုစ္ဆာသုတ်။ ။နိဗ္ဗာန်ကို မည်သို့သောနည်းဖြင့် ရောက်ရှိနိုင်ကြောင်း ဤသုတ်ဖြင့် ဘုရားမြတ်စွာသည် 'ဥပသီဝ'အား သိစေတော်မူသည်။

(ဇ) နန္ဒမာဏဝပုစ္ဆာသုတ်။ ။သမဏဗြာဟ္မဏတို့သည် တဏှာကင်းလွတ်မှသာလျှင် ဇာတိ ဇရာစသော တရားတို့ကို အောင်နိုင်လိမ့်မည်ဖြစ်ကြောင်းကို 'နန္ဒ' အား ဤသုတ်ဖြင့် ဘုရားမြတ်စွာက ရှင်းလင်းဖော်ပြတော်မူ၏။

(၈) **ဟေမကမာဏဝပုစ္ဆာသုတ်။** ။ဤ သုတ်ကား တရားတော်၏ ဂုဏ်အင်္ဂါ လက္ခဏာတို့ကို 'ဟေမက' အား အထင်အရှား ရှင်းလင်းဖြေကြားသော သုတ်ဖြစ်၏။

(၉) **တောဒေယျမာဏဝပုစ္ဆာသုတ်။** ။ရာဂ တဏှာ သံသယ စသော တရားတို့မှ ကင်းလွတ်သောသူသည် တရားကို သိသောသူဖြစ်ကြောင်း 'တောဒေယျ' အား ဘုရားမြတ်စွာသည် ဤသုတ်ဖြင့် လင်းတော်မူခဲ့သည်။

(၁၀) **ကပ္ပမာဏဝပုစ္ဆာသုတ်။** ။နိဗ္ဗာန် အကြောင်းကို ဘုရားမြတ်စွာက 'ကပ္ပ' အား ဤသုတ်ဖြင့် ဟောတော်မူခဲ့၏။

(၁၁) **ဇတုကဏ္ဏိမာဏဝ ပုစ္ဆာသုတ်။** ။ကာမဂုဏ် စည်းစိမ်နှင့် ရုပ်, နာမ်နှစ်ပါးကို တပ်မက်သောစိတ်ကို ချုံးနှိမ်သင့်ကြောင်း ဤသုတ်ဖြင့် 'ဇတုကဏ္ဏိ' အား ဘုရားမြတ်စွာသည် အလင်းရောင်ပြတော်မူခဲ့၏။

(၁၂) **ဘဒြာဝုဓမာဏဝ ပုစ္ဆာသုတ်။** ။ရဟန်း မှန်က လောကကြီး၌ မည်သည့်အရာကိုမျှ မတာတွယ်သင့်ကြောင်း။ တာတွယ်သောသူအား မာရ်နတ်သည် တဖန်ပါးမကွာ ထက်ချပ်လိုက်လျက်နေကြောင်းကို 'ဘဒြာဝုဓ' အား ဘုရားမြတ်စွာက ဤသုတ်ဖြင့် ဩဝါဒပေးတော်မူခဲ့၏။

(၁၃) **ဥဒယမာဏဝ ပုစ္ဆာသုတ်။** ။လောကကြီးကား ကာမနှောင်ဖြင့် ရစ်ပတ်လျက်ရှိကြောင်း။ တဏှာကို စွန့်ခွါမှသာ နိဗ္ဗာန်ရမည် ဖြစ်ကြောင်းတို့ကို ဘုရားမြတ်စွာက 'ဥဒယ' အား ဤသုတ်ဖြင့်ရှင်းလင်းတော်မူခဲ့သည်။

(ဏ) ပေါသာလမာဏဝပုစ္ဆာသုတ်။ ။ဤသုတ်ဖြင့် မင်ဖိုလ် ပေါက်သော ပြဟ္မဏ၏အရည်အချင်းကို ဘုရားမြတ်စွာသည့် 'ပေါသာလ' အား ရှင်းပြတော်မူ၏။

(တ) မောဃရာဇမာဏဝ ပုစ္ဆာသုတ်။ ။သေခြင်းတရားမှလွတ်မြောက်ရန် လောကကြီးကို မည်သို့ဆင်ခြင်သုံးသပ်ရပါမည်နည်းဟု 'မောဃရာဇ' က မေးလျှောက်ခြင်းကြောင့် သတိတရားကို အမြဲလက်ကိုင်ထားပြီးကာလ လောကကြီးအား ဘာမျှမရှိ ဟာလာဟင်းလင်းတည်း ဟု ဆင်ခြင်သုံးသပ်ပါလျှင် သေခြင်းတရားကို အောင်နိုင်လိမ့်မည်ဟု ဘုရားမြတ်စွာကဤသုတ်ဖြင့် ဖြေကြားတော်မူ၏။

(ထ) ပိင်္ဂိယမာဏဝ ပုစ္ဆာသုတ်။ ။ဤ သုတ်အား ဤခန္ဓာ ကိုယ်ကြီးကို ခင်မင်တွယ်တာသောစိတ်ကို ပယ်ဖျက်ပါက အိုခြင်း နာခြင်း သေခြင်းတို့မှ လွတ်မြောက်မည်ဖြစ်ကြောင်းကို 'ပိင်္ဂိယ' အား ဘုရားမြတ်စွာက ရှင်းလင်းပြသောသုတ်ဖြစ်သတည်း။

——o——

## (၆) "ဝိမာနဝတ္ထုများ"
## နှင့်
## (၇) "ပေတဝတ္ထုများ"

ဝိမာနဝတ္ထုနှင့် ပေတဝတ္ထုများအား အထူးသဖြင့် ငရဲပြည် နတ်ပြည် အကြောင်းအရာတို့နှင့် ပတ်သက်လေသည်။ ကံ-ကံ၏ အကျိုးဆက်တို့ကို ဤထင်ရှားကျော်ကြားသော ဝတ္ထုများတွင် ဥပမာ ဥပမေယျများဖြင့် ရှင်းလင်းစွာဖော်ပြထားလေသည်။

ထိုဝတ္ထုများတွင် ပုံစံတခုတည်း သဘောမျိုးဖြင့် ရေးသားသားခြင်းကြောင့် အချို့ဝတ္ထုတို့မှာ စိတ်အားတက်ကြွစေချင်ဘွယ် မကောင်းလှ။ ပျင်းရိငြီးငွေ့စရာ ကောင်းလှတော့သည်။

ဥပမာ ဆောင်ရသော်....

"ရဟန်းတပါးသည် ကိုယ်မှု စောင့်စည်းခဲ့သော်လည်း နှုတ်မှုမစောင့်စည်းခဲ့သဖြင့် ဘဝတပါးသို့ ပြောင်းသွားသော အခါ ရွှေအဆင်း အရောင်ရှိသော ကိုယ်နှင့် ဝက်မျက်နှာရှိသော ပြိတ္တာကြီးဖြစ်သည့်ပုံ"

"သူတထူးအား အစာရေစာ ပေးကမ်းလှူဒါန်းခဲ့ခြင်း ကောင်းမှု၏ကုသိုလ်အဟုန်ကြောင့်ဘုံနန်းပြသာဒ်ထက်တွင် ပျော် စံပယ်ရသော နတ်သားတဦး၏ပုံ"....

စသည်တို့တည်း။

အမှန်စင်စစ်ကား ကံ့ကံ၏ အကျိုးဆက်တရားတို့အကြောင်းကို ဤနတ်ပြည် ငရဲပြည်ဝတ္ထုများဖြင့် ထင်ရှားစွာ သရုပ်ဖေါ်ထားခြင်းဖြစ်၏။ ဤဝတ္ထုတို့၏ ရည်ရွယ်ရင်းမှာ လူအပေါင်းတို့အား အပြစ်မကင်းသည့် မကောင်းသော အလုပ်တို့ကို ရှောင်ကြဉ်ရန်နှင့် အပြစ်ကင်းသည့် ကောင်းသော အလုပ်တို့ကို ရွက်ဆောင်ကြစေဘို့အတွက် တိုက်တွန်းရန်ပင် ဖြစ်သည်။

ဘုရားမြတ်စွာ၏ သာဝကဖြစ်သည့် ရှင်မောဂ္ဂလာန်သည် နတ်ပြည်နှင့် ငရဲပြည်တို့သို့ သွားရောက်လည်ပတ်နိုင်စွမ်းရှိသည့် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၏။ ဤသို့နတ်ပြည်ငရဲပြည်တို့သို့ ရှင်မောဂ္ဂလာန် သွားရောက်နိုင်စွမ်းခြင်း

နှင့်ပြည့်စုံသည့် အကြောင်းချင်းရာများကို ကြားနာရသော အခါ လူအပေါင်းတို့သည် အဆိုးကိုရှောင်ကာ အကောင်းကိုပြုရန် စိတ်အားထက်သန်၍လာကြ၏။

နတ်ပြည်၏ သာယာပုံနှင့် ငရဲပြည်၏ ဆိုးဝါးပုံတို့ကို ဖော်ပြထားသည်များမှာ အထူးစိတ်ဝင်စားဘွယ်ရာ ကောင်းလှ၏။ မကောင်းမှုကံ၏ အကျိုးသည် ငရဲသို့လားတတ်ကြောင်း ကောင်းမှုကံ၏ အကျိုးတရားသည် နတ်ပြည်သို့ လားရကြောင်း စသည့်အယူအဆများကို ရှေးခေတ်လူတို့ သဘောပိုက်ကြကြောင်း ဤဝတ္ထုများက သာဓကပြကြ၏။

ဤဝတ္ထုများမှာ သာမာန်လူသားတို့အဘို့သာ ရည်ညွှန်းသော ဝတ္ထုများဖြစ်သည်။ အချို့လူတို့သည် နောင်တမလွန် ဘဝသို့ပြောင်းရသော် ဤဘဝမှာကဲ့သို့ပင် သာယာမှုကိုခံစားလို၏။ ဆင်းရဲမှုတို့ကို မလိုလား။ အပြစ်ဒဏ်များကို မခံယူလိုကြ။ ထိုလူမျိုးတို့သည် ငရဲ ပြိတ္တာဘုံတို့မှ ကင်းလွတ်ကာ နတ်ပြည်သို့ရောက်ရန် ကောင်းမှုတို့ကိုသာ ပြုကြမည်ဖြစ်၏။

ဤဝိမာနနှင့် ပေတဝတ္ထု ကျမ်းနှစ်စောင်လုံးတွင် ဗုဒ္ဓဘာသာ တရား၏ နက်နဲသော သဘောတရားများ မတွေ့ရှိရ။ ကျမ်းစောင် နှစ်စောင်လုံးပင် အထူးအားဖြင့် စာပေအနေဖြင့်သာ စိတ်ဝင်စားဘွယ်ရာ ကောင်း၏။ ရှေးကျသော အချက်အလက်များကို ဤကျမ်းစောင်များ၌ သုံးနှုန်းထားသည်ကို တွေ့ရှိရသော်လည်း ခုဒ္ဒက နိကာယ်ဝင် အခြားကျမ်းစောင်များထက် ခေတ်အတန် နှောင်းမှသာ ပေါ်

ပေါက်လာသော ကျမ်းစောင်များ ဖြစ်တန်ရာသည်ဟု ယူဆဘွယ်ရာ အကြောင်းများရှိပေသည်။

—o—

## (၁) "ထေရဂါထာ"
## နှင့်
## (၉) "ထေရီဂါထာ"

ထေရ-ထေရီ ပါဠိတော်မြတ်တို့သည် စကားပြေမဖက် ဂါထာသက်သက်တို့ဖြင့် စီရင်အပ်သော ကျမ်းတော်ကြီးများ ဖြစ်ကြသည်။ ထေရ-ထေရီ ဂါထာတို့မှာ အဋ္ဌုပ္ပတ္တိအားဖြင့် အညမည ဆက်သွယ်လျက်ရှိကြသည်။ ဘုရားမြတ်စွာ သက်တော်ထင်ရှား ရှိစဉ်အခါ ဝိသေသထေရ ဘိက္ခုအရှင်မြတ်တို့က ၎င်းတို့သည် ရှေးအခါက ပါရမီကို မည်သို့ဆည်းပူးခဲ့ကြသည် ကုသိုလ်တရားကို မည်သို့ပွါးများခဲ့ကြသည် ကုသိုလ်၏ အကျိုးပေးကား မည်မျှထူးထွေဆန်းပြားသည် စသည်တို့ကို ကိုယ်တိုင်မြွက်ကြားကြ၍ ဝိသေသထေရီ ဘိက္ခုနီ အကျော်အမော်တို့ကလည်း သံသရာဝဋ်ဒုက္ခတ်မြုံမှ လွတ်ခန်ကျော်လွှားကာ သူမတို့သည် မည်သို့ထွင့်ဖျားတိုင်ရောက် နိဗ္ဗာန်သို့ ပေါက်မြောက်ခဲ့ရကြောင်း စသော သူမတို့၏ ကိုယ်တွေ့အဖြစ်အပျက်များကို မချွင်းမချန် အမှန်သဘောအားဖြင့် ထုတ်ဟမိန့်ကြားတော်မူခဲ့ကြ၏။

ထိုကြောင့် အကြုံအတွေ့ ခံစားမှု အဖြစ်အပျက်တို့ကို ဖေါ်ထုတ်ကြရာ၌ တဦးနှင့်တဦး မတူညီကြချေ။ ထေရီတို့မှာ အများအားဖြင့် သဒ္ဓါရေးကြောင့်မဟုတ်ဘဲ သားသေ

လင်ဆိုး ပျက်ပြုန်းစည်းစိမ် အိုးအိမ်မဲ့ကင်း စိုးရိမ်ပူပန်ခြင်း တည်းဟူသော သောက ဗျာပါဒ အပူမီးခသော ဒုက္ခ အမျိုးမျိုးတို့၏ တိုက်တွန်းပို့ဆောင်မှုကြောင့်သာ သာသနာ့ဘောင်သို့ ကူးဝင်သူများပြား၍ ထေရာတို့မှာမူကား အမြင် ပယောဂ နှိုးဆော်မှုမပါဘဲ သူတို့အလိုအလျောက် ပါရမီရင့်သန် သဒ္ဓါအခြေခံဖြင့် သာသနာ့ဘောင်သို့ အညွတ်အနူး ကူးဝင်ကြသူများ ဖြစ်ကြ၏။ ထိုကြောင့် ထေရိဂါထာတို့မှာ အများအားဖြင့် ရာဂ ဒေါသ မောဟ စသော မီးတို့၏ဆိုးဝါးပုံကိုလေသာ အာသဝေါ တရားတို့ဖြင့် ရစ်ပတ်ဖုံးလွှမ်းနေခြင်းကြောင့် ကာမဘုံကြီး၏ ညစ်ညမ်းဆိုးသွမ်း စက်ဆုပ်ဘွယ်ရာ ကောင်းပုံ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို အကြောင်းပြု၍ ဘဝသံသရာတွင် အမျိုးမျိုး အဖုံဖုံ ကျင်လည်ကျက်စားကာ ဆင်းရဲဒုက္ခ အပဝကို ထပ်ပြန်တလဲလဲ ခံစားရပုံတို့ကို ဖော်ပြ၍ ထေရဂါထာတို့မှာမူကား သာသနာ့ဘောင်၏ ထူးကဲချိမြိန်သော စည်းစိမ် လူသူကင်းဝေး ဘဒ္ဒီးတည်းနေရခြင်း၏ အတုကင်းသည့် အရသာမွှန် ဆိတ်ငြိမ်ခြင်း၏ မြင့်မြတ်သောသုခ အစရှိသည်တို့ကို ချီးကျူးထားသည့်ပြင် တော တောင် ရေ မြေစသော သဘာဝ၏ကြည်နူးလွမ်းဆွတ်ဘွယ်တို့ကိုလည်း အမျိုးမျိုး အဖုံဖုံ ဖွဲ့နွဲ့ဆင်ယင်ကာ ဥဒါန်းကျူးထားသည်ကို တွေ့ရှိရ၏။ တနည်းအားဖြင့် ဆိုရသော် ထေရိဂါထာကိုမှာ သနားဘွယ်ရာ ကိုယ်တွေ့အဖြစ် အပျက်ကလေးများဖြစ်၍ ထေရဂါထာတို့မှာကား ဘတ်ရှုသူတို့၏ဟဒယအကြည်ဓာတ်ကိုယူကျုံးပျော်ရွှင်စေနိုင်သည့် သာသနာ့ ချီးကျူးဂါထာ သို့မဟုတ်

နှိုင်းရာရှားသော ရဟန်းဂုဏ်ရည်များကို မြှင့်တင်ပေးအပ်သော ဂါထာများ ဖြစ်ဖွယ်ချေတော့သည် တမုံ့။

တဖန်တုံ ရာထူးအဆင့်အတန်း ကြီးငယ်နိမ့်မြင့်ခြင်းတို့ကို လိုက်၍ ထေရ-ထေရီတို့၏ စာပေထက်မြက် ညံ့ဖျင်းခြင်းတို့ကို အကဲဖြတ်မည် ဆိုပါကလည်း တိကျမှန်ကန်သော ဆုံးဖြတ်မှုကို ရချင်မှ ရပေလိမ့်မည်။

ဥဒါန်းဂါထာတော်များကို လေ့လာရာတွင် တွေ့ရှိရသော အချက်အချို့ကို ဖေါ်ပြရသော်....

ရှင်သာရိပုတြာ၏ ဥဒါန်းဂါထာတော်များသည် မည်မျှပင် လေးနက်သော ဩဝါဒမွန်တို့နှင့် ပြည့်စုံစေကာမူ သုတိသာယာမှုနှင့် ကာရန်ဝါကျ ပြေပြစ်မှုတို့၌ကား ရှင်ကာလုဒါယီ၏ ဥဒါန်းဂါသာတော်များကို မမှီပေ။

ရှင်သောပါက၏ဥဒါန်းဂါထာတော်များနှင့် ရှင်သုနီတ၏ ဥဒါန်းဂါထာတော်များကို နှိုင်းယှဉ်ကြည့်ပြန်ပါကလည်း တဦးနှင့်ဘဦး ဥဒါန်းကျူးရင့်ပုံချင်း မတူလှချေ။ ရဟန္တာအဖြစ်သို့ ရောက်ရလင့်ကစား ရှင်သောပါကမှာ ငယ်ရွယ်သူ အကလေးဖြစ်သဖြင့် သူ၏ဥဒါန်းဂါထာတော်များသည် ငယ်ရွယ်သူပြီပြီ ကလေးဆန်လှ၏။ ရှင်သုနီတ အဘို့မူကား အလုပ်အကိုင် အဆင့်အတန်းအားဖြင့် နိမ့်ကျသော ကံမြက်လှည်းသမား ဖြစ်ခြင်းကြောင့် သူသည် စာပေကို တတ်မြောက်ချင်မှ တတ်မြောက်ပေမည်။ သို့ရာတွင် ရှင်သုနီတ၏ ဥဒါန်းဂါထာတော်များကား ရင့်သန်သော အတွေးအခေါ် အယူအဆတို့နှင့် ပြွမ်းလှပါဘိတော်း။

ထေရများသည် ပုဏ္ဏား မင်းမျိုးမင်းနွယ် သူကြွယ် ကုန်သည် သဘင်သည်နှင့် လက်လုပ်လက်စားစသော လူတန်းစား အဆင့်အတန်း အမျိုးမျိုးမှ ဆင်းသက်ပေါက်ပွားလာကြသော ပုဂ္ဂိုလ်များဖြစ်၍၊ သို့ရာတွင် ထေရလောက၌ ပုဏ္ဏားလူတန်းစားတို့က အရေအတွက်တွင် ထိပ်တန်းက လိုက်သည်ကို တွေ့ရှိရ၏။ ယင်းသို့ ပုဏ္ဏားတို့က ထိပ်တန်းက လိုက်သည်ကိုလည်း အံ့သြစရာ မဟုတ်ပါပေ။ အကြောင်းကား ထိုခေတ် ထိုအချိန်တွင် ပညာတတ် လူတန်းစားတို့မှာ ပုဏ္ဏားများသာ ဖြစ်ခြင်းကြောင့်တည်း။ စိတ်ဝင်စားဘွယ် ကောင်းလှသော အချက်တခုကား ဂါထာပေါင်းများစွာတွင် ပညာမဲ့ ကျေးမွဲလူတန်းစား ကိုယ်စားလှယ် အဖြစ်နှင့် သုနီတ တဦးတည်းသာ တွေ့ရှိရခြင်းနှင့် ဂါထာစုများ၌ ‘ကလေးကိုယ်စားလှယ်များ’ ပါဝင်ခြင်းပင်တည်း။ လူတို့၏ စိတ်ဓာတ်ကို သောပါက သံကိစ္စ သီဝလိ သုမန ဘဒ္ဒစသော ကလေးဂါထာများကယူကျုံးဆွဲဆောင်နိုင်လှပါပေသည်။

“အောင်ရန် ခက်ခဲလှစွာသောစိတ်ကို ချိုးနှိမ်အောင် မြင်ပြီးသည့်နောက် ပါရမီရင့်ကျက် တရား စွက်ဖက်သဖြင့် မွန်မြတ်လာပြီးဖြစ်သောစိတ်ကို”ဖော်ထုတ်၍ ပြသော ကြောင့်လည်း ထေရ ထေရီ ဂါထာများမှာ အလွန်ပင် နက်နဲ သိမ်မွေ့၍ စိတ်ဝင်စားဘွယ်ကောင်းလှပါပေသည်။ ဂါထာတော်များသည် ပစ္စုပ္ပန် ကြိုးပမ်းအားထုတ်မှုတို့ကိုသာမက သေး အတိတ်က တွန်းလှန် ရုန်းကန်ခဲ့ရသည်များနှင့် အနာဂတ်ကို မြော်တွေးတောင့်တပုံများကိုလည်း ဖော်ပြသည့်ပြင် ကံလေသာ အာသဝေါ တရားတို့ကို အကြွင်းမဲ့ အောင်မြင်ရခြင်း၏ အသီးဥာဏ် ကြိုးပမ်းမှုရပ်စဲကာ နောက်

ဆုံး ရဟန္တာအဖြစ်သို့ ရောက်ရှိရခြင်းနှင့် ကြုံတွေ့ခဲ့ရသည့် အဖြစ်သနစ်တို့ကို ပြန်လည်သုံးသပ်ရခြင်းများကိုပါ စုံလင်စွာ ခုံတင်ပြထားပေသည်။

ဥဒါန်းဂါထာတော်များကား အများအားဖြင့်....“ကိလေသာ ‘ဈာပိတာ မယှံ ကတံ ဗုဒ္ဓါန သာသနံ”....ဟူသော စာပုဒ်များဖြင့် အဆုံးသတ်ထားကြသည်ကို တွေ့ရှိရ၏။

ထေရ-ထေရီ ဂါထာတော်များနှင့် ပတ်သက်၍ အခြား စိတ်ဝင်စားဘွယ်ကောင်းသော အချက်တခုကား ငြိမ်းသည့် ပန်းတိုင်သို့ ရောက်ရှိရန် ထေရ-ထေရီတို့သည် မည်သို့ စတင်စိုင်းပြင်း ကြိုးပမ်းကြသည်ဟူသော နည်းအမျိုးမျိုးတို့ပင်တည်း။ သာသနာ့ဘောင်သို့ ကူးဝင်ကြရသော အခြေခံ အကြောင်းရင်းတွင် ထေရ-ထေရီတို့သည် တဦးနှင့် တဦး မတူညီကြချေ။ ဒုက္ခမှ ကင်းလွတ်ခြင်း ဒုက္ခကို ဖြစ်ပေါ်စေသော ဘဝသစ်တို့မှ လွတ်မြောက်ရခြင်းသည် ပျော်ရွှင်သော စိတ်ဓာတ်၏ အခြေခံ အုတ်မြစ်တို့တည်း။

အထူးသဖြင့် ထေရတို့သည် ပင်ကိုယ်စိတ်၏ ယိုင်ဆော် ဘိုက်တွန်းမှုကြောင့်ရင်း သဘာဝကပင် သာသနာ့အကျိုးကို ထမ်းဆောင်ရန် ရင့်ကျက်လာသည်အဖြစ်ကြောင့်ရင်း ရိုးသားဖြူစင်သော ဘဝတာကို မှီဝဲလိုသော ဆန္ဒကြောင့်ရင်း ငြိမ်သက်တည်ကြည်ခြင်းမှ ပေါက်ဖွားလာသော ပျော်ရွှင်မှုကို ကြည်နူးသောကြောင့်ရင်း စိတ်၏လွတ်မြောက်မှုကို မြတ်နိုးသောကြောင့်ရင်း သဘာဝကို ချစ်ခင်ကြည်နူးသောကြောင့်ရင်း ရံဖန်ရံခါ ဘုရားမြတ်စွာ (ဝါ) သာဝကများ၏ တရားဒေသနာတော်များကို ကြားနာရခြင်းကြောင့်ရင်း ရဟန်းဘောင်သို့ ကူးဝင်ကြ၏။ ထေရီတို့မှာကား အိမ်တွင်း

ရေး မသာယာမှုဘို့ကြောင့်ရင်း ပေါင်းသင်းဆက်ဆံရေး လောက၏ အဆင်မပြေမှုတို့ကြောင့်ရင်း ဒုက္ခဘေး အမျိုးမျိုးတို့ကို ကြုံတွေ့ရခြင်း တို့ကြောင့်ရင်း အကျွတ်တရားရသူများပြား၏။ ။

သားသေလင်ဆုံး ပျက်ပြုန်းဥစ္စာ ဆွေဥာကင်းမဲ့ ရှက်ဘွယ်လိလိ သောကမီးတောက်လောင်ခဲ့ရသော ပဋ္ဌာစာရီထေရီမ၏ ကြေကွဲဘွယ်ရာ အဖြစ်အပျက် သားငယ်သေဆုံးသဖြင့် ဒုက္ခဗလပွေ့ အရိုက်ခံခဲ့ရရှာသော ကိသဂေါတမီ၏ သနားဘွယ်ရာ အဋ္ဌုပ္ပတ္တိ အပူအဒေး မဲ့ရှောင်အရှင်သခင်မ၏ ဆဲဆိုမောင်းမဲအပြစ်ဒဏ် အသွယ်သွယ်တို့ကို ကြောက်ရွံ့ရှာသဖြင့် ဆင်းရဲပင်ပန်းစွာ စေခိုင်းခြင်းခံခဲ့ရရှာသည့် ပုဏ္ဏိကာထေရီမ၏ ဘဝခရီးစဉ် ဝမ်းစာရေးအတွက် အရှက်အကြောက်ကင်းမဲ့စွာ ကိုယ်ကိုအရင်းပြု၍ အသက်မွေးခဲ့ရရှာသူ ဝိမလာထေရီမ၏ အဖြစ်အပျက်တို့ကို သေချာစွာ ဆန်းစစ်ပါသော် ဒုက္ခသည် သာသနာ့ဘောင်သို့ ကူးဝင်စေသော အခြေခံအကြောင်းရင်းဖြစ်ကြောင်း ထင်ရှား၏။ သို့ရာတွင် မဟာပဇာပတိဂေါတမီ ခေမာ ဘဒ္ဒကုဏ္ဍလကေသီ တို့၏ ဘဝ ခရီးတို့ကား အခြားထေရီမတို့နှင့် မတူ တမူကွဲပြား ခြားနားသည်ကို တွေ့ရှိရပေ၏။

ထေရီတို့နှင့်စာလျှင် ထေရတို့သည် ပင်ကိုယ်စိတ်ဓါတ်ကြောင့်ရင်း တရားကြိုးပမ်းအားထုတ်ချိန်တွင် ပတ်ဝန်းကျင်၏ တိုက်တွန်းမှုကြောင့်ရင်း သဘာဝကို အထူးမြတ်နိုးကြသည်ဟုဆိုရပေမည်။ သို့သော် ထေရဂါထာများ အနက် သဘာဝသက်သက် ဂါထာများကား ရှားပါးပါ

ဘိတောင်း။ ရံဖန်ရံခါ၌ ထေရဂါထာတို့သည် အအုပ် အစုမှ ရှင်းကန်ခွါထွက်ခဲ့သော ဆင်ကို စာနာကြောင်း ဝန်ခံထား၍ တရံတခါ၌လည်း တောအုပ်အလယ်တွင် ကိုယ်ထည်းသက်သက် လှည့်လည်ဘိသော 'ကြံ့၏ဦးချို' အလား ပုံခိုင်းရေးသားထား၏။ တောတောင်ဂနိုင်လိုဏ်ဂူ အစရှိသော အရပ်ဒေသများသည် သူဟော်စင်ရသေ့ရဟန်း တို့ ပျော်မွေ့ခိုလှုံရာ ဖြစ်ကြောင်းများကိုလည်း ချီးကျူး ထားပြန်၏။ ထိုတော တောင် ဂနိုင်စသော အရပ်ဒေသတို့ သ သာလျှင် လူသူတို့မှ ကင်းဝေးရာ သူတော်စင်တို့အဘို့ သန့်စင်ရာဌာနများဖြစ်ကြသည်ဟုဖော်ပြထား၏။ သို့သော် ထေရကိုင်းသဘာဝကို မြတ်နိုးသူ သဘာဝ၏ လှပတင့်တယ် သာယာဘွယ်ကို ကျက်မိသူများဟု မဆိုနိုင်ချေ။

သာသနာ့ဘောင်သို့ ကူးပင်ရန်အတွက် စည်းမျဉ်းများက ပင်လျှင် ဒုက္ခဖွဲ့နှောင် အမိုက်မှောင် ဖုံးလွှမ်းနေသော လူအပေါင်းတို့မှ ဆိတ်သုဉ်းရာ တောတောင်စသည်တို့ကို တကိုယ်ထည်း ခိုမှီးသည့်ဘဝကို အားပေးခွင့်ပြုထားပေသည်။ ထိုခွင့်ပြုချက်ကို အခွင့်ကောင်း ယူပြီးသကာလ များစွာ သော ထေရတို့သည် အေးမြဆိတ်ငြိမ်သော တောတောင် များကို ချီးကျူးထားကြသည်။ တာလပုတ္တဂါထာများနှင့် ကာလုဒါယီဂါထာများသည် တာလပုတ္တနှင့် ကာလုဒါယီ ထေရ်မြတ်တို့အား သဘာဝကို သေချာစေ့စပ်စွာ အသေး စိတ် လိုက်စားသူများဖြစ်ကြောင်း တနည်းတလမ်းအားဖြင့် အထောက်အထား ပေးကြသည့်ပြင် ဧကဝိဟာရိယ နှင့် ဘူတ ထေရ်မြတ်တို့၏ ဂါထာများကို ထောက်ချင့်လျှင်

လည်း တကိုယ်ထည်း ဆိတ်သုဥ်းရာအရပ်၌ တရားဘာဝနာ ပွါးရခြင်း၏ အရသာကို ပေါ်လွင်ထင်ရှားစေလေသည်။

သဘာဝကို လိုက်စားချီးကျူးရာ၌မူကား ထေရီများသည် ထေရတို့လောက် မပြောင်မြောက်ကြချေ။ အဘယ့်ကြောင့်ဆိုသော် သူမတို့မှာ သူမတို့ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသော ဘေးဒုက္ခအမျိုးမျိုးတို့မှ လွန်မြောက်ကြရသဖြင့် ဝမ်းမြောက်ဝမ်းသာစိတ် လွှမ်းကဲ၍ နေကြသဖြင့်ရင်း ထိုပြင်တဝ သဘာဝအရ အမျိုးသမီးဘဝနှင့် တောထဲ၌ တယောက်ထည်းနေကာ တရားကျင့်သုံးရန် ခဲယဉ်းသောကြောင့် ဖြစ်သတည်း။ သို့သော် သူမတို့သည် သဘာဝ၏ လှပတင့်တယ် သာယာလွမ်းဆွတ်ဘွယ်ကို မကျက်မိသူများ သဘာဝကို မြတ်နိုးစိတ် မရှိသောသူများဟု မဆိုနိုင်ချေ။ တော၏သဘာဝအလှကို မြင်လို ကြည့်လို ခံစားလိုစိတ်ဖြင့် တောကိုလှည့်လည်သော ဝနဝစ္ဆ မယ်တော်၏ ဂါထာများကို ထောက်ရှုပါက ထေရီတို့သည်လည်း သဘာဝအရသာကို ခံစားလိုစိတ် မကင်းကြောင်း ထင်ရှားလှပါဘိ၏။

——o——

## (၁၀)“ဇာတက(ဝါ)ဇာတ်တော်များ”

ဘုရားမြတ်စွာ ဘုရားအဖြစ်သို့ မရောက်မီ နောက်ဆုံးသိဒ္ဓတ္ထမင်းသား အဖြစ်မှအပ မရေတွက်နိုင်သော ဘဝအဆက်ဆက်တို့၌ လူ နတ် ဗြဟ္မာ တိရစ္ဆာန်စသည့် အဖြစ်အမျိုးမျိုးတို့နှင့် တွေ့ကြုံခံစားခဲ့ရသော ဘုရားလောင်း၏ ‘ဖြစ်စဉ်များ’ကို ‘ဇာတ်တော်’ဟု လူအများ သိနားလည်ကြသည်။ ဆိုဇာတ်တော်များတွင် ဘုရားအလောင်းကို

ပဌမ ဇာတ်လိုက် အဖြစ်ဖြင့်ရင်း ရံဖန်ရံခါ ဒုတိယဇာတ်လိုက် အဖြစ်ဖြင့်ရင်း ရံဖန်ရံခါ သာမည ဇာတ်သား ဇာတ်ရံ အဖြစ် ဖြင့်ရင်း တွေ့ရှိရ၏။ သို့ကြောင့်လည်း ဇာတ်တော်တိုင်း လိုလိုပင်....“ ရှေးသရော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်း, မင်းပြုစဉ် ဘုရားလောင်းသည် မျောက်၏အမျိုးတွင် ဖွားမြင်၍ x x x ”....စသည်ဖြင့် ဇာတ်စပျိုးလေ့ရှိကြသည်။ ဤနည်းအားဖြင့် မည်သည့်ဝတ္ထုကိုမဆို ဇာတ်တော်အဖြစ်သို့ အသွင်ပြောင်းရန် မခဲယဉ်းချေ။ လိုရင်းအချက်မှာ ဘုရား အလောင်းကိုသာလျှင် ဇာတ်လမ်း၌ လူ နတ် အစရှိသော အဖြစ်တမျိုးမျိုးဖြင့် သွတ်သွင်းရန် အရေးကြီးလေသည်။

ဇာတ်တော်ပေါင်း (၅၄၇) ဇာတ်ရှိရာ၌ ထိုဇာတ်တော် များ၏ သမိုင်းကို သေချာစွာ စိစစ်လျှင် ဗုဒ္ဓဘာသာ ထွန်းကားရာ ဗမာပြည်နှင့် ဇမ္ဗူဒိပ်ပြည် အစရှိသော နိုင်ငံ များ၌ ခေတ်စားလျက်ရှိသည့် ယခုလက်ရှိ ဇာတ်တော် များမှာ ပါဠိပိဋကတော်ဝင် ဇာတ်တော်များပေတည်း။ ထို့ပြင် ယခုလက်ရှိ ဇာတ်တော်များမှမည်ရွေ့မည်မျှသည် ပါဠိပိဋကတော်ဝင် ဇာတ်များဖြစ်သည်ဟု အတိအကျ မည်သူမျှ မဆုံးဖြတ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ပိဋက တော်ဝင် ဇာတ်တော်များကို တွေ့ရှိရန် ခဲယဉ်းသော ကြောင့် တည်း။ ယခုလက်ရှိ ဇာတ်တော်များမှာ ပိဋက တော်ဝင် ဇာတ်တော်များ၏ အဋ္ဌကထာဖြစ်သော ဇာတကတ္ထ ဝဏ္ဏနာတွင် ပါရှိသည့် ဇာတ်တော်များသာတည်း။

သက္ကဋ ဗုဒ္ဓဘာသာကျမ်းစောင် တစောင်တွင် ဘုရား မြတ်စွာသည် တရားဒေသနာတော်များကို သုတ် ဂါထာ ဇာတ်တော်များဖြင့် ဟောကြားခဲ့သည်ဟု ရေးသားထား

သော်လည်း ဝတ္ထုများကို ဇာတ်တော်သဘောမျိုး အနေအထားဖြင့် ဟောကြားအပ်သည်ဟု ရှေးခေတ်က မယူဆကြသေးချေ။ ပိဋကတော်ဝင် ဇာတ်တော်များမှာ ဂါထာများဖြင့်သာ သီကုံးအပ်သည်များဖြစ်ကြ၍ ဇာတ်တော်ပါ ဇာတ်လိုက်များမှာလည်း အားလုံး ဘုရားလောင်းတော် မဟုတ်ချေ။ ဝိနည်းပိဋကတော်ဝင် ဒီဃာဝု မင်းသား ဝတ္ထုကို သေချာစွာ ဆန်းစစ်မည်ဆိုပါက မူရင်းဝတ္ထု၌ ဇာတ်လိုက်သည် ဘုရားလောင်းမဟုတ်ကြောင်း တွေ့ရသည်။ ခေတ်အတန်ကြာ အတန်နှောင်းမှသာ ထိုဝတ္ထုကို ဇာတ်တော်အဖြစ်သို့ အသွင်ပြောင်းလိုက်ပြီးလျှင် ဇာတ်လိုက်ကိုလည်းဘုရားအလောင်းဟု ရုပ်လုံးဖော်လိုက်ကြခြင်းဖြစ်၏။ သို့သော ဇာတ်တော်အစစ်များကိုလည်း အချို့သုတ်စုများ၌ တွေ့နိုင်ပေသေးသည်။

အနောက်တိုင်းသား ပါဠိစာပေ ပညာကျော် 'ရီးဇ် ဒေဝစ်' ရေးသားသော 'ဗုဒ္ဓခေတ် ဣန္ဒိယ' မည်သော ကျမ်းတွင် ပါဠိတော်မှ ထုတ်နုတ်၍ ဇာတ်တော် ဆယ်ခုကို ဖော်ပြထားရာ ဒီဃနိကာယ်ဝင် 'ကူဋဒန္တသုတ်' နှင့် 'မဟာသုဒဿနသုတ်' တို့သည်ရင်း မဇ္ဈိမနိကာယ်ဝင် 'မခါ ဒေဝသုတ်' သို့မဟုတ် 'မဃဒေဝသုတ်' သည်ရင်း ဇာတ်တော်များ ဖြစ်ကြသည်ဟု ရေးသားထားသည်ကို တွေ့ရှိရ၏။

ပိဋကတော်ဝင် ဇာတ်တော်အစစ်ကား တွေ့ရန်ခဲယဉ်းလှ၏။ အဋ္ဌကထာသာလျှင် တွေ့ရှိနိုင်ရကား အဋ္ဌကထာ အလိုအရ ဇာတ်တော်ကို အောက်ပါအတိုင်း ပိုင်းခြားထားသည်။ • ။

က၊ နိဒါန်းဝတ္ထု = ပစ္စုပ္ပန်ဝတ္ထု...ဖေါ်ပြပါလက်ရှိပုံ ဝတ္ထုကို မည်သည့်အချိန်၌ ဘုရားမြတ်စွာ ဟောကြား တော်မူကြောင်း ညွှန်ပြသည်၊

ခ၊ အတိတ်ဝတ္ထု = စကားပြေဖြင့် ရေးသားထား၍ အလားတူ အချက်ပါဝင်သော ဘုရားမြတ်စွာ၏ ရှေး အတိတ်ကို ဆောင်သည်၊

ဂ၊ ဝေယျာကရဏ = အတိုကောက် အဖွင့်၊

ဃ၊ သမောဓာန = ဇာတ်ပေါင်း၊

ဇာတကဋ္ဌဝဏ္ဏနာကျမ်းကို အမည်မသိ သီဟိုဠ်ရဟန်း တော်တပါး ပြုစုကြောင်း သိရှိရ၏။ ဇာတကဋ္ဌဝဏ္ဏနာ ကျမ်းကား ပါဠိဇာတက အဋ္ဌကထာကျမ်းကို မှီးထားသော ကျမ်းဖြစ်သည်။ 'ရှင်ဗုဒ္ဓဃောသ' သည် ထိုဇာတကဋ္ဌ ဝဏ္ဏနာကို သီဟိုဠ်ဘာသာမှ ပဠိဘာသာ ပြန်ဆိုတော် မူသည်။

ဂါထာအရေအတွက်ကိုလိုက်၍ ဇာတ်တော်များကို စီစဉ် ထားရာ ဇာတ်တော် ကဏ္ဍပေါင်း(၂၂)ကဏ္ဍရှိသည်။ ပဌမ ကဏ္ဍတွင် ဂါထာတပုဒ်စီဖြင့် ဇာတ်ပေါင်း(၁၅၀) ဒုတိယ ကဏ္ဍတွင် ဂါထာနှစ်ပုဒ်စီဖြင့် ဇာတ်ပေါင်း(၁၀၀) တတိယ ကဏ္ဍတွင် ဂါထာသုံးပုဒ်စီဖြင့် ဇာတ်ပေါင်း(၅၀) စသည်ဖြင့်ပါဝင်ကြသည်။ ဂါထာအရေအတွက် တိုးသွား သည်နှင့်အမျှ ဇာတ်အရေအတွက်မှာ လျော့၍လိုက်သည်။ သို့သော် တခါတရံ၌ ဤအစီအစဉ်အတိုင်း မဟုတ်ပြန်ချေ။ အကြောင်းကား ပဌမ ကဏ္ဍတွင် ဂါထာပေါင်း (၄) ဂါထာမှ (၁၁)ဂါထာအထိ ပါဝင်သော ဇာတ်တော်များ

ကိုရင်း ဒုတိယ ကဏ္ဍတွင် ဂါထာပေါင်း (၃) ဂါထာမှ (၁၀) ဂါထာအထိ ပါဝင်သော ဇာတ်တော်များကိုရင်း အသီးအသီး တွေ့ရသောကြောင့်တည်း။

ဂါထာများသည်သာလျှင် ပိဋကတော်ဝင် ဇာတ်တော်များအဖြစ် အသိအမှတ်ပြုရန် ခိုင်လုံသည်ဟု ဆိုသင့်၏။ စကားပြေကား အဋ္ဌကထာလာ ဇာတ်တော်များသာဟု ယူဆတန်ရာသည်။ ဣန္ဒိယစာပေလောကတွင် စကားပြေနှင့် ဂါထာ နှစ်ခုရောစပ်ကာ ရေးသားသော စာသွားစာလာမှာ အထူးခေတ်စားလှရာ ဇာတကတ္ထဝဏ္ဏနာတွင် ပါဝင်သော ဂါထာအားလုံးတို့သည် ပိဋကတော်ဝင် ဂါထာအားလုံး ဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှတဲဆစ်ချမယူဆသင့်ပေ။ အခြားဟိန္ဒူစသော ပုံပြင်များမှ ကောက်နုတ်ထားသည်လည်း ဖြစ်တန်ကောင်း၏။

ဇာတ်တော်များကို အစောဆုံး ခရာစ်မတိုင်မီ ဒုတိယ ရာစုနှစ်နှင့် တတိယ ရာစုနှစ်တွင် 'ဘရဟုတ်' နှင့် 'သဉ္စိ' ပုထိုးနှစ်ဆူ၏ ဘုရားတိုင်များတွင် ရေးထွင်းထားသည်ကို တွေ့ရလေသည်။ ထိုဘုရားတိုင်တို့တွင် ဇာတ်တော်များကို ခေါင်းစဉ်များနှင့်တကွ အထင်အရှား ရေးထွင်းထားသည်ကို ကောင်းစွာ မြင်နိုင်၏။ အချို့ဝတ္ထုများမှာ ဗုဒ္ဓဘာသာနှင့် စပ်ဆိုင်သော ဝတ္ထုများမဟုတ်ချေ။ အခြားဘာသာ ဇာတ်ဝတ္ထုများကို ဗုဒ္ဓဘာသာ ဇာတ်ဝတ္ထုများ အဖြစ်သို့ ပြောင်းလွှဲထားဟန်တူသည်။ အချို့စကားပုံနှင့် ပုံပြင်တို့မှာလည်း ဗုဒ္ဓဘာသာမထွန်းကားမီ ရှေးဝေဒခေတ်ကပင် ပေါ်ပေါက်နေပြီး ရှိတန်ရာသည်၊

ဇာတ်တော်တို့နှင့် ထပ်တူထပ်မျှဖြစ်သော ပုံဝတ္ထုများကို 'မဟာဘာရတ' 'တန္တြာချာယိက' 'ဟိတောပဒေသ' အစရှိသော ဟိန္ဒူကျမ်းများတွင် မြောက်မြားစွာ တွေ့နိုင်လေသည်။

ဥပမာ... ခြသေ့ရေဝတ်သောမြည်းဇာတ်နှင့် မိကျောင်းနှင့် မျောက်မင်း ဇာတ်တို့ကို ဟိတောပဒေသ ကျမ်းနှင့် တန္တြာချာယိကကျမ်းတွင်တွေ့ရှိရ၏။ ထို့ပြင် ဟိန္ဒူ 'ဥပနိသျကျမ်း' နှင့် မဟာဘာရတကျမ်းတို့တွင် ပါရှိသော စကား အခြေအတင် ပြောခန်းများနှင့်လည်း တသေဝထည်း ရှိနေချေသည်။ 'ဒဓိဝါဟနဇာတ်တော်' မှာလည်း ဂျာမန် နတ်သမီး ပုံပြင်၏ 'စားပွဲအလိုဖြည့်ပါ' မည်သောပုံပြင်နှင့် ထပ်တူထပ်မျှပင်ဖြစ်၏။ အချို့ဇာတ်များမှာ အနောက်နိုင်ငံများမှ ကူးဝင်ရောက်ရှိလာသည့်ပုံပြင်များဟု ယူဆဘွယ်ရာပင်ဖြစ်သည်။ အကြောင်းကား 'မိဂ္ဂ ဝိန္ဒကဇာတ်' နှင့် 'ဝလဟဿဇာတ်' တော်တို့ကဲ့သို့သော အလားတူ ပုံပြင်များ ဖြစ်ကြသည့် 'Circe and Calypso' မည်သော ပုံပြင် တို့ကို အနောက်ဘိုင်း ပုံပြင်များ၌ တွေ့ရသောကြောင့်တည်း။ ထို့ပြင်တဝ 'ပဒုမဇာတ်'နှင့် 'တိရစ္ဆာန်စကား နားလည်သော ဘုရင့်ဇာတ်တော်' များကိုလည်း ကမ္ဘာ့စာပေတွင် အလားတူ တွေ့နိုင်ပြန်သည်။ 'ဝေဒဗ္ဗဇာတ်တော်' သည် 'ချောစား ရေးသည့် 'Pardoner's Tale' = ခွင့်လွှတ်သူ မည်သော ပုံပြင်နှင့် တသဝေမတိမ်းပင်ဖြစ်၏။

အချို့ဇာတ်တော်များမှာ ဗုဒ္ဓဘာသာ အယူဝါဒနှင့် လုံးဝမသက်ဆိုင်ရုံမျှမက ဗုဒ္ဓဘာသာနှင့် ဖြောင့်ဖြောင့်ကြီး

ဆန့်ကျင်လျက်ပင်ရှိနေချေသည်။ သာဓက ဆောင်ရသော်.... 'မတကာ ဘတ္တ' ဇာတ်ကို ထောက်ရှုလျှင် ထိုဇာတ်သည် သေသူအား အသက်သတ်ကာ ယဇ်ပူဇော်ခြင်းနှင့် စပ်လျဉ်း၍ မူရင်းအားဖြင့် မည်သည့်နည်းနှင့်မျှ ဗုဒ္ဓဘာသာ ဇာတ်တော် မဟုတ်နိုင်ချေ။ အကြောင်းကား အသက်သတ်ကာ ယဇ်ပူဇော်ခြင်း အလေ့အထကို ဘုရားမြတ်စွာသည် အလွန်စက်ဆုပ် ရွံရှာတော်မူ၍ ထိုအယူဝါဒကို အပြင်းအထန် ယုတ်ချတိုက်ဖျက်တော်မူခဲ့သောကြောင့်တည်း။ ။

သို့သော် အလောင်းတော်ဘဝတွင် ပြုလုပ်ခဲ့သောအလုပ်အကိုင် အယူအဆတိုင်း ဗုဒ္ဓဝါဒနှင့် ကိုက်ညီရမည် မဟုတ်ကြောင်းကိုလည်း ဆင်ခြင်အပ်ပေသည်။ သိဝိဇာတ် ဝေဿန္တရာဇာတ် သုဝဏ္ဏသာမဇာတ် မိဘကိုလုပ်ကျွေးသော ကြက်တူရွေးမင်းဇာတ် ဝိဓူရဇာတ် မဟောသဓဇာတ် စသော ဇာတ်တော်များမှာမူကား ဗုဒ္ဓဘာသာကိုသာလျှင် အခြေပြုသားသော ဇာတ်တော်များ ဖြစ်ပေသည်။ ။

ဇာတ်တော်များကို ဟီနယာနဂိုဏ်း အတွက် သက်သက် မဟာယာနဂိုဏ်းအတွက် သက်သက်စသဖြင့် ဂိုဏ်းတခုထည်းကိုသာလျှင်း ရည်ညွှန်း၍ ဟောကြားထားခဲ့သည် မဟုတ်။ ဗုဒ္ဓသာသနာတော်ကြီး တခုလုံးကို ဝါဒဖြန့်ရာတွင် အထိရောက်ဆုံးသော အစွမ်းဆောင်နိုင်ဆုံးသော လက်နက်အင်အား တခုအနေဖြင့် အသုံးပြုခဲ့ကြခြင်းဖြစ်သည်။ ဗမာပြည်နှင့် သီဟိုဠ်ကျွန်းတွင် ဇာတ်တော်များ ဟောကြားမည်ဆိုပါက ပြည့်ပျင်းရိခြင်းမရှိ စိတ်ရောကိုယ်ပါ အားတက်

သရော နေ့ရောညဉ့်ပါ နားထောင်မည့်သူများမှာ မရေတွက်နိုင်အောင်ပင် များပြားပေမည်။ ကြီး,ငယ်မဟူ ရဟန်းရှင်လူ မရွေး ပညာတတ် ပညာမဲ့ မကျန် လူတိုင်းလူတိုင်း၏ နှလုံးအိမ် အကြည်ဓာတ်တွင် မကွယ်မပျောက် ကိန်းအောင်းလျက် တည်ရှိနေသည်မှာ ဇာတ်ကော်များသာတည်း။ ဗုဒ္ဓဘာသာပြန့်ပွါးရာ ဒေသတိုင်းတွင် ဇာတ်တော်များသည် ခေတ်အစားဆုံး လူကြိုက်များဆုံး အဖြစ်ဖြင့် ထိပ်တန်းကသာလျှင် အစဉ်အမြဲ တည်ရှိချေသည်။ ။

တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ကမ္ဘာ့စာပေ ရိပ်မြုံကြီးဝယ် တည်ရှိကြသော စာအမြုတေ ရတနာတို့ အနည်းနည်း အသွယ်သွယ် ပြောင်မြောက်တိုးတက် ဖွံ့ဖြိုးရသည်မှာ ဇာတ်တော်များ၏ ဥပကာရများကြောင့်ဟု ဆိုရပေမည်။ အထူးသဖြင့် တိဗက်စာပေနှင့် တရုပ်ဗုဒ္ဓဘာသာ စာပေတွင် ဗုဒ္ဓဘာသာ ဇာတ်ဝတ္ထုများကား များပြားလှပါဘိတောင်း။

အာသျှတိုက် တတိုက်လုံးတွင် ဗုဒ္ဓိယ ကျင့်ဝတ်သဘောတရားများနှင့် ဗုဒ္ဓိယ အယူဝါဒတို့သည် ဗုဒ္ဓဘာသာ အယူဝါဒ ဗုဒ္ဓဘာသာ ဇာတ်တော်များကို အကြောင်းပြု၍သာလျှင် ပြန့်နှံ့ရလေသည်။ ရိုးရိုးတရားကိုယ် သဘောသက်သက်ဖြင့် သင်ကြားညွှန်ပြလျှင် ကျင့်ဝတ်များသည် လူတို့၏ စိတ်ဓာတ်ကို အကြီးအကျယ် လွှမ်းမိုးဆွဲဆောင်နိုင်မည် မဟုတ်ချေ။ ဇာတ်တော်အနေအထားမျိုးကြောင့်သာ အပြင်းအထန် ထိခိုက်ယူကျုံးနိုင်ပေသည်။ သို့ကြောင့်လည်း လူတိုင်းလူတိုင်း စိတ်မဝင်စားဘဲ မနေနိုင်စေရန် ပုံဝတ္ထု

သွားဖြင့် ကျင့်ဝတ်များကို သင်ကြားဟောပြတော်မူခဲ့ခြင်း ဖြစ်သတည်း။

အကောင်းဖြင့် အနိုင်ရခြင်း အဆိုးကြောင့် အရေးနိမ့်ရခြင်း မှန်ကန်ခြင်း အနုနည်းသက်သက် အကြမ်းမဖက်ခြင်း ကံ, ကံ၏အကျိုးတရားကိုယုံကြည်ခြင်း သဟ္တဝါအားလုံး အပေါ် မေတ္တာပွါးခြင်း ပေးကမ်းစွန့်ကြဲခြင်း ကိုယ်ကျိုးစွန့်ပယ်ကာ အများအကျိုးကို ငဲ့ကွက်ခြင်းစသော သန့်စင်မွန်မြတ်သည့် အရည်အချင်းများကို အာသျှတိုက်သားတို့၏ စိတ်ဓာတ်ဝယ် ဝတ္ထုကြောင်းဖြင့် သံမှိုနှက်သကဲ့သို့ ထိရောက်စွာ သွင်းပေးလေသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာ၏ ကျင့်ဝတ်သဘောများကို ဤဇာတ်ဝတ္ထုများ အကူအညီဖြင့် ကျယ်ပြန့်စေ၏။ကိရစ္ဆာန်များကို သတ်ဖြတ်ကာ ယဇ်ပူဇော်ခြင်း၏ လွဲမှားသောလမ်းစဉ် ဘာသာရေးအခမ်းအနားဓလေ့ထုံးစံများ (အထူးသဖြင့် ယဇ်အခမ်းအနား)၏အကျိုးမဲ့ပုံနှင့် ဗုဒ္ဓဘာသာနှင့် စပ်ဆိုင်သော အခြားစည်းမျဉ်းများကို ဤဝတ္ထုဇာတ်များဖြင့် အခြားနိုင်ငံများနှင့် လူမျိုးများတို့သို့ ပြန့်နှံ့စေလေဟောသည်။

နက်နက်နဲနဲ မတွေးဆဘဲ အပေါ်ယံ သာမန်အမြင်ဖြင့် ဇာတ်တော်များကို သုံးသပ်သော် နက်နဲခဲယဉ်းသော ဒဿဘိ-ဓမ္မာ သဘောတရားတို့ကို တွေ့ခဲ-မြင်ခဲဘိတောင်း။ ရိုးရိုးသာမန် ဖေါ်ထုတ်ထားသော ကျင့်ဝတ်စည်းမျဉ်းများသာ ထင်လင်းပြတ်သားစွာ ပေါ်လွင်လျက်ရှိသည်။ ဇာတ်တော်များနှင့် ပတ်သက်၍ အချုပ်ကိုဆိုရသော် ဗုဒ္ဓဘာသာ ကျင့်ဝတ်များကို ဝါဒဖြန့်ရာဝယ် ဇာတ်တော်များ၏ ကျေးဇူးကားအတိုင်းမသိ ကြီးမားလှပါဘိ၏၊

လူ့လောက ကျင့်ဝတ်များအတွက်သာ မဟုတ်တုံသေး။ စာပေနှင့်ပန်းပု ပန်းချီစသော သုခုမ ပညာရပ်နှင့် ယဉ်ကျေးမှု သမိုင်းအတွက်လည်း ဇာတ်တော်များ၏ တန်ဘိုးကို မှန်းဆ အကဲဖြတ်ရန် ခဲယဉ်းလှဘိသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာနှင့် စပ်ဆိုင်သော သာသနာ့အဆောက်အဦများတွင် ဇာတ်တော်များကို အမျိုးမျိုးအဖုံဖုံ ရေးထွင်းခြင်းကျင်းထားလေ့ရှိသဖြင့်လည်း ပန်းချီနှင့် ပန်းပုပညာရပ်များသည် ဇာတ်တော်များကြောင့်သာ ထွန်းကားတိုးတက် ကောင်းမွန်ပြောင်မြောက်၍ လာရသည်ဟု ဆိုရပေမည်။

ပန်းပုနှင့် ပန်းချီပညာ လက်စွမ်းပြထားသော ဇာတ်တော်များကို အောက်ပါဒေသများတွင် တွေ့နိုင်သည်။

ခရစ်မပေါမီ ဒုတိယ(၀၁)တတိယရာစုနှစ်တွင် ဣန္ဒိယပြည် 'ဘရဟုတ်' နှင့် 'သဉ္စိ' ပုထိုးတုရိုက်တိုင်များနှင့် 'ဗုဒ္ဓဂါယာ'။

ခရစ်မပေါမီ ဒုတိယရာစုတွင် 'အမရာဝတီကျောက်စာတိုင်များ' နှင့် 'အဇန္တာ' ဂူများ။

ခရစ်နှစ် နဝမရာစုတွင် 'ဂျာဝါပြည်' 'ဗောရောဗုဒုရ်' ဘုရား ကျောင်းများ။

ခရစ်နှ် (၄၁၂) တွင် 'အဘယဂိရိ'၌ ကျင်းပသော စွယ်တော်ပွဲဝယ် ဇာတ်တော်(၅၀၀)ကို သီဟိုဠ်ဘုရင်သည် လမ်းတဘက်တချက်တွင် အရုပ်များထုလုပ်ကာ ခင်းကျင်းပြသ ထားသည်။

ခရစ်နှစ်(၁၃)ရာစုတွင် 'ပမာပြည်' 'ပုဂံမြို့ရှိဘုရားများ'။ ('အနန္တဂူနှင့် ဖက်လိပ်')။

ခရစ်နှစ် (၁၄)ရာစုတွင် ယိုးဒယားပြည် 'သုခေါဒယမြို့'။

ယဉ်ကျေးမှုဘက်မှနေ၍ ကြည့်ပြန်လျှင်လည်း ဘုရားမြတ်စွာ လက်ထက်တော်က လူတို့ မည်သို့ နေထိုင်ကြသည် တိုင်းပြည်အခြေအနေ မည်သို့ရှိသည်-စသော လူ့သမိုင်းနှင့် နိုင်ငံရေးသမိုင်းတို့အတွက် ခိုင်လုံသော အထောက်အထားများ မဟုတ်စေကာမူ ခရစ်မတိုင်မီ ပဉ္စမရာစုနှင့် ဆဋ္ဌရာစုနှစ်ခေတ် အခြေအနေအတွက်မူကား အထောက်အထား မြောက်မြားစွာ ရနိုင်သည်။ ဇမ္ဗူဒီပယပြည် လူတန်းစား အမျိုးမျိုး၏ လူနေမှု အဆင့်အတန်းနှင့် ယဉ်ကျေးမှု အဝတ်ကို ဇာတ်တော်များမှလွဲ၍ မည်သည့် 'ဇမ္ဗူဒီပယစာပေလောက'ကမှ ခိုင်လုံသော အထောက်အထား မပေးစွမ်းနိုင်ချေ။

မူရင်းပါဠိတော်ဝင် ဇာတ်တော်များမှာ ဂါထာများဖြင့်သာဖြစ်၍ ယခုလက်ရှိဇာတ်တော်များကား ဇာတကဋ္ဌကထာကျမ်း မှ ကောက်နုတ်ချက်များသာဟု ဆိုရပေမည်။

ထူးခြားချက်မှာ ဇာတ်တော်များကို သေချာစွာ ဝေဖန်စိစစ်လျှင် အရေးအသား အသုံးအနှုန်းနှင့် တကွ ပါဝင်သော အကြောင်းအရာတို့သည် အခြားကျမ်းများနှင့်မတူ တမူကွဲလျက် ကမ္ဘာ့စာပေလောကတွင် စံတင်ထိုက်လှပါပေကြောင်း။

---

"ဇာတ်တော်များအရေးအသား"

၁။ စကားပြေဇာတ်သွားတွင်ဒုက္ခာရုံလင်္ကာများ နှက်သွီး ပုံပြင်စာပိုဒ်များ စကားပုံတိုများ အကြားအကြားညှပ်ထားခြင်း။

၂။ သီချင်းများ (က) စကားအချေအတင် အသွားမျိုး၊ (ခ) လင်္ကာဖြင့် စကားအချေအတင်ပြုသော ဂါထာဇာတ်သွား၊

၃၊ စကားပြေဖြင့် နိဒါန်းပျိုး၍ လင်္ကာဖြင့် ဆက်သော ဇာတ်လမ်း ရှည်ကြီးများ၊
၄၊ အကြောင်းအရာမျိုးစုံနှင့် ပတ်သက်သော စကားပုံများ၊
၅၊ ပျို့များနှင့် ပျို့အစအနများ၊

"ဇာတ်တော်များ၌ ပါဝင်သည့် အကြောင်းအရာများ"

၁၊ လောကီရေးရာဖြစ်သော နီတိနှင့် ပတ်သက်သော ဒဏ္ဍာရီများ ရသေ့ရဟန်းတို့နှင့် စပ်လျဉ်းသော ကျင့်စဉ်ကျင့်ထုံး (ဗုဒ္ဓဘာသာနှင့်ဟိန္ဒူ)၊
၂၊ ဥရောပနတ်သမီး ပုံပြင်များကဲ့သို့သော တိရစ္ဆာန် ပုံပြင်များပါသည့် နတ်သမီး ပုံပြင်များ (ဗုဒ္ဓဘာသာနှင့် ဟိန္ဒူ)၊
၃၊ ပုံတိုများ ရယ်ရွှင်ဘွယ် ဟာသဝတ္ထုများ၊ (ဗုဒ္ဓဘာသာ နှင့်မဆိုင်)၊
၄၊ ဝတ္ထုများ စွန့်စားခန်း အချစ်ခန်း များပါသော ဝတ္ထုရှည်များ (ဇာတ်လိုက်မှာ ဘုရားအလောင်း ဖြစ်သည်မှ အပ အကြောင်းအရာများသည် ဗုဒ္ဓဘာသာ တရားတော်များနှင့် လုံးဝမပတ်သက်ချေ)၊
၅၊ ကျင့်ထုံးများ။
၆၊ စကားပုံများ။
၇၊ ဘာသာတရားကို လေးစား ကိုင်းရှိုင်းသော ပုံပြင်များ (အချို့ပုံပြင်များသာလျှင် ဗုဒ္ဓဘာသာကိုအခြေပြုထားသည်၊ များသောအားဖြင့် ဟိန္ဒူအယူဝါဒနှင့် သက်ဆိုင်၏)။

ဗုဒ္ဓဘာသာ ရဟန်းများသည် ဗုဒ္ဓဘာသာ ကျင့်ဝတ် ကျင့်ထုံး သဘောတရားများကို သင်ကြားပြသရန်အတွက်

အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး အင်အားစုအဖြစ်ဖြင့် ဤဝတ္ထု ပုံပြင်ပုံတိုများကို အသုံးပြုကြလေတော့သည်။

ဇာတ်တော်များကို နာကြားဘတ်ရှုခြင်းအားဖြင့် အတိုင်းမဖြတ်နိုင်သော အကျိုးကျေးဇူးများ ရရှိနိုင်သေသည်။

ဥပမာ ပြရသော်............

၁၊ ဥဏ္ဏဝသ ဖွံ့ဖြိုးစေသည် .... မဟောသဓဇာတ်။
၂၊ ငွေလုံ့လ တိုးတက်စေသည်....... ဇနကဇာတ်။
၃၊ သူရသတ္တိ မြင့်တက်စေသည် ဇနကဇာတ်။
၄၊ မိဘကျေးဇူးကို ဆပ်စေသည်... သုဝဏ္ဏသာမဇာတ်၊
၅၊ အလှူဒါန ရက်ရောစေသည် .. သသပဏ္ဍိတဇာတ်။
သိဝိဇာတ်၊
ဝေဿန္တရာဇာတ်၊

စာရိတ္တနှင့် ပတ်သက်၍လည်း ပြုပြင်ရန် အသောက်အထား များစွာပင်ရလေသည်။

ပုံစံ တင်ပြရသော်........

၁၊ အမိကို ပြစ်မှား၍ ငရဲလားရသော မိတ္တဝိန္ဒကဇာတ်။
၂၊ ပရဒါရကို ကျူးလွန်မိ၍ အရှက်အကြောက် ကင်းမဲ့သည့် အခြေအထိ ဖြစ်ရသော သိပ်မင်းနှင့် ဥမ္မာဒန္တီဇာတ်၊
၃၊ သူတပါးအား ကောက်ကျစ်စဉ်းလဲမှုဖြင့် မိမိကိုယ်တိုင် လှည့်စားခြင်းခံရကာ အသက်ဆုံးရှုံးရသည့် ကျိုင်းစဉ်းလဲဇာတ်၊
၄၊ မိတ်ကောင်းနှင့် ပေါင်းဖေါ်မိသဖြင့် အသက်ချမ်းသာရရသော ဆတ္တာသည်ဇာတ်နှင့် ယုန်မြီး လိပ်ဇာတ်။

——o——

## (၁၁) "မဟာနိဒ္ဒေသ"
## (၁၂) "စူဠနိဒ္ဒေသ"

နိဒ္ဒေသဟူသည် ရှင်းလင်း ဖွင့်ဆိုချက်များတည်း။ နိဒ္ဒေသအလိုအရ ပုဒ်များကို အောက်ပါအတိုင်း ဥပြုဟ်ပြသည်။

### "မောနေယျ = စောင့်စည်းမှု"

၁၊ ကာယ မောနေယျ၊
၂၊ ဝစီ မောနေယျ၊
၃၊ မနော မောနေယျ၊

### "မုနိ"

၁၊ အဂါရိ မုနိ = သူတော်စင် ဝတ်ကြောင်၊
၂၊ အနာဂါရိ မုနိ = ဘိက္ခု = ရဟန်း၊
၃၊ သေခ မုနိ = ရဟန္တာ မဖြစ်သေးသော အရိယာ
၄၊ အသေခ မုနိ = ရဟန္တာ။
၅၊ ပစ္စေက မုနိ = ပစ္စေကဗုဒ္ဓါ၊
၆၊ မုနိ မုနိ = တထာဂတ = ဘုရားမြတ်စွာ၊

### "ကာမ"

၁၊ ဝတ္ထုကာမ = ရူပ သဒ္ဒ ဂန္ဓ ရသ စသည်တို့တည်း၊
၂၊ ကိလေသာ ကာမ = ဆန္ဒ ရာဂ သံကပ္ပ စသည်တို့တည်း၊

### "သိက္ခာ"

၁၊ အဓိသီလ သိက္ခာ = ခုဒ္ဒက သီလက္ခန္ဓ မဟန္တ သီလက္ခန္ဓ၊
၂၊ အဓိစိတ္တ သိက္ခာ = ဈာန်လေးပါး၊
၃၊ အဓိပညာ သိက္ခာ = သစ္စာ လေးပါး၊

"ဘိက္ခု"

သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ ရာဂ ဒေါသ မောဟ စသည်တို့မှ ကင်းလွတ်ပြီးသော ဘိက္ခု။

"ဓောနာ"

ပညာ။

"ဩဃ"

ကာမ ဘဝ ဒိဋ္ဌိ အဝိဇ္ဇာ။

"ကုသလ - လိမ္မာကျွမ်းကျင်သူ"

ခန္ဓ ဓာတု အာယတန ပဋိစ္စသမုပ္ပါဒ သတိပဋ္ဌာန သမ္မပ္ပဓာန ဣဒ္ဓိပါဒ ဣန္ဒြိယ ဗလ ဗောဇ္ဈင် မဂ္ဂ ဖလ နိဗ္ဗာန။

"ဂါမကထာ = ဒင်္ဒိစကား"

မင်း ခိုးသူ စစ်သား စစ်ပွဲ သေရည်သေရက် ယာဉ် ဆွေမျိုး မိန်းမစသည်တို့နှင့် စပ်လျဉ်း၍ အတင်းအဖျင်း ပြောဆိုခြင်း။

"လောက"

နိရယ လောက တိရစ္ဆာနယောနိ လောက ပေတ္တိဝိသယ လောက မနုဿ လောက ဒေဝ လောက ခန္ဓ လောက ဓာတု (ဒသဓာတု) လောက အာယတန လောက အယံ လောက ပရော လောက သဗြဟ္မ လောက သဒေဝ လောက။

"ဓော"

တဏှာ။

"ဂဏ္ဍာနိ"

ကာယ ဂဏ္ဍ = အဘိဇ္ဈာ ဗျာပါဒ သီလဗ္ဗတ ပရာမာသ ဣဒံသစ္စာဘိ နိဝေသ။

‘‘ပုဗ္ဗာသဝ’’

ရူပ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ။

‘‘ဝိဝဋ္ဋ စက္ခု’’

မံသ စက္ခု ဒိဗ္ဗ စက္ခု ပညာ စက္ခု ဗုဒ္ဓ စက္ခု သမန္တ စက္ခု။

‘‘ပရိဿယ = ဘေး’’

ပါကဋ = ခြင်္သေ့ ကျားစသော သားရဲတိရစ္ဆာန် ဘေး၊

ပဋိစ္ဆန္န = လောဘ ဒေါသ မောဟ ဆန္ဒစသည့် ဘေး၊

‘‘ကဏှ’’

နမုစိ = မာရ်နတ်။

‘‘စတ္တာရော ဒါသာ’’

အန္တောဇာတ ဒါသ = အိမ်ပေါက်ကျွန်၊
ဓနက္ကီတ ဒါသ = ငွေဝယ်ကျွန်၊
သာမံဝါ ဒါသဗျံ ဥပေတိ = အလိုအလျောက် ကျွန်ခံသူ၊
အကာမကောဝါ ဒါသဗျံ ဥပေတိ = ဘေးကြောင့် ကျွန်ခံရသူ၊

‘‘စတ္တာရော ဗန္ဓု’’

ဉာတိ ဗန္ဓဝ = သွေးတူ၊
ဂေါတ္တ ဗန္ဓဝ = အနွယ်တူ၊
မန္တ ဗန္ဓဝ = ပညာသင်၊
သိပ္ပ ဗန္ဓု = အတတ်သင်၊

## ''နှ''

ခတ္တိယ ပြဟ္မဏ ဝေဿ သုဒ္ဒ ဂဟဋ္ဌ ပဗ္ဗဇိတ ဒေဝ မနုဿ။

## ''နာနာရောဂါ''

စက္ခု ရောဂ၊ သောတ ရောဂ၊ ဃာန ရောဂ၊ ဇိဝှါ ရောဂ၊ ကာယ ရောဂ၊ သီသ ရောဂ၊ ကဏ္ဏ ရောဂ၊ မုခ ရောဂ၊ ဒန္တ ရောဂ၊ ကာသ ရောဂ (ချောင်းဆိုး)၊ သာသော ပိနာသ ရောဂ (ခေါင်းခဲ)၊ ကုစ္ဆိ ရောဂ (ဝမ်းဗိုက်နာ)၊ မုစ္ဆာ ရောဂ (မူးမေ့ခြင်း)၊ ပက္ခန္ဒိကာ ရောဂ (သွေးဝမ်း)၊ သူလာ ရောဂ (ဘေးထိုးရင်ကြပ်)၊ ဝိသူစိကာ ရောဂ (ဝမ်းရောဂါ)၊ ကုဋ္ဌ ရောဂ (နူနာ)၊ ဂဏ္ဍောရောဂ (အပေါက်ခြင်း)၊ ကိလာသ ရောဂ (နူနာတမျိုး)၊ သောသ ရောဂ (ချောင်းဆိုးသွေးပါ)၊ အပမာရ ရောဂ (ဝက်ရူးပြန်ခြင်း)၊ ဒဒ္ဒု ရောဂ (ပဲနာ)၊ ကစ္ဆု ရောဂ (ကုတ်ခြစ်မိသောအနာ)၊ လောဟိတ ပိတ္တ ရောဂ (သွေး သည်းခြေနာ)၊ မဓုမေဟာ ရောဂ (ဆီးချို)၊ အံသ ရောဂ (အ...)၊ ပိဠကာ ရောဂ (အပူပူး)၊ ဘဂန္ဒလာ ရောဂ (ခွေးဂရင်ဂျံနာ – ဘဂန္ဒရ)၊ ပိတ္တ သမုဋ္ဌာန ရောဂ (သည်းခြေမှ ဖြစ်သော အနာ)၊ သေမှ သမုဋ္ဌာန ရောဂ (သလိပ်မှဖြစ်သော အနာ)၊ ဝါတ သမုဋ္ဌာန ရောဂ (လေနာ)၊ သန္နိပါတိကာ ရောဂ (...းသန္နိပါတ်)၊ ဥတု ပရိဏာမဇာ အာဗာဓ ရောဂ (ဥတုဖောက်ပြန်

ခြင်းမှ ဖြစ်ပေါ်လာသော အနာရောဂါ)၊ ဝိသမ ပရိဟာရဇာ ရောဂ (အနေအထိုင် အစားအသောက် မှားယွင်းသဖြင့် ဖြစ်သော အနာ)။

## "ဝါဒ"

သဿတောလောကော အသဿတောလောကော

အန္တဝါ လောကော........ အနန္တဝါ လောကော

တံဇီဝံ .............................. တံသရီရံ

အညံ ဇီဝံ......................... .... အညံ သရီရံ

## "ဘာသာရေးနှင့် စပ်ဆိုင်သော ယုံကြည်မှုအမျိုးမျိုး"

၁၊ ဟတ္ထိ ဝတ္တိက – ဆင်ကို ကိုးကွယ်ပသသူ၊
၂၊ အဿ ဝတ္တိက – မြင်းကို ကိုးကွယ်ပသသူ၊
၃၊ ဂေါဏ ဝတ္တိက – နွားကို ကိုးကွယ်ပသသူ၊
၄၊ ကုက္ကုရ ဝတ္တိက – ခွေးကို ကိုးကွယ်ပသသူ၊
၅၊ ကာက ဝတ္တိက – ကျီးကို ကိုးကွယ် ပသသူ၊
၆၊ ဝါသုဒေဝ ဝတ္တိက – ဝါသုဒေဝ နတ်မင်းကို ကိုးကွယ် ပသသူ၊
၇၊ ဗလဒေဝ ဝတ္တိက – ဗလဒေဝ နတ်မင်းကို ကိုးကွယ် ပသသူ၊
၈၊ ပုဏ္ဏဘဒ္ဒဝတ္တိက – ပုဏ္ဏဘဒ္ဒ ဘီလူးကိုကိုးကွယ် ပသသူ၊
၉၊ အဂ္ဂိ ဝတ္တိက – မီးကို ကိုးကွယ် ပသသူ၊
၁၀၊ နာဂ ဝတ္တိက – နဂါးကို ကိုးကွယ် ပသသူ၊
၁၁၊ မဏိဘဒ္ဒ ဝတ္တိက – မဏိဘဒ္ဒ ဘီလူးကိုကိုးကွယ် ပသသူ။

၁၂။ ဂန္ဓဗ္ဗ ဝတ္တိက - ဂန္ဓဗ္ဗကို ကိုးကွယ် ပသသူ။
၁၃။ မဟာရာဇဝတ္တိက - နတ်မင်းကြီးကို ကိုးကွယ် ပသသူ။
၁၄။ စန္ဒ ဝတ္တိက - လကို ကိုးကွယ် ပသသူ။
၁၅။ သူရိယ ဝတ္တိက - နေကို ကိုးကွယ် ပသသူ။
၁၆။ ဣန္ဒ ဝတ္တိက - သိကြားမင်းကို ကိုးကွယ် ပသသူ။
၁၇။ ဗြဟ္မ ဝတ္တိက - ဗြဟ္မာကို ကိုးကွယ် ပသသူ။
၁၈။ ဒေဝ ဝတ္တိက - နတ်ကို ကိုးကွယ် ပသသူ။
၁၉။ ဒိသာ ဝတ္တိက - အရပ် လေးမျက်နှာ ကို ကိုးကွယ်ပသသူ။

---o---

## (၁၃) "ပဋိသမ္ဘိဒါမဂ္ဂ"
## "ခွဲခြားစိတ်ဖြာရာသော်းကြောင်း"

ပဋိသမ္ဘိဒါမဂ္ဂတွင် မြတ်စွာဗုဒ္ဓ၏ အရေးကြီးသော အချို့တရား ဒေသနာတော်များကို ဖေါ်ပြ၍ (၁) မဟာဝဂ္ဂ (၂) ယုဂနဒ္ဓဝဂ္ဂ (၃) ပညာဝဂ္ဂ ဟူ၍ သုံးကဏ္ဍကန့်ထား၏။

(၁) **မဟာဝဂ္ဂ။** ။ ဉာဏ်ဝဂ်ထား ဉာဏ်နှင့် စပ်ဆိုင်သည်။ အနိစ္စ တရားအကြောင်း ပဋိစ္စသမုပ္ပါဒ် တရားအကြောင်း ကာမ ရူပ အရူပ အပရိယာပန္နစသောလောက လေးမျိုးအကြောင်း ရေမီးအစုံပြာဋိဟာအကြောင်းသဗ္ဗညုတရွှေဉာဏ်တော် အကြောင်း သဿတော လောကော အသဿတော လောကော စသော မိစ္ဆာဒိဋ္ဌိအကြောင်း သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာစသော ဣန္ဒြိယ

ငါးပါးအကြောင်း သုညတော အနိမိတ္တော အပ္ပဏိဟိတော စသော ဝိမောက္ခ သုံးမျိုးအကြောင်း ကံ ကမ္မဝိပါက အကြောင်း သောတာပန် သကဒါဂါမိ အနာဂါမိနှင့် ရဟန္တာ အကြောင်းများကို ဤဝဂ်တွင် စုံလင်စွာဖော်ပြ ထား၏။

(၂) ယုဂနန္ဒဝဂ္ဂ။ ။သစ္စာလေးပါး သတိ ဓမ္မဝိစယ ဝီရိယ ပီတိ ပဿဒ္ဓိ သမာဓိ ဥပေက္ခာစသောဗောဇ္ဈင်ခုနစ်ပါး သတိပဋ္ဌာန် လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိလေးပါး သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာစသော ဣန္ဒြေငါးပါး မဂ္ဂင်ရှစ်ပါးတို့ကို ဤဝဂ်တွင် ရှင်းလင်းထားသည်။

(၃) ပညာဝဂ္ဂ။ စရိယာရှစ်ပါး ဣရိယာပုထ်လေးပါး အာယတန ခြောက်ပါး သတိ ပဋ္ဌာန်လေးပါး သစ္စာ လေးပါးနှင့် ဆိုင်သောဉာဏ် သစ္စာလေးပါးနှင့် ယှဉ်သော လမ်း (မဂ်) ပတ္တိဧရိယ (ရဟန်းဘဝ၏ အကျိုးတရား) လောကတ္ထ (လောကကောင်းရာ ကောင်းကျိုး) တန်ခိုး ပြာဋိဟာ အာဒေသနာ အနုသာသနီစသော ညွှန်ကြားချက် များကို ဤဝဂ်တွင် ရှင်းပြထားသည်။

———o———

## (၁၇) "အပဒါန - အပါဒါန်"

သက္ကဋ 'အဝဒါန'သည် ပါဠိ 'အပဒါန'ဖြစ်သည်။အနက်ကား ဖြူစင်သော အပြုအမူ မွန်မြတ်သော အပြုအမူ ဘာသာ တရားကို ရိုသေကိုင်းရှိုင်းကာ ကိုယ်ကျိုးစွန့်လွှတ်ခြင်း တည်းဟူသော မွန်မြတ်သည့် အပြုအမူဟူ၍ ချဲ့တွင် ကောက်ယူကြသည်။ ဘာသာတရားကို ကိုင်းရှိုင်းသည့်

ဆိုရာ၌ ပွင့်တော်မူပြီးသော ဘုရားမြတ်စွာတို့ကို ပူဇော်ပသခြင်း ဒါနဝတ္ထု လှူဘွယ်တခုခုကို ကပ်လှူခြင်းများဖြစ်သည်။အပဒါန်တွင် ပဏိဓာန် (ဝါ) ဆုပန်ခြင်းအလေ့အထ တိုးတက်လာသည်။

ဇာတ်တော်များကဲ့သို့ပင် အပဒါန်တွင် ပစ္စုပ္ပန် ဝတ္ထုများနှင့် အတိတ်ဝတ္ထုများ ပါရှိကြသည်။ ဇာတ်တော်များကား ဘုရားမြတ်စွာ၏ ‘ ဖြစ်စဉ်များ ’တည်း။အပဒါန်မှာမူ ဗုဒ္ဓါပဒါန ပစ္စေကဗုဒ္ဓါ ပဒါနနှင့် ထေရ – ထေရီ အပဒါန ဟူ၍ အမျိုးမျိုး ပြားလျက်ရှိသည်။ ဘုရားမြတ်စွာ၏ အဠုပ္ပတ္တိသာ မကသေး ပစ္စေကဗုဒ္ဓါနှင့် သာဝကများ၏ အခြင်းအရာများကိုပါဖော်ထုတ်ထားသေးသည်။ အပဒါန်၌ ပစ္စေကဗုဒ္ဓကို ရှံဖန်ရ ခါ ‘ ကြံ့ ’နှင့် နှိုင်းခိုင်းထားသည်ကို တွေ့ရ၏။

ထေရ အပဒါန်တွင် အပဒါန်ပေါင်း(၁၀)ခုစီရှိသည်။ ကဏ္ဍပေါင်း (၅၅) ကဏ္ဍ ပါဝင်၍ ထေရီအပဒါန်၌ကား အပဒါန် (၁၀) ခုစီပါရှိသော ကဏ္ဍပေါင်း ၄ုံး လေးခုရှိ၏

ထေရ ထေရီများအနက် မောဂ္ဂလာန အနုရုဒ္ဓ ဥပါလိ အာနန္ဒာ မဟာပဇာပတိဂေါတမီ ခေမာ ကိသာဂေါတမီနှင့် ပဋာစာရီတို့သည် ရာဇဝင်လာ ကျော်ကြား သာ ထေရ ထေရီကြီးများဖြစ်ကြသည်။

အပဒါန်လာ ဝတ္ထုများကား ပူဇော်ခြင်း ရှိခိုးကော်ရော် ပြုခြင်း ပေးကမ်းလှူဒါန်းခြင်းစသော ဘာသာရေးအရ ခေလာက်တမ်းတို့ကို အဓိကပြုကာ ရေးသာ စီရင်ထားသည်ကို တွေ့ရ၏။ ယပ်လှူသူ အဝတ်ခွန်းသူ သရက်သီးကမ်း

လှမ်းသူ ရေကူးသူ ခြေရာပူဇော်သူစသည်ဖြင့် ပူဇော်နည်းအမျိုးမျိုးကို အပဒါန်တွင် လေ့လာနိုင်ပေသည်။

—o—

## (၁၅) "ဗုဒ္ဓဝံသ - ဗုဒ္ဓဝင်"

ဗုဒ္ဓဝံသကျမ်း (၀၁) ဗုဒ္ဓဝင်ကား ဂေါတမဗုဒ္ဓ မတိုင်မီ ပွင့်တော်မူသွားကြကုန်သော (၂၄) ဆူသော ဘုရားမြတ်စွာတို့၏ ဗုဒ္ဓဝင်နှင့် ကမ္ဘာကြီး (၁၂) ခု၏ အကြောင်းတို့ကို ရေးသားသားသော ကျမ်းဖြစ်၍ ကဏ္ဍအားဖြင့် (၂၅) ကဏ္ဍ ရှိလေသည်။

ပဌမကဏ္ဍမှာ နိဒါန်းဖြစ်၍ ကျန်ကဏ္ဍများကား တကဏ္ဍလျှင် ဘုရားမြတ်စွာတဆူ၏ ဗုဒ္ဓဝင်ကို ဖော်ပြထားသည်။ ရည်ရွယ်ချက်၌ကား ကဏ္ဍအားလုံး အဘူတချည်းပင်ဖြစ်၏။ ဗုဒ္ဓသမိုင်းတွင် ဗုဒ္ဓ၏ ဖြစ်စဉ်များမှာ တဆူနှင့်တဆူမပြောပ လောက်ရုံသာ ကွဲလွဲကြောင်း ဗုဒ္ဓဂေါတမ ကိုယ်တော်တိုင် ဟောကြားမိန့်မြွက်တော်မူခဲ့၏။

ဗုဒ္ဓဂေါတမသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် အတိတ်ကိုဆောင်၍ ကိုယ်တော်သည် လွန်ခဲ့သောဘဝများတွင် လူ, နဂါး, ဘီလူးစသော အဖြစ်အချိုးမျိုးဖြင့် ထင်ရှားခဲ့ရပုံ ဒီပင်္ကရာဘုရားမြတ်စွာထံ၌ မည်သို့ ဆုပန်ခဲ့ရပုံ ထိုစဉ်က ဒီပင်္ကရာဘုရားမြတ်စွာက မည်ကဲ့သို့ဗျာဒိတ်ပေးခဲ့ပုံ ဗျာဒိတ်ပေးသည့်အတိုင်း ကိုယ်တော်တိုင်လည်း မည်သို့သန္နိဋ္ဌာန်ချပုံ များကို စုံလင်စွာဟောကြားတော်မူခဲ့၏။

ဗုဒ္ဓဝင်ကို နိဒါန ခေါ် အပိုင်းသုံးပိုင်းဖြင့် အောက်ပါအတိုင်း ကန့်သတ်ထားသည်။

(၁) ဒူရေနိဒါန။ ။ဤနိဒါနတွင် ဗုဒ္ဓဂေါတမအလောင်းသည် ဒီပင်္ကရာ ဘုရားမြတ်ဗွားခံပါး၌ ဘုရားမြတ်စွာဖြစ်ရန် ဗျာဒိတ်ပန်း ခံယူသည်မှစ၍ ဝေဿန္တရာ မင်းကြီးအဖြစ်မှ နတ်ရွာလားကာ တုသိတာ နတ်ပြည်ဝယ် စံပျော်သည့်တိုင် ဖော်ပြထား၏။

(၂) အဝိဒူရေနိဒါန။ ။တုသိတာ နတ်ပြည်မှ စုတေစိတ်ကျသည်မှစ၍ မြတ်စွာဗုဒ္ဓ အဖြစ်သို့ ရောက်သည်တိုင် ဤနိဒါနတွင် ဖော်ပြထားသည်။

(၃) သန္တိကေနိဒါန။ ။ဤနိဒါနတွင် ဗုဒ္ဓဂေါတမဖြစ်သည်မှစ၍ ပရိနိဗ္ဗာန် စံလွန်သည်တိုင် ဖော်ပြထားသည်။

ဗုဒ္ဓဝင်တွင် နောင်အနာဂတ်ကာလ၌ ပွင့်တော်မူလတ္တံ့သော 'မေတ္တေယျ' ဘုရားမြတ်စွာ၏ဗုဒ္ဓဝင်ကိုလည်းဖော်ပြထားသည့်ပြင် ဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ဗုဒ္ဓဂေါတမ၏ ဓာတ်တော် မွေတော်တို့ကို ခွဲယူပုံကိုလည်း အကျဉ်းအားဖြင့် ရေးသားထားသည်။

ဤနေရာ၌ ရေးကျသော ကျမ်းများတွင် ဂေါတမဗုဒ္ဓမတိုင်မီ ပွင့်တော်မူသွားကြသည့် ခြောက်ဆူသော ဘုရားမြတ်စွာတို့၏ ဗုဒ္ဓဝင်ကိုသာလျှင် ဖော်ပြထားကြောင်း သတိချပ်ရပေမည်။ ' ဗုဒ္ဓဝင်ကျမ်း၌မူကား ( ၂၄ ) ဆူလုံးသော

ဘုရားမြတ်စွာတို့၏ ဗုဒ္ဓဝင်ကို စုံလင်စွာ ဖော်ပြထားသည်။
ဗုဒ္ဓဝင်ကျမ်းသည် ခေတ်အတန်ကြာနှောင်းမှ ပေါ်ပေါက်ရကား
မဟာယာန ဂိုဏ်းနှင့်ပို၍နီးစပ်၏။

———o———

☆ ☆ ☆

## (၁၆) "စရိယာပိဋက"

စရိယာ ပိဋကကျမ်းကား ရှေးမရေမတွက်နိုင်သော ဘဝအဆက်ဆက်တို့၌ ဘုရားအလောင်းတော် ကျင့်တော်မူခဲ့သည့် ကျင့်စဉ်စရိယာများကို ထင်ရှားစေရန် ဂါထာများပါဝင်သော ဇာတ်တော်ပေါင်း (၃၅) ခုဖြင့် ဖော်ထုတ်ထားသည့် ကျမ်းဖြစ်သည်။ စရိယာ ဆိုသည်ကား ဗုဒ္ဓဂေါတမ ဆည်းပူးတော်မူအပ်သော 'ပါရမီ' (ပါရမိတာ) တို့ပင်တည်း။ ဤပါရမီတို့ကို အစွမ်းကုန် ကြိုးစားဆည်းပူးခဲ့ခြင်းကြောင့် ဂေါတမဘုရားလောင်းသည် ဘုရားမြတ်စွာအဖြစ်သို့ ရောက်တော်မူရလေသည်။

စရိယာပိဋကဂင် ဝတ္ထုများကို ဇာတ်တော်များ၌လည်း တွေ့ရှိရစေကာမူ ထူးခြားချက်ကား စရိယာ ပိဋကတွင် ပါရမီဆယ်ပါးကို ပုံဝတ္ထုများ အကူအညီဖြင့် ထင်ရှားစွာ သရုပ်ဖော်ထားသည်။ ဝတ္ထုများကို ဘုရားမြတ်စွာ ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့၍ တခါတ္ပံ ဝတ္ထုတခုလုံး၏ ဆိုလိုရင်း သဘောကိုအကျဉ်းမျှ ဖော်ပြထားသော ဝတ္ထု၏ တစိတ်တဒေသမှ ထောက်ရှု၍ ယူရလေသည်။

စရိယာ ပိဋကကျမ်းကို ပြုစုရသည့် အဓိက ရည်ရွယ်ရင်းမှာ ပါရမီဆယ်ပါးကို သွန်သင်ညွှန်ကြားရန်အတွက် ဖြစ်ရာ ပုံဝတ္ထုများမှာလည်း ပါရမီကိုသာ အသားပေးထားလေသည်။ ဝါနရိန္ဒ ဇာတ်တော်ကား ဘုရားမြတ်စွာသည် မျောက်မင်းဘဝက သစ္စာပါရမီကို မည်ကဲ့သို့ စောင့်ထိန်းခဲ့ပုံအကြောင်းကို အသားပေးကာ ဖော်ပြထား၏။ ဝေဿ · ဇာတ်တော်မှာမူ ဒါနပါရမီကို ဘုရားအလောင်း

သည် မည်ချလောက် ဖြည့်စွမ်းခဲ့ကြောင်း သရုပ်သင်စေ၏။ နိမိမင်းဇာတ် သိဝိဇာတ်၊ တေမိယ ဇာတ်တော်တို့မှာလည်း ဘုရားလောင်းသည် ပါရမီ အသီးသီးကို မည်သို့စောင့်ရှောက်ခဲ့ကြောင်း ဖော်ပြသော ဇာတ်တော်များ ဖြစ်၏။

ရှေ့ပိုင်း ပိဋကတော်တွင် ပါရမီနှင့် ပတ်သက်သော သဘောတရားများ မတွေ့ရကြောင်းကို ဤနေရာ၌ သတိချပ်သင့်ပေသည်။

အနောက်တိုင်းသား ပညာရှင်များက ဤသို့ဆိုကြပြန်သေး၏။

"ပါရမီနှင့်စပ်လျဉ်းသည့် အယူဝါဒများမှာ ဗုဒ္ဓဘာသာ ထွန်းကားပြီးနောက် ခေတ်အတန်ကြာ နှောင်းမှ ပေါ်ပေါက်လာခြင်းဖြစ်သည်၊ စရိယာ ပိဋကကျမ်းမှာ စင်စစ် ပါရမီသက်သက်ကိုသာ အဓိကထား၍ ညွှန်ပြသော ကျမ်း ဖြစ်လင့်ကစား ၎င်း၏မူလအနေအထားအတိုင်းပြည့်ဝစွာတွေ့ရှိရခြင်းဟုတ်ချင်မှ ဟုတ်ပေမည်"။

"စရိယာပိဋကဝင်ဝတ္ထုများ"

| | | | | |
|---|---|---|---|---|
| ၁။ အကတ္တိဝတ္ထု.... | ဒါနပါရမီကို | အသားပေးသည်။ | | |
| ၂။ သင်္ခဝတ္ထု.... | ။ | ။ | ။ | |
| ၃။ ဓနဥ္စယဝတ္ထု.... | ။ | ။ | ။ | |
| ၄။ သုဒဿနဝတ္ထု.... | ။ | ။ | ။ | |
| ၅။ ဂေါဝိန္ဒဝတ္ထု.... | ။ | ။ | ။ | |
| ၆။ နိမိဝတ္ထု.... | ။ | ။ | ။ | |
| ၇။ စန္ဒကုမာရဝတ္ထု.... | ။ | ။ | ။ | |
| ၈။ သိဝိဝတ္ထု.... | ။ | ။ | ။ | |

၉။ ဝေဿန္တရဝတ္ထု.... ။ ။ ။

၁၀။ သသပဏ္ဍိတဝတ္ထု... ။ ။ ။

၁၁။ သီလဝနာဂဝတ္ထု... သီလပါရမီကိုအသာပေးသည်။

၁၂။ ဘူရိဒတ္တဝတ္ထု.... ။ ။ ။

၁၃။ စမ္ပေယျဝတ္ထု ။ ။ ။

၁၄။ စူဠဗောဓိဝတ္ထု.... ။ ။ ။

၁၅။ မဟိံသရာဇဝတ္ထု.... ။ ။ ။

၁၆။ ရုရုမိဂဝတ္ထု.... ။ ။ ။

၁၇။ မာတင်္ဂဝတ္ထု... ။ ။ ။

၁၈။ ဓမ္မာဓမ္မဒေဝပုတ္တဝတ္ထု.... ။ ။ ။

၁၉။ ဇယဒ္ဒိသဝတ္ထု.... ။ ။ ။

၂၀။ သင်္ခပါလဝတ္ထု.... ။ ။ ။

၂၁။ ယုဓဉ္ဇယဝတ္ထု.... နေက္ခမ္မပါရမီကိုအသားပေးသည်။

၂၂။ သောမနဿဝတ္ထု.... ။ ။ ။

၂၃။ အယောဃရဝတ္ထု.... ။ ။ ။

၂၄။ ဘိသဝတ္ထု... ။ ။ ။

၂၅။ သောဏပဏ္ဍိတဝတ္ထု.... ။ ။ ။

၂၆။ ဘေမိယဝတ္ထု.... အဓိဋ္ဌာနပါရမီကိုအသားပေးသည်။

၂၇။ ဝါနရိန္ဒဝတ္ထု.... သစ္စပါရမီကိုအသားပေးသည်။

၂၈။ သစ္စသင်္ကယဝတ္ထု.... ။ ။ ။

၂၉။ ဝဋ္ဋပေါတကဝတ္ထု.... ။ ။ ။

၃၀။ မစ္ဆရာဇဝတ္ထု... ။ ။ ။

၃၁။ ကဏှဒီပါယနဝတ္ထု.... ။ ။ ။

၃၂။ သုတသောမဝတ္ထု.... ။ ။ ။

၃၃။ သုဝဏ္ဏသာမဝတ္ထု.... ။ ။ ။

၃၄။ ဧကရာဇဝတ္ထု... ။ ။ ။

၃၅။ မဟာလောမဟံသဝတ္ထု ဥပေက္ခာပါရမီကိုအသားပေးသည်။

## ''ဝိနယပိဋက''

ပိဋကသုံးပုံအနက် ဝိနည်းပိဋကတော်တွင် အောက်ပါကျမ်းစောင်များ ပါဝင်ကြသည်။

(၁) ''သုတ္တဝိဘင်္ဂ = သုတ်ဝိဘင်း''

က၊ မဟာဝိဘင်္ဂ = မဟာဝိဘင်း = ဘိက္ခုဝိဘင်း၊
ခ၊ ဘိက္ခုနီဝိဘင်္ဂ = ဘိက္ခုနီဝိဘင်း။

(၂) ''ခန္ဓက''

က၊ မဟာဝဂ် (မဟာဝါ)၊
စူဠဝဂ် (စူဠဝါ)။

(၃) ''ပရိဝါရ''

——o——

(၁) ''ပါတိမောက္ခ = ပါတိမောက်''

ဝိနည်း ပိဋကတော်တွင် ပါတိမောက်သည် အဓိက အချုပ်အခြာဖြစ်၏။ ပါတိမောက် ဟူသည် ဝိနည်းတော် စည်းမျဉ်းများကို ချိုးဖေါက် ကျူးလွန်ခြင်း ထိုက်သင့်လျော်ကန်သော အာပတ်များနှင့် အာပတ်ဖြေချက်များ ဖြစ်သည်။

ပါတိမောက္ခပုဒ်ကို ပညာရှိတို့သည် ခတ်အမျိုးမျိုး ခွဲယူကြ၏။

အချို့က ဤသို့ခတ်ခွဲကြ၏....

ပါတိ = ရက္ခတိ = စောင့်ထိန်းခြင်း။
မောက္ခ = မုခ = အချုပ်အခြာ၊ အဓိကအရာ၊
ပါတိမောက္ခ = အဓိကအရာကို စောင့်ထိန်းခြင်း၊

အချို့ကမူ ဤသို့ခေတ်ခွဲကြပြန်၏....

ပါတိမောက္ခ - ပဋိမုက္ခတိ၊ ပဋိမုက္ခတိသည် မုဉ္စတိ (လွှတ်ခြင်း) ၏ ဆန့်ကျင်ဘက်ဖြစ်၏၊ ထို့ကြောင့် ပဋိမုက္ခတိ သည် ချုပ်နှောင်ခြင်း ချုပ်နှောင်ထားသောအရာ၊ ။

သဒ္ဒါနည်းအရ (ပ) မှ (ပါ) သို့ပြောင်းနိုင်သည်။ ဥပမာ-- (ပဝစန) ပုဒ်မှ (ပါဝစန) သို့ပြောင်းသည်။

အနောက်တိုင်းပညာရှိ 'ဝင်တာနစ်' က ပါတိမောက္ခကို ပြန်လည် နုတ်ယူနိုင်သောကတိ။ ဝါ၊ ဖြေရှင်းရနိုင်သော အာပတ် ဟုဆို၏။

ကျူးလွန်မိသော အာပတ်များ၏ကြီးလေး၊ ပေါ့လျော့ခြင်းကိုလိုက်၍ပါတိမောက် (ဘိက္ခုပါတိမောက်နှင့် ဘိက္ခုနီပါတိမောက်) ကို ဝဂ်အားဖြင့် ရှစ်ဝဂ် ကန့်ထားလေသည်။

'ဝင်တာနစ်' က "ပင်ကိုယ်မူလအားဖြင့် သိက္ခာပုဒ် (၁၅၂) ပါးသာ ရှိသည့်၊ ကာလအတန်ကြာမှ သိက္ခာပုဒ် ပေါင်း (၂၂၇) ပါးသို့တိုင် တိုးဆင့်သွားသည်"-ဟုဆို၏။

ထိုသိက္ခာပုဒ်များကို တလလျှင် နှစ်ကြိမ် 'ပန္နရသီ' လပြည့်နေ့နှင့် 'စာတုဒ္ဒသီ' လဆုတ် (၁၄) ရက်နေ့များတွင် ရွတ်ဆိုကြရလေသည်။ ဝဂ်တဝဂ် ရွတ်ဆိုပြီးတိုင်း ရွတ်ဆိုပြီးတိုင်း ပါတိမောက်ကို တာဝန်ယူကာ ရွတ်ဆိုရသော ရဟန်းက စုရုံးရောက်လာကြသော ရဟန်းတို့အား အာပတ်များ သင့်မသင့်မေးရ၏။ အကယ်၍ အာပတ်သင့်မိက အာပတ် သင့်သော ရဟန်းသည် ၎င်း၏အပြစ်ကို ဝန်ခံရ၏။ ပါတိမောက် ရွတ်ဆိုပြီးနောက် ရဟန်းတို့ ဆိတ်ဆိတ်သာလျှင်

နေပါသော် မည်သူမျှ အပြစ်မကျူးလွန်ကြောင်း ဖြေကြားသည့် အ ဓိပ်ပ်ါယ်အမှတ် ဖြစ်သည်။ အချုပ်အားဖြင့် ဆိုရသော် ပါတိမောက်ဟူသည် ကျူးလွန်မိသော အပြစ်တခုကို ဝန်ခံခြင်း တမျိုးပင်တည်း။

ရဟန်းတို့၏ ဘဝကို ပါတိမောက်ကပင် ချုပ်ကိုင်ထားလေသည်။ ဘုရားမြတ်စွာသည် ပရိနိဗ္ဗာန် မစံလွန်မီ ကိုယ်တော်၏ အရိုက်အရာကို ဆက်ခံရန် မည်သူတစုံတယောက်ကိုမျှ လွှဲအပ်ခန့်ထားခြင်း ပြုတော်မမူခဲ့။ သို့သော် ပရိနိဗ္ဗာန်စံလွန်ကော်မူခါနီး၌ ရှင်အာနန္ဒာကို ဘုရားမြတ်စွာက "ငါ့ရှင် အာနန္ဒာ ငါဘုရားသည် မည်သူတဦးတယောက်ကိုမျှ ငါ၏ အရိုက်အရာကို ဆက်ခံရန် ခန့်အပ်ထားခြင်း မပြုခဲ့သော်လည်း ဆယ်ပါးသောသိက္ခာပုဒ် (ဆယ်ပါးသီလများ) နှင့် ပါတိမောက်များကို ဟောကြားချန်ထားခဲ့ခြင်းအားဖြင့် ငါ၏သားတော်များဖြစ်သော ရဟန်းတော်ကြီးသည် ဆက်လက်တည်တံ့လိမ့်မည်" ဟု မှာကြားမိန့်မြွက်တော်မူခဲ့သည်။

ပါဠိ စာပေလောကတွင် "ပါတိမောက္ခ သံဝရ သံဝုတော" = "ပါတိမောက် စည်းမျဉ်းများအတိုင်း စောင့်ထိန်းသော"-ဟူသည့် အ ဓိပ္ပါယ်အနက်ကို မကြာခဏ တွေ့ရှိရပေသည်။ ပါတိမောက်သည် ပိဋကတော်၏ အဦးအစောဆုံး အစိတ်အပိုင်းဘခု ဖြစ်ရကား မဇ္ဈိမနိကာယ်သုတ်နှင့် မဟာပရိနိဗ္ဗာန သုတ်တွင်ပါဝင်သော အချို့ အစိတ်အပိုင်းများနှင့် ထပ်တူထပ်မျှ အကာအားကြလေသည်။ သို့သော် ပိဋကတော်ကျမ်းစာများကို ကန့်သတ်ရာတွင် ပါတိမောက်ကို ပါတိမောက် သက်သက်အနေဖြင့် သီးခြားကန့်သတ်၍ ပိဋကတော်

တွင် ချီးမြှောက်ခြင်း မခံရပေ။ ပိဋကတော်ဝင်အဖြစ် ချီးမြှောက်ခြင်းခံရသော သုတ်ဝိဘင်း၌သာ တစိတ်တဒေသအဖြစ် ပါဝင်ရသည်။

သို့ရာတွင် ဝိနည်း၌တော် ကျမ်းစောင်အဖြစ် အရာထားခံရသော သုတ်ဝိဘင်းကား ပါတိမောက်၏ အဋ္ဌကထာပင်ဖြစ်၏။ ဤနေရာတွင် "သုတ်" ဟူသောပုဒ်သည် "စည်းမျဉ်းတို့" ဝါ "သိက္ခာပုဒ်ငယ်" ကို ဆိုလိုသည်။ ပါတိမောက်၏ အကြောင်းအရာ တခုစီသည် သုတ်တသုတ် ဖြစ်ရာ ဘုရားမြတ်စွာသည် သုတ်ဝိဘင်းတွင် သုတ်တသုတ်စီနှင့် ပတ်သက်သည့်တို့ကိုပုဒ်တိုင်း, ပုဒ်တိုင်း ရှင်းလင်းဖော်ပြခဲ့ရုံမျှမက မည်သည့်သိက္ခာပုဒ်ကို မည်သို့သောအခါ၊ မည်သူ့ကို အကြောင်းပြု၍ ပညတ်ရသည့် စသည့်တို့ကိုလည်းဖော်ပြထား၏။ ပါတိမောက်ကဲ့သို့ပင် သုတ်ဝိဘင်းကို ဝဂ်ပေါင်းရှစ်ဝဂ် ပိုင်းထားရာ ဘိက္ခုပါတိမောက် (မဟာဝိဘင်း) နှင့် ဘိက္ခုနီ ပါတိမောက်ဟူ၍ နှစ်မျိုးနှစ်စားရှိကြောင်း။

---o---

## (၂) "ခန္ဓက"

ခန္ဓကကို မဟာဝဂ်နှင့် စူဠဝဂ်ဟူ၍ နှစ်ပိုင်းကန့်ထား၏။ ခန္ဓက ဟူသည် 'အစု အစိုင်အခဲ' ကို ဆိုလိုသည်။ ခန္ဓကတွင် ရဟန်းယောကျ်ား ရဟန်းမိန်းမတို့၏ ဘဝတာ ခရီးလမ်းစဉ်၌ နေရေး ထိုင်ရေး စားရေး ဝတ်ရေး ကျင့်ကြံရေး အမျိုးမျိုးကို သွန်သင်ညွှန်ပြ နည်းပေးအပ်သည့် ဥပဒေ စည်းမျဉ်းများ အကျုံးဝင်ကြသည်။

မဟာဝဂ်တွင် ဝိနည်းနှင့် ပတ်သက်သော ဝဂ်ပေါင်း (၁၀) ပါဝင်၏။ ၎င်းဝဂ်တို့ကား အောက်ပါတို့တည်း။

## က "မဟာဝဂ်"

မဟာဝဂ်တွင် အောက်ပါအကြောင်းအရာများ ပါဝင်သည်

၁၊ ဘိက္ခုသာသနာတော်တွင်းသို့ ခိုဝင်ရာ၌ အထူးလိုက်နာရှိသေရမည့် စည်းမျဉ်း (ဝါ) အကျင့်သိက္ခာများ၊
၂၊ ဥပုသ်ပြုခြင်း၊
၃၊ ဝါတွင်း၌ ကျင့်ကြံရမည့် အကျင့်သီလများ၊ (က) ဝါကပ်ခြင်း။ (ခ) ဝါပန်ခြင်း၊
၄၊ ဝါကျွတ်သောအခါ စောင့်ထိန်းရမည့် 'ပဝါရဏာ' ပွဲများ၊
၅၊ ဘိနပ်စီးခြင်း ယာဉ်ရထားစီးခြင်း သပိတ်သင်္ကန်း ဆေးဝါးစသည်တို့ မှီဝဲသုံးဆောင်ခြင်း၊ ငှင်းပြင် ဂိုဏ်းဂဏစသည် ကွဲပြားသောအခါ အထူးလိုက်နာကြရမည့် တရားဥပဒေ စည်းကမ်းချက်များ၊
၆၊ ဘုရားမြတ်စွာကိုယ်တိုင် ဂိလာန ရဟန်းတော်တို့အား ဆေးပေးကုမခြင်း အကြောင်းအရာများ၊
၇၊ ကထိန်ခင်းခြင်းနှင့် ပတ်သက်သော အကြောင်းအရာများ။
၈၊ အဝတ်သင်္ကန်းနှင့် ပတ်သက်သော အကြောင်းအရာများ။
၉၊ ကံကြီး ကံငယ် အမျိုးမျိုးနှင့် ပတ်သက်သော အကြောင်းအရာများ။
၁၀၊ သံဃာ့ညီညွတ်ရေးနှင့် ပတ်သက်သော အကြောင်းအရာများ။

## ခ "စူဠဝဂ်"

စူဠဝဂ်တွင် ဝဂ်ပေါင်း (၁၂) ဝဂ်ရှိ၏။ ပဌမ (၉) ဝဂ်ကား အသေးအဖွဲ့ အမှုကိစ္စတို့နှင့် စပ်ဆိုင်လေသည်။ ဥပမာ---

က၊ အငြင်းအခုန်ဖြစ်သော် လိုက်နာရမည့် စည်းမျဉ်းများနှင့် ခံယူရမည့် အပြစ်များ၊
ခ၊ နေ့စဉ် နေမှု စားမှုနှင့် ပတ်သက်သော ခန့်ရာ ထိုင်ခင်း အသုံးအဆောင် ပရိဘောဂများ၊
ဂ၊ ရဟန်းအချင်းချင်း တပါးနှင့် တပါး စောင့်သိရိသေရမည့် တာဝန်ဝတ္တရားများ။

ဒသမဝဂ်သည် အထူးသဖြင့် ဘိက္ခုနီတို့ လိုက်နာ ကျင့်သုံးရမည့် စည်းမျဉ်းများနှင့် ပတ်သက်၍ နောက်ဆုံး ဝဂ်နှစ်ဝဂ်ကား ရှေ့ဆယ်ဝဂ်၏ အဖြည့်သဘောမျိုးပင်။ ထို နောက်ဆုံး ဝဂ်နှစ်ဝဂ်တွင် ပဌမသင်္ဂါယနာတင်ပွဲနှင့် ဒုတိယသင်္ဂါယနာတင်ပွဲတို့၏ အဋ္ဌုပ္ပတ္တိများကိုလည်း ဖော်ပြလျက်ထားရာ ရှေးဂိုဏ်းသားတို့ စွဲမှတ်ကြသည့် "ပိဋကတော်ကို ပဌမ သင်္ဂါယနာတင်ပွဲ၌ အပြီးသတ် စုဆောင်းသည်"—ဟူသော အယူအဆသည် သံသယ ဖြစ်ဘွယ်ရာပင်။ အကယ်၍ ရှေးဂိုဏ်းသားတို့၏ အယူအဆသည် မှန်ပါချေသော် အဘယ်ကြောင့် ဤစူဠဝဂ်တွင် ဒုတိယ သင်္ဂါယနာတင်ပွဲ အကြောင်းကို ဖော်ပြထားပေသနည်း။ အမှန်ကား နောက်ဆုံး ဝဂ်နှစ်ဝဂ်မှာ မှတ်စုအနေမျိုးဖြင့် နောက်မှ ဖြည့်စွက်ထားခြင်းဖြစ်၏။

" ကင်္ခါဝိတရဏီ "

ပါတိမောက်သည် ပိဋကတော်တွင် သီးခြားသတ်သတ် ချိုးဖြောက်ခြင်းမခံရ။ သုတ်ဝိဘင်း၏ တစိတ်တဒေသ အဖြစ်မျှသာ ကန့်သတ်ထားခြင်း ခံရဘိ ကဲ့သို့ ကင်္ခါဝိတရဏီ မှာလည်း သီးခြားအဖြစ်ဖြင့် မှတ်တမ်းတင်ခြင်း မခံရ။ ခန္ဓကတွင် တစိတ်တဒေသ အဖြစ်သာ ပါဝင်ရသည်။

များစွာသော စည်းမျဉ်းတို့မှာ တချိန်တည်း တခါထည်း ထွက်ပြူ ပေါ်ပေါက်လာကြသည်မဟုတ်။ အခွင့်အခါအား လျော်စွာ တခုပြီးမှသာတခု ပညတ်ခဲ့ခြင်းဖြစ်ပေသည်။ သို့ ရာတွင် ဝိနည်း ပိဋကတွင် ပါဝင်သည့် အားလုံးသော စည်းမျဉ်းဥပဒေများ တားမြစ်ချက်များနှင့် အပြစ်ပေး ချက်များမှာ ဘုရားမြတ်စွာ ကိုယ်တော်တိုင် ပညတ် ချမှတ် ခဲ့ခြင်းများပင် ဖြစ်သတည်း။

သုတ်ဝိဘင်းမှာကဲ့သို့ပင် ခန္ဓက၌လည်း စည်းမျဉ်းတခုစီ ဥပဒေတခုစီကို မည်သည့်အခါ မည်သူကို အကြောင်းပြု၍ ပညတ်ခဲ့သည် တားမြစ်ခဲ့သည် စသော အခြေခံအကြောင်း ရင်း အဋ္ဌုပ္ပတ္တိနှင့်တကွ စုံလင်စွာ ဖေါ်ပြထား၏။ ထို အဋ္ဌုပ္ပတ္တိတို့သည် ရာဇဝင်လာ အဖြစ်အပျက်များ ဟုတ်ချင် လျှင်လည်း ဟုတ်ပေလိမ့်မည်။ သို့မဟုတ် စည်းမျဉ်းတခုကို ပညတ်လိုသည့်အတွက် ထိုးဇာတ် ထွင်လျှင်လည်း ထွင် ကောင်း ထွင်ပေလိမ့်မည်။မည်သို့ပင်ဖြစ်စေ သုတ်ဝိဘင်း ထက် ခန္ဓကတွင် ပါဝင်သော အဋ္ဌုပ္ပတ္တိများက ပို၍ စိတ် ဝင်စားဘွယ်များ၏။ ။

ခန္ဓကတွင် ပါဝင်သော မဟာဝဂ် နိဒါန်းဝဂ်များ၌ပင် ဘုရားမြတ်စွာ၏ အဋ္ဌုပ္ပတ္တိများကို ရေးသားထားသည်။ ဘုရားမြတ်စွာသည် သဗ္ဗညုတ ဉာဏ်တော်ကို မည်သို့ ရရှိပုံ သဗ္ဗညုတ ဉာဏ်တော်ရကာ သတ္တသတ္တာဟ ခုနစ်ပတ်ပတ်လုံး မြတ် တရားကို ပိုင်းခြားဆင်ခြင် သိမြင်တွေ့ရှိပြီးနောက် ထိုသစ္စာ လေးပါး မြတ်တရားကို သတ္တဝါများအား ဟောကြား ဖြန့်ဝေရန် မည်ကဲ့သို့ သန္နိဋ္ဌာန်ချပုံ ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာ သုတ်တော်ကို ဟောတော်မူကာ ဘုရားမြတ်စွာ သည် မည်သို့အလင်းရောင်ဖြပုံတို့ကို ဖော်ပြထားရုံမျှမက မိမိတို့၏ အိမ်သူသက်ဆား ဇနီးမယားတို့သာ မဟုတ်တို့ သေး ပြည့်တန်ဆာ မိန်းမတို့ကိုပါ ခေါ်ယူ၍ တော တွင်းမှာ ကာမသစ်မှုး အပျော်ကျူးကြကုန်သော 'ယသ' နှင့် အပေါင်းပါတို့အား မည်ကဲ့သို့ တရားရေအေး တိုက် ကျွေးပုံ ကဿပညီနောင် သုံးဦးအား မြတ်စွာဘုရား သည် မည်ကဲ့သို့ချွတ်ပုံ ရှင်သာရိပုတြာနှင့် မှုဂ်မောဂ္ဂလာန် တို့သည် ဘုရားမြတ်စွာဘဲ့ မည်သို့ ခိုဝင်လာကြပုံအပြင် ကပိလဝတ်ပြည်သို့ ကြွတော်မူစဉ် သားတော် ရာဟုလကို ဘုရား မြတ်စွာသည် သာသနာတော်တွင်းသို့ ရောက်ရန် မည်သို့သွတ်သွင်းပုံ အကြောင်းများကိုလည်း ကုံလင်စွာ တွေ့ရှိနိုင်လေသည်။

ခန္ဓကစုလ္လဝဂ်၌မူကား သာဝတ္ထိပြည်သား အနာထပိဏ် သူဌေးကြီးသည် ဇေတမင်းသား၏ ဥယျာဉ်ကို ရွှေဖြင့် စက်ကာ ဝယ်ယူပြီးကာလ ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ်၍ ဘုရားမြတ်စွာ အမှူးရှိသော ရဟန်းတို့အား

မည်ကဲ့သို့ ပေးဆက်လှူဒါန်းခဲ့ကြောင်း ဘုရားမြတ်စွာ၏ ယောက်ဖတော် ဒေဝဒတ်သည် ဘုရားမြတ်စွာ သက်တော် ထင်ရှား ရှိတော်မူစဉ်ကပင် ရဟန်းသံဃာတို့ ဂိုဏ်းကွဲအောင် မည်သို့ ကြံစည်ခဲ့ကြောင်း အဇာတသတ်မင်းနှင့် ပူးပေါင်းပြီးလျှင် ဒေဝဒတ်သည် ဘုရားမြတ်စွာအား သုံးကြိမ်တိုင်တိုင် သေကြောင်းကြံခဲ့ပုံ အကြောင်းတို့ကို တွေ့ရှိရ၏။ ၎င်းပြင် ဘုရားမြတ်စွာ၏ မိထွေးတော် ဂေါတမီသည် အမျိုးသမီးပေါင်း ငါးရာနှင့်တကွ ဘုရားမြတ်စွာထံ ချဉ်းကပ်ပြီးလျှင် အမျိုးသမီးများအား သာသနာတော် တွင်း၌ လက်သင့်ခံပါရန် မည်သို့အသနားခံပုံ ဂေါတမီ၏ အသနားခံခြင်းကို ဘုရားမြတ်စွာသည် ခွင့်မပြုလိုသဖြင့် အတန်တန် ငြင်းပယ်တော်မူသော်လည်း နောက်ဆုံး၌ ရှင်အာနန္ဒာ၏ တောင်းပန်ချက်အရ မိထွေးတော် ဂေါတမီ အမှူးရှိသော သာကီဝင် အမျိုးသမီးငါးရာကို သာသနာ့ဘောင်၌ လက်သင့်ခံရပုံတို့ကိုလည်း စိတ်ဝင်စားဘွယ်ရာ ဖော်ပြထားပေသည်။

(ကိုယ်တော်တိုင် ခွင့်မပြုလိုသော တောင်းပန်ချက် တခုကို ဘုရားမြတ်စွာသည် လိုက်လျောခွင့်ပြုလိုက်သည်မှာ ဤအကြိမ်သည် ပဌမဆုံးနှင့် နောက်ဆုံး အကြိမ်ဖြစ်သည်)။

လူမှုဝန်ထမ်း လုပ်ငန်းသည် ဗုဒ္ဓဘာသာဝါဒ၏ တစိတ်တဒေသ အကျင့်မြတ် ဖြစ်ကြောင်းကိုလည်း စုလ္လဝဂ်၌ အောက်ပါ သာဓကဖြင့် ဖော်ပြထားပြန်သည်။

အခါတပါး ဘုရားမြတ်စွာသည် ကျောင်းတိုက်တော်တွင်းလှည့်လည်၍ စကြံကြွတော်မူစဉ် ကျောက်ကြီးကျင်ငယ်များပေကျံလျက် လျောင်းနေသော ဂိလာန ရဟန်းတပါးကို မြင်တော်မူ၍ အကြောင်းကို မေးမြန်း စုံစမ်းတော်မူ၏။ ဂိလာန ရဟန်းက သူသည် အခြားရဟန်းများအတွက်တာဝန်ဝတ္တရားများကို ဆောင်ရွက် မပေးနိုင်သဖြင့် မည်သူတဦးတယောက်ကမှ သူ့အား လာရောက်ကြည့်ရှု ပြုစုခြင်းမရှိကြောင်းကို ဘုရားမြတ်စွာအား ပြန်လည်လျှောက်ထား၏။ ထိုအခါ ဘုရားမြတ်စွာသည် ရှင်အာနန္ဒာအား ရေသယ်ယူခဲ့ရန် မိန့်တော်မူပြီးလျှင် ကိုယ်တိုင်တော် ဂိလာန ရဟန်း၏ကိုယ်ပေါ်သို့ရေလောင်းပေးပြီးကာလ ရှင်အာနန္ဒာကိုကား အညစ်အကြေးများကို သုတ်သင်ရှင်းလင်းစေတော်မူ၏ ထိုနောက် ဂိလာနရဟန်း၏ဦးခေါင်းကို ကိုယ်တိုင်တော်မ ကာ ရှင်အာနန္ဒာအား ခြေမှကိုင်စေပြီးလျှင် အိပ်ရာပေါ်သို့ ရွှေ့တင်ပေး၏။ ၎င်းနောက် ရဟန်းတို့အား စုရုံးစေပြီးသော "အိုရဟန်းတို့, ရဟန်းတို့ဝယ် အမိလည်းမရှိ အဖလည်းမရှိ မည်သူသည် ရဟန်းတို့ကို ကြည့်ရှုစောင့်ရှောက်မည်နည်း။ အိုရဟန်းတို့, ဂိလာနရဟန်းကိုစောင့်ရှောက် ကြည့်ရှု ဝတ်ကြီးဝတ်ငယ် ပြုစုသူရဟန်းသည် ငါဘုရား၏ ဝတ်ကြီးဝတ်ငယ် ပြုစုသူမည်၏" ဟု ဘုရားမြတ်စွာက သင်ကြားညွှန်ပြတော်မူလေသည်။

ရှေးခေတ် ဇာနိယပြည် အလယ်ပိုင်း၌ ဇာနိယ လူမျိုးတို့သည် မည်သို့ နေထိုင် စားသောက် အသက်မွေးကြကြောင်းကို ညွှန်ပြသည့် ပုံပေါ်ပါင်း များစွာအပြင် ရယ်

ရှင်ဘွယ် ဟာသဝတ္ထုများလည်း စုလွှဝင်တွင် ပါရှိ၏။ ဥပမာ.......သမားတော်ကြီး ဇီဝက၏ အဋ္ဌုပ္ပတ္တိမှာ အလွန်ပင် စိတ်ဝင်စားဘွယ် ရယ်ဘွယ်ကောင်းလှပါပေ၏။

ဇီဝကကား ရာဇဂြိုဟ်ပြည်သူ 'သာလဝတီ'မည်သော ပြည့်တန်ဆာမမှ ပေါက်ဖွါးသော သားဖြစ်သည်။ ထင်ရှားသောသမားတော်ကြီး မဖြစ်မီ သူသည် အဋ္ဌာရသ တဆယ့်ရှစ်ရပ်တို့၏စုဝေးရာ တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခ ဆရာကြီးတဦးထံတွင် ခုနစ်နှစ်ပတ်လုံး ဆေးပညာရပ်များကိုအားထုတ်ဆည်းပူးခဲ့ရ၏။သို့ဆည်းပူးဆဲ သမားတော်ဘွဲ့ကို မနှင်းအပ်မီ ဒိသာပါမောက္ခ ဆရာကြီးက သူ့အား တက္ကသိုလ်ပြည် အနီးတဝိုက် ခြုံပင်နွယ်တို့မှ အနာရောဂါတို့ကို ကင်းပျောက်စေမည့် ဩဇာဓာတ်ကင်းသော အနွယ်အမြစ်တို့ကို ဖွေရှာခဲ့ရန် စေလွှတ်လိုက်၏။ သူသည်အပတ်ဘကုတ် ကြိုးစား ရှာဖွေလင့်ကစား သူတွေ့ရှိသမျှသော အနွယ်အမြစ်ဟူသမျှတို့သည် အနာရောဂါတို့ကို ကင်းပျောက်စေမည့် ဩဇာဓာတ်ဖြင့် ပြည့်စုံလျက်သာချည်းတည်း။ အနာရောဂါ မကင်းပျောက်စေမည့် အနွယ်အမြစ်ဟူ၍မရှိ။

ယင်းအကြောင်းကို ဇီဝကသည် ဒိသာပါမောက္ခ ဆရာကြီးအား ပြန်ကြားသောအခါ ဇီဝကကို သမားအတတ်တွင် တဘက်ကမ်းခပ်ပြီဟု ဒိသာပါမောက္ခ ဆရာကြီးက ပြောဆို၍ "သမား" ဟူသော ဘွဲ့ထူးကို ပေးအပ်လိုက်လေ၏။

(ဗုဒ္ဓခေတ် ဣန္ဒိယတွင် သမား အတတ်သင် ကျောင်းသားတို့၏ အရည်အချင်းကို စစ်ဆေးသော နည်းကား ဤသို့ပါပေတည်းဟု မှတ်သားရာသည်။)

ဇီဝကသည် ရာဇဂြိုဟ်ပြည်တွင် ဆေးဝါးကုသခြင်း အတတ်ကို စတင်လေ့ကျင့်ရာ၊ အတန်ကြာသော် အထူးချွင်ရှား ကျော်ကြား၍သွား၏။ နောက်ဆုံး၌ ဘုရင့်သမားတော်အဖြစ် ချီးမြှောက်ခြင်းကိုပင် ခံရလေသည်။ တရံခါသော် ရာဇဂြိုဟ်ပြည်တွင် ကုန်သည်ကြီးတဦးသည် အပြင်းအထန်ဖျားနာလေရာ သမားဟူသမျှတို့က ထိုလူနာအား မျှော်လင့်ချက် မရှိတော့ဟုဆိုကာ လက်လွှတ်ကြကုန်၏။ ထိုအခါဘုရင်က ဇီဝကအား ထိုကုန်သည်လူနာကို ကုသရန် အခွင့်ပေးလိုက်၏။ သို့ဖြင့် ဇီဝကသည် လူနာသို့သွား၍ လူနာအား လက်ယာနံတောင်းဖြင့် ခုနစ်လ လက်ဝဲနံတောင်းဖြင့် ခုနစ်လ ကျောဖြင့် ခုနစ်လ အားလုံးပေါင်း နှစ်ဆယ့်နှင့် တလ မလှုပ်မရှက် ငြိမ်သက်စွာလျောင်း၍ နေနိုင်- မနေနိုင် စုံစမ်းမေးမြန်း၏။ လူနာက လျောင်း၍နေနိုင်ကြောင်း ပြန်ကြားသည့်အခါ ဇီဝကသည် လူနာကို အိပ်ရာထက်တွင် ထား၍ ကိုယ်ကို ကြိုးနှင့် ချည်တုတ်ကာ ဗိုက်ကို ခွဲစိတ်ကုသလေသည်။

(ဤအချက်ကို ထောက်ရှု၍လည်း ဗုဒ္ဓခေတ်ကာလ၌ပင် ကိုယ်အင်္ဂါတို့ကို ခွဲစိတ်ကုသသော အတတ်ပညာ ရှိနေပြီဖြစ်ကြောင်း ယခုခေတ်လူတို့မှတ်သားရပေမည်)။

ဖော်ပြပါ အကြောင်းအရာများအပြင် ဗုဒ္ဓဘာသာ၏ ကျင့်စဉ်၊ မွန်မြတ်ပုံတို့ကို ညွှန်ပြသော အဋ္ဌုပ္ပတ္တိတို့လည်း များပြောလှသေး၏။ ဥပမာပြရသော်...ဒီဃာဝု မင်းသားသည် သူ၏ခမည်းတော်နှင့် မယ်တော်များကို လုပ်ကြံသတ်ဖြတ်သော ရန်သူကို လက်စားချေရန် အတန်တန်

ကြိုးစားအားထုတ်၏။ ရန်သူဗြဟ္မဒတ်မင်းကို လက်ရဖမ်းဆီးမိသောအခါ၌မူကား စွဲကိုင်ထားသော ထားကို ထားအိမ်၌ပြန်၍ ထည့်သွင်းကာ ဗြဟ္မဒတ်မင်းကို ခွင့်လွှတ်ပြီး အသက်ချမ်းသာပေးတော်မူ၏။

ထိုပြင်တဝ ဗုဒ္ဓဘာသာဝါဒနှင့် ဗုဒ္ဓဘာသာ တရားတော်များကို ညွှန်ပြသော ဥဒါဟရဏ် မြောက်မြားစွာလည်း ရှိချေသေး၏။ ဗုဒ္ဓဘာသာ တရားတော်၏ ရည်ရွယ်ချက်ကို ပင်လယ်ရေနှင့် နှိုင်းခိုင်းထားပုံမှာ အလွန်ပင် ခွန်မြတ်လှပါတိတောင်း။

"အိုရဟန်းတို့ ပင်လယ်ရေသည် တခုတည်းသော ဆားငံရေ အရသာကို ပေးဘိသကဲ့သို့ ဗုဒ္ဓသာသနာတော်ကြီးသည်လည်း တခုတည်းသော အရသာကိုသာလျှင် ပေးစွမ်းပေ၏။ ထို အရသာကား လွတ်လပ်ရေပင်။"

အထက်ပါအတိုင်း ဘုရားမြတ်စွာက မိန့်မြွက်တော်မူသတည်း။

—o—

(၃) "ပရိဝါရ = ပရိဝါရပါဠိ"

ပရိဝါရကျမ်းသည် ဝိနည်းပိဋကတော်၏ အခြေခံကျမ်းဖြစ်သည်။

'ပရိဝါရကျမ်းသည် နှောင်းခေတ်မှ ပေါ်ပေါက်သော ကျမ်းဖြစ်၍ 'ဒီပ' အမည်ရှိသော သီဟိုဠ်ရဟန်း ပဏ္ဍိုက်တပါး ပြုစုစီရင်သည့် ကျမ်းဖြစ်တန်ရာသည်။ အကြောင်းကား ထိုကျမ်းတွင် သီဟိုဠ်ကျွန်းနှင့်စပ်ဆိုင်သည့် အကိုးအကားများ တွေ့ရသောကြောင့်တည်း"။

ရန်ကုန်မြို့ တက္ကသိုလ် ပါဠိစာပေဌာန ကထိက ဆရာ 'ချောင်ဒူရီ'၏မှတ်စုများမှ အယက်၂ါအတိုင်းမှတ်သားခဲ့ရပေသည်။

အဘိဓမ္မပိဋက အလားတူ ပရိပါရကျမ်းတွင် အမေးအဖြေ သဘောကြီးဖြစ်သော ကဏ္ဍပေါင်း (၁၉) ကဏ္ဍပါဝင်၏။ ဝိနည်းတော်များ လေ့လာရန်အတွက် ဤကျမ်းစောင်ကို လက်လွှတ်၍ မဖြစ်နိုင်ချေ။ ဤကျမ်းကို သီဟိုဠ်ကျွန်းသို့ ရှင်မဟိန္ဒသည် ပိဋကတော်များ ယူဆောင်လာပြီးနောက်မှ ပြုစုစီရင်ကြောင်းကို ဤကျမ်းတွင်း၌ပင် ဖေါ်ပြထားသည်ကို တွေ့ရှိရ၏။ ဤကျမ်းကား နှောင်းခေတ်မှ ပေါ်ပေါက်လာသော ကျမ်းဖြစ်သဖြင့်လည်း မဟာသံဃိကဂိုဏ်းသားတို့က ပရိဝါရကျမ်းကို ပယ်ချကာ ပိဋကတော်၏ တစိတ်တဒေသ ကျမ်းတစောင်အဖြစ်ဖြင့် အသိအမှတ်မပြုကြချေ။

——o——

## "အဘိဓမ္မပိဋက"

အဘိဓမ္မ တရားတော်ကို ဘုရားမြတ်စွာသည် တာဝတိံသာ နတ်ပြည်၌ မယ်တော်ဖြစ်သော 'သန္တုသိတ' မိနတ်သားနှင့် တကွ ဘသောင်းသောစကြာဝဠာမှ လာရောက်ကြကုန်သည့် နတ်ပရိသတ်တို့အားသာလျှင် ဟောကြားတော်မူခဲ့၏။ စင်စစ်လူ့ပြည်တွင်ရှိသော အဘိဓမ္မ တရားသည် ဘုရားမြတ်စွာ ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော 'အဘိဓမ္မ' မဟုတ်ပေ။ •

ဘုရားမြတ်စွာသည် နတ်ပြည်တွင် အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူခိုက် လူ့ပြည်တွင်လည်း ရှင်သာရိပုတြာသည် အတူနေတပည့် ရဟန်းငါးရာတို့အား နတ်ပြည်၌ ဘုရားမြတ်စွာ ဟောကြားတော်မူသမျှ အဘိဓမ္မာတရားတော်တို့ကို ဘုရားမြတ်စွာကိုယ်တော်တိုင်က မကျဉ်းမကျယ် စီစဉ်ပို့ချတော်မူသည့် နည်းအတိုင်း ဟောပြောပို့ချတော်မူခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် လူ့ပြည်တွင်ရှိသော အဘိဓမ္မာ တရားသည် ရှင်သာရိပုတြာ တဆင့်ဟောကြားသော အဘိဓမ္မာ တရားမျှသာ ဖြစ်သည်။

သို့ရာတွင် လူ့ပြည်ရှိ အဘိဓမ္မာ တရားကို ရှင်သာရိပုတြာ ဟောသည်မှန်သော်လည်း ရှင်သာရိပုတြာသည် မိမိကိုယ်ပိုင် ဉာဏ်ချဖြင့် ဟောကြားတော်မူခဲ့သည်မဟုတ်။ ဘုရားမြတ်စွာ၏ အညွှန်အကြားနှင့် 'နတ်ပြည်တွင် ဟောတော်မူရင်းအတိုင်း' ဟောရသည် ဖြစ်သောကြောင့် လူ့ပြည်တွင်ရှိသော အဘိဓမ္မာ တရားတော်သည်လည်း ဘုရားဟော (ဗုဒ္ဓဝစန) ပင် ဖြစ်သည်ဟု တထစ်ချမှတ်သား စွဲယူကြရပေမည်။

အဘိဓမ္မာပိဋကသည် ဗုဒ္ဓစာပေတွင် တတိယမြောက်သော ပိဋကဖြစ်၏။ 'အဘိဓမ္မ'- ဟူသော ဝေါဟာရ စကားလုံးကို အရှင် 'အသင်္ဂ'မည်သော အဘိဓမ္မာကျော် ပုဂ္ဂိုလ်ကြီးက အောက်ပါနည်း လေးနည်းဖြင့် အနက်ပေးခဲ့၏။

၁။ နိဗ္ဗာန်နှင့် 'အတဲ့' ဖြစ်သော သစ္စာ ဗောဓိပက္ခိယ တရားများကို ညွှန်ပြသော ကျမ်းဖြစ်သဖြင့် "အဆိမုခ" ကျမ်း။

၂။ တရားတခုကို အနည်းနည်း အထပ်ထပ် ပြဆို အပ်သော ကျမ်းဖြစ်သဖြင့် "အဘိက္ကန္တ"ကျမ်း။
၃။ အယူတပါးကို လွှမ်းမိုးချေဖျက်နိုင်သော ကျမ်း ဖြစ်သဖြင့် အဘိဝ"ကျမ်း။
၄။ သုတ္တန်ပိဋကလာ တရားအချက်အလက်များ၏ ဆိလျော်သော အဖွင့်ကျမ်း ဖြစ်သဖြင့် "အဘိ ဂတိ" ကျမ်း။

အကျဉ်းချုပ်အားဖြင့် ဆိုရသော် သုတ္တန် ပိဋကတော်၌ အကြမ်းမျဉ်း ဟောဆိုထားချက်များကို အဘိဓမ္မ ပိဋက၌ သန့်သန့်ရှင်းရှင်း အကျယ်တဝင့် ချဲ့ဖွင့်စိစစ်ထားလေ သည်။ ဤသည်လျှင် အဘိဓမ္မ ပိဋက၏ ထူးခြားချက်ဖြစ် ပေသည်။

အဘိဓမ္မ ပိဋကတွင် အောက်ပါကျမ်းပေါင်း ခုနစ်ကျမ်း ပါဝင်သည်။

၁။ ဓမ္မသင်္ဂဏီ။
၂။ ဝိဘင်္ဂ။
၃။ ဓာတုကထာ။
၄။ ပုဂ္ဂလပညတ္တိ။
၅။ ကထာဝတ္ထု။
၆။ ယမက။
၇။ ပဋ္ဌာန်း။

(၁) ဓမ္မသင်္ဂဏီ။ အဘိဓမ္မ ပိဋကတွင် ရှေးအပါ ဆုံးသောကျမ်းမှာ ဤ ဓမ္မသင်္ဂဏီ ကျမ်း ဖြစ်လေသည်။ ဓမ္မသင်္ဂဏီ၏ အနက်မှာ "တရားပေါင်းချုပ်" ဖြစ်သည်။ ထို ကြောင့် မူလဋီကာဆရာက အောက်ပါအတိုင်းဆိုလေ သည်။

"ကာမာဝစရ ရူပါဝစရာဒိ ဓမ္မေ သင်္ဂယှ သံဝ
ပိတ္ဝာ ဂါဂဏယတိသန္နိယဘတိဘေဒ တိဓမ္မသင်္ဂဏီ"
"ကာမာဝစရ, ရူပါဝစရ စသော တရားတို့ကို
ပေါင်းရုံး၍ သိမ်ဟုတ် အကျဉ်းချုံး၍ ရေတွက်
ပြရာ ဖြစ်သောကြောင့် 'ဓမ္မသင်္ဂဏီ' မည်၏"။

(၂) ဝိဘင်္ဂ။ ။ ဝိဘင်္ဂသဒ္ဒါ၏ အနက်မှာ ဝေဖန်ခွဲခြားခြင်း ဖြစ်၏။ ဝိဘင်းကျမ်းသည် ဓမ္မသင်္ဂဏီ၏ အဖွင့်သဘောလည်းဖြစ်၏။ နောက်ဆက်တွဲ သဘောလည်းဖြစ်၏။ ဓမ္မသင်္ဂဏီတွင် မပါသေးသော စကားလုံး အသစ်များကို ဝိဘင်းကျမ်းတွင် တွေ့ရ၏။

ဝိဘင်းကျမ်းကို လေးပိုင်း-ပိုင်းလိုက်လျှင် ပဌမပိုင်းတွင် ဗုဒ္ဓဘာသာ၏ မူရင်းတရားသဘောများ ပါဝင်၏။ ဒုတိယပိုင်းတွင် သာမန်အသိဉာဏ်မှ ဗုဒ္ဓ၏ အသိဉာဏ်အထိ ဉာဏ်များအကြောင်း ပါဝင်၏။ တတိယပိုင်းတွင် ဉာဏ်၏ ဆန့်ကျင်ဘက် တရားများအကြောင်း ပါဝင်၏။ နောက်ဆုံးပိုင်းတွင်မူကား လူသားနှင့်လူသားမှတပါး အခြားသော သတ္တဝါများ၏ အခြေအနေ အမျိုးမျိုးအကြောင်း ပါဝင်၏။

(၃) ဓာတုကထာ။ ။ ဤကျမ်းတွင် ဓာတ်'ဓါတ်'ပရမတ်တရားများကို အမေးအဖြေသဘောဖြင့် ဖော်ပြထား၏။ အပိုင်း (၁၄) ပိုင်းဖြင့် ဟောကြားထားသော ကျမ်းလတ် တခုဖြစ်၏။ ကျမ်းလတ်တို့တွင် ဓာတုကထာ ကျမ်းသည် အကျော်ဖြစ်၏။

ထို့ကြောင့် ရှေးသူဟောင်းတို့က အောက်ပါအတိုင်း မေ်းကွန်းတင်ခဲ့ကြ၏။

"ကျမ်းကြီးပဥ္စ၊ ကျမ်းငယ်ဆန်း၊
ကျမ်းလတ် ဓာတုကထာ"

ဓာတုကထာကျမ်းကို ဓမ္မသင်္ဂဏီကျမ်း၏ နောက်ဆက်တွဲဟုခေါ်သော် ခေါ်သင့်၏။ ဤကျမ်းတွင် ခန္ဓာ အာယတန ဓာတ် သစ္စာ စသော တရားများကို အပြည့်အစုံ ဝေဖန်စိစစ်ထားသည်။

(၄) **ပုဂ္ဂလပညတ္တိ**။ ။ ပုဂ္ဂလသဒ္ဒါ၏ အနက်ကား ပုဂ္ဂိုလ်။ ပဏ္ဏတ္တိ၊ သတ္တဝါ။ ပညတ္တိ သဒ္ဒါ၏ အနက်ကား စိစစ်ခြင်း သို့မဟုတ် ဖွင့်ပြခြင်း ဖြစ်၏။ ထို့ကြောင့် ပုဂ္ဂိုလ် အမျိုးမျိုးကို ဥပမာ အမျိုးမျိုးဖြင့် ပိုင်းခြားပြဆိုသော ကျမ်းဖြစ်သော ကြောင့် ပုဂ္ဂလပညတ္တိကျမ်း ဟု မှတ်သင့်၏။ ဤကျမ်း၌ အပိုင်း (၁၁) ပိုင်းရှိသည်။

"သရက်နှင့်အိုး ကြွက်နှင့်မိုး" စသော စကား
များ၏ အရင်းအမြစ်ကို ပုဂ္ဂလပညတ္တိကျမ်းတွင်
တွေ့နိုင်ပေသည်၊

(၅) **ကထာဝတ္ထု**။ ။ဤကျမ်းသည် ဗုဒ္ဓဘာသာသမိုင်း အတွက် အလွန်အရေးပါသော ကျမ်းဖြစ်၏။ ကထာ၏ အနက်မှာ ဆွေးနွေးခြင်း ငြင်းခုံခြင်း ဖြစ်၏။ ဝတ္ထု၏အနက် မှာ အကြောင်းအရာ ဖြစ်၏။ ထို့ကြောင့် ဆွေးနွေး ငြင်းခုံ သော အကြောင်းအရာများကို ကထာဝတ္ထုဟု ခေါ်သည်။

ဤကျမ်း၌ ဗုဒ္ဓဘာသာ ဂိုဏ်းကြီး (၁၈) ဂိုဏ်းအတွင်း အငြင်းအခုန်များကို အလွန်လှပသော အစီအစဉ်များဖြင့် ဆွေးနွေး ဖြေရှင်းထားသည်ကို တွေ့ရပေသည်။ဤကျမ်းကို အသောကခေတ် တတိယ သင်္ဂါယနာတင်ပွဲ၏ သံဃနာယက 'မောဂ္ဂလိ ပုတ္တတိဿ' ထေရ်မြတ် ဟောကြားတော်မူသည့် ကျမ်းဟု ပညာရှိအများက ယုံကြည်ကြသည်။

မြတ်စွာဗုဒ္ဓ ပရိနိဗ္ဗာန် စံလွန်ပြီးနောက် အနှစ်ဘရာ အတွင်းမှာပင် အကျင့်အကြံ အနေအထိုင် အယူအဆများနှင့် ပတ်သက်၍ သံဃာတွင်ဂိုဏ်းအမျိုးမျိုး ကွဲပြားခဲ့ရာ အသောက ခေတ်နှင့် ၎င်းခေတ်မှ သိသိနောက်ကျသော ခေတ် အထိ ဂိုဏ်းကြီး (၁၈) ဂိုဏ်းတိုင်အောင် ကွဲပြားခဲ့လေသည်။ ထိုဂိုဏ်းကွဲတို့၏ အယူအဆအမျိုးမျိုးကို ကထာဝတ္ထုကျမ်း တွင် လေ့လာနိုင်၏။ ဤသည်လျှင် ကထာဝတ္ထုကျမ်း၏ ထူးခြားချက်ပေတည်း။

(၆) ယမက။ ။ယမကသဒ္ဒါ၏အနက်မှာ 'အစုံ' နှစ်ခု ဖြစ်၏။ ဤကျမ်းတွင် အမေး-အဖြေ သန္နိဋ္ဌာန်-သံသယ အနုလုံ-ပဋိလုံ အစုံအစုံ ဟောကြားသောကြောင့် ယမက။ ဝါ၊ 'ယမိုက်' ကျမ်းဟု ခေါ်တွင်၏။ ယမိုက်ကျမ်းတွင် မူလယမိုက်စသည်ဖြင့် အခန်း 'ဆယ်' ခန်းရှိသည်။

(၇) ပဋ္ဌာန။ ။ဤကျမ်းတွင် အကြောင်းဆက်ပုံ (၂၄) မျိုးကို ကျယ်ဝန်းစွာ ဟောသား၏။ထိုကြောင့် အနန္တနယ သမန္တပဋ္ဌာန်းကျမ်း ဟုလည်း ခေါ်တွင်၏။ နယသာဂရ နည်းသမုဒ္ဒါ ကျမ်းဟုလည်း ခေါ်တွင်သေး၏။

သက်ရှိ သက်မဲ့ လောကဓာတ်ကြီးတွင် ပဋ္ဌာန်းနည်း အရ အကြောင်းဆက် မပေးနိုင်သော အရာမရှိ။ သုံးလော က အတွင်းတွင် ပဋ္ဌာန်းပစ္စည်းနှင့် ကင်းသော အရာသည်မရှိ။

အချို့သော ဗုဒ္ဓစာပေ ပညာရှိများက ဤကျမ်းသည် 'သဗ္ဗတ္ထိ ဝါဒ' ဂိုဏ်းသားတို့၏ 'ဉာဏပဋ္ဌာန' မည်သော အဘိဓမ္မ၏ နောက်ဆုံးအပိုင်းဟု ဆိုကြလေသည်။

အထက်၌ ပြဆိုခဲ့သော ကျမ်း (၇) စောင်တွင် ပါဝင် သည့် တရားတော်စုသည် အလွန်ပင် နက်နဲခက်ခဲလှဘိ၏။ အခြေခံမရသေးသော သူတို့အဘို့ သိရှိနားလည်နိုင်ဘွယ် မရှိချေ။ ထို့ကြောင့်ပင် သာသနာသက္ကရာဇ် (၉၀၀) ကျော် ခန့်တွင် ဇမ္ဗူဒီပြည် တောင်ပိုင်း ကဉ္စိတိုင်း ကာဝိရမြို့တွင် ဖွားမြင်သော 'ရှင်အနုရုဒ္ဓါ' သည် သင်စဦး ဖြစ်သူတို့အဘို့ အခြေခံရစေရန် ထိုကျမ်းစောင်(၇)စောင်တွင် ဖော်ပြပါရှိ သော တရားတော်တို့ကို အကျဉ်းရုံးပြီးလျှင် 'အဘိဓမ္မတ္ထ သင်္ဂဟ' မည်သော ကျမ်းကိုသီဟိုဠ်ကျွန်း အနုရာဓမြို့ တုမူလ သောမ ကျောင်းတိုက်တွင် သီတင်းသုံးတော်မူခိုက် ရေး သား စီရင်တော်မူခဲ့လေသည်။ ထိုကျမ်းအမည်ကို 'သင်္ဂြိုဟ်' ဟု အများနားလည် ခေါ်ဝေါ်၍ နေကြကုန် သတည်း။

ပြီး၏။

——o——

## " ပါဠိစာပေသမိုင်း—နောက်ဆက်တွဲ "

'ပါဠိစာပေသမိုင်း' စာအုပ်ကို စက်တင်ပုံနှိပ် မပြီးစီးမီပင် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ဆင်ယင်ကျင်းပလျက်ရှိသော "ဆဋ္ဌ သံဂါယနာတင် မဟာဓမ္မ ပွဲသဘင်တော်ကြီး" သည် အောင်မြင်စွာ ပြီးဆုံးခဲ့ပေသည်။ ထိုဆဋ္ဌသံဂါယနာတင်ပွဲတော်ကြီး အကြောင်းကို ရေးသားဖော်ပြ လိုသောကြောင့် "ပါဠိစာပေသမိုင်း" ၏ နောက်ဆက်တွဲ အနေဖြင့် သံဂါယနာတင် ဓမ္မသဘင် ပွဲတော်များ အကြောင်းကို၍ကဏ္ဍတွင် တသီးတခြား ရေးသား တင်ပြပါကြောင်း။

မအုန်း

☆ ☆ ★ ★ ☆ ☆

ဗုဒ္ဓဂေါတမသခင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့် နောက် နှစ်ပေါင်း ၂၅၀၀-အတွင်းတွင် သံဂါယနာတင် ဓမ္မသဘင် ပွဲတော်ကြီးများကို ခြောက်ကြိမ်တိတိ အောင်မြင်စွာ ဆင်ယင်ကျင်းပခဲ့ကြပေသည်။

### (၁) " ပဌမ သံဂါယနာတင် ပွဲတော် "

ဘုရားမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သုံးလခန့် အကြာတွင် အရှင်မဟာကဿပ မထေရ်မြတ်ကို အမှူးထား၍ အရှင်ဥပါလိ အရှင်အာနန္ဒာ အစရှိသော တေဝိဇ္ဇာ ဆဠဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ် ငါးရာတို့သည် ရာဇဂြိုဟ်ပြည်ရှင် ဘုရင်အဇာတသတ်ကို အမှီပြု၍ ဝေဘာတောင်ရံ စရည်းပင်ရောက်ရာ "သတ္တပဏ္ဏိ

မည်သော လိုဏ်ဂူတွင်း၌ ခုနစ်လတိုင်တိုင် ပဌမ သံဂါယနာ (နှုတ်တက် အက္ခရာ) တင်တော်မူခဲ့ကြသည်။

(၂)" ဒုတိယ သံဂါယနာတင် ပွဲတော် "

သာသနာတော် သက္ကရာဇ် (၁၀၀) မြောက်တွင် အရှင်မဟာယသ မထေရ်မြတ်ကို အမှူးပြုလျက် အရှင်ရေဝတ အရှင်သဗ္ဗကာမိ အစရှိသော ရာပေါင်းများစွာသော ရဟန္တာအရှင်မြတ်တို့သည် ဝေသာလီပြည် ကာလာသောက ဘုရင်ကို ဒါယကာပြုကာ"ဝါလိကာရုံ" မည်သော ကျောင်းတော်ကြီး၌ ရှစ်လတိုင်တိုင် ဒုတိယ သံဂါယနာ (နှုတ်တက် အက္ခရာ) တင်တော်မူခဲ့ကြသည်။

(၃) " တတိယ သံဂါယနာတင် ပွဲတော် "

သာသနာတော် သက္ကရာဇ် ၂၃၅-ခုနှစ်သို့ ရောက်သော အခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကို အမှူးထားပြီးသော် ရဟန္တာပေါင်း တထောင်တို့သည် ပါဋလိပုတ်ပြည် အသောကဘုရင်ကို အမှီပြုလျက် " အသောကာရုံ "မည်သော ကျောင်းတော်ကြီး၌ ကိုးလတိုင်တိုင် တတိယ သံဂါယနာ ( နှုတ်တက် အက္ခရာ ) တင်တော်မူခဲ့ကြသည်။

(၄) " စတုတ္ထ သံဂါယနာတင် ပွဲတော်"

သာသနာတော် သက္ကရာဇ် ၄၅၀-ခုနှစ်၌ သီဟိုဠ်ကျွန်းတွင် သီတင်းသုံး နေထိုင်တော်မူကြသည့် ပိဋက အာဂုံဆောင် ရဟန္တာအရှင်မြတ်တို့သည် အနာဂတ်ကာလ၌ သတ္တဝါတို့သည် သတိပညာ ဆုတ်ယုတ်ကုန်လတ္တံ့သည်ကို မြင်

တော်မူသဖြင့် သာသနာတော်၏အသက် မပျောက်မပျက် တည်ရှိနိုင်စေရန် အရှင်မဟာဓမ္မရက္ခိတ မထေရ်မြတ်ကို အမှူးထား၍ ငါးရာသော ရဟန္တာ အရှင်မြတ်တို့သည် သီဟိုဠ်ဘုရင် အဘယဝဋ္ဋဂါမဏိအား ဒါယကာပြုစေပြီး မလယ ဇနပုဒ် "အာလောက" မည်သော လိုဏ်ဂူတွင်း၌ စတုတ္ထ သံဂါယနာ (ပေထက် အက္ခရာ) တင်တော်မူခဲ့ကြ သည်။

## (၅) "ပဉ္စမ သံဂါယနာတင် ပွဲတော်"

သာသနာတော် သက္ကရာဇ် ၂၄၁၅-ခုနှစ် မြန်မာသက္ကရာဇ် ၁၂၃၃-ခုနှစ်တွင် မြန်မာနိုင်ငံ မန္တလေး ရတနာပုံ နေပြည် တော်ကြီး၌ ဒက္ခိဏာရာမ ဘုရားကြီးဆရာတော် အရှင် ဇာဂရာဘိဝံ့ မထေရ်မြတ်နှင့် စိုးတော်မြင်းဝန်တိုက်ဆရာ တော်-ဆီးဘန်းနီ ဆရာတော်တို့ကို အမှူးထား၍ သံဃာ တော် အရှင်မြတ် နှစ်ထောင်တို့သည် မင်းတုန်းဘုရင်ကြီးကို ဒါယကာပြုကာ ရွှေနန်းပြာသာဒ်တော်ကြီးတွင် ခြောက်လ တိုင်တိုင် ပိဋကတော်များကို ရွတ်ဘတ်သရဇ္ဈာယ်တော်မူ ကြပြီးလျှင် ပဉ္စမ သံဂါယနာ (ကျောက်ထက် အက္ခရာ) တင်တော်မူခဲ့ကြသည်။

## (၆) "ဆဋ္ဌ သံဂါယနာတင် ပွဲတော်"

ပဉ္စမ သံဂါယနာ ကျောက်ထက် အက္ခရာ တင်တော် မူကြပြီးနောက်၌ ဘုရားမြတ်စွာ ဟောကြားတော်မူအပ် သည့် ပိဋကတော်တို့သည် တဆင့်မှတဆင့် ကူးယူပုံနှိပ် ရာ၌ ပုဒ် ပါဌ် အက္ခရာ ဝါကျ ကဏ္ဍမှစ၍ တဖြည်းဖြည်း ချွတ်ယွင်းချက်တို့ဖြင့် ပြွမ်းလျက်လာကြလေသည်။

ထေရဝါဒ ငါးနိုင်ငံအတွင်းတွင် သီတင်းသုံး နေထိုင်တော်မူကြကုန်သည့် သံဃရာဇာ သံဃနာယက ဂဏပါမောက္ခ ဂဏာဓိပတိ ဖြစ်တော်မူကြပေကုန်သော မဟာထေရ်မြတ်တို့သည် ၁၊ ပိဋကတော် ချွတ်ယွင်းချက်များကို မချွတ်ယွင်းရအောင် ထိန်းသိမ်း စောင့်ရှောက်တော်မူလိုကြသောကြောင့်လည်းကောင်း (၂) မျက်မှောက်သာသနာကို ထိန်းသိမ်း ပြုပြင်တော်မူလိုကြသောကြောင့်လည်းကောင်း........ (၃) မျက်ကွယ်သာသနာကို ထိန်းသိမ်း ပြုပြင်တော်မူလိုကြသောကြောင့်လည်းကောင်း (၄)ဗုဒ္ဓသာသနာကို ကမ္ဘာသို့ ဖြန့်ဖြူးတော်မူလိုကြသောကြောင့်လည်းကောင်း ဆဋ္ဌ သံဂါယနာတင် မဟာဓမ္မ သဘင်ပွဲတော်ကြီးကို ဆင်ယင်ကျင်းပရန် ညီညီညွတ်ညွတ် စည်းဝေးဆုံးဖြတ်တော်မူကြလေသည်။

ဆုံးဖြတ်တော်မူကြသည့်အတိုင်းလည်း၊ မြန်မာသက္ကရာဇ် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့ (ခရစ်သက္ကရာဇ် ၁၉၅၄-ခုနှစ် မေလ ၁၇-ရက်)မွန်းတည့် ၁၂-နာရီအချိန်တွင် မန္တလေးမြို့ အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီးကို သံဃနာယကအဖြစ် တင်မြှောက်ပြီးလျှင် ထေရဝါဒ ငါးနိုင်ငံမှ သံဃနာယက သံဃရာဇာ မဟာထေရ်ကြီးများ အမှူးပြု၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းမှ သံဃာတော် ၂၄၇၃-ပါး ကမ္ဘာအရပ်ရပ် ထေရဝါဒ သာသနာထွန်းလင်းရာ နိုင်ငံအသီးသီးမှ သံဃာတော် ၁၄၄-ပါးတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့နှင့် ငါးမိုင်ခန့် ကွာဝေးသော ကမ္ဘာအေး စေတီ

တော်တည်ရာ သီရိမင်္ဂလာ ကုန်းမြေပြင်အတွင်းရှိ "ဆဋ္ဌသံဂီတိ မဟာပါသာဏ ဂုဟာ" မည်သော လိုဏ်ဂူကြီးအတွင်း၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီး ဒေါက်တာ ဦးဘဦးကို ဒါယကာပြုကာ ဆဋ္ဌသံဂါယနာ (စက္ကူထက် အက္ခရာ)ကို စတင်၍ တင်တော်မူကြသည်။

ဆဋ္ဌ သံဂါယနာ မဟာမင်္ဂလာ ပွဲသဘင်ကြီးကို သန္နိပါတအားဖြင့် ငါးရပ်ခွဲခြား ဆင်ယင်ကျင်းပရာ ထိုသန္နိပါတများသို့ သံဂီတိကာရက အဖြစ်ဖြင့်ရင်း အာဂန္တုက ဧည့်သည်တော် အဖြစ်ဖြင့်ရင်း အောက်ဖော်ပြပါ တိုင်းနိုင်ငံများမှ တက်ရောက်ကြလေသည်။ ....

"ထေရဝါဒနိုင်ငံ"

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်
၂။ ယိုးဒယားနိုင်ငံ
၃။ သီဟိုဠ်နိုင်ငံ
၄။ ကမ္ဘောဒီးယားနိုင်ငံ
၅။ လောနိုင်ငံ
၆။ ဣန္ဒိယနိုင်ငံ
၇။ ပါကစ္စတန်နိုင်ငံ
၈။ အင်ဒိုနေရှားနိုင်ငံ
၉။ နီပေါလ်နိုင်ငံ
၁၀။ အဝကျွန်း
၁၁။ ကပ္ပလိကျွန်း

——o——

" မဟာယာနနိုင်ငံ "

၁။ ဂျပန်ပြည်
၂။ တိဗက်ပြည်
၃။ တရုတ်ပြည်
၄။ ဗီယက်နမ်ပြည်
၅။ ကိုရီးယားပြည်
၆။ ဂျာဝါးကျွန်း
၇။ ကိုချင်ချိုင်းနားပြည်
၈။ မလေးကျွန်း
၉။ ကစ်ချင်းပြည်
၁၀။ ဆစ်ကင်းပြည်

" ပဋ္ဌမ သန္နိပါတ "

ပဋ္ဌမ သန္နိပါတကို မြန်မာသက္ကရာဇ် ၁၃၁၆-ခုနှစ် ကဆုန်လပြည့် (ခရစ်သက္ကရာဇ် ၁၉၅၄-ခုနှစ် မေလ ၁၇ ရက်)နေ့ မွန်းတည့်အချိန်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီးက သံဃနာယက အဖြစ် ဆောင်ရွက်တော်မူကာ ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီးက သာသနာ့ဒါယကာအဖြစ် ခံယူ၍ အခမ်းအနား စတင်ဖွင့်လှစ်တော်မူသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးနုက "အရှင်ဘုရားတို့၏ ဓမ္မစက်သည် ပြန့်နှံ့ပါစေသတည်း။ တပည့်တော်တို့၏ အာဏာစက်သည် ဖြစ်ပါလိမ့်လတံ့" ဟု လျှောက်ထားလေသည်။ နိုင်ငံတော် ဗုဒ္ဓသာသနာတော်အဖွဲ့ ဥက္ကဋ္ဌကြီး ဆာ ဦးသွင် ကလည်း နိုင်ငံတော် အစိုးရနှင့် တိုင်းသူပြည်သားအပေါင်းတို့၏

ကိုယ်စား ဗုဒ္ဓသာသနာ အဖွဲ့ကြီးက ပစ္စည်းလေးပါး ဒါယကာ အဖြစ် ခံယူပါသည်ဟု လျှောက်ထားလေသည်။

သံဂီတိကာရက သံဃာတော် ၂၅၀၀-တို့သည် ဖွင့်ပွဲ သုံးရက်တွင် စုံစုံညီညီ တက်ရောက်ကြ၍ ကျန်ရက်များ တွင်ကား သံဃာတော် အပါး ၅၀၀-တို့က သံဂါယနာ တင်တော်မူကြရာ မြန်မာ သက္ကရာဇ် ၁၃၁၆-ခုနှစ် ဝါဆို လဆန်း (၇)ရက် (ခရစ်သက္ကရာဇ် ၁၉၅၄-ခုနှစ် ဇူလိုင်လ (၇)ရက်နေ့တွင် ပဌမ သန္နိပါတ သံဂါယနာတင်ခြင်း ပြီးစီးလေသည်။ ဥပုသ်နေ့များနှင့် နားရက်များအလွတ် ပဌမ သန္နိပါတ သံဂါယနာ တင်သည့်ရက်ပေါင်း (၄၁) ရက်ကြာသည်။

ပဌမ သန္နိပါတတွင် အောက်ပါ ပိဋကတို့ကို သံဂါ-ယနာ တော်မူကြသည်။

ဝိနယပိဋက စာအုပ်ရေ........၅....အုပ်
ကျမ်းအရေအတွက်.........၅....ကျမ်း
စာမျက်နှာ အရေအတွက်........၂၂၆၀...... မျက်နှာ

"ဒုတိယ သန္နိပါတ"

ဒုတိယ သန္နိပါတကို မြန်မာသက္ကရာဇ် ၁၃၁၆-ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် (၅)ရက် (ခရစ်သက္ကရာဇ် ၁၉၅၄-ခုနှစ် နိုဝင်ဘာလ (၁၅) ရက်နေ့တွင် စတင်ဖွင့် လှစ်ရာ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော် ဘုရားကြီးက သံဃနာယကအဖြစ် ဆောင်ရွက်တော်မူပြီး နိုင်ငံတော် သမတကြီးက အခမ်းအနား ဖွင့်လှစ်တော် မူသည်။

သံဂီတိကာရက သံဃာတော် ၅၀၀ တို့သည် ဥပုသ်နေ့များနှင့် အမျိုးသားနေ့စသော အားလပ်ရက်များမှတပါး နေ့စဉ် သံဂါယနာ တင်တော်မူကြရာ မြန်မာသက္ကရာဇ် ၁၃၁၆-ခုနှစ် တပို့တွဲလဆန်း (၆)ရက် (ခရစ်သက္ကရာဇ် ၁၉၅၅-ခုနှစ် ဇန္နဝါရီလ ၂၉-ရက်)နေ့တွင် ဒုတိယသန္နိပါတ သံဂါယနာတင်ခြင်း ပြီးဆုံးလေသည်။ ဒုတိယသန္နိပါတ သံဂါယနာတင်ရာတွင် ရက်ပေါင်း (၆၅)ရက်ကြာလေသည်။

အောက်ပါပိဋကတော်တို့ကို ဤသန္နိပါတတွင် သံဂါယနာတင် ပြီးစီးလေသည်။

၁၊ ဒီဃနိကာယ်.........၃ကျမ်း.........၃အုပ်
၂၊ မဇ္ဈိမနိကာယ်.........၃ကျမ်း.........၃အုပ်
၃၊ သံယုတ္တနိကာယ်.........၅ကျမ်း.........၃အုပ်
စုစုပေါင်း စာအုပ်ရေ ၉အုပ်
စာမျက်နှာပေါင်း.........၃၄၃၉ မျက်နှာ

## " တတိယ သန္နိပါတ "

တတိယ သန္နိပါတ သံဂါယနာတင်ပွဲကို မြန်မာသက္ကရာဇ် ၁၃၁၇-ခုနှစ် ကဆုန်လဆန်း (၇)ရက် (ခရစ်သက္ကရာဇ် ၁၉၅၅-ခုနှစ် ဧပြီလ (၂၈)ရက် နေ့တွင် စတင်ကျင်းပလေသည်။ ပဌမပိုင်း အခမ်းအနား ဖွင့်ပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတဉာဏ သုမေဓာဓိပတိ မဟာထေရ်ကနာယကအဖြစ်ဖြင့် ဆောင်ရွက်တော်မူ၍ ကမ္ဘောဒီးယား ဝန်ကြီးချုပ်က အခမ်းအနား ဖွင့်လေသည်။

ဒုတိယပိုင်း ဖွင့်ပွဲတွင် လောနိုင်ငံ သာသနာပိုင် ဘဒ္ဒန္တ လောကရဇ္ဇ မဟာထေရ်က သံဃနာယက အဖြစ်ဖြင့် ဆောင်ရွက်တော်မူ၍ 'လောနိုင်ငံ အိမ်ရှေ့ ဥပရာဇာ မင်းသားကြီး' ဆဝဗ်ဗက်သနာ 'က အခမ်းအနားဖွင့်သည်။

သံဂီတိကာရက သံဃာတော် ၅၀၀-တို့သည် တတိယ သန္နိပါတအတွက် သံဂါယနာ တင်တော်မူကြရာ မြန်မာ သက္ကရာဇ် ၁၃၁၇-ခုနှစ် ဝါဆိုလဆန်း (၁၃)ရက် (ခရစ် သက္ကရာဇ် ၁၉၅၅-ခုနှစ် ဇူလိုင်လ (၂) ရက် နေ့တွင် ပြီးစီးလေသည်။ ဥပုသ်နေ့များနှင့် အခြားအားလပ်သည့် ရက်များမှတပါး ဤတတိယ သန္နိပါတ သံဂါယနာတင် သည့် ရက်ပေါင်း (၅၇)ရက် ကြာလေသည်။ တတိယ သန္နိပါတကို "ကမ္ဘောဇလာဝ သန္နိပါတ" ဟူ၍လည်း အမည်တွင်စေသည်။

ကမ္ဘောဇလာဝ သန္နိပါတတွင် အောက်ပါ ဝိဋကတော် များကို အပြီးအစီး သံဂါယနာ တင်တော်မူကြသည်။

၁၊ အင်္ဂုတ္တရနိကာယ်........၁၁ကျမ်း.........၄ အုပ်
၂၊ အဘိဓမ္မပိဋကရှေ့ ပိုင်း.......၆ကျမ်း.........၇ အုပ်
စုစုပေါင်း စာအုပ်ရေ........၁၁ အုပ်
စာမျက်နှာပေါင်း.... .... ....၃၉၀၃ မျက်နှာ

## " စတုတ္ထ သန္နိပါတ "

စတုတ္ထ သန္နိပါတကို မြန်မာသက္ကရာဇ် ၁၃၁၇-ခုနှစ် နတ်တော်လဆန်း(၂)ရက်(ခရစ် သက္ကရာဇ် ၁၉၅၅-ခုနှစ် ဒီဇင်ဘာလ (၁၆)ရက်နေ့တွင် စတင်ဖွင့်လှစ်ရာ ယိုးဒယား

နိုင်ငံ သံဃနာယက "ဆောမ်ဒဂျ် ဖရာ္ဝနရတ ကိတ္တိသောဘဏ" ထေရ်က သံဃနာယကအဖြစ်ဖြင့် ဆောင်ရွက်တော်မူ၍ ယိုးဒယားနိုင်ငံ ဝန်ကြီးချုပ် ဖိလ်မာရှယ် "ဆိုဂရမ်"က အခမ်းအနားဖွင့်လှစ်လေသည်။

သံဂီတိကာရက သံဃာတော် ၅၀၀--တို့သည် သံဂါယနာတင်တော်မူကြရာ စတုတ္ထ သန္နိပါတ သံဂါယနာတင်ခြင်းသည် မြန်မာသက္ကရာဇ် ၁၃၁၇-ခုနှစ် တပို့တွဲလဆန်း၅-ရက် (ခရစ်သက္ကရာဇ် ၁၉၅၆-ခုနှစ် ဖေဖေါ်ဝါရီလ ၁၆ ရက်) နေ့တွင် ပြီးစီးအောင်မြင်ခဲ့လေသည်။ ဥပုသ်နေ့များနှင့် နားရက်များမှတပါး သံဂါယနာတင်သည့် ရက်ပေါင်း (၅၄)ရက် ကြာခဲ့လေသည်။ ဤသန္နိပါတကို "သျာမ သန္နိပါတ" ဟု ခေါ်တွင်လေသည်။

သျာမ သန္နိပါတတွင် အောက်ပါ ပိဋကတော်များကို သံဂါယနာ တင်တော်မူကြသည်။

၁၊ ပဋ္ဌာန်းကျမ်းကြီး........၅ အုပ်
၂၊ ခုဒ္ဒကနိကာယ် ခုဒ္ဒကပါဠိတော်မှ စူဠနိဒ္ဒေသပါဠိတော်အထိ........၁၅ ကျမ်း........၆ အုပ်
စုစုပေါင်း စာအုပ်ရေ........၁၁ အုပ်
စာမျက်နှာပေါင်း........၄၉၈၅မျက်နှာ

"ပဥ္စမ သန္နိပါတ"

ပဥ္စမ သန္နိပါတကို မြန်မာသက္ကရာဇ် ၁၃၁၈-ခုနှစ် တန်ခူးလဆန်း (၁၃)ရက် (ခရစ်သက္ကရာဇ် ၁၉၅၆-ခုနှစ် ဧပြီလ (၂၄)ရက်နေ့တွင် စတင်ကျင်းပလေသည်။ သီဟိုဠ်ကျွန်း သံဃာဂိုဏ်း အသီးသီးတို့၏ ဥိးစီးဂိုဏ်းချုပ် သံဃာ

မဟာနာယက ဘဒ္ဒန္တ သရဏင်္ကရ မဟာထေရ်က သံဃ-နာယကအဖြစ် ဆောင်ရွက်တော်မူ၍ သီဟိုဠ်နိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးက အခမ်းအနားကို ဖွင့်လှစ်လေသည်။

ပဥ္စမသန္နိပါတအတွက် သံဂီတိကာရက သံဃာတော် ၅၀၀–တို့သည် ဥပုသ်နေ့များနှင့် အခြားနားရက်များမှတပါး သံဂါယနာ တင်တော်မူကြရာ ရက်ပေါင်း(၂၈)ရက်ပြည့်သောအခါတွင် ပြီးစီးလေသည်။ ဤသန္နိပါတကို "သီရိလင်္ကာ သန္နိပါတ"ဟု အမည်ခေါ်တွင်စေသည်။

သီရိလင်္ကာ သန္နိပါတတွင် အောက်ပါ ပိဋကတော်များကို သံဂါယနာ တင်တော်မူကြလေသည်။

၁၊ ပါဠဇာတက ပါဠိတော်
၂၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်
၃၊ နေတ္တိပါဠိတော်
၄၊ ပေဋကောပဒေသ ပါဠိတော်
၅၊ မိလိန္ဒပဉှာ ပါဠိတော်
စုစုပေါင်း ကျမ်းအရေအတွက်........၅ကျမ်း
စာအုပ်အရေအတွက်....... ၄အုပ်
စာမျက်နှာပေါင်း........၁၉၄၁ မျက်နှာ

ဆဋ္ဌ သံဂါယနာတင် ပွဲတော်ကြီး စတင်ကျင်းပသည့်နေ့မှစ၍ အောင်မြင်ပြီးဆုံးသည့်နေ့တိုင် ပုစ္ဆကပုဂ္ဂိုလ်အဖြစ်ဖြင့် မဟာစည် ဆရာတော်ဘုရားက ဆောင်ရွက်တော်မူ၍ တိပိဋကရေ မင်္ဂဘဏ္ဍာဂါရိက ဝိစိတ္တသာရာဘိဝံသ အရှင်မြတ်က ဝိဿဇ္ဇကပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်တော်မူလေသည်။

ဆဋ္ဌ သံဂါယနာ (စတုတ္ထ အကြိမ်ရာ)တင် မဟာဓမ္မ ပွဲသဘင်တော်ကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကုန်းမြေ အတွင်းရှိ "မဟာပါသာဏဂုဟာ" မည်သော လိုဏ်ဂူတော် ကြီးအတွင်း၌ မြန်မာသက္ကရာဇ် ၁၃၁၆-ခုနှစ် ကဆုန် လပြည့်နေ့ ခရစ်သက္ကရာဇ် ၁၉၅၄-ခုနှစ် မေလ ၁၇-ရက် နေ့မှ စတင်ကျင်းပခဲ့ရာ သာသနာတော် သက္ကရာဇ် ၂၅၀၀ တင်းတင်းပြည့်သောနေ့ မြန်မာသက္ကရာဇ် ၁၃၁၈-ခုနှစ် ကဆုန်လပြည့်နေ့ ခရစ်သက္ကရာဇ် ၁၉၅၆-ခုနှစ် မေလ ၂၄-ရက်နေ့တွင် အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်သတည်း။

## " ဆဋ္ဌ သံဂီတိ မဟာပါသာဏ ဂုဟာ "
## " လိုဏ်ဂူတော်ကြီး တည်ဆောက်ပုံ "

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့် တကွ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ဝင် ထင်ရှားသော ပုဂ္ဂိုလ်ကြီးများသည် "ဆဋ္ဌ သံဂီတိ မဟာပါသာဏ ဂုဟာ" မည်သော သံဂါယနာတင် လိုဏ်ဂူတော်ကြီးကို တည် ဆောက်ရန်အတွက် ရန်ကုန်မြို့မှ ငါးမိုင်ခန့် ကွာဝေးသော ရေကူးရပ်ရှိ သီရိမင်္ဂလာ ကုန်းမြေတွင် မြန်မာသက္ကရာဇ် ၁၃၁၄-ခုနှစ် တပို့တွဲလဆန်း ၁-ရက်နေ့ ခရစ်သက္ကရာဇ် ၁၉၅၃-ခုနှစ် ဇန္နဝါရီလ ၁၅-ရက်နေ့၌ အရပ်ရှစ်မျက်နှာ တပြုဝင်နက် ပန္နက်ရိုက်ခဲ့ကြလေသည်။ ထိုနောက် နေ့စဉ် ပျမ်းမျှကြေး အရာရှိ အရာခံ ရာထမ်း မှုထမ်းအလုပ်သမား ပေါင်း(၈၅၀၀)ခန့် ပါဝင်လုပ်ဆောင်ခဲ့ကြရာ မြန်မာ သက္ကရာဇ် ၁၃၁၆-ခုနှစ် ကဆုန်လဆန်း ၈-ရက်နေ့ ခရစ် သက္ကရာဇ် ၁၉၅၄-ခုနှစ် မေလ ၁၀-ရက်နေ့တွင် လိုဏ်ဂူ

တော်ကြီး ပြီးစီးလေသည်။ လိုဏ်ဂူတော်ကြီးတည်ဆောက် ရာတွင် ကုန်ကျသည့်စရိတ်ငွေမှာ စုစုပေါင်း မြန်မာနိုင်ငံ တော်သုံး ကျပ်ငွေ သိန်းတရာခန့် ကုန်ကျလိမ့်မည်ဟု ခန့်မှန်းရပေမည်။

ပဋ္ဌမ သံဂါယနာတင်ရာ ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ရှိ စရည်းပင်ရောက်ရာ သတ္တပဏ္ဏိလိုဏ်တော်ကြီးကို ရည်စူး၍ ဆောက်လုပ်ထားခြင်းဖြစ်သဖြင့် "မဟာပါသာဏ ဂုဟာ" လိုဏ်ဂူတော်ကြီးကို အပြင်ဘက်မှနေ၍ ကြည့်လျှင် ကျောက် တောင်ကြီးတခုဟု မှတ်ထင်ရလေသည်။ လိုဏ်ဂူအတွင်း သို့ဝင်ရောက်ကြည့်ရှုပါမှ ကျောက်တောင်ကြီးမှာ သီးသန့် ပန္နက်တိုင်ကြီး ခြောက်တိုင်ပေါ်တွင် တည်၍ နေသည်ကို တွေ့မြင်နိုင်သည်။

"မဟာပါသာဏ ဂုဟာ" လိုဏ်ဂူတော်ကြီး၏ အပြင် ဘက် ပတ်ဝန်းကျင်မှာ အလျား(၄၅၅)ပေ အနံ(၃၇၀) ပေ ရှိလေသည်။ အတွင်းဘက်မှာမူ အလျား(၂၂၀)ပေ အနံ(၁၄၀)ပေ ရှိလေသည်။ ခြောက်ကြိမ်မြောက် သံဂါ ယနာတင်သည့် အထိမ်းအမှတ် အဖြစ်ဖြင့် လိုဏ်ဂူတော် ကြီးအတွင်းသို့ ဝင်ရောက်ရန် တံခါးကြီး ခြောက်ပေါက် ဖောက်ထားသည့်ပြင် လိုဏ်ဂူအတွင်းတွင်လည်း တိုင်ကြီး ခြောက်တိုင် စိုက်ထူထားလေသည်။

ရတနာသုံးပါးကို ရည်စူးလျက် လိုဏ်ဂူတော်ကြီး၏ အတွင်းနံရံကို ဖောက်ထွင်းထားသည့် အပေါက်သုံးဆင့် ရှိလေသည်။ တဖန် အပေါက်ရှိရာနံရံ တထပ်-တထပ်လျှင် ပဋ္ဌာန်း ၂၄-ပစ္စည်းကို ရည်စူးလျက် အပေါက်ပေါင်း(၂၄)

ပေါက်စီ ရှိပြန်သေးသည်။ လိုဏ်ဂူတော်ကြီး၏ မျက်နှာ ကြက်နှင့် အပေါ်ဆုံး လေစုတ်ပေါက်များ၌ ဓမ္မစကြာ ဘံဆိပ်တော်ဖြင့် ဝန်းရံ အုပ်ခြုံ၍ ထားလေသည်။

လိုဏ်ဂူတော်ကြီး၏အပြင်ဘက်ကို ပတ်ရန် လမ်းနှစ်ထပ် ရှိသည်။ လိုဏ်ဂူတော်ကြီးကို ပတ်၍သွားရန် ရှစ်ပေခန့် ကျယ်သည့် အတွင်းလိုဏ်လမ်းလည်း နှစ်ထပ်ပင်ရှိလေသည်။ အတွင်းဘက်အပေါ်လမ်း တောင်ဘက်မှ လှေခါးနှစ်ဆင့် မြောက်ဘက်မှ လှေခါးတဆင့်နှင့် ဓာတ်လှေခါး တခုလည်း ရှိလေသည်။ လိုဏ်ဂူတော်ကြီး၏ မြောက်ပိုင်း အတွင်း ဘက်၌ အသပ်ပေါင်း လေးထပ်ရှိရာ အပေါ်ဆုံးထပ်တွင် ဗုဒ္ဓရုပ်ပွါးတော်—တဆူ ရှိလေသည်။

“ မဟာပါသာဏ ဂုဟာ ” လိုဏ်ဂူတော်ကြီးအနီးတွင် အောက်ပါ ကျောင်းတော်ကြီး လေးဆောင်ကိုလည်း ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ် ထားလေသည်။

### “ ကျောင်းတော်ကြီး လေးဆောင် ”

က၊ ပုဗ္ဗဝိဒေဟ ကျောင်းတော်
ခ၊ ဇမ္ဗူဒီပ ကျောင်းတော်
ဂ၊ အပရဂေါယာန ကျောင်းတော်
ဃ၊ ဥတ္တရကုရု ကျောင်းတော်

ဆဋ္ဌ သံဂါယနာတင် မဟာဓမ္မ ပွဲသဘင်တော်ကြီးသို့ တက်ရောက်ကြရန် ကမ္ဘာအရပ်ရပ်မှ ကြွရောက်တော်မူ လာကြကုန်သော သံဃိတိကာရက ရဟန်းတော် အရှင်မြတ် များနှင့် အာဂန္တုဧည့်သည်တော်မထေရ်မြတ်တို့သီတင်းသုံး နေထိုင်တော်မူကြရန်အတွက် ရည်သန်ဆောက်လုပ်ထား

သော ကျောင်းဆောင်ကြီးများဖြစ်သဖြင့်ထိုကျောင်းဆောင် တော်ကြီး လေးဆောင်၏ အမည်ကို ကျွန်းကြီးလေးကျွန်း အမည်ဖြင့် အသီးသီး ဘွဲ့တံဆိပ် ခပ်နှိပ်ထားခြင်း ဖြစ်တန် ကောင်းရာ၏ဟု ယူဆဘွယ်ပင် ဖြစ်ပေသတည်း။ ။

---o---

ပါဠိစာပေသမိုင်း

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃၆ | ၁၆ | နှိုင်နိုင်း | နှိုင်းခိုင်း |
| ၃၆ | ၂၂ | ဗုဒ္ဓအာသာ | ဗုဒ္ဓဘာသာ |
| ၃၆ | ၂၄ | ဘမျိုမျိုး | အမျိုးမျိုး |
| ၄၅ | ၁ | နာဋ္ဌပုတ္တသည် ဇိန(ဂျိန်း) | နာဋ္ဌပုတ္တ ဟုခေါ်သည်။ သူသည် ဇိန(ဂျိန်း) |
| ၅၄ | ၇ | ဗေဒသံပုံ | ဗေဒသုံးပုံ |
| ၆၂ | ၁၆ | ဤအိမ်ထောင်သည် | အိမ်ထောင်သည် |
| ၈၈ | ၉ | မဟာဝစ္ဆဂေါတ္တတ် | မဟာဝစ္ဆဂေါတ္တသုတ် |
| ၁၀၀ | ၁၃ | (၄)ချက်စသုံး | (၄)ချက်စလုံး |
| ၁၁၇ | ၉ | သီဝဂ | သီဝက |
| ၁၁၉ | ၄ | ပေါ်ပေါကလာသော | ပေါ်ပေါက် လာသော |
| ၁၂၂ | ၈ | ဂန္ဓဗ္ဗကာယသံယုတ် | ဂန္ဓဗ္ဗသံယုတ် |
| ၁၃၂ | ၂၃ | ယှုတ်ချတော်ခဲ့ | ရှုတ်ချတော်မူခဲ့ |
| ၁၃၃ | ၈ | သဠ္ဌကိရိယာယ | သဠ္ဌိကိရိယာယ |
| ၁၄၇ | ၆ | သောင်းကျန်းမှု | သောင်းကြမ်းမှု |
| ၁၄၂ | ၅ | သောင်းကျန်းသူ | သောင်းကြမ်းသူ |
| ၁၄၉ | ၁၈ | အမြောက်အမြး | အမြောက်အမြား |
| ၁၄၉ | ၁၉ | အိမ်ထောသည် | အိမ်ထောင်သည် |
| ၁၅၉ | ၁၄ | ကြန်းတမ်းခက်ထန် | ကြမ်းတမ်းခက်ဆန် |
| ၁၆၂ | ၁၁ | ဘုရားရဟန္တာ | ဘုရားရဟန္တာ |
| ၁၆၅ | ၂ | အမ်၏အညစ် | အိမ့်၏အညစ် |

## အမှားပြင်ဆင်ချက်

| မျက်နှာ၊ | ကြောင်းရေ၊ | အမှား၊ | အမှန် |
|---|---|---|---|
| ၁၆၇ | ၁၃ | ညွှင်းဆဲနှိပ်စက် | ညှဥ်းဆဲနှိပ်စက် |
| ၁၆၇ | ၂၅ | ရးကိုရနိုင် | ရေးကိုရနိုင် |
| ၁၆၈ | ၅ | ကုန်းခန်းခြင်းသည် | ကုန်ခန်းခြင်းသည် |
| ၁၇၀ | ၂၂ | အပိုးပိုင်း | အပိုင်းပိုင်း |
| ၁၇၃ | ၈ | မန်ရစ်ကာ | မာန်ရစ်ကာ |
| ၁၇၅ | ၂၂ | မဂ်ဖိုလ်ဉာဏ်ယှဉ် | မဂ်ဖိုလ်ဉာဏ်ရှင် |
| ၁၉၈ | ၁၆ | ငြိမ်းအေးခြင်မှသာ | ငြိမ်းအေးခြင်းမှသာ |
| ၂၀၁ | ၂၂ | ပေါ်ပြတေမူ၏ | ပေါ်ပြတော်မူ၏ |
| ၂၀၇ | ၁၃ | ကျင်လည်ကျက်စား | ကြင်လည်ကျက်စား |
| ၂၀၉ | ၅ | အရေအတွက်တွ | အရေအတွက်တွင် |
| ၂၀၉ | ၉ | စိတ်ဝစားဘွယ် | စိတ်ဝင်စားဘွယ် |
| ၂၁၂ | ၉ | သသာလျှင် | သည်သာလျှင် |
| ၂၁၆ | ၁၆ | (၂)ကဏ္ဍရှိသည် | (၂၂)ကဏ္ဍရှိသည် |
| ၂၁၇ | ၁၁ | ဖြစ်သည့်ဟု | ဖြစ်သည်ဟု |
| ၂၁၈ | ၇ | တန်တြွာချာယိက | တန္တြာချာယိက |
| ၂၁၈ | ၉ | အခြေအတင် | အချေအတင် |
| ၂၂၂ | ၁၉ | ခရစ်နှ် | ခရစ်နှစ် |
| ၂၂၂ | ၂၄ | အန္တဂူ | အနန္တဂူ |
| အချုပ်ပို | ၂၅ | ဘဒ္ဒကစ္စာ | ဘဒ္ဒကစ္စနာ |
| ၂၄၁ | | မုစ္စတိ | မုဉ္စတိ |
| ၂၅၂ | ၁၄ | လွှတ်လပ်ရေ | လွှတ်လပ်ရေး |
| ၂၅၅ | ၄ | အဘိ၁၀ | အဘိဘဝ |

ပါဠိစာပေသမိုင်း

## အမှားပြင်ဆင်ချက်

| မျက်နှာ။ | ကြောင်းရေ။ | အမှား။ | အမှန် |
|---|---|---|---|
| ၂၅၅ | ၈ | ပိဋ္ဋတော် | ပိဋ္ဋကတော် |
| ၂၅၉ | ၁၀ | သသနာ | သာသနာ |
| ၂၆၀ | ၁၁ | တင်ပြပါကြောင်း | တင်ပြပါကြောင်း |
| ၂၆၁ | ၁၁ | ထတိယ | တတိယ |
| ၂၆၆ | ၁၃ | ,သံဂါယနာတော် | သံဂါယနာတင်တော် |
| ၂၆၆ | ၁၄ | ဝိနယိပိဋ္ဋက | ဝိနယပိဋ္ဋက |
| ၂၆၈ | ၁၇ | ရှေပိုင်း | ရှေ့ပိုင်း |
| ၂၇၀ | ၃ | ယဉ်ကြေးမှု | ယဉ်ကျေးမှု |